
www.burmeseclassic.com
စိတ်ကူးသစ်စာပေ
ဗောင်မှူးကြီးသိန်းဝင်း
ဂန္ဓီရူဝက်ပါ
ဂန္ဓီရဆန်းကြယ်ဝတ္ထုအသစ်
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၆၈၁၂၁၀
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၁၅၁၂၁၀

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၁၊ ဇန္နဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၂၀၀ကျပ်

၈၉၅ . ၈၃
သိန်းဝင်း၊ထောင်မှူးကြီး
ဂမ္ဘီရဝက်ပါ / ထောင်မှူးကြီးသိန်းဝင်း ။ - ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၂၈-စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁) ဂမ္ဘီရဝက်ပါ

## "စာရေးသူ၏အမှာစာ"

ကျွန်ုပ်သည် ထောင်အကြောင်းရေး၏။ လူမှုဘဝထူးဆန်းသော အဖြစ်အပျက်၊ အကြောင်းအရာများကို ရေး၏။ ဂမ္ဘီရဆန်သောဝတ္ထုများကိုလည်း ရေး၏။ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် တောတောင်သဘာဝ၊ တောကောင်များနှင့် အမဲလိုက်ဝတ္ထုများကိုလည်း ရေး၏။ ကျွန်ုပ်၏ စာကိုဖတ်သည်နှင့် စာဖတ်သူများအား တစ်စုံတစ်ရာ အတွေ့အကြုံ ဗဟုသုတကျန်နေခဲ့စေရန် စေတနာထား၍ ရေးခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏ဝါသနာမှာ တောတောင်အတွင်းမှ စွန့်စားခန်းဝတ္ထုများကိုရေးခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တောတောင်ကို အလွန်ချစ်သည်။ ဂမ္ဘီရဆန်သော သစ်တောကြီးများမှာ လွန်စွာချစ်စရာ ကောင်းလှသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

သစ်တောကြီးများမှ လူတို့နေထိုင်ရန်အတွက် သစ်၊ ဝါး၊ ကြိမ်၊ ဓနိ၊ ဓနုံး၊ တောင်ထန်း၊ စလူရွက်တို့ကိုပေး၏။ ထို့အပြင် ဆေးဘက်ဝင်သော သစ်သီး၊ သစ်ဥ၊ သစ်မြစ်၊ ပျားရည်တို့ကိုလည်း ပေးပြန်၏။ အဖိုးတန်သော တောပန်းအမျိုးမျိုးနှင့် သစ်ခွပန်းအမျိုးမျိုးကိုလည်း ပေး၏။ လူတို့အတွက် အစာဖြစ်သည့် တောကောင်သားအမျိုးမျိုးကိုလည်း ပေး၏။

ထူးခြားဆန်းကြယ်သော အတွေ့အကြုံများကိုလည်းပေး၏။ လူတို့အတွက် ကျန်းမာရေးနှင့် ရာသီဥတုမျှတရေးကိုလည်း သဘာဝတောကြီးက စွမ်းဆောင်ပေးနိုင်၏။ လူတို့စားသောက်ရန်၊ တောစာတောင်စာဟူသည်မှာလည်း အနောက်ရိုးမ၊ အလယ်ရိုးမ၊ ရှမ်းရိုးမ၊ ကချင်ရိုးမတောင်ကြီးများပေါ်တွင် စားသောက်မကုန်နိုင်အောင် အလျှံပယ်ပေါသည်။ ပမာပြောရလျှင် ရာသီအလိုက်ပေါ်သော မှို၊ မျှစ်၊ ပုတာတ်မာ၊ တောသစ်သီး၊ သစ်ရွက်တို့က ဒေသအလိုက် အမျိုးကွဲသော်လည်း လူတိုင်းစားနိုင်ရန် ပေါများကြွယ်ဝလှသည်။

ထို့ကြောင့် ကျွန်ုပ် တောကိုချစ်သည်။ တောင်ကို စိတ်ဝင်စားသည်။ တောဆိုသည်မှာလည်း ဒေသတစ်ခုနှင့်တစ်ခု မတူပါ။ အညာဒေသ ဖုန်းဆိုးတောမှ ရွက်ကြွေတော၊ အမြဲစိမ်းတောနှင့်ပင်လယ်၊ မြစ်ချောင်းကမ်းစပ် ဒီရေတောများ၊ ပျားနှင့်ကနိုင်၊ မြိုင်နှင့်ဟောဝန်၊ ဟောဝန်ဟေမာ၊ ရိုပ်သာဆိုင်းဆိုင်း၊ အင်တိုင်း၊ စေးပျစ်၊ တောချည်းဖြစ်၏ဟုသော စာဆိုအတိုင်း သစ်ပင်ကြီးငယ် စုဝေးပေါက်ရောက်သော နေရာမှန်သမျှ တောချည်းသာ ဖြစ်သည်။

ကျွန်ုပ် တောကိုစိတ်ဝင်စားသဖြင့် လေ့လာခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော်ပေပြီ။ သို့သော် လေ့လာရန် မကုန်နိုင်သေးပါ။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို တောတောင်များကိုလေ့လာရသည်မှာ တစ်သက်လုံး ကုန်ခမ်းနိုင်ဖွယ်ရာ မရှိတော့ပါ။

ယခုဝတ္ထုတွင်တော့ မြန်မာပြည်အောက်ပိုင်းမှ လူများအရောက်အပေါက်နည်းသော မြန်မာပြည်မြောက်ဖျား မြို့ရွာများနှင့် တောတောင်တောကောင် ဆေးမြစ်များအကြောင်းကို ရေးဖွဲ့ထားပါသည်။ စာဖတ်သူများ ဗဟုသုတရစေရန် မျှော်လင့်ပါသည်။

မောင်မှူးဖြိုးသိန်းဝင်း

www.burmeseclassic.com

## အခန်း (၁)

ကျွန်ုပ်၏ သစ်တောအရေးပိုင် ဦးနေအောင်နှင့်အဖွဲ့သည် ကသာမြို့တွင်အခြေစိုက်၍ တာဝန်ထမ်းဆောင်နေရရာမှ မြစ်ကြီးနားသစ်တောအရေးပိုင် ဦးစံရွှေအငြိမ်းစားယူခါနီး ရန်ကုန်ရုံးချုပ်သို့ ပြောင်းရွှေ့မိန့်ထွက်ပြီး ကျွန်ုပ်တို့အားလည်း မြစ်ကြီးနားခရိုင်သို့ ပြောင်းရွှေ့မိန့်ထွက်ပါသည်။ ကျွန်ုပ်တာဝန်ထမ်းဆောင်ခဲ့သည့် စစ်ကိုင်းတိုင်းအား ရန်ကုန်ရုံးချုပ်မှ ဦးလှဘူးနှင့်အဖွဲ့ကို လွှဲပြောင်းပေးရမည်ဖြစ်ပေသည်။

နှစ်ပေါင်းများစွာ တပည့်တပန်းများအတူ တာဝန်ထမ်းဆောင်ခဲ့ရသော ကသာမြို့နှင့်ပတ်ဝန်းကျင်ရှိ ယင်းခဲ၊ ငအိုး၊ အင်ဒေါင်း၊ ကျောက်တောင်၊ ဖက်ဆွတ်၊ မြောက်မိုးတား၊ တောင်မိုးတားကြိုမိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



တို့အပြင် ကလုံကြိုးပိုင်း၊ နတ်တံခါးကြိုးပိုင်း၊ နမ့်နာကြိုးပိုင်း၊ မဲဟောင်းကြိုးပိုင်းနှင့် မြဲတောင်ကြိုးပိုင်းတို့အား လွှမ်းဆွတ်သတိရမိသည်။

ကသာမြို့မှာ အလွန်နေပျော်သောမြို့ဖြစ်သည်။ အစားအသောက်အတွက် သားငါးပေါသည်။ ရာသီဥတုမျှတသည်။ မိတ်ဆွေအပေါင်းအသင်း ပေါသည်။ ကျွန်ုပ်တို့ဝါသနာပါသော လုပ်ငန်းတာဝန်ထမ်းဆောင်ရင်း အမဲလိုက်ရသည်မှာ အလွန်အချက်အချာကျသောမြို့ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ် စစ်ကိုင်းတိုင်းတွင် တာဝန်ကျစဉ်အတွင်း၌ နယ်တကာလှည့်၍ တာဝန်ထမ်းဆောင်ခဲ့သော်လည်း ကြာရှည်မနေပါ။ ကသာမြို့အခြေချစခန်းသို့သာ တာဝန်ပြီးသည်နှင့်ပြန်လေ့ရှိသည်။

သို့သော် သူ့ဆန်စား ရဲစေ၊ စေလိုရာစေ တာဝန်ထမ်းဆောင်ရသော အစိုးရဝန်ထမ်းဖြစ်သည်နှင့်အညီ ကျွန်ုပ်ချစ်သော ကသာမြို့နှင့် ကသာတောကြီးကိုခွဲခွာပြီး ချမ်းအေးလှသော မြန်မာပြည်မြောက်ပိုင်းဒေသသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတော့မည်ဖြစ်သည်။ အလေ့အထမတူသော သဘာဝပေါက်ပင်မတူသော ရေမြေတောတောင်သဘာဝမတူသောဒေသဖြစ်သည်။

ကျွန်ုပ်တို့ သစ်ထုတ်ကွက်များကို ကွင်းဆင်းရသည်။ နှစ်ချုပ်စစ်တမ်းကောက်ယူသလိုပင် ခုတ်လှဲပြီး လက်ကျန်သစ်လုံးများ ဖောင်ဖွဲ့ရေမျှောပြီး သစ်လုံးများစာရင်းကိုညှိရသည်။ ထို့အပြင် စက်ယန္တရားများနှင့် ကားများစာရင်း၊ အဆောက်အဦများစာရင်း၊ ဝန်ထမ်းစာရင်း၊ လက်နက်ခဲယမ်း၊ မီးကျောက်စာရင်း၊ ဌာနပိုင်၊ ဆင်နှင့်သစ်ဆွဲကျွဲစာရင်း၊ ပျက်စီးစက်ပစ္စည်းများစာရင်း၊ ရုံးသုံးပရိဘောဂနှင့် စာအုပ်စာတမ်းများစာရင်း၊ ငွေပေးငွေယူစာရင်း၊ ဘဏ္ဍာလက်ကျန်စာရင်းတို့ကိုလည်း





သက်ဆိုင်ရာ စာအုပ်စာတမ်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီး အလွှဲအပြောင်းစာရင်းတွင် ရေးသွင်းရသည်။

ကျွန်ုပ်နှင့်တောအုပ်ဖော်မင်း မအားလပ်သလို တပည့်ကျော်လက်နှိပ်စက်စာရေးလေး ကျော်စိန်ဝင်းမှာလည်း နေ့ရောညရော လက်နှိပ်စက်ရိုက်နေရသည်။ ကျွန်ုပ်တို့အဖွဲ့ ပြောင်းရွှေ့ရတော့မည်ဖြစ်၍ ဝန်ထမ်းနှင့် မြို့ခံအသိမိတ်ဆွေများ စိတ်မကောင်းဖြစ်ကြသည့်အထဲတွင် တစ်ပွဲစားမုဆိုးကိုအင်နီမှာ စိတ်မကောင်းအဖြစ်ဆုံး ဖြစ်ပေသည်။

''ဆရာ ... ဆရာတို့ပြောင်းတဲ့ မြန်မာပြည်မြောက်ပိုင်းကို ငါလိုက်လည်လို့ မရဘူးလား။ ဆရာတို့မရှိ ငါမနေတတ်ကော''

''လိုက်လည်လို့ရပါတယ် ကိုအင်နီ။ ဒါပေမဲ့ မြန်မာပြည်မြောက်ပိုင်းက ကသာလိုမြေပြန့်တောမဟုတ်ဘူး။ တောင်ကြီးတွေ၊ လျှိုကြီးတွေက အလွန်ပေါတာ။ သမအဒေးပိုင်းဖုန်ဒေသမှ ရေလည်းခဲတယ်။ ကသာလိုရာသီဥတုက မညီမျှဘူး။ နောက်ပြီး ကျွန်တော်တို့က ရောက်တာနဲ့ သစ်တောတွေ၊ တောင်တွေပေါ်ကိုလှည့်ပြီး လွှဲပြောင်းလက်ခံလုပ်ရမယ်။ နယ်မြေဆင်းပြီး လေ့လာစရာတွေကို လေ့လာရမယ်။ တစ်လလောက်ကြာလို့ အထိုင်ကျမှ ကိုအင်နီလိုက်ခဲ့ရင်တော့ ပိုကောင်းတာပေါ့။ လိုက်ခဲ့ရင်တော့ ကိုအင်နီရဲ့ လမ်းပြမုဆိုးလုပ်ငန်းရပ်ထားရလိမ့်မယ်နော်။ ဝင်ငွေမရလို့ အိမ်ကမိန်းမကလည်း ဆူဆဲနေဦးမယ်''

''ငါ့မိန်းမ ငါပိုင်ပါတယ် ဆရာရယ်။ ဆရာတို့နဲ့သွားတာပဲ ဘယ်သွားသွား သူစိတ်ချပါတယ်။ ဝင်ငွေကလည်း ဒီရာသီမှာမကောင်းပါဘူး။ ဆောင်းရာသီနဲ့ မိုးရာသီမှကောင်းတာ ဆရာတို့လည်း အသိပဲလေ။ အခုအိမ်မှာဖွင့်ထားတဲ့ ကုန်စုံဆိုင်က ဝင်ငွေကောင်းနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့မိန်းမအပြင် သမီးကလေးကလည်း အားကိုးရတော့ အချွင် ပြေပါတယ်''

''ဒါဆိုရင်လည်း လိုက်ခဲ့ပေါ့ ကိုအင်နီရယ်။ ကိုအင်နီပါတော့ လည်း ကျွန်တော်တို့အားကိုးရတာပေါ့။ စားစရိတ်၊ လမ်းစရိတ်တွေကို ကျွန်တော် အကုန်တာဝန်ယူတဲ့အပြင် အပြန်ခရီးစရိတ်ကိုလည်း ကျွန် တော်ပြည့်စုံအောင် ပေးလိုက်ပါ့မယ်''

''အေး ... ဒါဆို ငါလိုက်မယ်။ ဆရာတို့က ဘယ်တော့ လောက်ပြောင်းကြမှာလဲ။ ငါအသင့်ပြင်ထားချင်လို့ပါ''

''ရန်ကုန်ကလွှဲမဲ့သူတွေတောင် မလာသေးဘူး။ မနက်ဖြန် သန်ဘက်ခါတော့ ရောက်မယ်ထင်တယ်။ ရောက်ရင်လည်း နှစ်ပတ်၊ သုံးပတ်ကြာအောင် ကွင်းဆင်းပြီးလွှဲရမှာ''

BURMESE CLASSIC .com

''အေး ... အေး ... ငါ မကြာမကြာ ဒီကိုလာမှာပဲ အရေး ပေါ်ပြောင်းရရင်လည်း စာရေးကလေးနဲ့ ငါ့ကိုခေါ်ခိုင်းပေါ့။ ငါလည်း ဒီမှာ ဆရာတို့မရှိရင် ပျင်းနေမှာ''

''စိတ်ချပါ ကိုအင်နီ။ ခင်ဗျားမပါဘဲ ကျွန်တော်တို့တိတ်တိတ် ကလေး ပြောင်းမသွားပါဘူး။ ဧည့်သည်တွေလာရင်လည်း ဧည့်ဝတ် ပြုရမှာမို့ တောလည်ရဦးမှာ။ ကိုအင်နီလည်း မနက်ဖြန်သန်ဘက် လာဦး မှဖြစ်မယ်။ ဧည့်သည်အဖွဲ့နဲ့လည်း မိတ်ဆက်ပေးချင်လို့ပါ။ သူတို့လည်း တောဆင်းရမှာဆိုတော့ ကိုအင်နီက သူတို့အတွက် မရှိမဖြစ်လိုအပ် မှာပါ''

''ဟုတ် ... ဆရာ၊ ငါနေ့တိုင်းလာခဲ့မယ်။ ထမင်းတော့ ဆရာ တို့ဆီမှာစားရမှာပဲ''

''စားလည်း စားပါ၊ အိပ်လည်း အိပ်ပါ ကိုအင်နီရယ်။ ကျွန်





တော်တို့လည်းပြောင်းခါနီး မိတ်ဆွေတွေနဲ့ခွဲရမှာမို့ စိတ်မကောင်းဖြစ် နေတာပါ။ ကိုအင်နီလာနေတော့လည်း အားရှိတာပေါ့''

''အေး ... ဆရာ၊ ဒါဆို ငါလာနေမယ်၊ ငါလည်းဆရာတို့နဲ့ မခွဲချင်ဘူး။ ဒီနေ့တော့ ပြန်ဦးမယ်။ အိမ်မှာလုပ်စရာကိစ္စလေးတွေကို ပြီးပြတ်အောင် လုပ်ပေးလိုက်ဦးမယ်''

''ဟုတ်ကဲ့ ... ကိုအင်နီ''

နှစ်ပေါက်အောင်တောလည်၍ လက်တွဲလာကြသော ကျွန်ုပ် တို့နှင့်ကိုအင်နီမှာ ညီအစ်ကိုအရင်းတစ်မျှ ခင်မင်နေကြပြီဖြစ်သည်။ တစ်ဦးအထာကို တစ်ဦးကပြောစရာမလိုဘဲ သိကြသည်။ တစ်ဦးကို တစ်ဦးက ညှာတာကာကွယ်ကြသည်။ အမဲလိုက်မုဆိုးအလုပ်ဆိုသည် မှာ အသက်ဖြင့်ရင်းရသဖြင့် တစ်ဦးကိုတစ်ဦးအသက်ပေး၍ ချစ်ကြ သည်ဆိုပါက လွန်အံ့မထင်ပါ။

ကျွန်ုပ်တို့ စာရင်းဇယားများဖြင့် အလုပ်ရှုပ်နေကြစဉ် ကိုအင်နီ၊ သူ့အိမ်ရှိရာ ပတ္တမြားမြို့သစ်သို့ ပြန်သွားသည်။ ကွင်းဆင်းစာရင်း ကောက်လိုက်၊ စာရင်းပြုစုလိုက်ဖြင့် ကျွန်ုပ်တို့လည်း တစ်ပတ်ခန့်အတွင်း အလွန်အလုပ်ရှုပ်လှသည်။

ညနေပိုင်း ဝိုင်းမဖြစ်သည်မှာတောင် ကြာပြီဖြစ်သည်။ ညဦး အိပ်တော့လည်း ည (၁၂)နာရီ၊ မနက်ထရပြန်တော့လည်း မနက် (၅) နာရီ။ ဧည့်သည်များလာလျှင်လည်း ပို၍ အလုပ်ရှုပ်ဦးမည်ဖြစ်သည်။ မပြောင်းမီ ကိုယ်ကအိမ်ရှင်ဖြစ်၍ ဧည့်သည်များကို ဧည့်ဝတ်ကျေပွန် စေရန် ဧည့်ခံရဦးမည်ဖြစ်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



❑

နောက်တစ်နေ့တွင် ကြေးနန်းဝင်လာသည်။ တစ်ရက်ခြား သောကြာနေ့တွင် ရန်ကုန်ရုံးချုပ်မှ သစ်တောအရေးပိုင် ဦးလှဘူးတို့ ရောက်ရှိမည့်အကြောင်းပင်။ ကျွန်ုပ်တို့ အသင့်ပြင်ဆင်ရပါပြီ။ သောကြာ နေ့မနက်တွင် တောအုပ်ကိုဖော်မင်းနှင့် ကိုအင်နီတို့အား တောပစ်ရန် ယင်းခဲကြိုးဝိုင်းဘက်သို့ လွှတ်ရသည်။ ကျွန်ုပ်က ဧည့်သည်ကြိုရန်နှင့် တပည့်ကျော်အောင်ဘုက ချက်ပြုတ်ရေးစီစဉ်နေရသည်။ လက်နှိပ်စက် စာရေးကလေး ကျော်စိန်ဝင်းကတော့ လွှဲပြောင်းလက်ခံစာရင်းများအား အချောသပ်ရိုက်နှိပ်နေသည်။

မနက်(၁၀)နာရီကျော်ခန့်၌ပင် တောအုပ်ဖော်မင်းနှင့် ကိုအင်နီ တို့ ချေတစ်ကောင်၊ တောဝက်တစ်ကောင်နှင့်အတူ ပြန်ရောက်လာကြ သည်။





ကိုဖော်မင်း ။ "ဆရာရေ ... ကံကောင်းတယ်ဗျို့။ ယင်းခဲကြိုးဝိုင်း အကွက်ကြီး(၃)ထဲကိုဝင်တာနဲ့တင် ဝက်အုပ်နဲ့တိုးပြီး ဝက်မတစ်ကောင် ရတယ်။ ကျွန်တော်တို့ 'ထမ်းဖို့လုပ်နေတုန်း ချေဟောက်သံကြားလို့ အသင့်ပြင်ထားတာ။ အလန့်တကြားပြေးလာတဲ့ချေကိုလည်း ရလိုက် တယ်။ နောက်က တောကောင်ကြီးလိုက်လာဟန်တူပါရဲ့။ သေနတ်သံ ကြားတာနဲ့ ဟိန်းဟောက်သံပဲကြားလိုက်ရပြီး ပျောက်သွားတယ်။ အစာ လုသလိုတော့ ဖြစ်သွားမယ်ထင်တယ်"

ကိုအင်နီ ။ "ဒီကောင်ကြီး တို့အပေါ်မှာ ကျေမှာတော့မဟုတ်ဘူး။ နောက် ယင်းခဲတောထဲဝင်ရင်တော့ သတိထားရလိမ့်မယ်"

ကျွန်ုပ် ။ "ဧည့်သည်တွေလာမှာနဲ့ အတော်ပါဘဲဗျာ။ ကျေးဇူးပဲ ကိုအင်နီရေ။ ကဲ ... ဖျက်ပြီး ခင်ဗျားမှဆိုးဝေစုကို ယူပေတော့ဗျို့"

"ငါဒီနေ့မယူ ဆရာ။ ဆရာဧည့်သည်တွေအတွက်ပဲ ချက် ပြုတ်ပေးမယ်။ ငါလည်းစားမယ်လေ"

"တောကောင်က (၂) ကောင်တောင်ပဲ ကိုအင်နီရယ် ဝိုပါ တယ်၊ ယူပါ။ ခင်ဗျားတို့ အစောကြီးထပြီးတောဝင်ရတာ လွယ်တာ မှတ်လို့"

"ပြောပြီးကော ငါမယူဘူးလို့။ ဧည့်သည်တွေ အများကြီး လာကြမှာ ငါသိတတ်ရမှာပေါ့။ မဟုတ်ဘူးလား ဆရာရယ်"

"အေးဗျာ ... ကိုအင်နီသဘောပါ။ ကိုအင်နီက မှဆိုးလမ်းပြ လုပ်နေတော့ ဝင်ငွေရအောင် ကျွန်တော်ကပြောရတာပါ"

"အေး ... အေး ... ငါကျေနပ်တယ်၊ နေပါစေ"

ကိုအင်နီနှင့်အောင်ဘုတို့ တောဝက်နှင့်ချေအား စနစ်တကျ ဖျက်ပြီး စနစ်တကျ ချက်ကြသည်။ ချက်ပြုတ်နေကြစဉ် နေ့လယ်



www.burmeseclassic.com

www.burmeseclassic.com



(၁၂)နာရီခန့် ရန်ကုန်မှဧည့်သည်များ ရောက်လာကြသည်။ ကျွန်ုပ် ။ "ဟာ ...ဦးလှဘူးတို့ ညနေမှရောက်မယ်ထင်နေတာ ဘူတာဝောင်ဆင်းမကြိုဖြစ်ဘူး။ စောလှချည့်လား"

"ကျွန်တော်တို့က မနေ့ညကတည်းက မန္တလေးရောက်နေတာ။ အခု မနက်ရထားစီးတော့ နေ့လယ်ရောက်တာပေါ့"

"အတော်ပါပဲဗျာ။ ဒီမှာလည်း ချက်ပြုတ်လို့ပြီးလုပါပြီ။ တောဝက်သားနဲ့ ချေသားဗျို့။ အမျိုးမျိုးချက်ထားတာ။ ကြိုက်သလိုသာ စားကြပေရော့"

"ကောင်းဗျာ။ တောကောင်သားစားချင်တာနဲ့ အတော်ပါပဲ။ ကဲ ...ငါ့အဖွဲ့တွေ ရေအရင်ချိုးမလား၊ ထမင်းအရင်စားမလား"

"ဆာပြီ ဆရာကြီးရေ့၊ ရေမချိုးတော့ဘူး။ ထမင်းပဲ အရင်စားကြတော့မယ်"

တပည့်ကျော်အောင်ဘုနှင့် ကိုအင်နီတို့၏ လတ်ဆတ်သော တောဝက်သားဟင်းနှင့် ချေသားဟင်းနံ့ကလည်း မွှေးကြိုင်နေသည်။ ထုံးစံအတိုင်းပင် ရန်ကုန်အဖွဲ့ကလည်း ပါလာသောအရက်အကောင်းစားများနှင့် ပက်ကြသေးသည်။ ကျွန်ုပ်တို့မှာ ပင်ပန်းလှသော်လည်း သူတို့အဖွဲ့က ပျော်ပွဲစားထွက်လာသည့်ပုံစံပင် ဖြစ်သည်။

စားသောက်နေရင်း ဦးလှဘူးက ...

"ဦးနေအောင်ရေ ...ဒီတောကောင်သားတွေက ခင်ဗျားပစ်တာလား"

"အရင်ကတော့ ဟုတ်တယ် ဦးလှဘူးရေ။ ဒီနေ့တော့ ကျွန်တော်မအားလို့ တောအုပ်ကိုဇော်မင်းနဲ့ တစ်ပွဲစားမုဆိုးကိုအင်နီတို့ မနက်ကမှသွားပစ်ကြတာ"





"တစ်ပွဲစားမုဆိုး ဟုတ်သလား။ တစ်ပွဲစားဆိုတာ ကြားသာကြားဘူးတယ် မမြင်ဖူးဘူးဗျို့"

ကျွန်ုပ်၊ ကိုအင်နီနှင့် ဦးလှဘူးတို့အဖွဲ့အား မိတ်ဆက်ပေးရပြန်ပါသည်။

"ဦးလှဘူး၊ ဒီကဆရာက တစ်ပွဲစားမုဆိုး ကိုအင်နီဆိုတာပဲ။ သူက ယင်းခဲတောထဲမှာ မွေးတာ။ နာမည်က ကိုအင်နီတဲ့။ တစ်ပွဲစားမုဆိုးလို့ခေါ်ရတာက လိုချင်တဲ့တောကောင်တွေရှိတဲ့နေရာကို သူက တိတိကျကျ လမ်းပြနိုင်တယ်။ သူနဲ့တောလည်ရင် မရမရှိစေရဘူး။ အန္တရာယ်ရှိရင်လည်း ကြိုတင်သတိပေးတတ်တယ်။ သူ့ကို လမ်းပြခတော့ ပေါင်တစ်ချောင်း၊ နားရွက်တစ်လုံနဲ့ ငွေ(၅၀ဝိ/) ကျပ်တော့ ပေးရတယ်"

"ပေးပါ့မယ်ဗျာ။ ဒါပေမဲ့ နားရွက်တစ်လုံဆိုတာက ဘာလဲ။ နားမရှင်းလို့ပါ"

"ဖမ်းမိတဲ့ သားကောင်တစ်ကောင်ရတိုင်း သားကောင်ရဲ့ နားရွက်တစ်ဖက်ကို လှီးချတဲ့နေရာကနေ ခေါ်င်းကိုဖြတ်ယူတာပါ"

"ဪ ...အဲ့ဒီလိုလား၊ ပေးရမှာပေါ့ဗျာ။ ဒါနဲ့ကိုအင်နီက ဘယ်မှာနေတာပါလဲ"

"ဒီမြို့ကပါပဲ။ ပတ္တမြားမြို့သစ်မှာ နေတာပါ။ ရုံးကကောင်လေးတွေကိုခိုင်းရင် ခေါ်ပေးလိမ့်မယ်"

"ကောင်းပါပြီဗျာ။ ကျွန်တော်တို့နဲ့လက်တွဲပါ ကိုအင်နီရယ်။ ဦးနေအောင်တို့လိုပဲ ကျွန်တော်တို့ကို သဘောထားပါ။ ကိုအင်နီ သစ်တောမှာဝင်လုပ်မလား။ ဝန်ထမ်းအဖြစ် ကျွန်တော်ချက်ချင်းခန့်ပေးပါ့မယ်"

ကိုအင်နီက ပြန်မဖြေပါ။ ကျွန်ုပ်ကသာဝင်၍ ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဦးလှဘူးရယ်၊ သစ်တောဝန်ထမ်းအလုပ် သူဘယ်လုပ်မလဲ။ သူ့ဝင်ငွေက နည်းမှတ်လို့။ အမဲလိုက်မုဆိုးအဖွဲ့တွေလာတာနဲ့ သူ့ဝင်ငွေက တစ်ရက်ကိုသောင်းဂဏန်းလောက်ရတာ။ မုဆိုးတွေရဲ့ဆရာကြီးဗျို့''

ကိုအင်နီက ပြုံးနေပါသည်။ စကားတော့မပြောပါ။

''အဲဒါဆိုရင်လည်း ကျွန်တော်တို့ငှားပါ့မယ်ဗျာ။ မနက်ဖြန်တော့ စာရင်းဇယားတွေ စစ်မယ်။ သန်ဘက်ခါကစပြီး တောဆင်းရမှာ။ သစ်ကွက်တွေလိုက်ကြည့်ရမယ်။ ကိုအင်နီနဲ့ လက်တွေ့ကွင်းဆင်း တောလည်ရတာပေါ့ဗျာ။ နှစ်ပတ်လောက်တော့ ကျွန်တော်ငှားပါ့မယ်''

''အေးပါ . . . ငါလိုက်ပေးပါ့မယ်။ ဒါပေမဲ့ ဆရာဦးနေအောင်တို့ပြောင်းရင်တော့ မြန်မာပြည်မြောက်ပိုင်းကို ငါလိုက်သွားဦးမယ်၊ တစ်လလောက်တော့ ကြာလိမ့်မယ်''

''ဩော် . . . ဦးနေအောင်တို့နဲ့ အဖွဲ့တွေကျနေကြပြီကိုး။ ကောင်းပါတယ်ဗျာ။ ကျွန်တော်အဖွဲ့မှာလည်း တင်သိန်းတို့၊ စောအောင်တို့က ရိုးမမုဆိုးတွေပါ။ လက်ကလည်း တည့်ပါတယ်။ ကိုအင်နီ ပြန်လာရင် လက်တွဲကြတာပေါ့။ ကျွန်တော်တို့ သစ်တောအလုပ်ဆိုတာက မုဆိုးတစ်ပိုင်းပဲလေ။ ဒီဒေသကိုမကျွမ်းသေးတော့ ကိုအင်နီကိုပဲ ဆရာတင်ရမှာပါပဲ။ ကူညီပါဦးဗျာ''

''ဟုတ်ကဲ့ပါ ဆရာ''

မုဆိုးကိုအင်နီနှင့်ဦးလှဘူးတို့ အပေးအယူတည့်သွားကြသဖြင့် ကျွန်ုပ်ဝမ်းသာရပါသည်။ သံယောဇဉ်ဖြစ်နေသော ကိုအင်နီကိုလည်း ကျွန်ုပ်တို့အဖွဲ့နည်းတူ ဦးလှဘူးတို့အဖွဲ့နှင့် ရင်းနှီးကျွမ်းဝင်စေလိုပါသည်။ ဒါမှလည်း ကိုအင်နီ၏အလုပ်အကိုင်များ အဆင်ပြေချောမွေ့ပေလိမ့်မည်။ သစ်တောဌာနဖြင့် အဆင်မပြေပါက ကိုအင်နီတို့မုဆိုးလုပ်ငန်း





ကို အကြောင်းအမျိုးမျိုးပြ၍ တားဆီးပိတ်ပင်နိုင်ခွင့်ရှိပေသည်။

သစ်တောဥပဒေအရလည်း ရာသီအလိုက် မပစ်ရသောတောကောင်များ၊ အမြဲတမ်း ဘေးမဲ့ပေးရမည့်တောကောင်များ၊ လိုင်စင်ရှိမှပစ်ရသော တောကောင်များဟူ၍ ခွဲခြားသတ်မှတ်ထားပေသည်။ ထို့ကြောင့် သစ်တောဌာနနှင့်မုဆိုးများမှာ ကျွမ်းဝင်ရင်းနှီးဖို့ အလွန်လိုအပ်သည်။ ထိုညကတော့ တစ်ပွဲစားမုဆိုးအင်နီနှင့် ဦးလှဘူးတို့အဖွဲ့ အတော်ရင်းနှီးသွားကြသည်။

နောက်တစ်နေ့တွင် စာရင်းဇယားများစစ်ဆေးပြီး လွှဲပြောင်းလက်ခံလုပ်ကြသည်။ တောမဆင်းသော်လည်း ကိုအင်နီလာပါသည်။ တပည့်ကျော်အောင်ဘုအား ဝိုင်းဝန်းလုပ်ကိုင် ချက်ပြုတ်ကူညီပေးခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ကိုအင်နီကို ဦးလှဘူးက သဘောကျသည်။ အလိုက်သိသော ကိုအင်နီကို ကျွန်ုပ်ကလည်း လေးစားမိပါသည်။

နောက်တစ်နေ့တွင် ရောဝတီမြစ်အရှေ့ဘက်ကမ်းသို့ကူး၍ အရှေ့ဘက်ကမ်းဗိုလ်တဲတွင် စတည်းချကြသည်။ ဗိုလ်တဲအနီးရှိ မော်တော်ယာဉ်ဌာနတွင် ယန္တရားများ၊ မော်တော်ယာဉ်များ၊ သက်ဆိုင်ရာပစ္စည်းများကိုစစ်ဆေး၍ လွှဲပြောင်းလက်ခံလုပ်သည်။ ကျွန်ုပ်တို့ စစ်ဆေးနေကြစဉ် ကိုအင်နီနှင့် ဦးလှဘူးတပည့် တောအုပ်ကိုတင်သိန်းနှင့် ကိုစောအောင်တို့ကို တောအုပ်ကိုဇော်မင်းက ယင်းခဲကြိုးဝိုင်းတောအားလိုက်ပြရင်း တောလည်ကြသည်။

အပြန်တွင် တောဝက်(၂)ကောင်နှင့် ဆတ်ဖားကြီးတစ်ကောင်ကိုရလာကြသည်။ တောအုပ်ကိုတင်သိန်းနှင့် ကိုစောအောင်တို့မှာ ပွဲဦးထွက်ဖြစ်၍ အလွန်ပျော်ရွှင်နေကြသည်။

''ဆရာဦးလှဘူးရေ . . ကိုအင်နီက အရမ်းတော်တာဗျ။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်ပစ်ချင်သလဲမေးပြီး နေရာအတိအကျကိုခေါ်သွားပြီးမှ ပစ်နိုင်းတာ။ ဆရာဦးဖော်မင်းကလည်း တစ်ချက်တစ်ကောင် ပစ်မလွဲဘဲဗျို့။ အလွန်အတွဲညီကြတာပဲ။ ဆတ်ဖားကြီးကိုတော့ ကျွန်တော်နဲ့ကိုစောအောင်တို့ ပစ်ကြတာမှန်ပေမဲ့ ချက်ကောင်းမထိလို့ ကိုဖော်မင်းက ပွဲသိမ်းပေးခဲ့တာ''

''အေး ... အေး ... မင်းတို့က တောမလည်တာကြာတော့ သေနတ်နဲ့အထိအတွေ့ ဝေးနေတာပေါ့။ လေ့ကျင့်ကြဦး။ နောင် ကိုဖော်မင်းတို့အဖွဲ့ပြောင်းသွားရင် မင်းတို့ဘာသာမင်းတို့ အားကိုးရမှာ။ ဂရုစိုက်ကြ။ ကြားလား''

''ဟုတ်ကဲ့ပါ ဆရာ''

ထိုနေ့က ကိုအင်နီက တောကောင်များဖျက်ပေးရင်း သူ့ရထိုက်သော မှဆိုးဝေစုနှင့် ငွေကို ယူသည်။ နားရွက်တစ်လုံနှင့် ပေါင်တစ်ချောင်းဖြတ်သည်ကို သူတို့စိတ်ဝင်စားကြသည်။ တောကောင် (၃) ကောင်အတွက် ထိုနေ့က ကိုအင်နီ ဝေစု(၃)စုရပေသည်။ နေ့လယ်စာကို ယင်းခဲမိုလ်တဲ၌ပင် ချက်ပြုတ်စားကြသည်။

ကိုအင်နီနှင့် တပည့်အောင်ဘုတို့၏ လတ်ဆတ်သောမှဆိုးလက်ရာ ဆတ်ဝမ်းတွင်းသားဟင်းမှာ အလွန်ကောင်းမွန်လှသည်။ ဦးလှဘူးမှာ အရက်ကြိုက်တတ်သူပီပီ သူ၏တပည့်များဖြင့် နေ့လယ်နေ့ခင်း၌ပင် အရက်ဖြင့်မြည်းကြတော့သည်။ ထိုနေ့က တောမဆင်းနိုင်တော့ဘဲ မော်တော်ယာဉ်ကိုစွဲ လွှဲပြောင်းခြင်းဖြင့် အချိန်ကုန်တော့သည်။

✿ ✿ ✿

နောက်တစ်နေ့တွင်လည်း ယင်းခဲကြိုးဝိုင်းတောသို့ပင် ဆင်းကြပြီး မော်တော်ကားကြီးဖြင့် အကွက်ကြီးအမှတ်(၁)မှ (၁၂)အထိ လှည့်လည်စစ်ဆေးကြသည်။ ကျွန်ုပ်တို့ပစ်ခတ်သဖြင့် တောဝက်(၂)ကောင်နှင့် ချေတစ်ကောင်ရသည်။

ကိုတင်သိန်းနှင့်ကိုစောအောင်တို့က မျောက်အုပ်ကိုတွေ့သဖြင့် ပစ်ခတ်ကြရာ ကျည်ဆန်(၁၀)တောင့်လောက်ကုန်မှ မျောက်နှစ်ကောင်ရသည်။ ဦးလှဘူးမှာ သူ၏တပည့်များအား ဆဲ၍မဆုံးတော့ပါ။ ကိုအင်နီက တောထဲတောင်ထဲတွင် မဆဲရကြောင်း စကားအပြောအဆိုဆင်ခြင်ရကြောင်း သတိပေးသည်။

ဦးလှဘူးမှာ မြို့တွင် အနေကြာစွာနေထိုင်ပြီး တောတောင်အထာကိုမသိဘဲ ဆဲဆိုခြင်းအလေ့အထကို ဝသီပါနေဟန်တူပါသည်။ ကိုအင်နီသတိပေးစဉ်၌ ခဏပင်။ နောက်အတော်ကြာတော့ ဆဲမြဲတိုင်း ဆဲနေတော့သည်။ ကိုအင်နီလည်း မပြောသာတော့။ ကျွန်ုပ်ကတော့ ဦးလှဘူးတို့အဖွဲ့ကို အလွန်စိတ်ပျက်မိပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ယင်းခဲတောအဆုံး အကွက်ကြီး(၁၂)တွင်းသစ်ခုတ်နေခြင်း၊ ဆင်နှင့်ကျွဲများဖြင့် ရေချခြင်း၊ ဖောင်ဖွဲ့ခြင်း၊ လုပ်ငန်းများကိုလေ့လာပြီး နေ့လယ်စာကို နောက်ကျစွာ စားကြရသည်။ ထမင်းစားနောက်ကျသော်လည်း ဦးလှဘူးတို့အဖွဲ့က ထုံးစံအတိုင်း အရက်သောက်ကြပြန်သည်။ ကျွန်ုပ်တို့အဖွဲ့ကတော့ နေ့လယ်စာထမင်းကို မြိန်ရှက်စွာစားကြသည်။

ညကျ ကသာမြို့ဗိုလ်တဲသို့ ပြန်ရောက်တော့လည်း ကိုအင်နီချက်ပေးသော မျောက်ချေးခါးဟင်း၊ ချေဝမ်းတွင်းသားဟင်းတို့ဖြင့် အရက်သောက်ကြပြန်သည်။ ညပိုင်းတွင်တော့ အလုပ်နားချိန်ဖြစ်၍ ကျွန်ုပ်တို့လည်း သောက်ကြပါသည်။ ကိုအင်နီကတော့ သူ့ဝေစုကိုယူ၍ စားသောက်ပြီးသည်နှင့် စောစီးစွာအိပ်ပြန်သည်။

ကျွန်ုပ်တို့သာ လုပ်ငန်းအကြောင်းနှင့် တောတောင်သဘာဝကို အတွေ့အကြုံဖလှယ်ကြရင်း ညသန်းခေါင်နီးမှ အိပ်ရာဝင်ဖြစ်ကြသည်။ အိပ်ရာဝင်တော့လည်း မောမောပန်းပန်းဖြင့် ညဘက်တစ်ရေးမှပင် မနိုးကြတော့ပါ။

နောက်ရက်များတွင် ကသာပတ်ဝန်းကျင်ရှိ အင်ဒေါင်းကျောက်တောင်၊ ကောက်ကွေ့နှင့် မိုးတားကြီးပိုင်းတော၊ မြတောင်တောနှင့်ထီးချိုင့်(မဲဇာ)တော၊ နတ်ရေတွင်း၊ နတ်တံခါးတော၊ အင်းတော်နှင့်ဗန်းမောက်တော၊ ကလုံကြီးပိုင်းနှင့် ဖက်ဆွတ်တောများအား မော်တော်ဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်းသွားကြရသဖြင့် တောထဲသွားတိုင်းလည်း ကိုအင်နီပါ၍ တောကောင်များက မရသောနေ့မရှိပါ။

ကျွန်ုပ် တာဝန်ကျသော စစ်ကိုင်းတိုင်းမှာ ကျယ်ဝန်းလှသည်။ နိုင်ငံတော်၏တိုင်းကြီး(၇)တိုင်းတွင် အကျယ်ဝန်းဆုံးဖြစ်သည်။ မြို့နယ်





ပေါင်း(၃၈) မြို့နယ် ပါဝင်သည်။ ဤတိုင်းကြီးအတွင်း အချို့မြို့နယ်များမှာ တောင်ကုန်းတောင်တန်းကြီးများပေါ်တွင် တည်ရှိသည်။ အချို့မြို့နယ်များမှာ ဧရာဝတီမြစ်ကြီးနှင့် ချင်းတွင်းမြစ်ကမ်း၌ရှိကြသည်။ ထို့အတူ အချို့မြို့နယ်များမှာ မြေပြန့်လွင်ပြင်၌ တည်ရှိကြပေသည်။ စစ်ကိုင်းတိုင်းတွင် နာဂတောင်တန်းကြီးသည် အထက်ပိုင်းချင်းတွင်းမြစ်ကြီးနှင့်အတူ ယှဉ်ပြိုင်တည်ရှိနေသည်။ ထိုနာဂတောင်တန်းကြီး၏ မြောက်ဖျားစွန်းရှိ နန်းယွန်းမြို့လေရှီးလဟယ်မြို့များအထိ စစ်ကိုင်းတိုင်း၌ ပါဝင်ပါသည်။

ထို့အတူ မဟာမြိုင်တောကြီးနှင့် ကလေးဝမြို့၊ ကလေးမြို့၊ တမူးမြို့၊ ကောလင်း၊ ဝန်းသို၊ ကန့်ကလူ၊ ကျွန်းလှ၊ ခင်ဦး၊ ချောင်းဦး၊ ငါန်းဖွန်၊ ဆားလင်းကြီး၊ တန့်ဆည်၊ ဒီပဲယင်း၊ ပုလဲ၊ ပင်လယ်ဘူး၊ ဘုတလင်၊ မြင်းမူ၊ မြောင်၊ ယင်းမာပင်၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ ဝန်းသို၊ အရာတော်မြို့နယ်များ ပါဝင်ကြသည်။

ထို့အပြင် ချင်းတွင်းမြစ်ကမ်းဘေး ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကနီ၊ မင်းကင်းနှင့် မုံရွာမြို့နယ်များ ပါသေးသည်။ ကျွန်ုပ်တို့ခရီးထွက်၍ လှည့်ပြောင်းကြရာ (၃)ပတ်ခန့်သာဟု သတ်မှတ်ထားသော်လည်း တစ်လခန့်ကြာသွားသည်။

အချုပ်ဆိုရသော် ရုံးချုပ်တွင်သာအနေများပြီး သစ်တောလုပ်ငန်းသဘာဝမကျွမ်းကျင်သော ဦးလှဘူးအား ကျွန်ုပ်က စေတနာထား၍ ရှင်းပြရသည်။

"ဦးလှဘူးရေ ... လက်တွေ့တောကွင်းဆင်း စစ်ဆေးပြီးပါပြီ။ ဒါပေမဲ့ အခေါ်အဝေါ်နဲ့ သစ်လုပ်ငန်းသဘာဝကို ခြုံပြီးသိရှိဖို့ ပြောပြပါ့မယ်။ မှတ်နိုင်သလောက် မှတ်ထားပါ။ ကျွန်တော် ဆရာလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ (၁၀)စုနှစ်လောက် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့တဲ့ စစ်ကိုင်းတိုင်း သစ်တောတွေအနက် အရေးကြီးတဲ့ နေရာဒေသ၊ လုပ်ငန်းသဘာဝ အခက်အခဲတွေကို ပြောပြပါ့မယ်”

“အနောက်ကသာ သစ်ထုတ်လုပ်ရေးဒေသမှာ ဇန်းမောက်မြို့နယ်ကရောက်ရှိလာတဲ့ ကျွန်းသစ်လုံးတွေကို နန်းကျင်ချောင်းများကနေ ရေမျှောရန်ချောင်းချတယ်။ နန်းကျင်ချောင်းဟာ ချောင်းကြီးချောင်းအတွင်းကို စီးဝင်တယ်။ ချောင်းကြီးချောင်းက ဥယုမြစ်ထဲဝင်ပြန်တယ်။ ချောင်းကြီးချောင်းနဲ့ ဥယုမြစ်ဆုံရာ (ချောင်းကြီးဝ)မှာ နောင်မိုးရွာဆိုတာရှိတယ်။

အဲဒီချောင်းကြီးဝအိမ်မှာ စတီးဝါယာကြိုးတွေနဲ့ သစ်လုံးတွေကို သိတ္တဲချိတ်ဆက်ပြီး သစ်ဖမ်းဘုန်းတန်း တည်ဆောက်ရတယ်။ တောင်ကျချောင်းရေနဲ့မျောပါလာတဲ့ ကျွန်းသစ်လုံးတွေကို ဖမ်းဆယ်စုဆောင်းရတယ်။ သစ်လုံးတွေနဲ့အတူ မျောပါလာတတ်တဲ့ သစ်ပင်သစ်ကိုင်းအဟောင်းအဆွေးတွေဟာ ဘုန်းတန်းမှာလာပြီး ပိတ်ဆို့နေတတ်တယ်။ အဲဒါကို ‘ဒိုက်’ ပုံလို့ခေါ်တယ်။ အဲဒီဒိုက်ပုံတွေကို အမြဲသတိထားရတယ်။ ဆင်အားလူအားနဲ့ သတိထားပြီး ရှင်းပေးရတယ်။ အလွန်လည်း အန္တရာယ်များတယ်။

ဒိုက်ပုံကိုမရှင်းနိုင်ရင်တော့ မိုးများပြီး ရေစီးသန်လာတဲ့အချိန်မှာ ဘုန်းတန်းကြီးပွင့်သွားတတ်တယ်။ ဘုန်းတန်းပွင့်သွားတာနဲ့ အဖိုးတန်ကျွန်းသစ်လုံးတွေကို ဆယ်နိုင်သမျှဆယ်ပေမဲ့ ဆုံးရှုံးတာကပိုများတယ်။ လှေသဘောတွေအတွက်လည်း အန္တရာယ်ရှိတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ခံတွေကို မကြာခဏစစ်ဆေးဖို့ သတိပေးရမယ်။ ကိုယ်တိုင်လည်း သစ်မျှောရာသီမှာ ဆင်းစစ်ဖို့လိုပါတယ်”





“ဒါနဲ့ ဦးနေအောင်ရေ၊ ဥယုချောင်းက ရွှေနဲ့ကျောက်စိမ်းထွက်တယ်ဆိုတာ ဟုတ်သလား။ ခင်ဗျားကော ရဖူးသလား”

“ဥယုချောင်းက ရွှေနဲ့ကျောက်စိမ်းထွက်တာ မှန်ပါတယ်။ ဒါပေမဲ့ ဦးလှဘူးရယ်၊ ကျွန်တော်က ကျောက်တူးသမား၊ ရွှေရှာသမား မှမဟုတ်တာ ဘယ်ကရမှာလဲ။ လိုချင်ရင်တော့ အဲဒီဥယုချောင်းတစ်လျှောက်မှာ လူငှားပြီး ရှာပေတော့ဗျို့”

“အေးပါဗျာ . . . ကျွန်တော်က လုပ်ငန်းစစ်ဆေးရင်းများ ရတတ်သလားလို့ မေးကြည့်မိတာပါ”

ဦးလှဘူးလို လုပ်ငန်းအတွေ့အကြုံနည်းပြီး လောဘတတ်သူကိုမှ မြန်မာပြည်တွင် သစ်လုပ်ငန်းသဘာဝအကြီးဆုံး၊ အကျယ်ဆုံး စစ်ကိုင်းတိုင်းကိုမှ တာဝန်ပေးခြင်းအတွက် ကျွန်ုပ် သစ်တောရုံးချုပ်မှ ပုဂ္ဂိုလ်ကြီးများကို နားမလည်မိပါ။ သို့သော် ကျွန်ုပ်တွင် တာဝန်ရှိသည့်အလျောက် အရေးကြီးသောအကြောင်းအရာများကို ဆက်၍မှာနေရပြန်သည်။

“ကသာသစ်ထုတ်လုပ်ရေးမှာ အရှေ့ကသာသစ်ထုတ်လုပ်ရေးနဲ့ အနောက်ကသာသစ်ထုတ်လုပ်ရေးဒေသ(၂)ခုရှိပါတယ်။ ဧရာဝတီမြစ်ကိုအခြေပြုပြီး မြစ်ကြီးရဲ့အရှေ့ဘက်ကမ်းကို အရှေ့ကသာသစ်ထုတ်လုပ်ရေးဒေသလို့ သတ်မှတ်ပြီး ယင်းခဲ၊ ငအိုး၊ နမ့်မဲ၊ ကွန်းချောင်း၊ စဉ့်ကူးအထိ သစ်ထုတ်လုပ်ရေးကြိုးဝိုင်းတော သတ်မှတ်ထားပါတယ်။ သစ်ထုတ်လုပ်ရေးဝန်ထောက် (နယ်တာဝန်ခံ)က အုပ်ချုပ်ရတယ်။ အင်ဒေါင်၊ ကျောက်တောင်က နယ်တာဝန်ခံတစ်ဦး၊ မြတောင်ကြိုးဝိုင်းနဲ့ ဟင်္သာကြိုးဝိုင်းက နယ်တာဝန်ခံတစ်ဦးအုပ်ချုပ်တယ်”

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

"အနောက်ကသာ သစ်ထုတ်လုပ်ရေးဒေသမှာတော့ ...

ရောဝတီ အနောက်ဘက်ကမ်းမှာရှိတဲ့ မြစ်စဉ်နယ်၊ အင်းတော်နယ်၊ မော်လူးနယ်၊ ဗန်းမောက်နယ်ဆိုပြီး သတ်မှတ်ထားပါတယ်"

မြစ်စဉ်နယ်ဆိုတာက ဧရာဝတီအနောက်ဘက်ကမ်း အထက်*ကချင်ပြည်နယ်စပ်ကနေ* အောက်ပိုင်း မန္တလေးတိုင်းနယ်စပ်အထိ ထီးချိုင့်မြို့နယ်၊ မဲဇာချောင်းအထိ ပါဝင်ပါတယ်။ အနောက်ဘက်မှာတော့ အင်းတော်နယ်၊ မော်လူနယ်ကြိုးဝိုင်းတွေပါ ပါတယ်။ ဗန်းမောက်နယ်ကတော့ စစ်ကိုင်းတိုင်း၊ ပင်လယ်ဘူးမြို့နယ်စပ် ကြိုးဝိုင်းများ၊ ဗန်းမောက်နယ်ကြိုးဝိုင်းတွေက ကျွန်းသစ်ကို အဓိကထုတ်လုပ်ပါတယ်"

"ချောင်းကြီးချောင်းဟာ နောင်မိုးရွာအနီးမှာ ဥယျာမြစ်ထဲကို စီးဝင်တယ်။ နောင်မိုးရွာဟာ ဥယျာမြစ်ဖျားခံရာအနီးမှာရှိပြီး ရွာငယ်လေးဖြစ်ပေမယ့် ကျွန်တော်တို့အားထားရတဲ့ သစ်လုံးမျှောဆိပ်ဖြစ်တယ်။ ဥယျာမြစ်ဟာလည်း ဟုမ္မလင်းမြို့အောက်နားမှာရှိတဲ့ ညောင်ပင်သာရွာအနီးမှာ ချင်းတွင်းမြစ်ထဲကို စီးဝင်တယ်။

ညောင်ပင်သာသစ်ဖမ်းဆိပ်ဟာ ဥယျာမြစ်ထဲကမျှောချလာတဲ့ ကျွန်းသစ်လုံးတွေကို ဆယ်တင်ဖမ်းရတဲ့ ဆိပ်ဖြစ်တာမို့လည်း အရေး





ကြီးပါတယ်။ ဝဲယာမှာရှိတဲ့ရွာတွေကလည်း သစ်လုံးဆယ်တင်ပေးတဲ့ အလုပ်ကို လုပ်ကြတယ်။ သစ်လုံးတစ်လုံးဆယ်တင်ခကို သတ်မှတ်နှုန်းနဲ့ သစ်တောဌာနက ပေးချေရတယ်။ သစ်မျှောရာသီမှာဌာနက ဝန်ထမ်းအင်အားနဲ့တင် မနိုင်ဘူးလေ။

သစ်လုံးတွေကို ချောင်းရေကျပြီး ရေသာချိန်မှာ စုဆောင်းရေချပြီး ဖောင်ဖွဲ့ရတယ်။ ညောင်ပင်သာသစ်ဆိပ်ဟာလည်း အနောက်ကသာမှာ အရေးကြီးတဲ့ နေရာတစ်ခုပါဘဲ။ အခု ကျွန်တော်ပြောခဲ့တာတွေက သစ်တောဌာနမှာအရေးပါလှတဲ့ ကျွန်းသစ်နဲ့ ပတ်သက်တဲ့နေရာတွေအကြောင်း ပြောတာပါ။ အခြားသစ်မာမျိုးတွေ အကြောင်းမပါသေးဘူး။

နောက်ပြီး 'ရေလိုက်'တဲ့ လုပ်ငန်းအကြောင်းပြောဦးမယ်။ ဘုန်းတန်းပွင့်သွားလို့ဖြစ်စေ၊ မဖမ်းမိလို့ဖြစ်စေ၊ မြစ်အတွင်းမျောပါသွားပြီး ရေကျချိန်မှာ မြစ်ချောင်းကမ်းပါးတွေမှာ တင်ကျန်ရစ်ခဲ့တဲ့ သစ်လုံးတွေကို ပြန်လည်စုစည်းသိမ်းဆည်းခြင်းကို 'ရေလိုက်ခြင်း'လို့ ခေါ်တယ်။

နေရာဒေသအလိုက် တာဝန်ချထားတဲ့ဝန်ထမ်းတွေက ဦးဆောင်ပြီး ဆင်၊ ကျွဲ၊ စက်လှေ၊ မော်တော်တွေနဲ့ ဆွဲရတာပါ။ အဲဒီမှာ မသမာမှုတွေရှိတတ်တယ်။ မြစ်စဉ်ရွာတွေက မသမာသူတွေက နိုးဝှက်ဆယ်တင်တာနဲ့ ဝန်ထမ်းနဲ့ပေါင်းပြီး မသမာမှုလုပ်တာတွေလည်းပါတယ်။ အဲဒီကိစ္စတွေအတွက် သက်ဆိုင်ရာတောအုပ်၊ ချောင်းအုပ်တွေကို မကြာခဏ သတိပေးဖို့လိုပါတယ်"

"ဦးနေအောင်ရယ်၊ တောအုပ်၊ ချောင်းအုပ်တွေ မသမာမှုလုပ်ရင် သူတို့ကို အရေးယူလိုက်ရုံပေါ့။ ဘာခက်တာမှတ်လို့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''ဦးလှဘူး၊ လွယ်လွယ်ပြောလို့ မရဘူးဗျ။ သစ်မျှောတဲ့လူတွေက အရေအတွက်နဲ့ မျှောတာမှန်ပေမဲ့ လချုပ်စစ်တမ်းနဲ့စစ်လို့ မသိနိုင်ဘူး။ ရေမျှောကမ်းတင်ဆိုတဲ့စကားအတိုင်း ရေနဲ့လုပ်ရတဲ့ အလုပ်ဖြစ်လို့ အပျက်အစီး၊ အပျောက်အဆုံးတွေ ရှိတတ်တယ်။ ဒါဟာ သဘာဝပဲ။ သဘာဝထက်လွန်ပြီး နယ်ခံနဲ့ပေါင်းလို့ မသမာမှုပြုတာက နှစ်ချုပ်ကျမှပေါ်တတ်တယ်။ တိုင်တန်းလို့သိရတာလည်း ရှိတယ်။

ဝန်ထမ်းနဲ့မပူးပေါင်းပဲ ဂိုဏ်းဖွဲ့ပြီးခိုးတာတွေလည်း ရှိတတ်တယ်။ ကွင်းဆင်းမစစ်ပဲ အစီရင်ခံ၊ သို့မဟုတ် တိုင်ကြားလို့သိရရင် အဲဒီကိစ္စက နောက်ကျသွားပြီ။ သစ်ခိုးမှုဖြစ်တာသေချာပေမဲ့ သက်သေခံ ပစ္စည်းကိုဖမ်းမိဖို့က မလွယ်တော့ဘူး။ ဒါကြောင့် ကွင်းဆင်းစစ်ဖို့ အကြံပေးတာပါ''

''ဟုတ်ပါပြီဗျာ၊ ဦးနေအောင်အကြံပေးသလို ကျွန်တော် ကွင်းဆင်းစစ်ပါ့မယ်''

''နီးတဲ့နေရာကိုတော့ တစ်ပတ်အနည်း(၂)ကြိမ်လောက် စစ်ဆေးပါ။ ဝေးတဲ့နေရာတွေကိုတော့ တစ်လတစ်ကြိမ်လောက်ပေါ့။ ဌာနက မော်တော်ဘုတ်တွေ၊ မော်တော်ကားတွေ၊ လက်နက်တွေပေးထားတာ ကွင်းဆင်းစစ်ဖို့ပါဘဲ။ အဲဒီလိုစစ်ဆေးရင်းနဲ့ တောထဲတောင်ထဲမှာ တစ်လပတ်လုံးလည်သွားပြီး ကျွန်တော်တို့လည်း မုဆိုးတွေဖြစ်လာကြတာပါ။ သစ်တောအလုပ်ဆိုတော့လည်း၊ တောထဲမှာ တာဝန်ထမ်းဆောင်ရင်း ပျော်ရွှင်စွာနဲ့ စိတ်အပန်းဖြေဖို့က မုဆိုးအလုပ်ပဲရှိတာပါ ဦးလှဘူးရယ်''

''ဟုတ်ပြီ။ ကျွန်တော် သဘောပေါက်ပြီ။ သစ်တောအရာရှိဆိုပြီး မြို့ပေါ်ကရုံးခန်းထဲမှာတင် ထိုင်နေလို့မဖြစ်ဘူး။ တောဆင်းရမယ်၊ လက်တွေ့လေ့လာရမယ်။ ဦးနေအောင်ပြောချင်တာ ဒီလိုမဟုတ်လား''





''ဟုတ်ပါ့ဗျာ။ ဒါမှလည်း လက်အောက်ခံဝန်ထမ်းတွေ ရပ်ရွာကလူတွေနဲ့ ရင်းနှီးမှုရမယ်။ လုပ်ငန်းသဘာဝကို နားလည်မယ်။ လူကြီးက ကိုယ်တိုင်ကွင်းဆင်းပြီး ကြီးကြပ်တာကြောင့် လက်အောက်ခံဝန်ထမ်းနဲ့ ရပ်ရွာကလေးစားမယ်။ အထက်အောက်ထိတွေ့မှုရှိတော့ အလုပ်လုပ်လို့ ကောင်းတာပေါ့ဗျာ။ ကျွန်တော်တို့သစ်တောအလုပ်က ဝါသနာပါရင် ပျော်ဖို့တောင်ကောင်းပါသေးတယ်။ ပင်ပန်းတယ်ဆိုပေမဲ့ သူ့အကန့်နဲ့သူ တာဝန်ကျေကြရင် အလိုက်သင့်ကလေး ဆောင်ရွက်ရုံပါပဲ။ ခရီးသွားရတာ ပျော်ဖို့လည်းကောင်းပါတယ်ဗျာ''

''ကျေးဇူးပဲ ဦးနေအောင်။ ကျွန်တော်ကြိုးစားပါ့မယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့မနက်တွင် နွတ်ဆက်ပွဲလုပ်ရန်နှင့် လက်ရည် စမ်းကြရန် ကျွန်ုပ်တို့မြတောင်တောဘက်သို့ ဆင်းကြသည်။ လူအင် အားများသဖြင့် U BOAT အစား L BOAT ကြီးကို သုံးရသည်။ ကျွန်ုပ်က လက်စွဲတော် ဒဿမ • ၃၇၅ ဟော်လန်နိုင်ငံလုပ် မဂ္ဂနမ် ရိုင်ဖယ်ကို ကိုင်သည်။ တောအုပ်ဖော်မင်းက သူ့လက်စွဲတော် ချက် နိုင်ငံလုပ် စိုင်ပေါင်နှစ်လုံးပြူးကြီးကို ကိုင်သည်။ လက်နှိပ်စက်စာရေး ကလေး ကျော်စိန်ဝင်းက ကျွန်ုပ်၏ ပွိုင့် ၂၂ SEMI - AUTO ငှက်ပစ် သေနတ်ကလေးကို ထမ်းလာသည်။ ကိုအင်နီနှင့် တပည့်ကျော်အောင်ဘု က ဓားကိုယ်စီသာပါကြသည်။





ဦးလှဘူးကလည်း ပွိုင့် ၂၂ ဘရူနိုး ငှက်ပစ်သေနတ်ကိုသာ ကိုင်ပြီး သူ့တပည့်တောအုပ်တင်သိန်းနှင့် စောအောင်တို့က ဒဿမ • ၃၀၃ အမေရိကန်ရိုင်ဖယ်ကြီးများကို ကိုင်ကြသည်။ မော်တော်မောင်း သမားအပါအဝင် လူ(၉)ဦး ဖြစ်သည်။

မော်တော်ဆိပ်က ထွက်သည်နှင့်ကျွန်ုပ်က ...

"ကိုအင်နီရေ၊ ဒီနေ့ဘာကောင်များ ရနိုင်သလဲ။ အာရုံယူ စမ်းပါဦးဗျာ။ ညနေကျရင် နွတ်ဆက်ပွဲလုပ်မှာဆိုတော့ ထူးဆန်းတဲ့ သားကောင်ကလေးများ မရနိုင်ဘူးလား"

ကိုအင်နီက ခေတ္တအာရုံခံပြီးနောက် ...

"ရနိုင်ပါတယ်။ ဒါပေမဲ့ အန္တရာယ်ရှိတယ်။ ငါတို့သွားမဲ့ မြ တောင်တောက တောနက်တယ်၊ နတ်ကြီးတယ်။ အပြောအဆို ဆင်ခြင် ကြပါ။ နောက်ပြီး ငါတို့ခုထွက်လာတာ လူ(၉)ဦးနော်။ မြတောင်တော က (၉)ဂဏန်းနယ်မြေပဲ။ သတိထားကြပါ"

"(၉)ဂဏန်းနယ်မြေဆိုတော့ ဘာဖြစ်တတ်သလဲ ကိုအင်နီ"

"အများမခံဘူးပေါ့။ မျက်စိလည်တာတို့ တောမှောက်တာတို့ ကြုံရတတ်တယ်"

"အုပ်စုနဲ့ သွားတာဘဲဗျာ၊ လက်နက်လည်း အပြည့်အစုံပါ သားပဲ။ နောက်ပြီး ကျွန်တော်တို့သွားဖူးတဲ့နေရာဘဲ မဟုတ်လား။ ပူစရာ လိုမယ်မထင်ပါဘူး ကိုအင်နီရယ်"

ထိုစဉ် ကိုအင်နီက ကျွန်ုပ်အနားကပ်၍ တိုးတိုးကလေးပြော သည်။

"ငါပူတာ ဦးလှဘူးကိုပဲ။ သူက စကားကိုမဆင်မခြင်ပြောပြီး ဆဲတတ်တယ်။ မြတောင်တောက ယင်းခဲကြိုးဝိုင်းတောလို မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နတ်ကြီးတယ်''

''ဟုတ်ပါပြီ ကိုအင်နီ။ ကျွန်တော် သူ့ကိုထိန်းပါ့မယ်''

ကျွန်ုပ်တို့ မော်တော်ကြီး သဖန်းကိုင်း၊ ကုန်းတော၊ ဝဲကြီးရွာများကို ရေစုန်တွင်တစ်နာရီခန့် ခုတ်မောင်း၍ ဖြတ်ကျော်လာပြီး ရွှေလီမြစ်နှင့် ဧရာဝတီမြစ်ကြီးဆုံရာ အင်းရွာ၊ သစ်ဖမ်းဆိပ်သို့ ရောက်လာသည်။ ထိုမှ ရွှေလီမြစ်ကိုဆန်တက်ပြီး ငါးတဲကြီး၊ ငါးအိုး၊ မအူကုန်းဘက်သို့ ဆက်မောင်းလာခဲ့သည်။ ငါးအိုးသစ်ဆိပ်တွင် ခေတ္တနားကြပြီး နေ့လယ်စာစီစဉ်နိုင်း၍ မြတောင်တောဘက်သို့ ဆက်ကူးလာခဲ့ကြသည်။ မြတောင်တောမှာကမ်းခြေ၌ ဒီရေတောအဖြစ် လမု၊ ကနစို၊ မိုးမခ၊ ရေချင်းယား၊ ထရော်ပင်နှင့် တဖင်းပင်များ စုဝေးပေါက်ရောက်နေသည်။

ကျွန်ုပ်တို့မော်တော်အား မိုးမခပင်များ စုဝေးပေါက်ရောက်နေသည့် မြစ်ကမ်းဘေး၊ သောင်ခုံတစ်ခုအနီးတွင် ကပ်၍ရပ်လိုက်သည်။ မြတောင်တောကြီးမှာ မှိုင်းညို့နေသည်။ တောစပ်ရှိ တောင်ပိန္နဲနှင့် ကညင်ပင်ကြီးများအပေါ်သို့ နွယ်တက်နေသည့် ဒိုးနွယ်ကြီးများမှာ ပေါင်လုံးခန့်ပင်တုတ်သည်။

ထို့အပြင် ကြိမ်ဖြူနွယ်ကြီးများကလည်း လက်မောင်းလုံးခန့်တုတ်ပြီး ပေ(၃၀၀') ကျော်ခန့်မြင့်မားသော တောင်ပိန္နဲနှင့် ကညင်ပင်ကြီးများ၏ ကိုင်းဖျားသို့ရောက်အောင်ပင် နွယ်တက်နေကြသည်။ ကမ်းစပ်တွင်ပေါက်သော ရေငန်းပင်များကလည်း တောထနေကြသည်။

ကိုအင်နီနှင့်အောင်ဘုတို့က ရှေ့က ဓားတစ်လက်စီဖြင့် မှဆိုးလမ်းကိုရှင်းပေးသွားသည်။ တောထဲဝင်ရာတွင် လူ(၈)ယောက်ဖြစ်စေရန် ကိုအင်နီက မော်တော်သမားအား မော်တော်စောင့်ထားခဲ့သော်လည်း





မနေရဲဟုဆိုသဖြင့် ခေါ်ခဲ့ရသည်။

မုဆိုးလမ်းအတိုင်း တစ်ယောက်ချင်း တန်းစီလျှောက်လာကြရာ ကိုအင်နီနောက်တွင် အောင်ဘု၊ ကျော်စိန်ဝင်း၊ ကျွန်ုပ်နှင့် ကိုဖော်မင်းနောက်တွင် ဦးလှဘူး၊ တင်သိန်းနှင့်မော်တော်သမား၊ နောက်ဆုံးက တောအုပ်စောအောင်က သေနတ်ထမ်း၍ လိုက်လာသည်။ ရွှေလီမြစ်ကမ်းဘေးဖြစ်၍ တောစိုဖြစ်သည်။ အချို့နေရာများတွင် ရေရှိသောနီးကလေးများကိုလည်း တွေ့ရသည်။

ဝါး၊ ကြိမ်၊ မိုးမခ၊ ရေချင်းယား၊ ထရော်ပင်နှင့် တဖင်းပင်များက ကမ်းစပ်ကိုဖုံးအုပ်နေပြီး တောလယ်သို့ရောက်တော့ ကျွန်း၊ ပိတောက်၊ အင်ကြင်း၊ အင်၊ ကညင်၊ တမလန်း၊ သစ်မန်ကျည်း၊ တောင်တမာ၊ စကားဝါ စသော သစ်မာပင်ကြီးများအပြင် ခုံ၊ ပျဉ်းမ၊ သတီ၊ သင်းဝင်၊ ဒီဒူး၊ လက်ပံ၊ ရုံး၊ ဖန်ခါး၊ တောင်သရက်၊ တောင်ပိန္နဲ၊ နဘဲ၊ သပြေပင်စသည်ဖြင့် သစ်မျိုးအတော်စုံပါသည်။

မျောက်အော်သံ၊ ဒေါင်းတွန်သံ၊ ချေဟောက်သံ၊ ဆတ်တစ်သံတို့ကို အဝေးဆီမှကြားနေရသည်။ ဝါးရုံပင်များပေါ်၌တော့ ဝါးယောင်းငှက်ကလေးများကို အုပ်လိုက်မြင်နေရသည်။ နဘူးချုံ၊ ကြွက်နွယ်ချုံ၊ ရှဉ့်မတက်နှင့်မြယာချုံများက တောကြီးအောက်ခြေကို ပိတ်ဖုံးနေသည်။ အလွန်နက်သောတောကြီးဖြစ်သည်။ အောက်ခြေရှုပ်ထွေးလှ၍ သစ်ထုတ်တန်လည်း မတူပါ။

ကျွန်ုပ်တို့ ခြေသံလုံလုံဖြင့် သေနတ်များကိုမောင်းတင်၍ တရွေ့ရွေ့တိုးခဲ့ကြသည်။ မြတောင်တောကြီးမှာ တောလယ်သို့ရောက်သည်နှင့် ပို၍ ရှုပ်ထွေးလာသည်။ ချောင်းရိုး၊ မြောင်းရိုးခံနေ၍ လမ်းရှာရသည်မှာလည်း အမောပင်။



www.burmeseclassic.com

www.burmeseclassic.com



ကြခတ်ဝါးရုံတောကြီးတစ်ခုအနီးရောက်တော့ မုဆိုးကိုအင်နီက လက်ထောင်ပြ၍ ရပ်နိုင်းသည်။ တောတိုးသံသဲ့သဲ့နှင့် ရေသံတစွပ်စွပ်ကို ကြားလာရသည်။ ဝါးရုံခံနေ၍ ဘာကောင်မှန်းမသိနိုင်ပါ။ ကိုအင်နီက ကျွန်ုပ်အား လက်ယပ်ခေါ်သဖြင့် ကျွန်ုပ်ရှေ့တက်သွားရသည်။ ဝါးရုံကိုင်းကြားမှချောင်းကြည့်ရာ အဖြူရောင်ကျွဲလိုလို အကောင်ကြီးတစ်ကောင်ဖြစ်သည်။

ကျွန်ုပ် ရှေ့တက်၍ သေနတ်ဖြင့်ချိန်ထားစဉ် အကောင်ကြီးမှာ ရေစိမ့်စပ်သာရှိသောအိုင်ထဲတွင် တစ်ပတ်လှည့်လိုက်မှ ခေါင်းကထောင်လာပြီး နှာရောင်မှ ဦးချိုတစ်ချောင်းပေါ်လာသည်။ ရှားပါးအန္တယ်ဝင် ကြံ့သူတော်ကြီးဖြစ်သည်။ ကျွန်ုပ်မပစ်တော့ပါ။ အသံပေး၍ ခြောက်လှန့်လိုက်တော့မှ ထပြေးသည်။ နောက်ကအဖွဲ့ကိုလည်း မပစ်စေရန် ခေါင်းရမ်းပြရသည်။

ဦးလှဘူးက တောက်တခေါက်ခေါက်ဖြင့် ကျွန်ုပ်အား အပြစ်တင်နေသည်။

"ဦးနေအောင်ရယ်၊ ရခဲလှတဲ့အကောင်ကိုများဗျာ ခင်ဗျားလို လွှတ်ပစ်ရက်တယ်။ ကြံ့သွေးဆိုတာ ယောကျ်ားတွေအတွက် အလွန်အားရှိ...။ အသားကလည်း ဆေးဘက်ဝင်တယ်။ ဦးချိုကလည်း အဖိုးတန်ပဲ။ အလွန်နှာသဗျာ"

"ဦးလှဘူး၊ ကျွန်တော်တို့က သစ်တောဝန်ထမ်းတွေပါ။ ရှားပါးတောကောင်တွေကို စောင့်ရှောက်ရမှာက ကျွန်တော်တို့တာဝန်ဘဲ မဟုတ်လား။ သစ်တောဥပဒေမှာလည်း ပြဋ္ဌာန်းထားတယ်လေ"

"အင်္ဂလိပ်တွေပြဋ္ဌာန်းခဲ့တဲ့ ဥပဒေပါဗျာ။ ခေတ်နောက်ကျနေပါပြီ။ ကျွန်တော်ကတော့ ပစ်မှာပဲ"





"ဆရာကြီး ... ရှားပါးသတ္တဝါကို မပစ်တာကောင်းပါတယ်။ ကြံ့သူတော်တွေက အလွန်တွေ့ရခဲပါတယ်။ မျိုးတုံးမတတ်စောင် ဖြစ်နေပါပြီ" ကိုအင်နီက ဝင်ပြောသည်။

ဦးလှဘူးမှာ ကျေနပ်ဟန်မတူပါ။ အားမတန်၍ မာန်လျှော့ဟန်ဖြင့် ငြိမ်သက်တော့သွားပါသည်။ ကျွန်ုပ်တို့ဆက်၍ တောတိုးခဲ့ကြသည်။ တောမှာ ရုတ်တရက်ငြိမ်သက်သွားသည်။ မျောက်အော်သံ၊ ချေဟောက်သံ၊ ဒေါင်းတွန်သံပင် မကြားရတော့။ ကျွန်ုပ် ကိုအင်နီမျက်နှာကို ကြည့်မိသည်။ သူက ခေါင်းရမ်းပြသည်။ မကြာပါ။ တောလုံငှက်တစ်ကောင်အော်သံကို ကြားလာရသည်။

ကိုအင်နီက အားလုံးကို သတိပေးသည်။

"သတိထားကြပါ၊ တောကောင်ကြီး အနီးအနားမှာ ရောက်နေပြီ"

ဦးလှဘူးက ။ "ဘာလဲ ... ဘာလဲ ... ဘာဖြစ်လို့လဲ"

"တောလုံငှက်က မုဆိုးတွေကို သတိပေးနေပြီ။ ကြားတယ်မဟုတ်လား၊ အဲဒါ အနီးအနားမှာ တောကောင်ကျားကြီးရှိနေလို့ပဲ၊ တောလုံငှက်ဆိုတာ မုဆိုးတွေရဲ့ မိတ်ဆွေသက်စောင့်သတ္တဝါပဲ။ သတိထားကြပါ။ အသံမထွက်စေနဲ့တော့"

မကြာမီ ...

"ဝူး ... ဂူး ... ဂယား ... ဂယား ... ဝေါင်း ... ဝေါင်း"

ဟူသော ကျားဟိန်းသံကြီးကို တောတိုးသံကြီးနှင့်အတူ ကြားလိုက်ရသည်။ ကျွန်ုပ်တို့လည်း အသင့်ပြင်ဆင်ထားလိုက်ကြသည်။ တောကောင်ကျားကြီးမှာ ကြံ့သူတော်ကြီးအား ချောင်းနေဟန်တူပေသည်။ ကျွန်ုပ်တို့က ခြောက်လှန့်လိုက်၍ ကျေနပ်ဟန်မတူ။ တောကောင်ကျား



www.burmeseclassic.com

www.burmeseclassic.com



ရှိလျှင် အခြားသားကောင်များ အနီးအနားတွင်ရှိတော့မည်မဟုတ်သဖြင့် ရှင်းလင်းနိုင်ရန် ကျွန်ုပ် လှုယောင်ပြလိုက်ပါသည်။ မကြာပါ။ မြယာချုံတောထဲမှ တောကောင်ကြီး တစ်လုမ်းခြင်းထွက်လာသည်။ ကျွန်ုပ်ကိုဖော်မင်းကို အချက်ပြပြီး ဝိုင်းပစ်ကြသည်။

"ဒိုင်း ...ဒိန်း"

ကျွန်ုပ်၏ ဒသမ . ၃၇၅ မဂ္ဂနမ်ကျည်ဆန်က ခေါင်းကိုထိပြီး နှစ်လုံးပြူး ကိုးလုံးကျည်ဆန်က ကိုယ်ကိုထိသည်။ ကျားကြီးတစ်ပတ်လည်သွားပြီး အခဲမကျေပဲ ဒိုးနွယ်ပင်ကိုကိုက်ခဲရင်း ငြိမ်သက်သွားတော့သည်။

"မုဆိုးချင်းတိုက်ရတာတော့ စိတ်မကောင်းပါဘူးဗျာ။ ဒါပေမဲ့ ဒီကောင်ကြီးမျိုးက ကိုယ်ကမရှင်းရင် သူကရှင်းတော့မှာဆိုတော့ မတတ်သာဘူးလေ"

"ဟုတ်ပါတယ် ဆရာရယ်၊ တောမုဆိုးချင်းဆိုတော့ စည်းထားတာ ကောင်းပါတယ်။ ဒါပေမဲ့ အစာလုသလိုဖြစ်သွားတော့ ဆရာပြောသလိုပဲ မကောင်းဘူးလေ။ ဒါပေမဲ့ ရှင်းပစ်တာဘဲ ကောင်းပါတယ်"

ကိုအင်နီက ထောက်ခံသည်။

ကျွန်ုပ်တို့ ကျားကြီးအား အနီးကပ်ကြည့်ကြသည်။ (၇)တောင်ကျော်ခန့်ရှိ ကျားထီးကြီးဖြစ်သည်။ အစွယ်ကြီးများမှာ ချွန်ထက်နေသည်။ ထူးဆန်းနေသည်ကတော့ ကျားကြီး၏ ဘယ်ဘက်နားရွက်တစ်ဘက်မှာ အရင်းကကပ်၍ ပြတ်နေခြင်းဖြစ်သည်။ ကျော်စိန်ဝင်းက ကိုအင်နီကို နောက်ပြောင်ပြောသည်။

"ကိုအင်နီ ...ဘယ်လိုတိုင်းမှာလဲ၊ ကျားကြီးက နားရွက်တစ်ဖက်မရှိတော့ဘူး"





"ငါမယူလေဆရာ။ ဆရာဦးနေအောင်အတွက် အမှတ်တရ ကျားခေါင်းနဲ့ကျားသားရေကို ခွာပေးရမယ်လေ"

"ထားပါဗျာ။ ခင်ဗျားပဲ ရောင်းစားလိုက်ပါ ကိုအင်နီရယ်။ အဂါမှမစုံတော့ဘဲ"

"အဲဒါဆိုရင်လည်း ကျားသားရေကိုတော့ အမှတ်တရယူပေါ့ ဆရာရယ်။ ကျားဆိုတာက ရခဲပါတယ်"

"ကောင်းပါပြီဗျာ။ ကဲ ...ရှေ့ဆက်တိုးကြရအောင်။ ကျားသားကတော့ စားလို့မကောင်းဘူးဗျို့။ ဝက်ကလေး၊ ဆတ်ကလေး လုပ်ပါဦး"

"ပြေပါစေမယ်ဆရာ။ အချိန်စောပါသေးတယ်"

ကျွန်ုပ်တို့ ဝါးရုံတောကိုဖြတ်၊ လူးအိုင်ကိုကျော်ပြီး တောင်ကုန်းပေါ်သို့ တက်ခဲ့ကြသည်။ တောမှာ ပြန်လည်စိုပြေလာသည်။ မျောက်အော်သံ၊ ဒေါင်းတွန်သံ၊ ချေဟောက်သံ၊ ဆတ်တာစ်သံတို့ကို ကြားလာရသည်။ အောက်ချင်းငှက်ကြီးများနှင့် ငှငှက်များ၊ သစ်တောက်ငှက်များကို မြင်တွေ့လာရသည်။

ဝါးရုံပေါ်မှ ကျွန်ုပ်တို့ကိုတွေ့သဖြင့် အလန့်တကြားကတော်၍ ပျံသွားသော တောကြက်မများကိုလည်း တွေ့ရသည်။ မြတောင်တောကြီးမှာ တောဘုရင်ကျားကြီးမရှိတော့၍ တောသဘာဝ၊ ပြန်လည်အသက်ဝင်လာဟန်တူသည်။

ကျွန်ုပ်တို့ တောင်ကုန်းထိပ်၊ ကျွန်းပင်ကြီးအောက်တွင် ခေတ္တနားကြရင်း၊ ကိုအင်နီက အနံ့ခံ၍ ထောက်လှမ်းနေသည်။ လေတင်လေအောက်ကိုလည်း လေ့လာနေသည်။ မကြာပါ။ ကိုအင်နီက ...

"ဆရာတို့ အရှေ့ဘက်ကိုသွားကြမယ်၊ အကုန်မလိုက်ကြနဲ့။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သမား သုံးလေးဦးပဲလိုက်ပါ။ ကျန်တဲ့သေနတ်သမားနဲ့ လူတွေ ဒီကပဲ အနားယူရင်း စောင့်ကြပါ။ စကားမပြောနဲ့။ ဆေးလိပ်မသောက်နဲ့''

ကျွန်ုပ်နှင့် ကိုဇော်မင်း၊ ကိုတင်သိန်းနှင့် ဦးလှဘူးတို့ လိုက်ခဲ့ကြသည်။ တောင်ကုန်းပေါ်မှ အရှေ့ဘက်သို့ဆင်းကြသည်။ အပင်ကြီးများပေါက်သော ရွက်ကြွေတောကြီး ဖြစ်သည်။ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်ပင်ကြီးများ အများစုဖြစ်သည်။ အောက်ခြေရှင်းသည်၊ အတော်ခပ်လှမ်းလှမ်းသို့ပင် လှမ်းမြင်နိုင်သည်။

သို့သော် ရွက်ကြွေတောဖြစ်၍ ခြေလှမ်းတိုင်း အသံမမြည်စေရန်တော့ အလွန်သတိထားရသည်။ ကျွန်ုပ်တို့က အမဲလိုက်နေကျ မုဆိုးများဖြစ်ကြ၍ ခြေသံလုံသော်လည်း ဦးလှဘူးက အတွေ့အကြုံနည်း၍ ခြေသံထွက်နေသည်။ ထို့ကြောင့် မုဆိုးတင်သိန်းက သူ့ဆရာအား နောက်ချန်၍ စောင့်ခေါ်နေရသည်။

ရှေ့ကိုက် (၁၀၀)ခန့်တွင် ပေ (၃၀၀') ခန့်မြင့်သော ကညင်ပင်ကြီးတစ်ပင်ကို တွေ့ရသည်။ ကညင်ပင်ကြီးအနောက်ဘက်တွင် တောငွေးပင်ကြီး တစ်ပင်ရှိသည်။ အရွက်များကြွေပြီး အသီးများမြွတ်ခဲ၍သီးနေသည်။ ကိုအင်နီကရပ်ခိုင်းပြီး သူတစ်ဦးတည်း ရှေ့တက်သွားသည်။ ကညင်ပင်ကြီးကိုကွယ်၍ အကဲခတ်ပြီးမှ ကျွန်ုပ်နှင့် ကိုဇော်မင်းအား လှမ်းခေါ်သည်။ ကျွန်ုပ်တို့ ခြေသံလုံလုံနှင့်ရှေ့တက်သွားတော့ တောငွေးပင်ကြီးအောက်တွင် ဆတ်ဖားကြီးတစ်ကောင်က တောငွေးသီးများအား ကောက်စားနေပြီး ချေတစ်စုမှာ မြေပြင်ပေါ်တွင်လှဲ၍ အေးဆေးစွာ အစာကောက်စားနေကြသည်။

လက်ညီသော ကျွန်ုပ်တို့ပစ်မှတ်ကိုရွေးချယ်ပြီး ပစ်ကြသည်၊





ကျွန်ုပ်က ဆတ်ဖားကြီးကို ဦးတည်သလို ကိုဇော်မင်းက ချေနှစ်ကောင်ကိုပစ်မှတ်ထားသည်။ ကျွန်ုပ်တို့ပြိုင်တူပင် ခလုတ်ဆွဲလိုက်ကြသည်။

''ဒိုင်း ... ဒိန်း ... ဒိန်း''

ဆတ်ဖားကြီးရော၊ ချေနှစ်ကောင်ပါ ပေ (၁၀၀')အတွင်း ပစ်မှတ်ဖြစ်ကြ၍ ချက်ကောင်းထိပြီး နေရာတွင်လဲသည်။ ဦးလှဘူးကတော့ သူမပစ်လိုက်ရ၍ တောက်တခေါက်ခေါက် လုပ်နေပြန်သည်။ ထိုအခါ ...

ကိုအင်နီက ။ ''အပြန်ခရီးကျရင် ဆရာဦးလှဘူးကို ဦးစားပေးပါ့မယ်။ အခု နှုတ်ဆက်ပွဲအတွက်လည်း ဟင်းလျာပြည့်စုံပါပြီ''

''အေး ... လုပ်စမ်းပါဦး ကိုအင်နီရယ်၊ ကျွန်တော်က လက်ယားနေတာ။ သေနတ်ကြီးကိုင်ပြီး တောလည်တာ ဘာကောင်မှ မပစ်ရတော့ ဘာအသုံးကျတော့မလဲ''

ချေနှစ်ကောင်နှင့် ဆတ်ဖားကြီးအား နောက်တွင်ကျန်နေခဲ့သော အောင်ဘုတို့အဖွဲ့က လာထမ်းကြသည်။ အပြန်တွင် ကိုအင်နီက ရှေ့ဆောင်ပြီး ဦးလှဘူးနှင့်ကိုတင်သိန်းတို့ကိုခေါ်၍ လိုက်သွားကြသည်။ ကျွန်ုပ်နှင့်ကိုဇော်မင်းက သေနတ်ထမ်း၍ အောင်ဘုတို့အဖွဲ့ကိုစောင့်ခေါ်ရင်း အေးဆေးစွာလိုက်ခဲ့ကြသည်။ ဦးလှဘူးတို့အဖွဲ့ကတော့ ရှေ့ခင်တန်းအကွယ်တွင် ပျောက်ကွယ်သွားကြသည်။ ဆတ်ဖားကြီးကို ကျော်စိန်ဝင်းနှင့်အောင်ဘုက ဝါးလုံးလျှိုထမ်း၍ ချေနှစ်ကောင်အား ကိုစောအောင်နှင့်မော်တော်သမားက ထမ်းကြသည်။ အလေးချိန်စီးလွန်း၍ ကျွန်ုပ်တို့အဖွဲ့နှင့် ဦးလှဘူးတို့အဖွဲ့ အတော်လှမ်းသွားသည်။

ကျွန်ုပ်တို့အဖွဲ့တောင်ကုန်းပေါ်တွင် နားနေကြစဉ် တောင်ကုန်းတစ်ဖက်ခြေရင်းမှ သေနတ်သံများကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း . . . ဖန်း . . . ဖန်း . . . ဖန်း"

"ဒိုင်း . . . ဖန်း . . . ဖန်း"

ဦးလှဘူးတို့အဖွဲ့ ဘာကောင်ပစ်နေကြသည်တော့မသိပါ။ မျောက်အုပ်ကိုတွေ့၍ ပစ်ဟန်တူပါသည်။ မကြာမီ "ဂူး . . . ဂူး . . . ဂူး" အော်သံကြားရသည်။ ကိုအင်နီ၏ တောအူသံပေးပြီး ကျွန်ုပ်တို့အား ခေါ်သံဖြစ်သည်။ ကိုဖော်မင်းကလည်း "ဂူး . . . ဂူး . . . ဂူး" ဟု အသံပြန်ပေးသည်။

မကြာမီ . . .

"လုပ်ကြပါဦး . . . ကယ်ကြပါဦး"

ဟူသော ဦးလှဘူး၏ ငယ်သံပါအောင် အော်သောအသံကို ကြားရသည်။ ကျွန်ုပ်တို့ နောက်ကအဖွဲ့ကို မစောင့်တော့ပဲ အသံကြား ရာဆီသို့ အပြေးသွားကြသည်။ တောင်ခြေရောက်တော့ လျှိုစောင်း တွင် ကိုအင်နီနှင့်ကိုတင်သိန်းတို့ကိုသာ တွေ့ရသည်။ ဦးလှဘူးကို မတွေ့ရတော့။ ကျွန်ုပ်တို့ရောက်တော့ ကိုအင်နီက လျှိုထဲကိုလက်ညှိုး ထိုးပြပြီး . . .

"ဦးလှဘူး၊ လျှိုထဲကိုပြုတ်ကျသွားတာ ဆရာရေ။ လျှိုက အတော်နက်တယ်။ ဘာသံမှ မကြားရတော့ဘူး"

"ခင်ဗျားက ရှေ့ဆောင်လမ်းပြတာမဟုတ်လား ကိုအင်နီရယ်၊ ဘာကြောင့်ပြုတ်ကျရတာလဲ"

"ရှူးပျံတွေ့လို့ ဦးလှဘူးနဲ့ ဆရာတင်သိန်းတို့ပစ်ကြတာ ဆရာ ရေ။ မမှန်တော့ ဦးလှဘူးက ဆဲဆိုပြီးထပ်ပစ်တာ။ အဲဒါ အရှိန်လွန်ပြီး လျှိုထဲပြုတ်ကျသွားတာပါ"

"ကဲ . . . အဆစ်ပါတဲ့ ဝါးလုံးရှည်ရှည် (၂)လုံးခုတ်၊ နွယ်ကြိုး





ပါရှာ။ အမြန်ဆင်းကြရအောင်။ လျှိုက အတော်နက်တယ်"

"ဒါနဲ့ ကိုအင်နီ၊ ရှူးပျံကိုရော ရကြသလား"

"မရပါဘူး ဆရာရယ်။ ရှူးပျံက ကြောင်လောက်ဘဲရှိတာ အတောင်ကလည်းပါသေး။ သစ်ပင်ပေါ်တက်ပြီး အမြင့်ကနေ ခုန်ပျံ ဆင်းတာ ဘယ်ရနိုင်မလဲ။ ကျည်ဆန်ကုန်ရုံပဲ ရှိတာပါ"

ဝါးဆစ်ပါ ဝါးလုံးနှစ်လုံးအား လျှိုထဲသို့ချပြီး ကိုအင်နီနှင့် ကျော်စိန်ဝင်းတို့ ဆင်းကြသည်။ လျှိုမှာအတော်နက်ပြီး မတ်စောက် လှသည်။ နောက်ရောက်လာကြသော အောင်ဘုနှင့် ကိုစောအောင်တို့ လည်း ဆင်းကြသည်။ ကျွန်ုပ်တို့မှာ စိတ်မောနေရသည်။ မကြာမီ အလျင် ဆင်းသော ကိုအင်နီက . . .

"ဆရာဦးနေအောင်ရေ . . . ဆရာဦးလှဘူးကို တွေ့ပြီဗျို့။ ချုံပေါ်ကတစ်ဆင့် စမ်းချောင်းထဲကျပြီး သတိမေ့နေတယ်"

"ဒဏ်ရာရသေးသလား။ သူ့သေနတ်ကိုလည်း ရှာကြဦး"

"ဆရာရေ သေနတ်တွေ့ပြီဗျို့။ ကြက်နွယ်ချုံပေါ်မှာငြိပြီး တင် ကျန်နေတာ"

"အေး . . . အေး . . ရအောင်ပြန်ယူခဲ့"

"ဟုတ်ကဲ့ ဆရာ"

မကြာမီ ကိုအင်နီက ဦးလှဘူးကိုထမ်းပြီး ချုံထဲမှထွက်လာ သည်။ သို့သော် အပေါ်သို့တင်ရန်တော့ အခက်အခဲတွေ့နေသည်။ ဝဖြိုးပြီး အသိရစ်နေသောဦးလှဘူးကို တော်ရုံလူ၊ ထမ်းနိုင်မည်မဟုတ် ပါ။

"ကိုအင်နီ . . . ဘယ်လိုလုပ်မှာလဲ၊ နွယ်ကြိုးနဲ့ဆွဲတင်ဖို့လည်း မလွယ်လှဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကလှမ်းမေးရာ ကိုအင်နီက ဦးလှဘူးကို ဝါးလုံးခြေရင်း တွင်ချပြီး ...

"ဆရာ ခဏကလေး၊ ငါမန်းမှုတ်ကြည့်လိုက်ဦးမယ်"

ကိုအင်နီက တောစောင့်နတ်၊ တောင်စောင့်နတ်များကို တိုင်တည်တောင်းပန်ပြီး မန်းမှုတ်သည်။ ပြီးနောက် ဓားမကြီးရွက်ကိုရှူး၍ ချေပြီး ဦးလှဘူးထံနားဝသို့ တည့်ပေးသည်။ အောင်ဘုကလည်း ဦးလှဘူး ၏ရင်ဝကိုဖိ၍ တစ်ချက်ချင်းပြုစုပေးသည်။ မကြာမီ ဦးလှဘူးမှာ သတိပြန်ရလာပြီး ...

"အောင်မယ်လေး ...ကြောက်ပါပြီဗျ။ နောက်မပစ်တော့ပါဘူး"

ဟု ကုန်းအော်နေပြန်သည်။

ကိုအင်နီက ။ "ဆရာ ...ငါတို့ရှိတယ်လေ၊ ဘာမှမဖြစ်တော့ဘူး။ ထ ...ထ, လူအားလုံးစုံနေပြီ"

သို့မှသာ ဦးလှဘူးက မျက်စိဖွင့်ကြည့်ပြီး ...

"ရှူးပုံ ...ရှူးပုံတွေ ဘယ်ရောက်သွားသလဲ။ အဲ ...ဟိုမှာ ...ဟိုမှာ ...သွားဖြူ၊ မျက်လုံးကြီးပြူးပြီး ကြည့်နေတယ်"

"ဘာကောင်မှမရှိတော့ပါဘူး ဆရာရယ်။ အားလုံးပြေးကုန်ကြပါပြီ"

ကိုတင်သိန်းက ပြောပြန်ရာ ..."

"အဟုတ်လား ...တင်သိန်း။ ရှူးပုံတွေက တစ်ကောင်ကနေ နှစ်ကောင်ပွားပြီး ပစ်တာမမှန်လို့ ငါအတွဲလိုက်ဆွဲတာ တစ်ကောင်မှ မရဘူးလား"

"တစ်ကောင်တည်းပါ ဆရာရယ်။ ဆရာရော၊ ကျွန်တော်ပါ





ပိုင်းပစ်ကြတာ မမှန်ပါဘူး"

"ရှူးပုံတွေ အများကြီးပါဆိုမှ တင်သိန်းရယ်၊ မင်းမျက်စိကန်းနေသလား။ ငါဆဲလိုက်ရဦးမလား"

ကိုအင်နီ ။ "တော်ပါတော့ ဆရာဦးလှဘူးရယ်၊ တောထဲတောင်ထဲမှာဆဲလို့ အခုလိုဖြစ်တာ။ မသေကောင်းမပျောက်ကောင်း ဆရာရယ်၊ စိတ်လျှော့ပါတော့။ ကဲ ...အပေါ်ကို ပြန်တက်ကြရအောင် ကျွန်တော်တို့အောက်ကနေ တွန်းပေးမယ်။ ဆရာဦးနေအောင်တို့က နွယ်ကြိုးချပေးပါဦး။ ဝါးလုံးက ချောနေတာ။ လက်မမြဲရင် ပြန်ပြုတ်ကျလာဦးမယ်"

ကျွန်ုပ်တို့နွယ်ကြိုးအား ကွင်းလုပ်ပြီး ချပေးရာ၊ ဦးလှဘူးက ချိုင်းအောက်တွင်စလွယ်သိုင်းပြီး တရွေ့ရွေ့တက်လာသည်၊ ကျွန်ုပ်တို့ကလည်း တဖြည်းဖြည်း ဆွဲတင်ပေးရသည်။ ဦးလှဘူးလျှိုပေါ်ရောက်မှ ကျန်အဖွဲ့သားများ တစ်ယောက်ချင်း ပြန်တက်လာကြသည်။

ကျွန်ုပ် ။ "ဦးလှဘူး ...ဘယ်လိုဖြစ်တာလဲ။ သစ်ပင်ပေါ်ကအကောင်ကိုပစ်မယ်ဆိုရင် မပစ်ခင် ပတ်ဝန်းကျင်ကို အရင်လေ့လာထားရတယ်။ အပေါ်ကအကောင်က နေရာပြောင်းနေတော့ အောက်ကမှဆိုးက ဖောနဲ့လိုက်ပစ်ရင် အန္တရာယ်နဲ့တွေ့တတ်တယ်၊ သတိထားပါဗျာ။ ဦးလှဘူး အလွန်ကံကောင်းတာပါ။ ပွန်းပဲ့တာကလွဲပြီး ခြေလက်တောင်မကျိုးဘူး"

"အေးဗျာ ...ကျွန်တော်လည်း တင်သိန်းပစ်တာမထိလို့ သန္တာသွားပြီး အောက်ကိုမကြည့်မိဘူး လိုက်ပစ်မိတာပါ။ ရှူးပုံတွေက တစ်ကောင်ကနေ နှစ်ကောင် သုံးကောင် ပွားလာတာဗျာ။ အဲဒါတောင် ထိအောင်မပစ်နိုင်ကြဘူး။ တော်တော်သောက်သုံးမကျတဲ့ တင်သိန်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှဘူးက အပြောနဲ့အဆဲ မလျှော့သေးပါ။ ကိုအင်နီကတော့ မျက်နှာပျက်နေရှာသည်။ ကျွန်ုပ်တို့ပြောင်းရွှေ့သွားလျှင် ကိုအင်နီနှင့် ဆက်လက်လက်တွဲရမည်ဖြစ်၍ ကျွန်ုပ်နောင်ရေးကို ပူပန်စေမိသည်။ ဦးလှဘူး၏ အောက်လက်ငယ်သားများအပေါ်ဆက်ဆံပုံကို ကျွန်ုပ် မနှစ်မြို့ပါ။

ကျွန်ုပ်တို့ သားကောင်များထမ်း၍ မော်တော်ဘုတ်ဆီသို့ ပြန်ခဲ့ကြသည်။ တစ်ခုထူးဆန်းနေသည်ကတော့ ယခင်က သားကောင်ကြီးကြီးနှင့်များများရလျှင် ကိုအင်နီက နားရွက်ဖျား၊ အမြီးဖျားများကို ဖြတ်၍တော လမိုင်းတင်တတ်သော်လည်း ယနေ့မလုပ်ပါ။ မော်တော်ဘုတ်ပေါ်တွင် သားကောင်များဖြင့် ပြည့်သွားသည်။ ကျွန်ုပ်တို့မော်တော်ကြီး ငါးအိုးဘာက်ကမ်းကူး၍ နေ့လယ်စာ စားကြသည်။ တောဝက်တစ်ကောင်ကိုလည်း လက်ဆောင်ပေးခဲ့သည်။

အပြန်ခရီးတွင်တော့ ရွှေလီမြစ်က ရေစုန်ခရီးဖြစ်၍ မြန်သော်လည်း ဧရာဝတီမြစ်ကြီးနှင့်ဆုံသည့် အင်းရွာမှစ၍ ရေဆန်ခရီးကို ခုတ်မောင်းရသည်။ ဧရာဝတီမြစ်ပြင်မှာ လေနအေးက လေးတိုက်ခတ်နေသည်။ နွေရာသီဖြစ်သော်လည်းမြစ်ထဲ၌ လေအရှိန်၊ ရေအရှိန်ဖြင့် အေးချမ်းနေသည်။

အခြားသူများ စကားဖောင်ဖွဲ့လာသော်လည်း ဦးလှဘူးမှာ နှုတ်ဆိတ်နေသည်။ နေ့လယ်စာထမင်းကိုလည်း ကောင်းစွာမစား။ သူယူဆောင်လာသည့် ရေဘူးတွင်းမှ အရက်ကိုတော့ တစွပ်စွပ်သောက်နေသည်။ စိတ်လှုပ်ရှားစရာ သူ့အဖြစ်အပျက်အား တွေးတောရင်း စမြုံ့ပြန်နေဟန်တူပါသည်။

ကသာဘိုတဲရောက်တော့ ကိုအင်နီနှင့်အောင်ဘုတို့က သား





ကောင်များကို စနစ်တကျ ဖျက်ကြသည်၊ ချက်ကြသည်။ ဝေငှကြသည်။ ထိုညက နှုတ်ဆက်ညစာစားပွဲတွင် ကသာမြို့မှမိတ်ဆွေများနှင့် ဌာနဆိုင်ရာများကိုလည်း ဖိတ်ကြား၍ကျွန်ုပ်တို့ ဧည့်ခံပါသည်။

သစ်တောအရေးပိုင်အသစ် ဦးလှဘူးနှင့်လည်း မြို့ခံများအား ကျွန်ုပ်က မိတ်ဆက်ပေးသည်။ သို့သော် ယနေ့ညဧည့်ခံပွဲတွင် ဦးလှဘူးက စကားနည်းလှသည်၊ လိုသည်ထက် ပိုမပြောပါ။ တည်တည်ငြိမ်ငြိမ်ကြီး ဖြစ်နေသည်။ အိမ်ရှင်ဖြစ်သော ကျွန်ုပ်ကသာ မြို့ခံဧည့်သည်များအား လှိုက်လှိုက်လှဲလှဲ ဧည့်ဝတ်ပြုရပါတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

❑

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့ လုပ်ငန်းတာဝန်လွှဲပြောင်း ပြီးဖြစ်၍ ပြောင်းရွှေ့ရန် အသင့်စီစဉ်ထားကြပြီး မန္တလေးမှထွက်လာ မည့်ရထားအား မှန်းမတည့်မီ စောင့်စီးရမည်ဖြစ်သည်။ ထိုစဉ်က မန္တလေး မြစ်ကြီးနားရထားတို့မှာ အချိန်မမှန်။ နေ့လယ်ဝင်မည့်ရထား က ညနေစောင်းမှလည်း ဝင်တတ်သည်။ သို့သော်လည်း ရထားဖြင့် ခရီးသွားရမည့်သူများဖြစ်ကြသော ကျွန်ုပ်တို့က ကြိုတင်စောင့်ကြိုနေရ မည်မှာ အကောင်းဆုံးအစီအစဉ် ဖြစ်ပေသည်။

ကျွန်ုပ်၊ တောအုပ်ဇော်မင်း၊ လက်နှိပ်စက်စာရေးကလေး ကျော် စိန်ဝင်း၊ တပည့်ကျော်အောင်ဘ၊ ကိုအင်နီတို့မိသားစုနှင့် မိတ်ဆွေများ





ဦးလှဘူးတို့အဖွဲ့နှင့် ကသာသစ်တောအဖွဲ့က ကားနှစ်စီးဖြင့် လိုက်ပို့ သည်။ ကားတစ်စီးမှာ ကျွန်ုပ်တို့ နယ်လှည့်တောတက်လျှင်စီးသော သစ်တောဌာနမှပေးထားသည့် LAND CRUISER (Pickup) ကား ကလေးနှင့် FORD အမျိုးစား ခေါင်းတိုလော်လီကားကြီးဖြစ်သည်။

ကျွန်ုပ်တို့မှာ လူပျိုလူလွတ်များဖြစ်ကြ၍ ဝန်စည်စလှယ်မများ လှပါ။ တစ်နိုင်စီသာပါသည်။ ကိုအင်နီကတော့ အဝတ်ထည့်လွယ်အိတ် တစ်လုံးနှင့် သူ၏လက်စွဲတော် ဓားရှက်ကြီးကြီးဓားရှည်ကြီးကို လုံခြုံ အောင် ထုပ်ပိုးလာခဲ့သည်။ ကျွန်ုပ်ပြောရန် ကျန်နေသည်မှာ ကျွန်ုပ် ကိုယ်ပိုင်လိုင်စင်ဖြင့်ကိုင်သော လက်စွဲတော်ဒဿမ ၃၇၅ မဂ္ဂနမ်ရိုင်ဖယ် နှင့် တောအုပ်ဇော်မင်းကိုင်သော ဒဿမ ၅၀၀ နှစ်လုံးပြူးရိုင်ဖယ် ဖိုင့် (၂၂) ဘရူနိုအမျိုးအစား SEM AUTO ငှက်ပစ်သေနတ်လေးတော့ ပါလာသည်။

သစ်တောဌာနမှထုတ်ပေးသော SMITH AND WATSON ခြောက်လုံးပြူးသေနတ်ကိုတော့ ကျွန်ုပ်က ဦးလှဘူးအား လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။ လိုလည်းမလိုအပ်တော့။ မြစ်ကြီးနားရောက်လျှင် လည်း သစ်တောအရေးပိုင်ဦးစံရွှေက ကျွန်ုပ်အား ပြန်လည်လွှဲပြောင်း ပေးဦးမည်ဖြစ်လေသည်။ ကျွန်ုပ်တို့ကားများ ကသာဘူတာသို့ရောက် တော့ ဘူတာတွင် လူအတော်များသည်။

ကျွန်ုပ်တို့အဖွဲ့အား လာရောက်နှုတ်ဆက်ကြသည့်သူများက အများစုဖြစ်သည်။ တစ်ပွဲစားမုဆိုးကိုအင်နီ၏ မိတ်ဆွေများကလည်း မနည်းပါ။ သူ့မိသားစုအပြင် ကသာမြို့ခံမိတ်ဆွေများ။ ကျောက်တုံးကြီး ရွာကြီးမှ ဦးမှတ်ကြီးနှင့်အဖွဲ့ ကိုအင်နီ၏သားကောင်ဖောက်သည် ကိုရွှေဘ လင်းတို့အဖွဲ့လည်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကိုအင်နီရေ ... ရေခဲတောင်ပေါ်က သားကောင်အရိုး၊ အရေနဲ့ ဆေးဖက်ဝင်ပစ္စည်း သစ်ဥသစ်ဖုတွေ ရသလောက်ယူခဲ့ဗျာ။ ကျွန်တော် ဈေးကောင်းပေးမယ်''

ကိုကျော်လင်းကပြောရာ ဦးမှတ်ကြီးကလည်း ...

''ကိုအင်နီရေ ... ကျွန်တော်ကတော့ ကတိုးနံ့သာခဲအိတ်နဲ့ အသက်ရှည်အားဆေး၊ ခန်းတောက်မြစ်၊ မချစ်ဥ၊ ရှီးပတီးဥတွေ လိုချင်တယ်ဗျာ။ ရေခဲတောင်ပေါ်က ကျားဖြူရေလည်း လိုချင်တယ်'' ကိုအင်နီသမီးကလည်း ။ ''အဖေကြီး ... သမီးတို့အိမ်က မြို့သစ်မှာဆိုတော့ မီးကြောက်ရတယ်။ အဲဒါ အဖေကြီးပြောဖူးတဲ့ မီးကွင်းတဲ့ တာကင်ချိုတစ်စုံလောက် ယူခဲ့ပါနော်''

''အေးပါ ... အေးပါ ... ငါက ညွှသည်။ ဆရာဦးနေအောင်တို့ကိုအားကိုးပြီး အလည်သွားရမှာ။ လိုချင်တာတွေ စွတ်မှာမနေနဲ့။ ငါတို့ဒေသကသာ မဟုတ်ဘူး။ ဘာမှပြောလို့မရသေးဘူး''

ကျွန်ုပ် ။ ''ရပါတယ် ... ကိုအင်နီရယ်။ ဒေသထွက်ပစ္စည်းကတော့ ရကိုရမှာပါ။ ကျွန်တော်တို့မရှာနိုင်ရင်လည်း ဝယ်ပေးပါ့မယ်။ ဟိုဒေသမှာ အဲဒီပစ္စည်းတွေက ပေါပါတယ်''

မကြာမီ ရွှေကမ်းသာစားသောက်ဆိုင်မှ ဒေါ်နန်းဥမ္မာလည်း ရောက်ရှိလာပြီး ...

''ဆရာဦးနေအောင် ... ဒီမှာ ရထားပေါ်မှာစားဖို့ ခေါက်ဆွဲကြော်ထုပ်တွေ လာပို့တာပါ။ ကျွန်မတို့ကိုသတိရရင်လည်း ခန်းတောက်မြစ်နည်းနည်းလောက်ပို့ပေးပါ။ ငှက်ဖျားပျောက်တယ်ဆိုလို့ပါ''

''ဟုတ်ကဲ့ ခင်ဗျာ။ ကျွန်တော် ကိုအင်နီအပြန် ပေးလိုက်ပါ့မယ်။ ကျွန်တော်တို့အဖွဲ့တော့ ရွှေကမ်းသာက ဒေါ်ဥမ္မာတို့လက်ရာ





ထမင်းဟင်းနဲ့ ဝေးသွားပြီပေါ့ဗျာ''

''ဟုတ်ပါ့ ဆရာရယ်။ ကျွန်မတို့လည်း ခွဲလိုမျိုးလိုနေခဲ့ကြတော့ စိတ်မကောင်းပါဘူး။ အမြဲတမ်းလည်းဆရာတို့ ပြန်အလာကို မျှော်နေမှာပါ။ တစ်ဆက်တည်းဖိတ်ပါရစေ၊ ညနေစာ စားဖို့ဆရာဦးလှဘူးတို့အဖွဲ့လည်း ရွှေကမ်းသာဆိုင်ကို လာခဲ့ကြပါရှင့်''

''ဟုတ်ကဲ့ ... ဟုတ်ကဲ့''

နေ့လယ် (၁၂)နာရီခန့်တွင် မန္တလေးဘက်မှ ရထားကြီးဘူတာသို့ဝင်လာသည်။ ခရီးသည်များဆင်းပြီးသည်နှင့် ကျွန်ုပ်တို့အဖွဲ့နေရာယူကြသည်။ ကသာဘူတာရုံပိုင်ကြီး စီစဉ်ပေးထားသဖြင့် အထူးတွဲတွင် နေရာရကြသည်။

ရထားထွက်ခါနီးတွင် ကိုကျော်လင်း၊ ဦးမှတ်ကြီးနှင့် သစ်တောအရေးပိုင် ဦးလှဘူးတို့အဖွဲ့က လမ်းခရီးစားသောက်ရန် အကောင်းစားအရက်များနှင့် အမြည်းများကိုဝယ်၍ လက်ဆောင်ပေးကြပြန်သည်။ နာရီဝက်ခန့်အကြာတွင် ရထားကြီး ကသာဘူတာမှထွက်သည်။ ကျွန်ုပ်တို့ အပြန်အလှန် လက်ပြနှုတ်ဆက်ပြီး ကသာမြို့မှ ခွာခဲ့ကြသည်။

ရထားကြီးမှာ မြောက်ဘက်ကိုဦးတည်ပြီး တောတန်းတောင်တန်းများကို ဖြတ်ကျော်လာခဲ့သည်။ နှစ်ပေါင်းများစွာ နေထိုင်လာခဲ့သည့် ကသာမြို့ကြီးနှင့် တဖြည်းဖြည်း ဝေးကွာလာခဲ့ပြီဖြစ်သည်။ ကသာမြို့ကြီးနှင့် ဝေးကွာလာသည်နှင့်မျှ ရာသီဥတုက စိမ့်အေးလာသည်။

မိုးညှင်း၊ မိုးကောင်ကိုကျော်ပြီးနောက် ညနေ(၆)နာရီခန့်တွင် မြစ်ကြီးနားမြို့သို့ ရောက်လာသည်။ နွေရာသီဖြစ်သော်လည်း မြစ်ကြီးနားမြို့ ညချမ်းချိန်မှာ စိမ့်ခနဲအေးနေသည်။ ကသာမြို့နှင့်မတူပါ။ ကသာမြို့မှာ တောတောင်ဝိုင်းပြီး ဧရာဝတီမြစ်ကြီးနှင့်နီးသဖြင့် ရာသီဥတု



www.burmeseclassic.com

www.burmeseclassic.com



မှာ မှူတသည်။ ပူလွန်ခြင်း၊ အေးလွန်းခြင်း မရှိပါ။ မြစ်ကြီးနားသစ်တောဌာနမှ ဂျစ်ကားကလေးဖြင့် လာကြိုနေသည်။

✿ ✿ ✿

တောအုပ်ဦးသန်းမောင် ။ ''ဆရာဦးနေအောင်တို့အဖွဲ့ကို ကျွန်တော်တို့မျှော်နေတာ ကြာပြီဗျ။ အရေးပိုင်ဦးစံရွှေဆိုရင် ဖင်တစ်ကြွကြွဖြစ်နေတာ။ သူက သွေးတိုးနှလုံးရောဂါအခံရှိတော့ ဒီကရာသီနဲ့ အဆင်မပြေဘူး။ နယ်မဆင်းတာတောင်ကြာပြီ။ ဆရာတို့နယ်ဆင်း စစ်ဆေးကြရင်လည်း ကျွန်တော်ပဲ လိုက်ပြရမှာပါဆရာ''

''အေးဗျာ ... စစ်ကိုင်းတိုင်းက ကျယ်တယ်။ တစ်လနဲ့ နယ်ဆင်းစစ်တာတောင် မပြည့်စုံချင်ဘူး။ ခင်ဗျားလည်း သိတဲ့အတိုင်းပဲ ဆရာဦးလှဘူးက ရုံးချုပ်မှာထိုင်တာများတော့ သစ်တောအကြောင်းတယ်သိတာမဟုတ်ဘူး။ အဲဒါ သူ့အတွက်စိုးရိမ်လို့ အိပ်သွန်ဖာမှောက်လိုက်ပြပြီး သင်ပေးခဲ့ရတယ်။ ဆရာဦးလှဘူးနဲ့ ဖြစ်ပါ့မလားလို့တောင် နောက်ဆံတင်းနေမိတယ်''

''ဆရာဦးစံရွှေက ရောဂါသည်ဆိုရင်လည်း ပြန်ပါစေဗျာ။ မြို့ပေါ်က ဦး ... ရေး ... ထောက် စာရွက်စာတမ်းနဲ့ လက်နက်ယာဉ်





ဘဏ်လက်ကျန် အဆောက်အဦးတွေစစ်ဆေးပြီးရင် ပြန်ပါစေ။ နယ်ဆင်းပြီး တောစစ်ဆေးတာကတော့ ခင်ဗျားပါလည်း ဖြစ်တာပါပဲ''

ကျွန်တော်တို့ကိုလာကြိုသော ဂျစ်ကားကလေး မြောက်ဘက်သို့မောင်းနှင်လာရာ ဈေး၊ ဆေးရုံ၊ လယ်စိုက်ရှင်းကိုလွန်တော့ ပိုးစားခြံအနီး သစ်တောဌာနဘက်သို့ ရောက်လာသည်။ မြစ်ကြီးနားမြို့မှာလည်း ဧရာဝတီမြစ်ကမ်းခြတည်ရှိပြီး လှပ၍သစ်ပင်၊ ပန်းပင်ပေါသော ဥယျာဉ်မြို့ကြီးတစ်မြို့ ဖြစ်ပေသည်။ မိုးချုပ်စပြုပြီဖြစ်၍ အေးစိမ့်လာပြီး လမ်းတစ်ဘက်တစ်ချက် သစ်ရိပ်၊ ဝါးရိပ်မဲမဲများကိုသာ မြင်နေရသည်။ လျှပ်စစ်မီးက မြို့တွင်း၌သာ အလင်းရောင်ရှိပြီး မြို့ပြင်ထွက်လိုက်သည်နှင့် မှောင်မဲနေသည်။

သစ်တောဌာနဝင်းကြီးမှာ အတော်ကျယ်ဝန်းသည်။ ဗိုလ်တဲမှာ အင်္ဂလိပ်ခေတ်က အဆောက်အဦးဟောင်းကြီးအား ပြန်လည်ပြုပြင်ထားခြင်းဖြစ်သည်။ ဗိုလ်တဲပတ်ဝန်းကျင်မှာ သစ်တောစိုက်ခင်းပျိုးပင်၊ ကျွန်း၊ ပျဉ်း၊ ကတိုး၊ မဟော်ဂနီပေါက်များဖြင့် မဲမှောင်နေသည်။ လျှပ်စစ်မီးရ၍ တော်ပါသေးသည်။

ဗိုလ်တဲအလယ်၊ ခုံရှည်များပေါ်၌ ညစာစားရန် အရန်သင့်ပြင်ဆင်ပြီး ဦးစံရွှေက ထိပ်ဆုံးခုံတွင်ထိုင်၍ ကျွန်ုပ်တို့အား ကြိုဆိုနေသည်။

''လာကြဗျို့ ... ဦးနေအောင်တို့ ထိုင်ကြပါ။ ကျွန်တော်မျှော်နေတာ ကြာပါပြီ။ ဒီနေ့မှ ကြေးနန်းရလို့ မောင်သန်းမောင်တို့ကို ဘူတာဆင်းကြိုခိုင်းရတာ။ ဒီကရာသီဥတုနဲ့ ကျွန်တော်နဲ့ မကိုက်ဘူးဗျ။ နွေရာသီတောင် ဒီလောက်အေးနေတာ ဆောင်းတွင်းဆိုရင် အိမ်ပြင်တောင် မထွက်နိုင်ပဲ မီးဖိုနားကပ်နေရတာ။ ကျွန်တော့်အတွက်က ရန်ကုန်လို



www.burmeseclassic.com

www.burmeseclassic.com



နေရာမျိုးမှဖြစ်မှာ ဆေးရုံဆေးခန်းနဲ့လည်း နီးတာပေါ့ဗျာ''

''ဟုတ်ကဲ့ ဆရာ။ ကိုသန်းမောင်ပြောပြလို့ ဆရာ့အခြေအနေကို သိရပါတယ်။ ဦး . . . ရေး . . . ထောက်နဲ့ အရေးကြီးတာတွေ လွှဲပြီးတာနဲ့ဆရာ ရန်ကုန်ပြန်ပါ။ နယ်ဆင်းစစ်တဲ့ကိစ္စကတော့ ကိုသန်းမောင်နဲ့ပဲ ဆင်းစစ်ပါ့မယ်။

ကျွန်တော်တို့ တစ်လကျော်လောက်ကြာတာက ဦးလှဘူးက လူသစ်၊ သစ်တောအတွေ့အကြုံနည်းတယ် ဆရာ။ ရုံးချုပ်မှာပဲနေတာ များတယ်။ ကျွန်တော်တာဝန်ယူရတဲ့ စစ်ကိုင်းတိုင်းကလည်း အလွန် ကျယ်ပြန့်တယ်။ သစ်လုပ်ငန်းလည်း မြန်မာတစ်ပြည်လုံးမှာ အကြီးဆုံး တိုင်းပဲ။ ဒါကြောင့် ကြာသွားတာပါဆရာ''

''အေးဗျာ . . . ကိုနေအောင်ရေ၊ ကျေးဇူးပါဘဲ။ ဒီဘက်တိုင်း ကတော့ သစ်တောတွေများပေမဲ့ သစ်ထုတ်ကွက်က နည်းပါတယ်။ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ ပူတာအိုလောက်ပဲ ရှိတာ ပါ။ သစ်တောတွေကတော့ တစ်မျှော်တစ်ခေါ်ကြီး ရှိတယ်ဗျို့၊ မထုတ် နိုင်တာပါ။ မချမ်းဘောနဲ့ နောင်မွန်းဘက်လည်း သွားကြည့်ကြဦးပေါ့

''ကဲ . . . ရေတော့ချိုးနိုင်တော့မှာ မဟုတ်ဘူး၊ မိတ်ဆုံစားပွဲ ကလေး လုပ်ရအောင်။ သောက်ရင်းစားရင် စကားပြောကြတာပေါ့ ကျွန်တော်လည်း သွေးတိုးနှလုံးရှိပေမဲ့ နည်းနည်းသောက်ဖို့တော့ ဆရာဝန်က ခွင့်ပြုထားပါတယ်။ ခင်ဗျားတို့ကတော့ လူငယ်တွေပဲ ကြိုက်သလိုသောက်ကြပါ''

ခုံရှည်စားပွဲပေါ်၌ အမြည်းများနှင့်အရက်ပုလင်းများ ပြည့် နေသည်။ အရက်အကောင်းစားများ ဖြစ်ပါသည်။ ကျွန်ုပ်တို့တွင် ပါ လာသော်လည်း ပြည့်စုံနေသဖြင့် မထုတ်တော့ပါ။ အမြည်းများကတော့





ဒေသထွက် ကချင်နှင့်ရှမ်းဟင်းများ တရုတ်စာများ ဖြစ်ကြသည်။

ဦးစံရွှေမှာ အသက်(၆၀)ပြည့်၍ ပင်စင်ယူခြင်းဖြစ်သော်လည်း အတော်အိုစာသည်။ ရောဂါဒဏ်နှင့် ရာသီဥတုဒဏ်ကြောင့် ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်က ပါလာသည့် ကျွန်ုပ်၏တပည့်များဖြင့် မိတ်မဆက်ပေးသော်လည်း ညှိသည့်တစ်ပွဲစား မုဆိုးကိုအင်နီနှင့်တော့ ဆရာဦးစံရွှေ နှင့် အဖွဲ့အား မိတ်ဆက်ပေးလိုက်သည်။

''အင်း . . . ဒီမှာတော့ မြစ်ကြီးနားနဲ့နီးနီး အမဲလိုက်လို့ရ တာကတော့ ကြိမ်ခရန်တောနဲ့ မြစ်ဆုံဘက်၊ အင်ဂျန်းယန်နဲ့ ဆွမ်ပရာ ဘွမ်လမ်းဘက်ပဲ ရှိပါတယ်။ ဒါပေမဲ့ နယ်မြေမငြိမ်းချမ်းသေးတော့ သွားလို့လာလို့ မကောင်းဘူး၊ အန္တရာယ်ရှိတယ်။ မနက်ဖြန်တော့ ကရိန်နော်နဲ့ မြစ်ဆုံဘက် သွားလည်ချင်လည်ကြပေါ့''

''ရပါတယ် ဆရာဦးစံရွှေ၊ ကျွန်တော်တို့က ရောက်ဖူးပါတယ်။ မရောက်ဖူးသေးတဲ့ ကိုအင်နီနဲ့အောင်ဘုကိုတော့ နောက်တော့ အေး အေးဆေးဆေးမှ လိုက်ပို့ပါ့မယ်။ ဆရာဦးစံရွှေ ရန်ကုန်အမြန်ပြန်နိုင် အောင် ကျွန်တော်တို့မနားတော့ပဲ မနက်ဖြန်က စလွှဲပါမယ်။ ကိုသန်း မောင်ရှိရင် ဖြစ်ပါတယ်။ မရှင်းတာရှိမှ ဆရာဦးစံရွှေကို မေးပါ့မယ်။ ဦး . . . ရေး . . . ထောက် လုပ်ငန်းတွေပေါ့ ဆရာရယ်''

''ကျွန်တော်လည်း ဖိဖိစီးစီး မလုပ်နိုင်ပါဘူး၊ ကိုသန်းမောင် ကိုပဲ လွှဲထားရတာပါ။ နယ်ဆင်းစစ်ကြရင်လည်း သူ့ကိုသာခေါ်သွားပါ။ လွှဲပြောင်းလက်ခံ လက်မှတ်ထိုးစရာတွေကိုတော့ ကျွန်တော်အကုန် လက်မှတ်ထိုးပေးပါ့မယ်။ ဒီကချင်ဒေသက ကိုနေအောင်တို့ စစ်ကိုင်း တိုင်းလောက် အလုပ်မရှုပ်ပါဘူး။ အလုပ်ရှိတာဆိုလို့ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်းနဲ့ ပူတာအိုဘက်လောက်ပဲ ရှိပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



''ကဲ . . . စားကြပါ၊ သောက်ကြပါ''

''ဟုတ်ကဲ့ ဆရာ''

ကျွန်ုပ်တို့ပျော်ရွှင်စွာ စားကြ၊ သောက်ကြ စကားပြောကြသည်။ မြစ်ကြီးနားရာသီဥတုမှာ အေးချမ်းလွန်း၍ အရက်သောက်၍ကောင်းသည်။ စားသောက်ကြပြီးနောက် ကျယ်ဝန်းလှသော မြစ်ကြီးနား သစ်တောဂိုလ်တဲပေါ်၌ အိပ်စက်အနားယူကြသည်။ နယ်မြို့ထုံးစံအတိုင်း ည(၁၁)နာရီခန့်တွင် လျှပ်စစ်မီးကပြတ်သွားသည်။ သို့သော် ကျွန်ုပ်တို့မှာ ခရီးပန်းလာပြီး အေးချမ်းသောရာသီဥတုကြောင့် မနက်လင်းမှ တစ်ရေးနိုးဟောသည်။

တောအုပ်ဦးသန်းမောင်က မနက်စာအဖြစ် ကချင်ခေါက်ဆွဲနှင့် မလိုင်လက်ဖက်ရည်ကို စီစဉ်ပေးသည်။ ဒေသအစာဖြစ်၍ ကောင်းမွန်ပါသည်။ မြစ်ကြီးနားမြို့မှာ နွားနို့၊ အသားနှင့် ငါးပေါသည့်အပြင် အသီးအနှံလည်းပေါကြောင်း သိရသည်။ ကျွန်ုပ်တို့စားသောက်ပြီးသည်နှင့် ဦး . . . ရေး . . . ထောက်ဆိုင်ရာ စာရင်းဇယားနှင့် ပစ္စည်းများ စစ်ကြသည်။

ဦးစံရွှေ၏အမိန့်အရ ဦးသန်းမောင်က စနစ်တကျပြင်ဆင်ထားခြင်းကြောင့် လုပ်ငန်းတာဝန်များ လွှဲပြောင်းခြင်းအလုပ်မှာ လျင်မြန်လွယ်ကူပါသည်။ နောက်တစ်နေ့တစ်ရက်နားကြပြီး တောဆင်းရုံသာရှိတော့သည်။ တောတောင်ထူထပ်ပြီး လမ်းပမ်းခရီး အဆက်အသွယ် မကောင်းသဖြင့် တကယ်တမ်း ကွင်းဆင်းစစ်ဆေးပြီး လွှဲမည်ဆိုပါက တစ်လဖြင့်ပင် လုံလောက်မည်မထင်ပါ။

✿ ✿ ✿

□

နောက်တစ်နေ့မနက် မနက်စာစားပြီးသည်နှင့် ဧရာဝတီမြစ်ကမ်းဆင်းကြ၍ သစ်လုပ်ငန်းများကို စစ်ဆေးသည်။ အဆောက်အဦးမော်တော်ယာဉ်၊ သစ်လုပ်ငန်းသုံးပစ္စည်းများကို လွှဲပြောင်းလက်ခံလုပ်ကြသည်။ သစ်ထုတ်လုပ်ငန်းကိစ္စကတော့ သက်ဆိုင်ရာတာဝန်ခံများရှိပြီးဖြစ်၍ တဖြည်းဖြည်း စစ်ဆေးရုံသာဖြစ်သည်။

လချုပ်စစ်တမ်း၊ နှစ်ချုပ်စစ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်သည်။ လုပ်ငန်းလည်ပတ်မှုကိုသာ ကျွန်ုပ်တို့သိထားရန် အရေးကြီးသည်။ ထိုနေ့က သစ်ဆိုင်ရာဌာနဆိုင်ရာများဖြင့်လည်း မိတ်ဆက်ရသည်။ မြစ်ကြီးနားဘဏ်သို့လည်းဝင်၍ (BANK STATEMENT) ကို တောင်းယူရသည်။ နေ့လယ်တွင် လုပ်ငန်းပြတ်၍ မြစ်ကြီးနား မြို့လယ် စားသောက်ဆိုင်၌ ကျွန်ုပ်တို့အဖွဲ့နှင့် ဦးသန်းမောင်တို့အဖွဲ့ နေ့လယ်စာ စားသောက်ကြသည်။

ဦးသန်းမောင် ။ ''ဆရာဦးနေအောင်တို့ ဂိုလ်တဲပြန်နားကြဦးမလား။ ကြိမ်ခရန်၊ ကရိန်နော်နဲ့ မြစ်ဆုံဘက် ဆက်သွားကြမလားလို့ပါ''

''မနားတော့ဘူးဗျို့၊ ဆက်သွားကြမယ်။ အလုပ်လည်း မြန်မြန်ပြီးတော့ ဆရာဦးစံရွှေလည်း ရန်ကုန်မြန်မြန်ပြန်နိုင်တာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပါပြီဗျာ''

ကျွန်ုပ်တို့ ဂျစ်ကား(၂)စင်းဖြင့် မြောက်ဘက်သို့ ထွက်ခဲ့ကြသည်။ သစ်တောဠာနဝင်းသို့ မဝင်တော့ဘဲ ရွှေစက်၊ စီတာပူ၊ မနော ကွင်းကြီးနှင့် လေယာဉ်ကွင်းဟောင်း ဒေသကောလိပ်တို့ကိုကျော်ပြီး ကရိန်နော်အပန်းဖြေစခန်းကလေးသို့ ရောက်လာသည်။ ဧရာဝတီမြစ် ကမ်းပါး သစ်ပင်ကြီးများပေါက်ရောက်ရာ သာယာလှပသောနေရာ ကလေးဖြစ်သည်။

မြစ်ကြီးနားမြို့ မြောက်ဖျားစွန်းတွင်ရှိပြီး ကမ်းပါးစွန်းမှာ ပေ (၁၀၀') ကျော်မျှနက်သည်။ ဧရာဝတီမြစ်ကြီးမှာ ထိုနေရာ၌ အနောက် ဘက်ကမ်းအထိ ခြောက်ဖာလုံခန့် ကျယ်ပြန့်ပေလိမ့်မည်။ မြစ်လယ် တွင် ကျယ်ပြန့်သောသောင်ကြီးက ထွန်းနေသည်။ သောင်ပေါ်တွင် ရွှေရှာသူ၊ ငါးရှာသူများကို တွေ့ရသည်။

ကရိန်နော်ကမ်းခြေတွင် ကျောက်ဆောင်၊ ကျောက်ဆွယ်များ က သွယ်တန်းနေသည်။ ဧရာဝတီမြစ်ရေအလျဉ်သည် ကျောက်တောင် ကျောက်ဆွယ်များအား ဝှေ့ပိုက်၍ တသွင်သွင်ကြည်လင်စွာ စီးဆင်း နေသည်။ ကျွန်ုပ်တို့အဖွဲ့ စားသောက်ဆိုင်တစ်ခုတွင်ထိုင်၍ ကော်ဖီ၊ လက်ဖက်ရည်တို့ကို မှာသောက်ကြရင်း ပတ်ဝန်းကျင်သဘာဝအလှကို ငေးမောခံစားနေကြသည်။

ဦးသန်းဖေ ။ ''မြစ်ကြီးနားကို ရောက်တဲ့သူတိုင်းဟာ ဒီနေရာကလေး ကို မလာသူမရှိသလောက်ပါပဲ။ ဒီကရိန်နော်ဆိုတဲ့ နေရာကလေးဟာ အေးရိပ်သာကလေးတစ်ခုပါအဲ။ ဟိုးမြောက်ဖျားအဝေးမှာရှိတဲ့ ရေခဲ တောင်မြင့်ကြီးတွေပေါ်က စီးလာတဲ့မြစ်တွေဟာ ဧရာဝတီမြစ်ကြီးနဲ့ ပေါင်းဆုံပြီး မြစ်ကြီးနားမြို့ကို စတင်နှုတ်ဆက်တဲ့နေရာကလေးပါပဲ''





ဒီဘက်ကမ်းမှာ ရွှေတွေကို စက်နဲ့ကျင်ယူရလို့ ရွှေစက်ရွာ လို့ခေါ်တယ်။ ဟိုဘက်ကမ်းမှာတော့ မန်ခိန်ဆိုတဲ့ရွာကြီးရှိတယ်။ ၁၉၀၅ က ၁၉၁၄ အထိ ဂျာမဏီလူမျိုး မစ္စတာဘာန်နယ်ဟာ အင်ဘွန်းလုပ် လို့ခေါ်တဲ့ ကချင်ရွာကလေးမှာ ရွှေရှာ၊ ရွှေကျင်စက်တွေနဲ့ ရွှေရှာခဲ့ တယ်။ အတော်လည်းရတယ်။ ဒါကြောင့် ဒီနေရာကို မန်ခိန်ရွှေစက်လို့ ခေါ်တွင်ခဲ့တာပါ။ အဲဒီတုန်းက ရွှေတူးခဲ့တဲ့သင်္ဘောကြီးဟာ အထံမ်း ကျေးရွာအထက်မှာ ယခုအချိန်အထိ နစ်မြုပ်နေတယ်လို့သိရတယ်''

မြစ်ကြီးနားမြို့နယ်၏ အရှေ့ဘက်တွင် ဝိုင်းမော်မြို့နယ်၊ အင် ဂျန်းယန်မြို့နယ်နဲ့ မိုးမောက်မြို့နယ်တို့ တည်ရှိတယ်။ အနောက် ဘက်မှာတော့ တနိုင်းမြို့နယ်၊ မိုးကောင်းနဲ့ မိုးညှင်းမြို့နယ်တွေရှိတယ်။ မြောက်ဘက်မှာတော့ ဆွမ်ပရာဘွမ်မြို့နယ်များရှိတယ်။

မြစ်ကြီးနားမြို့မှာ မေခနဲ့မလိခမြစ်ဆုံရာဒေသ၊ အထက်မြန်မာ နိုင်ငံ မီးရထားလမ်းဆုံးရာမြို့ အိန္ဒိယပြည်လီဒိုမြို့နဲ့ ဆက်သွယ်နိုင်တဲ့ လီဒိုလမ်းမကြီးအနီးမှာရှိပြီး ဒုတိယကမ္ဘာစစ်တုန်းက မဟာမိတ်တွေနဲ့ ဂျပန်တွေ မြစ်ကြီးနားတိုက်ပွဲကြီး ဖြစ်ပွားခဲ့လို့လည်း ထင်ရှားတဲ့မြို့ ကြီးဖြစ်တယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံလည်း နေထိုင်ကြတယ်။

ကချင်နွယ်တွေဖြစ်ကြတဲ့ ဂျိန်းဖော၊ မရုလော်ဂေါ်၊ လရှီ၊ ရဝမ်၊ အဇီ၊ လီဆူးတွေနေထိုင်ကြပြီး ရှမ်းအနွယ်ဝင်တွေကိုဖြစ်ကြတဲ့ တိုင်း လျှန်၊ တိုင်းလုံ၊ တိုင်းလေတို့အပြင် ကရင်၊ ချင်း၊ ရခိုင်၊ မွန်၊ မြန်မာ၊ ကယားတို့လည်း ရှိကြတယ်။ နိုင်ငံခြားလူမျိုးတွေကတော့ တရုတ်၊ ဂေါ်ရခါး၊ အိန္ဒိယ၊ ပါကစ္စတန်တွေလည်း ရှိတယ်''

ကျွန်ုပ် ။ ''ဦးသန်းမောင်၊ မြစ်ကြီးနားမြို့ရဲ့ လူတွေလုပ်ငန်းက ဘာ တွေလဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



''ရွှေရှာ၊ ရွှေရောင်း၊ ကျောက်စိမ်းရောင်းဝယ်လုပ်ငန်းနဲ့ မွေးမြူရေး စိုက်ပျိုးရေးလုပ်ငန်းတွေပါပဲ။ အစိုးရဝန်းထမ်းလည်း ရှိတာပေါ့။ အများစုကတော့ ဆိုင်ဖွင့်ပြီးဈေးရောင်းတာပါပဲ။ ဒီမြို့မှာ သတိထားမိသလား။ ဒေါ်ဂျစ်ကားနဲ့ နောက်တွဲယာဉ်တပ် ဂျစ်ကားကလေးတွေပဲ ပေါတယ်လေ။ တောင်တက်တောင်ဆင်း ခရီးကြမ်းသုံးလို့ရတာပေါ့။ ကဲ . . . အချိန်ကလေးရှိတုန်း မြစ်ဆုံဘက်သွားကြရအောင် မိုင်(၂၀) ကျော်လောက်တော့ ဝေးသေးတယ်။ ဒါပေမဲ့ ကတ္တရာလမ်းပါ။ လမ်းကောင်းပါတယ်''

ကျွန်ုပ်တို့ ဂျစ်ကားကလေး ဂျိန်းဖော့ရွာများ ဖြစ်ကြသည့် နောင်နန်းရွာ၊ လမုန်ဖွတ်ရွာ၊ ဦးဗျစ်ကထောင်းရွာ၊ အလယ်ရွာ၊ ဒွန်ဂန်ကထောင်ရွာ၊ ကျိန်ခရန်ရွာများကိုဖြတ်ကျော်ပြီး တန်ဖဲရွာ(တန်ဖရဲရွာ)သို့ရောက်သည်။ တန်ဖဲရွာမှမြစ်ဆုံသို့ ဆက်လက်သွားကြရသည်။ တစ်မိုင်ခန့်ဝေးသည်။ ကျွန်ုပ်တို့ ဂျိန်းဖော့စကားဖြင့် 'မလီဖွပ်' ဟုခေါ်သော မေခနှင့်မလိခမြစ်ဆုံ၊ ဧရာဝတီမြစ်ကြီး စတင်ပေါက်ဖွားရာဒေသသို့ ရောက်လာပါသည်။ မြစ်ဆုံဒေသမှာ အလွန်လှပသာယာပါသည်။

ထိုမြစ်ဆုံရာတွင် မေခမြစ်သည် ကိုက်(၃၀၀)ကျော်ကျယ်ပြီး မလိခမြစ်မှာလည်း ကိုက်(၃၀၀)ခန့်ပင် ကျယ်ပါလိမ့်မည်။ ဦးခေါင်း(၃)ခုဆိုင်နေသော ရွှင်းအလှသည် ရေမှုန်ရေမွှားများထနေပြီး အလွန်ပင် သာယာအေးချမ်းလှသည်။ မြန်မာပြည်၏ အလှဆုံးနေရာတစ်ခုပင်ဖြစ်သည်။ လက်ဝဲဘက် မလိခမြစ်ထိပ်မှ ''သာသနာငါးထောင်စံစေတီ'' စေတီကလေးမှာ ပတ်ဝန်းကျင်နှင့်လိုက်ဖက်အောင် အေးချမ်းမှုအသွင်ကို ဆောင်နေသည်။

ဦးသန်းမောင် ။ ''ဘယ်ကလောက်သာယာတဲ့ နေရာလဲဗျာ။ မြန်မာ





ပြည်မှာ အလှဆုံးနေရာပေါ့။ တန်ဖဲရွာနဲ့ မြစ်ကြီးနားက (၂၇ မိုင် ၂ ဖာလုံ) ဝေးတယ်။ တန်ဖဲကနေဆက်သွားရင် ဆွမ်ပရာဘွမ်ကို (၁၀၄ မိုင် ၆ ဖာလုံ) ဝေးတယ်။ ပူတာအိုကိုတော့ (၂၉၀ မိုင် ၆ ဖာလုံ) ဝေးတယ်ဗျ''

ကျွန်ုပ်တို့ ဆိုင်တစ်ဆိုင်ဝင်၍ အနားယူရင်း အပန်းဖြေကြသည်။ စားသောက်ရင်း ဦးသန်းမောင်က မြစ်ကြီးနားခရိုင်သစ်တောများအကြောင်းကို ပြောလာသည်။ ဦးသန်းမောင်မှာ မြစ်ကြီးနားမြို့နှင့် သစ်တောဌာနရာဇဝင်ကို အတော်လေ့လာထားပုံရသည်။

''ဆရာဦးနေအောင်ရေ မြစ်ကြီးနားမြို့နယ် သစ်တောအုပ်ချုပ်ရေးကို ၁၈၈၉ ခုနှစ်က စတင်ထောင်ခဲ့တာဗျ။ အဲဒီတုန်းက မြစ်ကြီးနားခရိုင်သစ်တောတွေကို ဗန်းမော်အုပ်ချုပ်ရေးခရိုင်က ကိုင်ခဲ့တာဗျ။ ၁၉၀၁ ခုနှစ်ကစပြီး မြစ်ကြီးနားသစ်တောဧရိယာကို သစ်တောခရိုင်အဖြစ် သတ်မှတ်ခဲ့တာ။ သီးခြားဖွဲ့ခဲ့တာ သစ်ထုတ်သစ်တောကြိုးဝိုင်း သားငှက်တိရစ္ဆာန် ကာကွယ်ကြိုးဝိုင်းနဲ့ မြေဆီလွှာထိမ်းအပ ကြိုးဝိုင်းတွေကို စတင်ခွဲခြားပြီး သတ်မှတ်ခဲ့တယ်။

ကြိုးဝိုင်းတောတွေကတော့ ဇီးကျွန်း (၇၃၇ ဧက)၊ တာလောကြီး ဧက (၉၀၀၀)ကျော်၊ အရိန္ဒမာ ဧက (၁၀၀၀၀)ကျော်၊ ခုရာဟာသ (၉၀၀၀)ကျော်၊ မလောကြိုးဝိုင်း (၁၃၀၀၀) ကျော်၊ ပဒေါက်ကြိုးဝိုင်း ဧက (တစ်သိန်း)၊ ပီတောက်တောင်ကြိုးဝိုင်း ဧက (၃၀၀၀) ကျော်၊ ပီတောက်အရှေ့နဲ့အနောက် ကြိုးဝိုင်းတောဧက (၄၀၀၀)နဲ့ ရှောကိုင်းမော်၊ နမ့်ဆည်၊ နမ့်စွန်တီး၊ ပူဂါ၊ နမ့်ဒိ၊ တောင်ဘလောင်စတဲ့ သစ်တောကြိုးဝိုင်း (၁၅) ခုရှိပြီး၊ သစ်တောဧက (၃သိန်း) ကျော်တယ်ဗျ။ စုစုပေါင်းရင်တော့ သစ်တောဧက (၁၅)သိန်းကျော်ရှိပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားမြို့နယ်၏ မြောက်ဘက်ရှိ တောင်ပေါ်သစ်တောများသည် အမြဲစိမ်းတောများဖြစ်ကြသည်။ ပေ(၃၀၀၀)ကျော် အထက်တွင်ရှိကြပြီး၊ ထိုတောများအတွင်းသို့သွားလာရန် ခက်ခဲသည်။ ပေါက်ရောက်သော အပင်များမှာလည်း စိမ်းလန်းသည့် ဂုန်ပင်၊ လောက်ယားနှင့်ဇလပ်ပင်များ ဖြစ်ကြသည်။

ထို့အပြင် အင်၊ စကားဝါ၊ ယင်းမာ၊ ကညင်၊ ကြေးပန်း၊ ပိုးဇာ၊ တောင်တမာ၊ ရေတမာ၊ ဘိုင်၊ အောက်ချင်းစာနှင့် စက်ကတုံးပင်များလည်း ဒုတိယအများဆုံးပေါက်ကြပြီး တင်းဝါးနှင့် တောင့်ကြပ်ျောတောလည်း ရှိသည်။ အချို့နေရာတွင် ကျွန်း၊ ယင်းမာ၊ ထောက်ကြံ့ရုံး၊ အင်ကြင်း၊ ဖင်ပြွန်း၊ ဖောင်းပလွေ၊ နှောနှင့် သစ်ဖြူပင်များလည်း ပေါက်ရောက်သည်။ အပင်ငယ်များအဖြစ် ကြိမ်ရုံ၊ သစ်ယားပင်များ၊ သစ်မင်းနှင့်တောင်ထန်းတို့အပြင် ဆေးဘက်ဝင် သစ်ဥ၊ သစ်ဖုပင်များလည်း ပေါက်ကြသေးသည်။

ဧရာဝတီမြစ်နှင့်နီးသော ချိုင့်ဝှမ်းဒေသများတွင် ကြိုးပြင်နှင့်ကြိုးဝိုင်းတောများလည်းရှိရာ ထိုတောများတွင် သပြေ၊ သစ်နီ၊ ဖန်ခါး၊ ဖင်ပြွန်းနှင့်ရေမိန်ပင်တို့ ပေါက်ကြသည်။ ဘေးမဲ့ကြိုးဝိုင်းတောများတွင် လက်ထုပ်၊ သစ်နီနှင့် ဖင်ပြွန်းပင်များရှိ၍ သစ်တောထွက်ပစ္စည်းများထွက်ရှိပါသည်။ ၁၉၄၈ ခုနှစ်မတိုင်မီက သစ်ထုတ်လုပ်ခြင်းကို ပုဂ္ဂလိကကုမ္ပဏီများကသာဆောင်ရွက်ခဲ့ပြီး ၁၉၄၈ ခုနှစ်မှစတင်၍ သစ်လုပ်ငန်းကော်ပိုရေးရှင်း (အစိုးရ)က ဆောင်ရွက်ကြောင်းသိရသည်။

ထိုတောကြီးများအတွင်းမှ ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်၊ အင်တွဲ၊ ပွဲလျှက်၊ ပျားရည်၊ ပန်းဥ၊ တဖင်းသီး၊ သစ်ကြံပိုးခေါက်တို့လည်း ထွက်သေးသည်။





မြစ်ကြီးနား ပတ်ဝန်းကျင်တောများတွင် တောတိရစ္ဆာန်များအနေဖြင့် ပြောင်၊ သမင်၊ စိုင်၊ ကျား၊ ဆင်၊ တောခွေး၊ တောဆိတ်၊ တောင်ဆိတ်၊ တောဝက်၊ မျောက်အမျိုးမျိုး၊ ဝက်ဝံ၊ တောကြောင်၊ ဖြူ၊ ယုန်၊ ရှဉ့်နှင့် သင်းခွေချပ်များ ပေါသည်။

ညနေစောင်းမှ ကျွန်ုပ်တို့ပြန်ခဲ့ကြသည်။ နေကျသည်နှင့် မြစ်ကြီးနားမြို့၏ ဆောင်းကာလအငွေ့အသက်များက ကျန်ရှိနေသေးသဖြင့် အအေးဓာတ်မှာ စိမ့်အေးလာသည်။ ကားသွားသည်နှင့် လေတိုးသည်မှာ အောက်ပြည်အောက်ရွာ ဆောင်းကာလအတိုင်းပင် ချမ်းစိမ့်လာသည်။ ညပိုင်းတွင်လည်း ကျွန်ုပ်တို့ ဝိုင်းဖြစ်ကြသည်။ ယနေ့ညတော့ လုပ်ငန်းအကြောင်းမပါပဲ ခရီးလမ်းအတွေ့အကြုံနှင့် အမဲလိုက်ခြင်းကိစ္စများကို ပြောကြသည်။

ဦးသန်းမောင် ။ " မြစ်ကြီးနားမှာတော့ အမဲလိုက်ချင်ရင် အင်ဂျန်းယန်မြို့ဘက်သွားတာ အကောင်းဆုံးဘဲဗျို့။ ညတော့အိပ်ရမယ်။ အဲဒီဘက်က နယ်မြေအေးချမ်းတယ်။ ကြိမ်ခရန်ကတော့နီးပေမဲ့ နယ်မြေမအေးချမ်းတော့ အမဲမလိုက်ရဲကြဘူး။ မြစ်ကြီးနားမြို့နယ်ဟာ တောတွေ၊ တောင်တွေ ဝိုင်းနေပေမဲ့ သစ်ထုတ်လုပ်ငန်း မဖွံ့ဖြိုးတာဟာလည်း အဲဒါကြောင့်ဘဲဗျို့"

ကျွန်ုပ် ။ "အင်းဂျန်းယန်က မြစ်ဆုံအထက်၊ မေခနဲ့မေလိခကြားနယ်မြေ မဟုတ်လား။ ဒီကနဲ့ အတော်ဝေးသလား ကိုသန်းမောင်"

"မြစ်ကြီးနားနဲ့ တန်ဖဲရွာက (၂၇)မိုင်ကျော်၊ တန်ဖဲနဲ့ မြစ်ဆုံက (၁)မိုင်၊ မြစ်ဆုံအထက် မလိခမြစ်ကမ်း(၃)မိုင်အကွာမှာ ငွေ့ထော်ကူးတို့ဆိပ်ရှိတယ်။ အဲဒီကနေ အင်ဂျန်းယန်မြို့အထိ (၂၆) မိုင်ဝေးတဲ့ကားလမ်းရှိတယ်။ တောင်ကျချောင်းတွေပေါလွန်းလို့ အလျား (၂၅)ပေ



www.burmeseclassic.com

www.burmeseclassic.com



ကနေ အလျား (၈၅)အပေအထိရှည်တဲ့ သံပေါင်တံတားတွေ ဘေလီတံတားတွေ ဆောက်ထားတာ။ တံတား (၈)ခုတောင် ရှိတယ်။ ကားနဲ့သွားလို့ရပါတယ်။ ဆရာတို့သွားချင်ရင်တော့ တစ်ရက်ကျွန်တော်လိုက်ပို့ပါ့မယ်။ အင်ဂျန်းယန်က မြို့သူကြီး ဦးလဗျနော်က ကျွန်တော့်မိတ်ဆွေပါ။ သူ့အိမ်မှာတည်းပြီး အမဲလိုက်လို့ရပါတယ်။ အင်ဂျန်းယန်ရောက်ရင်တော့ မပြန်ချင်အောင် ပျော်သွားလိမ့်မယ်။ အင်မတန်အေးချမ်းသာယာတဲ့ တောမြို့ကလေး ဆရာရဲ့"

"ထူးဆန်းတာကို ပြောရဦးမယ်၊ အင်းဂျန်ယန်မြို့က တောတောင်ဝိုင်းနေတာမို့ တစ်မြို့လုံးကို စည်းရိုးပတ်ကာထားတယ်။ တောကောင်ကလည်း အလွန်ပေါတယ်။ ဒရယ်၊ စိုင်၊ ဆတ်၊ တောဝက်ပေါတယ်။ ဂျိန်းဖောလူမျိုး အများစုနေထိုင်တယ်။ နှစ်စဉ် ကောက်သစ်စားပွဲကို နိုဝင်ဘာလမှာ စည်းကားစွာကျင်းပလေ့ရှိတယ်။ နွမ်ရှန်နတ်ကျေးပွဲတွေကို တစ်နှစ် နှစ်ကြိမ် ကျင်းပတယ်။ လယ်ယာသီးနှံအစိုက်ပျိုးကြတော့ ပထမစတင်စိုက်ပျိုးမည့်အချိန်နဲ့ ဒီဇင်ဘာလ ကောက်ပဲသီးနှံထွက်တဲ့အချိန် (၂)ကြိမ်ကျင်းပ ပူဇော်တယ်။ မနောပွဲကိုလည်း အထူးတလည် ကျင်းပပြုလုပ်တယ်။

မနောပွဲကျင်းပရေးအတွက် တစ်နှစ်ကြိုတင်ပြင်ဆင်ရတယ်။ မနောပွဲလာပရိသတ်ကို ထမင်းဟင်း၊ ခေါင်ရည်၊ အရက်များနဲ့ ဧည့်ခံကျွေးမွေးတယ်။ ဒါကြောင့် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆန်စပါး လုံလောက်အောင်ကြိုတင် စုဆောင်းကြရတယ်။ မနောပွဲကျင်းပဖို့ အဓိကဦးတည်တဲ့နတ်က 'မဒိုင်နတ်' ဖြစ်တယ်။

မနောပွဲပြုလုပ်တဲ့အခါ ပထမဦးဆုံးနေ့မှာ 'မိုးနတ်' ကို ကျွဲတစ်ကောင်ပူဇော်ရတယ်။ ထိုညကစပြီး မဒိုင်နတ်၊ အိမ်ဦးနတ်၊





ဆပေါက်နတ်တွေကို ပူဇော်ရတယ်။ မဒိုင်နတ်ကို ပူဇော်ပေးတဲ့ယဇ်ကောင်မှအပ ကျန်နတ်တွေကို ပူဇော်တဲ့ယဇ်ကောင်အားလုံးကို သတ်ပြီးမှပူဇော်ရတယ် မနောကရာမှာ အဲဒီနေ့ဟာ အစည်ကားဆုံး ဖြစ်တယ်။

စတုတ္ထနေ့ဟာ မနောကတဲ့ နောက်ဆုံးနေ့ဖြစ်တယ်။ မဒိုင်နတ်ကိုပူဇော်တဲ့ ယဇ်ကောင်ကိုသတ်စားပြီး မနောပွဲပြီးဆုံးတယ်။ ညနေပိုင်းမှာ အိမ်ရှင်တွေက ခေါင်ရည်တစ်အိုးစီ တည်ထားရတယ်။ ပဉ္စမနေ့နဲ့သတ္တမနေ့တွေမှာ အိမ်သားတွေ အိမ်ပြင်မထွက်ကြရတော့ဘူး။ ကချင်တိုင်းရင်းသား ဘာသာစကားနဲ့ 'ရှိန်ဂယင်မိရောင်' လို့ခေါ်တဲ့နေ့တွေဖြစ်တယ်။

အဲဒီနေ့တွေမှာ အိမ်သားတွေအိမ်ပြင်မထွက်ရသလို ဧည့်သည်ကိုလည်း လက်မခံတော့ဘူး။ ဆဋ္ဌမနေ့မှာ မနောပွဲအခမ်းအနားအားလုံး ပြီးဆုံးတယ်။ စတုတ္ထနေ့ကတည်ထားတဲ့ ခေါင်ရည်ကို ဝေမျှသောက်ကြပြီး ပွဲတော်အခမ်းအနား အပြီးသတ်တယ်။

မနောပွဲပြီးတော့ ပျားပတူဖွပ်ပွဲဆိုတာ ကျန်သေးတယ်၊ အလွန်ပျော်ဖို့ကောင်းတယ်။ နှစ်စဉ် နိုဝင်ဘာလမှာကျင်းပတယ်။ ပျားမျိုးစိတ်ပေါင်းများစွာရှိတဲ့အနက် ပျားပတူဟာ ခန္ဓာကိုယ်အကြီးဆုံးဖြစ်တယ်။ မြေကြီးထဲမှာ တွင်းတူးပြီးအုံဖွဲ့နေတာ ဂျိန်းဖော့စကားနဲ့ ပျားပတူကို 'ဂတ်ရှန်' လို့ခေါ်တယ်။ ပျားဘုရင်မျိုးလို့ခေါ်တာပါ။

ပျားပတူအုံဟာ စကောလောက်ကြီးပြီး စက်ဝိုင်းပုံဖြစ်တယ်။ အထပ်လိုက်၊ အချပ်လိုက်အုံကြီးပေါ့။ အချပ်တစ်ခုမှာ အချင်း (၃)ပေကနေ (၅)ပေအထိ ရှိတယ်။ အချပ်ပေါင်း (၆)ချပ်ကနေ (၁၀)ချပ်အထိရှိတယ်။ ပျားပတူဖွပ်ရင်လည်း လူတစ်ဦး၊ နှစ်ဦးတည်း ဖွပ်မစားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရွာသားအားလုံး ဝေမျှစားရတယ်။

ဘုရားဖွင့်ရက်ကိုရွေးပြီး ပျော်ပွဲရွှင်ပွဲတစ်ခု ပြုလုပ်ခြင်းပဲ။ ခေါင်းဆောင်နှစ်ဦးကိုရွေးပြီး တစ်ရွာလုံး ဘုရားဖွင့်မဲ့နေရာကို သွားကြရတယ်။ အရက်၊ ခေါင်ရည်၊ ဆန်တွေကိုလည်း တစ်ပါတည်းယူသွားကြရတယ်။ ညည့်မှောင်မိုက်ပြီး ဘုရားအိပ်ချိန်ရောက်တာနဲ့ ခေါင်းဆောင်နှစ်ယောက်နဲ့ ကာလသားတွေ မီးတုတ်တွေနဲ့ ကြိုတင်ရှာထားတဲ့ ဘုရားတွင်းဆီကို သွားကြရတယ်။ ဘုရားဖွင့်ပြီးတာနဲ့ ဘုရားပတ္တူဥတွေကို ဟင်းချက်ကြတယ်၊ ထမင်းလက်သုပ် လုပ်စားကြတယ်။

ဘုရားပတ္တူအုံကြီး မျိုးမတုံးစေရန်အတွက်လည်း ဖွင့်ပြီးတာနဲ့ ခေါင်ရည်ချိုကို ဘုရားအုံပေါ်မှာ လောင်းပေးရတယ်။ ပြီးတာနဲ့ အရက်၊ ခေါင်ရည်၊ ဘုရားဥဟင်းတွေနဲ့ တစ်ရွာလုံး တစ်ပျော်တစ်ပါး စားကြသောက်ကြတော့တာပဲ။ ဘုရားဥက အလွန်စိမ့်တယ်လေ။ တစ်နှစ်မှတစ်ခါသာ စားကြရတဲ့ပွဲပဲ။ အလွန်ပျော်ဖို့ကောင်းတယ်''

✿ ✿ ✿

❑

ပြီးခဲ့သောညက ခရီးပန်းပြီး စကားကောင်းနေသဖြင့် အိပ်ရာဝင်နောက်ကျရာ မနက်အိပ်ယာထတွင် နေမြင့်မှနိုးကြတော့သည်။ မနက်စာစားသောက်ရင်း ဆရာဦးစံရွှေနှင့်လွှဲပြောင်းလက်ခံ (ON PAPER) အပြီးသတ်လုပ်ရင်း ဦးစံရွှေရန်ကုန်ပြန်ရန်အတွက် လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ရန် စီစဉ်ကြရသည်။

မနက်(၁၀)နာရီထွက်မည့် လေယာဉ်အတွက် ကျွန်ုပ်တို့မနက်(၈)နာရီတွင် လေဆိပ်သို့ ဂျစ်ကား(၂)စင်းဖြင့် ဆင်းခဲ့ကြသည်။ ဦးစံရွှေမှာ ရန်ကုန်ပြန်ရတော့မည်ဖြစ်၍ ဝမ်းသာဝမ်းနည်း ဖြစ်နေရှာသည်။ ကျွန်ုပ်က အိမ်ရှင်ဖြစ်သွားပြီဖြစ်၍ ဦးစံရွှေအား မြစ်ကြီးနားထွက် အသိ



www.burmeseclassic.com

www.burmeseclassic.com



အနှံများနှင့် နိုင်ငံခြားအရက်များကို လက်ဆောင်အဖြစ်ပေးလိုက်ပါ သည်။ မနက် (၁၀)နာရီလေယာဉ်ထွက်တော့ ကျွန်ုပ်တို့ တာဝန်တစ်ခု ပြီးဆုံးသွားသည်ဟု မှတ်ယူလိုက်ပါသည်။ လွှဲပြောင်းလက်ခံစာရင်းဖယော များကိုလည်း ရုံးချုပ်သို့ပို့ရန် ဆရာဦးစံရွှေနှင့်ပေးလိုက်ပြီး ဖြစ်သည်။

ကျွန်ုပ်တို့လေယာဉ်ကွင်းမှအပြန်တွင် မြစ်ကြီးနားမြို့၏မနက် ခင်းအလှကို တွေ့မြင်ကြရသည်။ အိုးအိမ်၊ ခြံမြေများရှိသည့်အပိုင်းတွင် သစ်သီးဝလံပင်များ၊ ရာသီပေါ် ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် နှစ်ရှည် သီးပင်များဖြင့် ဝေဆာစွာစိုက်ပျိုးထားကြသည်။

ခြံများအတွင်း၌ ရုံးပတီပင်၊ ခရမ်းပင်၊ ခရမ်းချဉ်သီးပင်၊ ငှက်ပျောပင်၊ သဘောင်ပင်များမှာ သန်စွမ်းလှသည်။ ခြံကြီးတစ်ခြံ အတွင်း၌ ငှက်ပျောပင်ကြီးတစ်ပင်ကို သတိထားမိသည်။ လုံးပတ်မှာ (၃') ပေပတ်လည်ခန့်အမြင့်မှာ (၁၅') ပေခန့်ရှိသည်။ ကျွန်ုပ်စိတ်ဝင် စားနေသဖြင့် ဦးသန်းမောင်က ...

''ဆရာ ... အဲဒီငှက်ပျောပင်ကို 'ဆင်ချည်တိုင်' ငှက်ပျော လို့ခေါ်တယ်။ အသီးမသီးဘူး။ ရွှေကျင်ဖို့အတွက်စိုက်ထားတာ။ ငှက် ပျောဖတ်အပေါ်ခွံကိုခွာလိုက်ရင် ပျားအုံလိုခွက်ကလေးတွေ ပေါ်လာ တယ်။ ရွှေမြေကို ရေနဲ့လောင်းပြီး ရွှေကျင်ရင် ရွှေမှုံကလေးတွေက ခွက်ကလေးတွေထဲမှာ ကျန်နေရစ်ခဲ့တယ်။

ဟောဟို အရှက်အောက်ပိုင်းနီနီ အပေါ်ပိုင်းကစိမ်းစိမ်းအပင် က STAR FRUIT ခေါ်တဲ့ သစ်သီးပင်ပဲ။ အသီးက မှည့်ခါနီးစိမ်းတယ်။ မှည့်ရင် နီညိုရောင်ဖြစ်သွားတယ်။ ခွဲလိုက်ရင် အထဲကအစေ့အိမ်က ကြယ်ပွင့်ကလေးနဲ့တူလို့ STAR FRUIT လို့ခေါ်တာ။ အလွန်ချိုတယ်။ ဒီနယ်မှာတော့ ဂရိတ်ဖရု၊ ကျွဲကောသီး၊ သွေးသီး၊ အလွန်ပေါတယ်။





နောက်နေ့မှ ကျွန်တော်ဝယ်ကျွေးပါ့မယ်''

မြစ်ကြီးနားမြို့ပေါ်မှ လမ်းများမှာ ကတ္တရာလမ်းများ ဖြစ်ကြ သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီကပင် ကတ္တရာခင်းခဲ့ကြောင်းသိရသည်။ မြို့မြောက်ဘက် ၂၈ မိုင်ဝေးသော တန်ဖဲကျေးရွာအထိ ကတ္တရာလမ်း ဖြစ်ပြီး တောင်ဘက်၌ ဧရာဝတီမြစ်အစုန်ကမ်းခြေမှ ခတ်ချိုကူးတို့ဆိပ် အထိလည်းကောင်း၊ မြို့အနောက်ဘက်အထက် မော်ဖောင်းကျေးရွာ အထိလည်းကောင်း ကတ္တရာခင်းထားရာ စုစုပေါင်းမိုင်(၆၀)ခန့်ရှိကြောင်း သိရသည်။

လမ်းမကြီးတစ်လျှောက်ရှိ အုတ်ရေစင်မြင့်ကြီးများ သီတာ ရေစင်ဟုခေါ်သည်။ သံမဏိရေစင်မြင့်ကြီးများလမ်းဘေးရှိ အိမ်ဟောင်း ကြီးများတွင် စကော(ဆန်ကော)လောက်ရှိသော ပျားအုံကြီးများကိုတွေ့ နေရသည်။ မြစ်ကြီးနားမြို့နှင့်ပျားများမှာ အံ့သြစရာကောင်းလောက် အောင်ပေါများလှသည်။ ပျားအုံကြီးများမှ လက်ချိုးရေတွက်ရာပင် မကုန်နိုင်ပါ။ သစ်ပင်ကြီးတစ်ပင်တည်း ပျားအုံကြီး(၇၀)ကျော်ရှိသည်။ ပျားဖွပ်ရင်း ပျားဖွပ်သမားမှာမနိုင်၍ ပျားတုပ်ခံရ၍ သေဆုံးရကြောင်း ကိုလည်း ကြားသိရသည်။ မြစ်ကြီးနားမြို့နှင့် ပျားများ ဒွန်တွဲနေသည်။

မည်သို့ပင် ဖွပ် ... ဖွပ် ... မကုန်ခမ်းနိုင်ဘဲ ပျားအုံအရေ အတွက်သာ တိုးပွားလာကြောင်း ဦးသန်းမောင်က ရှင်းပြသည်။ တစ်နှစ် ပတ်လုံး အေးသောရာသီဥတုရှိပြီး သစ်ပင်ပန်းမာန်များ ဖူးပွင့်ကြ၍ ပျားများကြိုက်သောဒေသ ဖြစ်ဟန်တူပါသည်။ မြစ်ကြီးနားမြို့အား ပျား မြို့တော်ဟုခေါ်ဆိုလျှင် လွန်အံ့မထင်ပါ။

မြစ်ကြီးနားမြို့သည် ဧရာဝတီမြစ်ဆုံတည်ရှိရာ ဒေသမြို့ကြီး မီးရထားလမ်းခရီးဆုံးရာ တောင်ပေါ်မြို့ကြီး တိုင်းရင်းသားပေါင်းစုံ မှီ



www.burmeseclassic.com

www.burmeseclassic.com



တင်းနေထိုင်ရာမြို့ကြီးဖြစ်သည်။ ဧရာဝတီမြစ်သည် မြစ်ကြီးနားမြို့ကို ပတ်ဝိုက်၍ တသွင်သွင်စီးဆင်းနေသည်။

မြောက်ဘက်တွင် တောင်ကြော၊ တောင်တန်းကြီးများက ပိတ်ဆီးကာရံနေသည်။ မြစ်ကြီးနားမြို့နှင့် (၁၀)မိုင်ခန့်အတွင်း နုံးတင်မြေပြန့်များရှိသည်။ ယာခင်း၊ ဥယျာဉ်နှင့် လယ်မြေများ ရှိသည်။ စိန်မားကွင်း၊ စိန်မန်ကွင်း၊ ကောကရားကွင်းနှင့် တံမကွက်ကွင်းကျယ်ကြီးများမှာ ထင်ရှားသည်။ အလယ်ပိုင်းဒေသကို 'တာလောကြီး' ဆန်စပါးစိုက်ဒေသဟုခေါ်တွင်သည်။ မြေဆီမြေသြဇာကောင်း၍ စပါးအထွက်ကောင်းသည်။

ပေ(၂၇၀၀')ကျော်မြင့်သော ချိန်ခွင်ဘွန်တောင်နှင့် မဂန်ဘွန်တောင်တို့မှာ တောင်ပိုင်းတွင်အမြင့်ဆုံးဖြစ်သည်။ ထိုဒေသတွင် ဧရာဝတီ၏ ပထမမြစ်ကျဉ်းလည်း တည်ရှိသည်။ မြစ်ကျဉ်း၏ အထက်ထိပ်ဝတွင် ဆင်ဘိုရွာကြီးရှိသည်။ စပါးအထွက်ကောင်း၍ ဆင်ဘိုဒေသဟုခေါ်ကြသည်။

မြစ်ကြီးနားမြို့သည် ဆက်သွယ်ရေးလမ်းဆုံ ဖြစ်သည်။ လေယာဉ်ခရီး၊ မီးရထား၊ မော်တော်ကား၊ ရေကြောင်းလမ်းများဖြင့် သွားလာနိုင်သည်။ လေယာဉ်လမ်းနှင့် မော်တော်ကားလမ်းတို့မှာ ဒုတိယကမ္ဘာစစ်အပြီး၌ ပိုမိုကောင်းမွန်လာခဲ့သည်။

ယခုအသုံးပြုလျက်ရှိသည့် မြစ်ကြီးနား နမ့်တီးလေဆိပ်၊ အသုံးမပြုတော့သည့် စီတာပူလေယာဉ်ကွင်း၊ အမှတ် ၅၀၃ လေတပ်စခန်း၊ နန့်ပေါင်လေယာဉ်ကွင်းနှင့် လီဒိုလမ်းမကြီးတို့မှာ ဒုတိယကမ္ဘာစစ်အတွင်း၌ ဖက်ဆစ်ဂျပန်တို့ ထိုးစစ်ဆင်သောကာလတွင် ခက်ခဲစွာဖောက်လုပ်ခဲ့ကြရခြင်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း မြစ်ကြီးနားမြို့





မှာ သမိုင်းဝင်မြို့ကြီးတစ်မြို့ဖြစ်ပေသည်။

မြစ်ကြီးနားမြို့ရှိ ကမ္ဘာကျော်လီဒိုလမ်းမကြီးမှာ မြစ်ကြီးနား ဗန်းမော်မှနေ၍ တရုတ်ပြည်အထိ ရောက်သည်။ ထိုလမ်းမကြီးသည် အိန္ဒိယနိုင်ငံ၊ အာသံနှင့်ဘင်္ဂလားနယ်သို့ မီးရထားလမ်းဆုံဖြစ်သည်။ လီဒိုမြို့မှအစပြုခဲ့သည်။ လီဒိုမှ ပတ်ကွိုင်တောင်တန်းကြီးကိုဖြတ်ကျော်ပြီး တနိုင်း၊ မိုးကောင်း၊ ဗန်းမော်အထိ၊ တရုတ်၊ မြန်မာလမ်းမကြီးနှင့် ဆက်သွယ်မိရန် ဖောက်လုပ်ထားသည်။

လမ်းမကြီးဖောက်လုပ်ရာတွင် အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ် လီဒိုလမ်းဆုံတိုင်အောင် မြေတွန်းစက်များ၊ မြေဖော်စက်များ၊ မြေသိပ်စက်များ၊ လမ်းကြိတ်စက်၊ ကျောက်ခွဲစက်တို့ဖြင့် အလျင်အမြန် ဖောက်လုပ်ခဲ့ရသည်။ ခရီးမိုင်ပေါင်း(၁၂၀၀) မိုင်ရှိသည်။ လီဒိုလမ်းမကြီးကို ၁၉၄၃ ခုနှစ် ဒီဇင်ဘာလ (၁)ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ ၁၉၄၅ ခု၊ ဇန်နဝါရီလတွင် အပြီးသတ်ခဲ့သည်။

လီဒိုလမ်းဆုံမှ ပတ်ကွိုင်တောင်တန်းကြီးကိုဖြတ်၍ ရှင်ဘွေယံ၊ တနိုင်း၊ မိုးကောင်း၊ မြစ်ကြီးနား ဧရာဝတီမြစ်ကိုဖြတ်ကျော်ပြီး ဗန်းမော်၊ လားရှိုးသို့ ရောက်သည်။ ခရီးမိုင်ပေါင်း (၁၄၀၀) အရှည်လမ်းတွင် တံတားပေါင်း (၁၃၀၀) ရှိသည်။ လားရှိုးမှ တရုတ်၊ မြန်မာလမ်းမကြီး မာကိုပိုလိုနှင့် ဆက်သွားခဲ့သည်။ ရှင်ဘွေယံတွင် မော်တော်ကားစက်ပြင်ရုံကြီးကိုတည်ဆောက်ခဲ့ပြီး ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ (၁၃၈) သန်းရှိခဲ့သည်ဟု မှတ်တမ်းများအရသိရသည်။

မြစ်ကြီးနားမှ နမ့်တီး (၃၂) မိုင်၊ လဝါသို့ (၅၃)မိုင်၊ ကာမိုင်း (၇၇)မိုင်၊ လဘန်ရှူဒူဖွပ် (၆၈)မိုင်၊ ထိန်ကောက်မိုင် (၁၀၀) တနိုင်းသို့ မိုင် (၁၂၀) ရှင်ဘွေယံ၊ (၁၆၃) မိုင်၊ နန်းယွန်း (၁၉၃) မိုင်၊ ပန်ဆန်း



www.burmeseclassic.com

www.burmeseclassic.com



(၂၂၈)မိုင်နှင့် လီဒိုအထိ (၃၂၆၃) မိုင်ရှည်လျားသည်။ ဒုတိယကမ္ဘာစစ်ကြီးက အမွေပေးခဲ့သော လမ်းမကြီးလည်းဖြစ်ပေသည်။ ဒုတိယကမ္ဘာစစ်ကြီးကြောင့် မြို့ရွာများပျက်စီးခဲ့ရသော်လည်း လမ်းပမ်းများကောင်းမွန်ခဲ့သည်။ အဆိုးနှင့်အကောင်း ယှဉ်တွဲနေခြင်းဖြစ်သည်။

ညနေပိုင်းတွင် ကျွန်ုပ်တို့ လီဒိုလမ်းမကြီးမှတစ်ဆင့် လမ်းကျယ်ကြီးများတွင် လျှောက်ကြရင်း ဧရာဝတီမြစ်ကမ်းရှိ ကမ်းနားလမ်းပေါ်သို့ရောက်သောအခါ နေသည် အနောက်သို့ယွန်းနေပေပြီ။ ကမ်းနားလမ်းမကြီးတစ်လျှောက်တွင် မြစ်ကြီးနားမြို့သူမြို့သားများ စက်ဘီးကိုယ်စီဖြင့် သွားလာနေကြသည်။

ဧရာဝတီမြစ်ကမ်းမှ ဆုတောင်းပြည့်စေတီတော်ကိုလည်း လှမ်း၍ ဖူးမျှော်ရသည်။ ထိုစေတီကို မြန်မာသက္ကရာဇ်(၄၅၄)ခုနှစ်တွင် ပုဂံပြည် အလောင်းစည်သူမင်းကြီးက ဧရာဝတီမြစ်ကြီးကို ဆန်တက်လာရင်း ကမ်းဦး၌တည်ထားခဲ့ခြင်း ဖြစ်သည်။ အိန္ဒိယပြည် မဇ္ဈိမဒေသမှ အရှင်ပုံသက္ကစေတီထူးကို တည်ထားခဲ့ခြင်းဖြစ်သည်။ မြစ်ကြီးနားမြို့တွင် 'အံတော်ရှင်စေတီ'၊ 'ပြည်လုံးချမ်းသာ'စေတီများလည်း ရှိပေသေးသည်။

ကမ်းနားလမ်းမကြီးအောက်ဘက်တွင် 'စိမ်းမြရော'ပန်းခြံကြီးက မြို့အလှကိုဆင်နေသည်။ ပန်းခြံကြီးအနီးတွင် ဘေးရဟတ်ဘီးကြီးများတပ်ဆင်ထားသည့် ရေးသင်္ဘောကြီးတစ်စင်း ကုန်းပေါ်၌တင်နေသည်။ ၁၉၇၉ ခုနှစ်က ဧရာဝတီမြစ်ရေကြီးစဉ် သင်္ဘောကြီးမြစ်ထဲမှ ကုန်းပေါ်သို့ ရောက်လာခြင်းဟုသိရသည်။ သင်္ဘောကြီးမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ခြေကုန်လက်ပမ်းကျ၍ ကုန်းပေါ်သို့ တက်ပြီး စိတ်ချလက်ချ အနားယူနေပုံမျိုး ဖြစ်ပေသည်။

---

စိတ်ကူးသစ်စာပေ



မြစ်ကြီးနားမြို့မှာ တောင်ပေါ်မြို့ဖြစ်၍ ရေကြောင်းပို့ဆောင်ဆက်သွယ်မှုလုပ်ငန်းမှာ ရေးအကျဆုံး ဆက်သွယ်ရေးလမ်းဖြစ်သည်။ လှေသမ္ဗန်၊ သင်္ဘောတို့ကိုသာ အသုံးပြုခဲ့ရသည်။ နောက်ပိုင်းမှသာ ကားလမ်း၊ မီးရထားလမ်း၊ လေယာဉ်လမ်းတို့ တိုးချဲ့ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ မြစ်ကြီးနားမြို့မှာ ကချင်ပြည်နယ်၏လမ်းဆုံ၊ လမ်းခွမြို့ကြီးတစ်မြို့လည်း ဖြစ်ပေတော့သတည်း။

www.burmeseclassic.com

## အခန်း (၃)

❑

နောက်တစ်နေ့မနက်ခင်းတွင် ကျွန်ုပ်တို့အဖွဲ့အား တောအုပ်ဦးသန်းမောင်က ပိုင်းမော်မြို့သို့လိုက်ပို့သည်။ ကူးတို့မော်တော်ဆိပ်သို့ဆင်းခဲ့ကြသည်။ မော်တော်မှာ သမဝါယမကူးတို့လုပ်ငန်းမှ ဖြစ်သည်။ မြစ်ကြီးနားမြို့ဆိပ်ကမ်းမှ မော်တော်ထွက်ခွာလာသောအခါ နေသည်ထွက်ပြူလာပြီဖြစ်သည်။ မြစ်ရေပြင်၌လည်း နှင်းမြူများကွဲခဲ့ပြီ ဖြစ်သည်။ ဧရာဝတီမြစ်ရေပြင်သည် ကြည်နူးရွှန်းဖြင့် တစ်ငြိမ့်ငြိမ့်စီးဆင်းလျက်ရှိသည်။

ဦးသန်းမောင် ။ "ဟိုးမြောက်ပိုင်းမှာ မေခနဲ့မလိခမြစ်အဖြစ် စီးဆင်းလာတုန်းကတော့ မြစ်ကြီးနားမြစ်ပေါ့။ မြစ်ဆုံကစပေါင်းမိလိုက်ပြီးဒီဘက်ရောက်တော့ ဧရာဝတီမြစ်ကြီးအဖြစ် တစ်မြစ်ထဲပေါင်းဆုံသွားတယ်။ တောင်တွေတောတွေကို ခရီးရှည်ဖြတ်သန်းပြီး ဧရာဝတီမြစ်ကြီးဟာ ခရီးရှည်ဖြတ်သန်းခဲ့ရတယ်"





ကျွန်ုပ်တို့၏ မော်တော်ကလေးသည် ဧရာဝတီမြစ်၊ အစုန်ခရီးတွင် လက်ဝဲဘက်ကမ်းရှိ ပိုင်းမော်မြို့သို့ ဦးတည်ခုတ်မောင်းနေသည်။ ပိုင်းမော်မြို့မှာ မြစ်ကြီးနားမြို့နှင့် (၃)မိုင်ခန့်သာဝေးပါသည်။ ခတ်ချိုမြစ်ကြီးနားသို့လည်း 'မြရေယာဉ်'မော်တော်ကြီးဖြင့် ပြေးဆွဲလျက်ရှိပြီး အလျားပေ ၃၀' အနံ ၂၅' ပေရှိဖောင်ပေါ်၌လည်း မော်တော်ကား၊ လှည်းတို့ကိုတင်ဆောင်ပြီး မြရေယာဉ်မော်တော်က ဆွဲယူလျက်ရှိသည်။ မြစ်ကြီးနား၊ ပိုင်းမော်၊ ခတ်ချိုမြို့များသို့ ပိုင်းမော်မြို့နယ်သမဝါယမအသင်းက မော်တော်များဖြင့် ကူးတို့လုပ်ငန်းလုပ်ကိုင်သည်။

ပိုင်းမော်ဆိပ်ကမ်းရောက်တော့ မော်တော်ဆိပ်မှကမ်းထိပ်သို့ အုတ်လှေခါးခင်းထားရာ ပေ (၁၀၀')ခန့် ရှည်လျားသည်။ ကမ်းပါးမြင့်ကြီးပေါ်၌ နှစ်ချို့ကုက္ကိုပင်ကြီးများ ရှိသည်။ ရေတိုက်စား၍ အမြစ်ကြီးများပေါ်နေသည်။ ကမ်းပေါ်ရောက်တော့လည်း ကျောက်ခင်းလမ်းကြီးမှာ ဖြောင့်ဖြူးကျယ်ပြန့်လှသည်။

လမ်းမကြီးပေါ်၌ ဖြတ်သန်းမောင်းနှင်လာသော မြင်းလှည်းတစ်စင်းမှာ ထူးဆန်းလှသည်။ မြင်းလှည်းတွင် မြင်းသုံးကောင်တပ်ဆင်ထားသည်။ ဘီးများနေရာတွင် မော်တော်ကားဘီးများကို တပ်ထားသည်။ လှည်းအိမ်ကြီး၍ရှည်ပြီး ကုန်ပစ္စည်းနှင့် လူအတော်များများတင်ဆောင်နိုင်ပေမည်။

ဦးသန်းမောင် ။ "ပိုင်းမော်ကိုရောက်ရင် ထူးဆန်းတာတွေကိုတွေ့ရမယ်။ ဒီမြို့ဟာလည်း သမိုင်းဝင်မြို့တစ်မြို့ပါပဲ။ ပိုင်းမော်ကို ရှေးက ဝိန်းမော်လို့ခေါ်တယ်။ ပိုင်းအဓိပ္ပာယ်က အကာအရံတံတိုင်း။ မော်အဓိပ္ပာယ်က အသစ်လို့ရတယ်။ ရှမ်းဘာသာစကားနဲ့ခေါ်တာပါ။ 'တံတိုင်းကာရံထားသော မြို့သစ်ပေါ့'"



www.burmeseclassic.com

www.burmeseclassic.com



မြို့အရှေ့ဘက်မှာ တရုတ်ပြည်တောင်ဘက်မှာ မိုးမောက်မြို့နယ်၊ အနောက်ဘက်မှာ မြစ်ကြီးနားမြို့နယ်၊ မြောက်ဘက်မှာ အင်ဂျန်းယန်မြို့နယ်နဲ့ ချီဖွေမြို့နယ်တွေ ဝိုင်းရံထားတယ်''

''ဝိုင်းမော်မြို့ဟာ သမိုင်းဝင်မြို့တစ်မြို့ပါပဲ။ ကုန်းဘောင်ခေတ်တုန်းက ကျူးကျော်လာတဲ့ရန်သူတွေကို မြန်မာစစ်သည်တွေက တိုက်ခိုက်ရာမှာ ကတ်ချို၊ ဝိုင်းမော်တိုက်ပွဲဟာ နာမည်ကြီးပါတယ်။ ဒါကြောင့် ကုန်းဘောင်ခေတ်ကတည်းက ခတ်ချို၊ မိုင်းနား၊ ဝိုင်းမော်၊ မိုင်းမောဆိုပြီး အုထက်လေးမြို့ဟာ ထင်ရှားခဲ့ပါတယ်။ ယခုအခါမှာတော့ မြို့ကြီးလေးမြို့အနက် ဝိုင်းမော်မြို့သာမြို့အဖြစ် ကျန်နေခဲ့ပြီး မိုင်းမောမြို့က ပျောက်ကွယ်သွားခဲ့တယ်။ ခတ်ချိုနဲ့မိုင်းနားကတော့ ကျေးရွာကြီးများအဆင့်နဲ့ ကျန်နေသေးတယ်''

''ဝိုင်းမော်ဟာ တရုတ်ပြည်နဲ့နီးတော့ ဒုတိယကမ္ဘာစစ်မတိုင်မီက တရုတ်ပြည်ကဈေးသည်တွေ ဝန်တင်လားတွေနဲ့ ကူးသန်းရောင်းဝယ်ဖောက်ကားခဲ့တယ်လို့ သိရတယ်။ မြန်မာဘက်ကတော့ ဝါဂွမ်းနဲ့ ချည်ထည်တွေရောင်းကြတယ်လို့သိရတယ်''

ဝိုင်းမော်မြို့မှာ ဒုတိယကမ္ဘာစစ်မတိုင်မီက ဈေးမြို့ကြီးတစ်မြို့ဖြစ်ခဲ့ပြီး အင်္ဂလိပ်ခေတ်တွင် မြစ်ကြီးနားမြို့နယ်၊ ကျေးရွာအုပ်စုတစ်ခုဖြစ်ခဲ့ပြီး ၁၉၆၅ ခုနှစ်မှ ဝိုင်းမော်သည် ကချင်ပြည်နယ်၏ မြို့နယ်တစ်ခုဖြစ်လာခဲ့ခြင်း ဖြစ်သည်။

တိုင်းရင်းသားပေါင်းစုံ အခြေစိုက်နေထိုင်သော မြို့တစ်မြို့ဖြစ်သည်။ အလွန်အေးချမ်းဆိတ်ငြိမ်သည်။ အိမ်များမှာ ခြံဝင်းကျယ်ကြီးများဖြင့် သစ်သားအိမ်များသာ ဖြစ်သည်။ ခြံဝင်းများအတွင်း၌ ရာသီပင်များနှင့် နှစ်ရှည်သီးပင်များ စိုက်ပျိုးထားသည်။ မြို့ဆိုသော်လည်း





မြို့နှင့်မတူပါ။ ကားသံ၊ လူသံ ဆူညံခြင်းမရှိ၊ အေးချမ်းတိတ်ဆိတ်နေသည်။

လမ်းတွင် အထမ်းဖြင့်လည်းကောင်း၊ မြင်းလှည်းဖြင့်လည်းကောင်း၊ ပြောင်းဖူး၊ ငရုတ်၊ နှမ်း၊ ဟင်းသီးဟင်းရွက်များ၊ ဥယျာဉ်ထွက်ငှက်ပျောသီး၊ နာနတ်သီး၊ လိမ္မော်သီး၊ စားတော်ပဲ၊ အာလူးနှင့် ကန်စွန်းဥများကိုလည်း သယ်ဆောင်လာကြသည်ကို တွေ့ရသည်။ ဝိုင်းမော်မြို့နယ်တွင် ဒိန်ကျိန်ယန်ဆည်၊ မလန်းဆည်စသဖြင့် ဆည်ပေါင်းများစွာရှိသည့်အနက် 'ဝါရှောင်'ဆည်မှာ အကြီးဆုံးဖြစ်သည်။ ဝိုင်းမော်မြို့နှင့် (၁၀) မိုင်ခန့်ဝေးသော ဝါရှောင်ရွာအနီးတွင် တည်ရှိသည်။

ကျွန်ုပ်တို့ ဝိုင်းမော်မြို့ရှိ သစ်လုပ်ငန်းဌာနတွင် ခေတ္တနားကြသည်။ လုပ်ငန်းမှာ ကြီးကျယ်ခြင်းမရှိ။ မြို့အတွက်အသုံးနှင့် အောက်မြို့များသို့ ပွင့်လင်းရာသီတွင် သစ်မျှောခြင်းသာရှိသည်။ ထုတ်လုပ်ရန်ခက်ခဲသောနေရာ ဖြစ်သည်။ သစ်ထုတ်ကားမရှိ။ ဆင်များ၊ ကျွဲများဖြင့်သာ သမရိုးကျထုတ်လုပ်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အား တောခေါင်းက လက်ဖက်ရည်ဝိုင်းဖြင့်ဧည့်ခံရင်း ...

''ဒီကနေဝါရှောင်ဆည်ကို (၁၀)မိုင်၊ ဝါရှောင်က နေမန်ဝိန်းကို (၁၆)မိုင်၊ မန်ဝိန်းကနေ အရှေ့တည့်တည့်သွားရင် ဆဒုံးကိုရောက်တယ်ဆရာ။ မြောက်ဘက်မှာတော့ ချီဖွေကိုသွားတဲ့လမ်းရှိတယ်။ ချီဖွေမြို့နယ်က တရုတ်ပြည်နဲ့နီးတော့ တောင်ကြားလမ်းတွေရှိတယ်၊ ချီမလီတောင်ကြားလမ်း ဖင်ရွှလင်၊ လဂွိ၊ မချိချက်နဲ့ ပန်းဝါတောင်ကြားလမ်းတွေနဲ့သွားနိုင်တယ်။

ကအမ်ကူးတောင်ကြားလမ်းက ချီဖွေနဲ့ အင်ဂျန်းယန်မြို့ကိုဆက်သွယ်ထားတယ်။ ရှန်ငေါ်တောင်တန်းကြီးကို ဖြတ်ကျော်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်မောတောင်ကြားလမ်းကတော့ ချီဖွေနဲ့ ဆော့လော်မြို့နယ်ကို ဆက်သွယ်ထားတာပါ။ လမ်းက အလွန်ကြမ်းပြီး မတ်စောက်တယ်။

ချီဖွေမြို့နယ်ဟာ ရေတံခွန်တွေလည်းပေါတယ်။ ချောင်းမောရေတံခွန်ဆိုရင် အမြင့်ပေ(၅၀၀၀')လောက်ကကျနေတာ။ ချီဖွေမှာ အကြီးဆုံး ရေတံခွန်ပေါ့။ နောက်ပြီး ဂျီကူးခေါင်ရေတံခွန်၊ လောက်ဗျူရေတံခွန်၊ တမူးရေတံခွန်တွေလည်း ရှိသေးတယ်။ ရေပူစမ်းတွေလည်း ပေါတယ်။ ချီမဂေါင်နဲ့ဘောမ်မြန်ကျေးရွာနားက ရေပူစမ်းတွေဆိုရင် ကြက်ဥတည့်ပြုတ်တာနဲ့ ကျက်တယ်။ ရှောဖွေချောင်းဆိုရင် ငါးအလွန်ပေါတယ်။ ဖမ်းစားလို့ မကုန်နိုင်အောင်ပဲ ရှောဖွေချောင်းကနေချီဖွေမြို့ဖြစ်လာတာပါပဲ''

ကျွန်ုပ် ။ ''ဒါနဲ့ကိုခင်မောင်ရေ၊ ဒီဘက်မှာ သံလိုက်တောင်ဆိုတာရှိတယ်ဆို မဟုတ်လား''

ကျွန်ုပ် တောခေါင်းအားမေးရာ ...

''ရှိတယ်ဆရာ။ ရွှေထွက်တဲ့ ဒွေထူကျေးရွာ၊ အရှေ့ဘက်က တောင်ကြီးကို ပြောတာပါ။ လက်ပတ်နာရီပတ်သွားရင် စက်ရပ်သွားတယ်။ သံလိုက်အိမ်မြှောင် မလှုပ်ရှားဘူး။ အိတ်ထဲမှာ သံထည့်ပစ္စည်းပါလာရင် မြေဆွဲအားကြောင့် ပိုလေးလာတယ်လို့သိရတယ်''

ကျွန်ုပ် ။ ''အေးဗျာ ... သဘာဝအရင်းအမြစ် ထူးခြားတဲ့ဒေသပါပဲ။ နောင်အချိန်ရမှာပဲ ညအိပ်လာပြီးလည်ဦးမယ်ဗျာ''

''ဆရာတို့ နေ့လယ်စာစားပြီးမှ ပြန်ကြပါ။ ဒီမှာ ငါးနဲ့အသီးအနှံ ပေါပါတယ်။ ကျွန်တော်စီစဉ်ထားပြီးပါပြီ''

ကျွန်ုပ်တို့နေ့လယ်စာ စားကြသည်။ လတ်ဆတ်၍လက်ရာပြောင်းသဖြင့် စားကောင်းပါသည်။ ကျွန်ုပ်တို့ စားသောက်ပြီးသည်နှင့်





ဆိပ်ကမ်းဆင်းခဲ့ကြပါသည်။

မော်တော်ဆိပ်သို့ရောက်သောအခါ မြစ်ကြီးနားမှ ဆိုက်ကပ်လာသည့် မော်တော်ကြီးဖြင့် ခရီးသည်များရောက်ရှိလာပြန်သည်။ အစုန်အဆန်ခရီးသည်များဖြင့် ပိုင်းမော်ဆိပ်ကမ်းမှာ စည်ကားနေသည်။ ကိုခင်မောင်ကလိုက်ပါနှုတ်ဆက်ရင်း ။ ''ဧရာဝတီမြစ်အစဦးမှာ မြစ်ကြီးနားပြီးရင် ပိုင်းမော်ဟာ ဒုတိယမြို့ဖြစ်ပါတယ်။ ဒီကနေ ခတ်ချီရွာနဲ့ ဝါရှောင်၊ ဆဒုံးကိုလည်း သွားနိုင်တယ်''

ကျွန်ုပ်တို့ အဆန်မော်တော်ဖြင့် မြစ်ကြီးနားဘက်ကမ်းသို့ ကူးခဲ့ကြသည်။ ငှေချိုင်းဖြူတို့က ဧရာဝတီမြစ်ကြီးကို ကန့်လန့်ဖြတ်၍ ပျံသန်းနေကြသည်။ အဝေးမြစ်ပြင်ကျယ်ကြီးပေါ်ရှိ သောင်ခုံကြီးပေါ်တွင်တည်ရှိသည့် တံငါတဲလေးများနှင့် တံငါလှေတို့မှာ သဘာဝကျလှသည်။ အလာတုန်းက ရေစုန်ခရီးဖြစ်၍ မိနစ်(၂၀)သာကြာသော်လည်း အပြန်တွင် ရေဆန်ခရီးဖြစ်၍ မော်တော်မှာ (၄၅) မိနစ်ကြာခန့် ခုတ်မောင်းရသည်။

မြစ်ကြီးနားမြို့မှာ ဧရာဝတီမြစ်တွင်းက ကြည့်ပါမှ အတော်သာယာသောမြို့ဖြစ်သည်။ တိုက်တာအိမ်ခြေ၊ ရုံးအဆောက်အဦးများဖြင့် စည်ကားလှသည်။ ကျွန်ုပ်တို့ နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့နေခဲ့ဖူးသော ကသာမြို့ကိုလှမ်း၍ လွမ်းမိသည်။ ကသာဆိပ်ကမ်းမှာလည်း အလွန်သာယာလှပပါသည်။

သို့သော် မြစ်ကြီးနားကား ကချင်ပြည်နယ်၏မြို့တော်ဖြစ်၍ ပို၍ကြီးမားကျယ်ပြန့်ကြီး ပိုမိုလှပသာယာပါသည်။ ကျွန်ုပ် ကသာတွင် ကျန်နေခဲ့သော သစ်တောအရေးပိုင် ဦးလှဘူးတို့အဖွဲ့ကိုလည်း သတိရလိုက်မိသည်။

www.burmeseclassic.com



လက်အောက်ခံတပည့်များ၊ မြို့ခံများနှင့် ဌာနဆိုင်ရာတို့နှ
အဆင်ပြေစေရန်လည်း ဆုတောင်းမိပါသည်။ ကျွန်ုပ်တို့ရုံးပြန်သွားကြ
ပြီး မနက်ဖြန်တွင် သင်္ဘောဖြင့် တာလောကြီးနှင့် ဆင်ဘိုရွာများသို့
သွားပြီး သစ်လုပ်ငန်းစစ်ဆေးရန် စီစဉ်ရပါတော့သည်။

✿ ✿ ✿

❑

ကျွန်ုပ်တို့အဖွဲ့ ရေဝတီကိုစုန်၍ တာလောကြီးရွာသို့သွားကြ
ရန် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးမှ စီပီဘီသင်္ဘော
တွင် နေရာယူကြသည်။ ခရီးသည်(၁၀၀)ကျော်နှင့် ကုန်များတင်ဆော
ထားသော သင်္ဘောကြီးသည် မြစ်ကြီးနားဆိပ်ကမ်းမှ တရွေ့ရွေ့ထွက်
ခွာခဲ့ပါသည်။ ရေဝတီမြစ်လက်ဝဲဘက်တွင် ဝိုင်းမော်မြို့ကိုတွေ့ရသည်။

နံနက်(၇)နာရီခန့်ပင်ရှိသေး၍ ရေဝတီမြစ်အတွင်း နှင်းမှု
များကအုပ် ဆိုင်းနေသေးသည်။ ရှေ့လက်ယာဘက် ရေလယ်ခေါင်တွင်
သောင်ထွန်း၍ ဖြစ်ပေါ်နေသော 'ဗီးကျွန်းရွာ'ကလေးကို တွေ့ရသည်။
ထို့နောက် ခတ်ချိုကျေးရွာကြီးကို တွေ့ရသည်။ တစ်ချိန်က ခတ်ချို
ဝိုင်းမော်ဟု ထင်ရှားခဲ့သော ရွာကြီးဖြစ်ပေသည်။





"ရေဝတီမြစ်ကြီးအတိုင်း စုန်ဆင်းသွားရင်း လမ်းမှာရွာတွေ
ကတော့ အများကြီးပဲ။ ဒီဘက်ပိုင်းမှာတော့ ဝိုင်းမော်နဲ့ဗန်းမော်မြို့က
လွဲပြီး မြို့ကြီးတွေမရှိတော့ဘူး။ ရှေ့မှာ မခန်းကျေးရွာ၊ နောင်ဟီးနဲ့
ပမ္ပတီးရွာကြီးတွေ ရှိတယ်"

တောအုပ်ဦးသန်းမောင်က ရှင်းပြသည်။ ရေဝတီမြစ်ရေပြင်
သည် ပွင့်လင်းရာသီဖြစ်၍ ငြိမ်သက်နေသည်။ မြစ်ရေပြင်မှ ရေငွေ့များပျံ
တက်နေသည်။ သင်္ဘောကြီးသည် စက်သံတဝုန်းဝုန်းနှင့် မြူငွေ့များကို
ခွဲကာ စုန်ဆင်းနေသည်။ မကြာမီ နမ့်ဖောင်ရွာ၊ အကျဲရွာနှင့် ဖရောရွာ
တို့ကို တဖြည်းဖြည်း ဖြတ်ကျော်လာသည်။ ရေမိုင်ခရီး (၈)မိုင်ခန့်ပေါက်ခဲ့
ပြီဖြစ်သည်။

မကြာမီ ရေဝတီ၏လက်ဝဲဘက်ကမ်းတွင် မိုင်းမောရွာဟောင်း
ကြီးကိုတွေ့ရသည်။ တစ်ချိန်က ဝိုင်းမော်၊ ခတ်ချိုမိုင်းနားတို့နှင့်အတူ
ထင်ရှားစည်ကားဘူးခဲ့သော မြို့ဟောင်းကြီးဖြစ်သည်။ ထို့နောက် တာခန့်
ရွာ၊ ဥလောက်ရွာတို့ကိုဖြတ်သန်းပြီး မလိဖွတ်ရန်ရွာကြီးကို လှမ်းမြင်
ရသည်။ လယ်ယာစိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်၍ ချမ်းသာကြွယ်ဝ
သူပေါသော ရွာကြီးဟုသိရသည်။

သင်္ဘောကြီးမှာ တဖြည်းဖြည်း ကျောက်တန်းကြီးတစ်ခုအနီး
သို့ ရောက်လာသည်။ မြစ်ပြင်ကိုကန့်လန့်ဖြတ်၍ တည်ရှိနေခြင်းဖြစ်
သည်။ သင်္ဘောကြီးက ကျောက်တန်းကြီးကိုလွတ်ရုံသာ ကမ်းပါးယံ
ကို ကပ်၍ရှောင်ရသည်။ ကျောက်တန်းကြီးကျော်တော့ ရွာသစ်ရွာသို့
ရောက်သည်။ ခေါင်ဖူးရွာဟောင်းရောက်တော့ လောကမာရဇိန်စေတီ
ကို ဖူးတွေ့ရသည်။ မကြာမီ လက်ယာဘက်ကမ်းမှာ တာလောကြီးရွာ
သို့ သင်္ဘောကြီးကပ်သည့် နေ့လယ် (၁၂)နာရီအချိန်၊ ခရီးမိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



(၄၈)မိုင်ပေါက်ခဲ့ပါသည်။

ရွာကြီးမှာ အလွန်စည်ကားကျယ်ပြန့်ပြီး စနစ်ကျသည်၊ တောမြို့လေးတစ်မြို့ဟု ပြောရမည်ဖြစ်သည်။ ရွာတန်းရှည်ကြီးဖြစ်ပြီး နှစ်မိုင်ခန့်ကျယ်ဝန်းသည် ရွာကြီးတွင် တပ်စခန်းရဲစခန်း၊ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ကျန်းမာရေးဌာန၊ စိုက်ပျိုးရေးဌာနနှင့် သစ်တောဌာနဟူ၍ ပြည့်စုံစွာရှိသည်။

တာလောကြီးရွာတောင်ဘက် တာချယ်ဆိပ်ကမ်းတွင် သဘောကြီးဆိုက်သည်။ ခရီးသည်တချို့တဝက် ဆင်းကြသည်။ ကျွန်ုပ်တို့လည်း ဆင်းကြသည်။ ဦးသန်းမောင်၏ ကြိုတင်စီစဉ်ထားချက်အရ တာလောကြီး ရွာသစ်တောတာဝန်ခံ၊ တောခေါင်းဦးစိန်မှတ်က လာရောက်ကြိ ဆိုသည်။

"ကြွပါ . . . အရေးပိုင်မင်း။ ကျွန်တော်မနေ့ကတည်းက မျှော် နေတာပါ။ စားသောက်စရာတွေလည်း အဆင်သင့် ပြင်ဆင်ထားပါ တယ်"

"ကျေးဇူးပဲ ဦးစိန်မှတ်၊ မနေ့က ကျွန်တော်တို့ဝိုင်းမော်ဘက် သွားကြတာ။ အဲဒီမှာ အချိန်ကုန်တော့ ဆက်မလာနိုင်တော့ဘူး ဒါကြောင့် ဒီနေ့မနက်မှ ထွက်လာကြတာပါ"

"ဟုတ်ပဲ့ အရေးပိုင်မင်းရယ်၊ ခရီးက နီးလျှက်နဲ့ဝေးနေတာ ပါ။ ကျွန်တော်တို့ဆီလာဖို့ ကုန်းလမ်းမပေါက်သေးတော့ ရေလမ်းခရီး ကိုပဲ အားကိုးနေကြရတာပါ။ မိုးတွင်းဆို ပိုဆိုးသေး။ သင်္ဘောကြီးက ဆင်ဘိုအထိ ဆက်မသွားနိုင်ဘဲ တာလောကြီးမှာ ညအိပ်ရတာမျ တယ်။ မိုးရွာရင် ရေစီးသန်တယ်လေ"

ကျွန်ုပ်တို့စီးလာသော သင်္ဘောကြီးမှာ တာလောကြီးရွာတွင် (၁)နာရီခန့်နား၍ အောက်ဘက်ဆင်ဘိုရွာကြီးသို့ဆက်လက် ထွက်ခွာမည်ဖြစ်သည်။ ဆင်ဘိုရွာတွင် ညအိပ်ရပ်နား၍ နောက်တစ်နေ့မနက်မှ မြစ်ကြီးနားမြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။





သဘောခရီးစဉ်အရ ကျွန်ုပ်တို့ တာလောကြီးတွင်ညအိပ်၍ နောက်တစ်နေ့နေ့လယ်တွင် ဆိုက်ရောက်လာမည့်သဘောအား စောင့်ပြီး ဆင်ဘိုရွာကြီးသို့ သွားရမည်ဖြစ်သည်။ ကျွန်ုပ်တို့ သစ်တောရုံးတွင် အသင့်စီစဉ်ထားကြသော နေ့လယ်စာကိုစားကြရင်း လုပ်ငန်းအကြောင်း ပြောကြသည်။

သစ်ထုတ်လုပ်ရေးအခြေအနေ သစ်ကွက်များ၊ အခက်အခဲများ လိုအပ်ချက်များကို ဆွေးနွေးကြသည်။ နေ့လယ်စာစားပြီးနောက် တချင်းဖယားများအား ဦးစိန်မှတ်က တင်ပြသည်။ လမ်းပန်းအခက်အခဲကြောင့် သစ်ထုတ်လုပ်မှုနည်းသည်။ အဖိုးတန်သစ်မာများတော့ ပါသည်။ ညနေစောင်းတော့ စစ်ဆေးမှုများ ပြီးစီးသည်။ သစ်ကွက်တော့ မဆင်းနိုင်တော့။ မိုးချုပ်စပြုသည်နှင့် ရာသီဥတုမှာ အေးချမ်းလာသည်။ သို့သော် မြစ်ကြီးနားမြို့လောက်တော့ မအေးပါ။

ဦးစိန်မှတ်က ညစာမစားမီ ဒေသထွက်အရက်များ၊ အမြည်းများဖြင့် ဧည့်ခံသည်။ ဆန်အရက်၊ ကောက်ညှင်းအရက်၊ သစ်သီးအရက်များဖြစ်ကြသည်။ ကျွန်ုပ်တို့ အနည်းငယ်စီသာ မြည်းကြည့်ကြပါ၍ ပါလာသောအရက်ကောင်းများကိုသာ သောက်ကြသည်။

ကျွန်ုပ် ။ "ဦးစိန်မှတ် . . . ဒီကနေ့ ဆင်ဘိုရွာကြီးက ဘယ်လောက်ဝေးသလဲဗျ။ ရေလမ်းခရီးပဲလား။ ကုန်းလမ်းကရော သွားလို့မရဘူးလား"

"ရေလမ်းခရီးက ရေစုန်ဆိုတော့ မြန်တယ်ဆရာ။ ဒီကနေ



www.burmeseclassic.com

www.burmeseclassic.com



(၁၈)မိုင်လောက် ဝေးသေးတယ်။ ကုန်းလမ်းခရီးကတော့ ရောဝတီ မြစ်ရိုးအတိုင်း လမ်းလျှောက်ရမှာပဲ။ လှေနဲ့သွားလို့လည်း ရတယ်ခင်ဗျ ဒါပေမဲ့ ဝဲကြီးတွေကြောင့် အလွန်အန္တရာယ်များပါတယ်''

''အရေးပိုင်မင်းတို့ တောလည်ချင်ရင်လည်း စီစဉ်ပေးပါ့မယ် ဒီရွာကြီးကတောနဲ့ မဝေးပါဘူး။ ချေ၊ စိုင်၊ ဆတ်၊ တောဝက်ပေါပါ တယ်။ ဒီရွာကလူတွေက ငါးစားကြတာ များတယ်ခင်ဗျ။ ကြက်၊ ဝက် နွားမွေးမြူရေးလည်း လုပ်ကြတယ်။ အပေါ်ဆုံးက ငါးဆိုတော့ တော ကောင်ရှာတဲ့မုဆိုးရှားတယ်။ တောဝက်ကတော့ စပါးခင်းတွေ ဖိုက်ခင် တွေထဲဝင်တတ်လို့ မကြာခဏရပါတယ်''

ထိုစဉ်ကိုအင်နီက ။ ''ဆရာ၊ မနက်ဖြန်သဘော်က နေ့လယ်မှလာမှာ မဟုတ်လား။ မနက်ဖြန်မနက်ပိုင်း တောလည်ကြတာပေါ့။ ငါလည်း ဒီဘက်တောတွေကို မရောက်ဖူးသေးတော့ လှေ့လာချင်တယ်''

''ဟုတ်ပါတယ် ဆရာ။ မြန်မာပြည်မြောက်ပိုင်းက တောကောင် တွေက ကျွန်တော်တို့ကသာနဲ့ တူ,မတူလေ့လာရတာပေါ့''

ကိုဖော်မင်းကလည်း ဝင်ပြောသည်။ ထိုအခါ တပည့်ကျော် အောင်ဘုကလည်း အားကျမခံဝင် ပြောလာသည်။

''ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်လည်း ကိုယ်တိုင်မချက် တာကြာလို့ ပျင်းတောင်နေပြီ''

ကျော်စိန်ဝင်းတစ်ယောက်ကတော့ ဘာမျှဝင်မပြောပါ။ မြစ်ကြ နားမှ တောအုပ်ဦးသန်းမောင်က ...

''ဟုတ်ပါတယ် ဆရာ၊ ဆရာတို့က နာမည်ကြီးအဖွဲ့ပဲ ကျွန်တော်လည်း တောပစ်တာကို လိုက်လေ့လာချင်လို့''

ကျွန်ုပ်၏တပည့်များ အသင့်ချူးခပ်ကျွေးသော အစားအစာ





ကို မြိန်ရေ့လာကြဟန်တူပါသည်။ ထို့ကြောင့် အချိန်လည်းရ၊ နေရာ လည်းဟန်ကျသဖြင့် မနက်ဖြန်မနက် သစ်တောစစ်ဆေးရင်း အမဲလည် ကြရန် စီစဉ်ရပါတော့သည်။ ညအိပ်တော့လည်း ရောဝတီမြစ်ကမ်း ဘေးဖြစ်၍ လေကလေးတစ်ဖြူးဖြူးဝင်ကာ တောနှံ၊ တောင်နှံသင်းပြီး အိပ်၍အလွန်ကောင်းလှသည်။ ခရီးပန်းလာကြ၍ တစ်ချိုးတည်းအိပ် ပျော်ပါသည်။

✿ ✿ ✿

❑

မနက် (၅)နာရီခန့် အိပ်ရာက ထကြသည်။ ဦးစိန်မှတ်တို့ ကျွေးသော ထမင်းကြော်နှင့်ငါးဖန်းမကြော်ကို စားသောက်ကြပြီး အသင့် ပါလာသော သေနတ်များကိုပြင်ဆင်ပြီး ထွက်ခဲ့ကြသည်။ နေ့ဦးပေါက် ရာသီဖြစ်သော်လည်း တာလောကြီးရွာမှာ တောတောင်နှင့်မြစ်ကမ်းစပ် ရွာကြီးဖြစ်၍ နှင်းမြူများဆိုင်းနေသည်။

တာလောကြီးရွာ၏ အနောက်ဘက်ကို ထွက်လိုက်သည်နှင့် ဝါဝင်းနေသော စပါးခင်းကြီးကို မြင်ရသည်။ ကေအတော်များသည် လယ်ကွင်းတစ်ဘက်စပ်၌ အပတောကိုတွေ့ရပြီး အနောက်ဘက်တွင် ကြီးမိုင်းတောကြီးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အဖွဲ့လယ်ကန်သင်းရိုးမှ တောဘက်သို့ ဖြတ်ကြသည်။ တောခေါင်းဦးစိန်မှတ်က နှစ်လုံးပြူးကိုထမ်းပြီး ရှေ့ကဦးဆောင်လမ်းပြသည်။ အပတောမှာ အင်ပင်၊ မျောက်ချော၊ လက်ပံ၊ ဒိဒူးနှင့် ကညင်ပင်ပေါက်များသာ အများစုဖြစ်ပြီး ဝါးအမျိုးမျိုးပေါက်သည်။

ဝါးတောကြီးက အပတောနှင့်လယ်ကွင်းကို ကာလနားသတ်ထားသည်။ အပတောထဲဝင်သည်နှင့် ကြက်သံ၊ ငှက်သံ၊ မျောက်အော်သံများကို ကြားလာရသည်။ တောခေါင်းဦးစိန်မှတ်က အနောက်ဘက်သို့ တည့်တည့်ဦးဆောင်သော်လည်း ကိုအင်နီကလက်ကုပ်၍ တောင်ဘက်သို့ လက်ညှိုးညွှန်ပြသည်။ တောမကျွမ်းသူက လမ်းပြနေ၍ ဦးစိန်မှတ်က ကျွန်ုပ်အားလှမ်းကြည့်သည်။ ကျွန်ုပ်က ခေါင်းငြိမ့်၍ အချက်ပြလိုက်ရသည်။ ကိုအင်နီက ဦးစိန်မှတ်ကိုကျော်တက်၍ ရှေ့ကဦးဆောင်သည်။

သို့သော် ကိုက်(၁၀၀)လောက်သွားပြီးမှ ကိုအင်နီကလက်ပြ၍ ကျွန်ုပ်တို့ရပ်လိုက်ကြစဉ် ကိုအင်နီတစ်ယောက်တည်း ခြေသံလုံ့စွာဖြင့် ရှေ့ဆက်သွားသည်။ သူက ဖိနပ်မစီးတော့ ခြေသံလုံလှသည်။ မြို့ပေါ်နှင့်ရွာတွင်တော့ ကိုအင်နီက တာယာဖိနပ်ကြီးကိုစီးသည်။ ယခုတော့ အမဲလည်မည်ဖြစ်၍ သစ်တောရုံးတွင် ချွတ်ထားခဲ့ဟန်တူသည်။ သူလွယ်နေကျ ဓားရွက်ကြီးကြီး ဓားကြီးကိုတော့ နောက်ကျောတွင် စလွယ်သိုင်းလွယ်ထားသည်။

လူနှစ်ဘက်ခန့်ရှိသော ပျဉ်းကတိုးပင်ကြီးအောက်သို့ ရောက်တော့ ကိုအင်နီက ကျွန်ုပ်တို့ဘက်လှည့်၍ လက်ယပ်ခေါ်သည်။ ကျွန်ုပ်၊ ကိုဇော်မင်းနှင့် ဦးစိန်မှတ်တို့သေနတ်များကို အသင့်ပြင်ပြီး ရှေ့တက်ခဲ့ကြသည်။ ရှားဖြူသီးပင်ကြီးအောက်တွင် ဒရယ်အုပ်ကိုတွေ့ရသည်။





ငယ်းကောင်အုပ်ဖြစ်သည် အမွေးရှည်သဖြင့် ဆတ်နှင့်တူသည်။ သို့သော် ဆတ်လောက်မကြီးပါ။ ကျွန်ုပ် ဒရယ်ဖိုကြီးကိုရွေးသည်။ ကိုဇော်မင်းနှင့် ဦးစိန်မှတ်တို့က ကျန်ဒရယ်မများကိုပစ်ရန် ချိန်ကြသည်။ အသင့်ဖြစ်၍ ကျွန်ုပ်အချက်ပြသည်နှင့် ပြိုင်တူပစ်ကြတော့သည်။

"ဒိုင်း ... ဒိုင်း ... ဒိန်း ... ဒိန်း ..."

သေနတ်သံမှာ တောသံနှင့်ဟိန်းပြီး ယမ်းခိုးများ ပြယ်သွားချိန်တွင် ဒရယ်(၄)ကောင် အုပ်လိုက်လဲနေသည်။

ဦးစိန်မှတ် ။ "တော်လိုက်တာ ဆရာတို့ရယ်။ တစ်ချက်တစ်ကောင် အုပ်လုံး ပြုတ်တာပဲ။ ဦးဇော်မင်းက နှစ်ကောင်တောင် ပစ်နိုင်တယ်နော်။ ဒါနဲ့ ဟိုဆရာ ကိုအင်နီ ဒရယ်အုပ်ရှိမှန်း ဘယ်လိုလုပ်သိပါလိမ့်"

ကျွန်ုပ် ။ "သူ့နာမည်က တစ်ပွဲစားမှဆိုး ကိုအင်နီဗျ။ သားကောင်တွေ ဘယ်နေရာမှာရှိမှန်း သူက အလိုလိုသိတယ်"

"ဟာ ... ဟန်ကျလိုက်တာ ဆရာရယ်။ ကျွန်တော်တို့များ တစ်နေကုန်လိုက်မှ တစ်ကောင်တောင်မနည်းပစ်ရတာ။ တောကောင်ပေါလို့တွေ့ရပေမဲ့ ပစ်ခွင့်မရတာက များတယ်လေ။ အခုလိုလည်း အနီးကပ်ပစ်ခွင့် မရပါဘူးဆရာရယ်"

ကိုအင်နီ ။ "ခင်ဗျားတို့မုဆိုးလုပ်ပြီး လေတင်လေအောက် ဂရုမထားကြလို့ ဖြစ်ပါလိမ့်မယ်"

"တောကောင်ဆိုတာက သဘာဝကပေးထားတဲ့ အမြင်အာရုံ အကြားအာရုံ၊ အနံ့ခံအာရုံတွေက လူတွေထက်ပိုတယ်။ ခြေသံလုံ့ရတယ်။ လေတင်လေအောက်ကို မုဆိုးကချက်ချင်းသိရတယ်။ မုဆိုးက ပေါ်းနပ်ရင်တော့ တောကောင်ဘယ်လောက်ပေါပေါ မြင်ရရုံပဲ။ ပစ်နိုင်မှာ မဟုတ်ဘူး။ တောကောင်ကလေးတွေမှာလည်း အဲဒီလို အစွမ်း



www.burmeseclassic.com

www.burmeseclassic.com



အစသာမရှိရင် ကျားစားတာနဲ့ လူတွေပစ်တာနဲ့ မျိုးတောင်တုံးလော

ရောပေါ့ဆရာရယ်''

''ဟုတ်ပ့ါ မုဆိုးကြီးရယ်၊ ကျွန်တော်တို့ကတော့ သားကော

တွေ့တာနဲ့ အတင်းလိုက်ကြတာ။ လေတင်လေအောက်လည်း

မလည်ပါဘူးဗျ။ ခြေသံလုံအောင်တော့ သတိထားပါတယ်''

''ဆရာတို့ ဆက်တိုးကြဦးမလား''

ကျွန်ုပ် ။ ''တော်လောက်ရောပေါ့ ဦးစိန်မှတ်ရယ်။ စားမှာသော

မှာနဲ့၊ သဘော်ဆင်းရမှာနဲ့ အချိန်အတော်ကုန်ဦးမှာ။ နောင်များမှ ညအိ

လာပြီး အသေအချာ ပစ်ကြတာပေါ့''

''ဟုတ်ကဲ့ ဆရာ''

ကျွန်ုပ်တို့အနားယူနေစဉ် ကိုအင်နီက တောကောင်သေ

၏နားရွက်ဖျား အမြီးဖျားများကိုဖြတ်၍ တောစောင့်နတ်၊ တော

စောင့်နတ်တို့အား ပူဇော်သည်။ ထို့နောက် သယ်ဆောင်ရန် စီစဉ်

ကြသည်။ ကျွန်ုပ် ပတ်ဝန်းကျင်အားလေ့လာရင်း သစ်ပင်များပေါ်

မော့ကြည့်မိသည်။

သဖင်နှင့်ဖယောင်းပန်းများ သစ်ခွမျိုးစုံတို့ အင်ပင်များပေါ်

ဝေဆာစွာ ဖူးပွင့်နေကြသည်။ ထို့ကြောင့်လည်း အမှတ်တရရှိစေ

တပည့်ကျော်အောင်ဘုအား တက်ခိုင်းပြီး သစ်ခွပန်းစုဆောင်းရသ

ထူးဆန်းသော သစ်ခွမျိုးစိပ်များတော့ မပါပါ။ သာမန်သစ်ခွများသ

ဖြစ်ကြသည်။

ကျွန်ုပ်တို့အဖွဲ့ သားကောင်များထမ်းပြန်လာတော့ မနက်

နာရီခန့်သာ ရှိသေးသည်။ တာလောကြီးရွာဝင်သည်နှင့် ရွာသူရွာသ

များက ဝိုင်း၍ဝယ်ကြသည်။ ငါးပေါသောဒေသတွင် တောကောင်သ





းလိုကြဟန်တူသည်။ ကျွန်ုပ်က တောကောင်လေးကောင်တောင်ဖြစ်၍

ရပ်ရွာသို့ ဝေခြမ်းပေးရန်ပြောသော်လည်း တောခေါင်းဦးစိန်မှတ်က

ခေါင်းရမ်းပြပြီး . . .

''အရေးပိုင်မင်း . . . ဒီရွာမှာ ဘယ်ဟာမှ အလကားမရဘူး။

ငွေကြေးချောင်လည်ကြတော့ တန်ရာတန်ကြေး ဝယ်စားကြတာချည်း

ပဲ။ ကျွန်တော် စီစဉ်လိုက်ပါ့မယ်။ အရေးပိုင်မင်းတို့ အသုံးစရိတ်ရတာ

ပေါ့''

ကျွန်ုပ် မပြောသာတော့ပါ။ ကသာမြို့တွင်နေစဉ်က ကျွန်ုပ်တို့

အဖွဲ့ တောကောင်သားအား ရောင်းစားလေ့မရှိပါ။ နီးစပ်ရာ အပေါင်း

အသင်းနှင့် မိတ်ဆွေသင်္ဂဟ၊ ဝန်ထမ်းများအား ခွဲဝေပေးလေ့ရှိသည်။

ယခုတော့ တောကောင်လည်းများပြီး ကျွန်ုပ်တို့က ညှော်သည်မုဆိုး

ကိုအင်နီကိုလည်း ကြည့်ရှုရဦးမည်ဖြစ်၍ ကျွန်ုပ် နှုတ်ဆိတ်နေလိုက်

တော့သည်။ တစ်ရွာလုံးလာဝယ်ကြသည်မှာ တန်းစီ၍ပင် ရောင်းရသည်။

အကြွေးမပါ။ လက်ငင်းငွေချေကြသည်။ ကိုအင်နီ၊ အောင်ဘုနှင့်

တောခေါင်းဦးစိန်မှတ်တို့ လက်မလည်အောင် ချိန်တွယ်ရောင်းနေရသည်။

စာရေးကလေး ကျော်စိန်ဝင်းက လွယ်အိတ်တစ်လုံးနှင့် ငွေသိမ်းသည်။

နောက်ဆုံး ကျွန်ုပ်တို့အဖွဲ့စားရန်နှင့် အရိုးအရင်းသာ ကျန်

တော့သည်။ ရောင်းရငွေကို ရေတွက်ကြည့်တော့ (၅၀၀၀ဝိ/) ကျပ်ခန့်

ရသည်။ ကျွန်ုပ် တောခေါင်းဦးစိန်မှတ်အား ညှော်ခံစရိတ်အဖြစ် ကျပ်

(၂၀၀၀ဝိ/) ပေးလိုက်ပြီး ကျန်ငွေ (၃၀၀၀ဝိ/) ကျပ်အား ကိုအင်နီကို

ခွဲဝေပေးလိုက်သည်။ သဘော်ဆိုက်ချိန်နီးပြီဖြစ်၍ အလောသုံးဆယ် ချက်

ပြုတ်စားကြရသည်။ ကျွန်ုပ်တို့စားသောက်ပြီးတော့ သဘော်ကြီးဥသြသံ

ကို ကြားရသည်။ နေ့လယ်(၁၂)နာရီသဘော်ကြီး ဆိုက်ကပ်လာပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

သဘော်ကြီးမှာ တာလောကြီးဆိပ်ကမ်းတွင် (၁)နာရီခန့် နေ့လယ်စာ ထမင်းစားရပ်နားပြီး ကုန်တင်ကုန်ချပြုလုပ်သဖြင့် ကျွန်ုပ်တို့ အချိန်ရပါသည်။ နေ့လယ် (၁)နာရီထိုးကာနီးမှ သဘော်ဆိပ်သို့ ဆင်းခဲ့ကြသည်။ တောခေါင်းဦးစိန်မှတ်က ငှက်ပျောခိုင်နှင့် သဘော်သီးများ လက်ဆောင်ပေးသော်လည်း ကျွန်ုပ်တို့ လက်မခံခဲ့ပါ။ ဆင်ဘိုရွာတွင် ညအိပ်ရဦးမည်ဖြစ်၍ ဖြစ်သည်။

CPB သဘော်ကြီးက မွန်းလွဲတစ်နာရီတွင် ပြန်စုန်ဆင်းသည်။ နွေဦးပေါက်ရာသီဖြစ်၍ မြစ်ပြင်လေသည် တစ်ချက်တစ်ချက် ဝှေ့၍ အပြေးအလွှား တိုက်ခတ်သွားသည်။ သဘော်ကြီးသည် တာလောကြီးကျေးရွာအုပ်စု စံကင်းရွာကိုဖြတ်သန်းပြီးနောက် ဟိုကပ်ရွာနှင့် တာပတောင်းရွာတို့ကို ဖြတ်ကျော်ခဲ့သည်။ တာပတောင်းရွာမှာ ဂေါ်ရခါးများ နေထိုင်သည်။ ကျွဲ၊ နွားမွေးမြူသော ရွာကြီးဖြစ်သည်။

တာလောကြီးမှ အစုန် (၁၂) မိုင်ခန့်အကွာ လက်ဝဲဘက်ကမ်းတွင် အရိန္ဒမာအမည်ရှိသော ရွာရှိသည်။ ရှေးဟောင်းမြို့နှင့် ကျုံးမြောင်းများရှိသဖြင့် ရှေးမြို့ဟောင်းတစ်ခု ဖြစ်ပုံရသည်။ ရွာကိုကျော်သည်နှင့် ရေလယ်တွင် ကြီးမားသော ကျောက်တန်းကြီးတစ်ခုကို တွေ့ရပြန်သည်။ အရိန္ဒမာကျောက်တန်းကြီးဟု ခေါ်တွင်သည်။ ထိုကျောက်တန်းကြီးကိုလည်း သဘော်ကြီးက လက်ဝဲဘက်ကမ်းဘေးမှ လွတ်အောင်သာ ရှောင်မောင်းရသည်။

ကျောက်တန်းကြီးကျော်သည်နှင့် လက်ဝဲဘက်ကမ်း၌ပင် တောင်မြင့်ကြီးတစ်လုံးကို တွေ့ရသည်။ ငါးပေါက်သီးများထွက်သော ငါးပေါက်တောင်ဟု အမည်ရသည်။ ငါးပေါက်သီးမှာ မြေပဲကဲ့သို့ဆီထွက်သော အဆန်ကိုစားရသည်။ တောဝက်၊ ချေ၊ ဆတ်နှင့်ဆင်တို့ အလွန်ကြိုက်ကြကြောင်း သိရသည်။ ငါးပေါက်တောင်ဆိုသည်မှာ ငါးပေါက်သီးပင်များ စုဝေးပေါက်ရောက်သောတောင်ဖြစ်သည်။ ဆောင်းရာသီအသီးပေါ်ချိန်တွင် ခူးဆွတ်သူများဖြင့် စည်ကားနေကြောင်း သိရပြန်သည်။

မကြာမီ ချောင်းကြီးတစ်ချောင်းသည် ဧရာဝတီမြစ်ကြီးထဲ စီးဝင်နေသည်ကို တွေ့ရသည်။ မိုးကောင်းချောင်းဟု သိရသည်။ ချောင်းရေမှာနောက်ကျိနေသည်။ မိုးကောင်းချောင်းဝမှာ ငါး၊ ပုဇွန်၊ အလွန်ပေါများလှကြောင်း သိရသည်။ တာလောကြီးရွာမှ ရေမိုင် (၃၀)ခန့်ရောက်ရှိလာပြီဖြစ်သည်။ လက်ယာဘက်ကမ်းတွင် တာဟိုးနားကျေးရွာရှိပြီး လက်ဝဲဘက်တွင် ညောင်ပင်သာကျေးရွာရှိသည်။ ထိုညောင်ပင်သာရွာမှ တရုတ်ပြည်သို့သွား၍ရကြောင်း သိရသည်။

ရှေ့ရေလယ်တွင် ကျောက်တုံးကြီးတစ်တုံးကို တွေ့ရပြန်သည်။ အိုင်းဟိုင်းလိပ်၊ ကျောက်တုံးကြီးဟုသိရသည်။ လေးထောင့်စပ်စပ်နှင့် အလွန်ကြီးမားလှသည်။ ကျောက်တုံးကြီးအနီးတွင် ရေစီးကသန်ပြီး ဝဲကတော့ထိုးနေသည်။ သဘော်ကြီးက ဝဲဘက်ကမ်းကပ်၍ ခုတ်မောင်းရပြန်သည်။ ရေလယ်သောင်ခုံကြီးတစ်ခုပေါ်တွင် ကလေးလူကြီးများ ရွှေကျင်နေကြသည်။ နတ်ချိုကျွန်းဟုခေါ်ကြောင်း သိရသည်။

ကျွန်းကြီးလွန်တော့ မန်ဖွားကြီးရွာကို ဖြတ်ကျော်သည်။ ထို့နောက် ပုဂံအင်းကြီးကိုလွန်ပြီးနောက် သွပ်မိုးဖွေးဖွေးဖြင့် ရွာကြီးတစ်ရွာကို တွေ့ရသည်။ သဘော်ခရီးအဆုံး ဆင်ဘိုရွာကြီးဖြစ်ပေသည်။ သဘော်ကြီးမှာ ဆင်ဘိုရွာကြီးတွင်ညအိပ်ပြီး မနက်ဖြန်မနက်(၇)နာရီတွင် မြစ်ကြီးနားသို့ ပြန်ဆန်တက်မည်ဖြစ်သည်။ ဆင်ဘိုနှင့်မြစ်ကြီးနား (၈၄)မိုင် ဝေးကွာသည်။







www.burmeseclassic.com

www.burmeseclassic.com



ဆင်ဘိုရွာကြီးမှာ တာလောကြီးရွာကဲ့သို့ပင် စည်ကားသည်။ အထက်တန်းကျောင်း၊ တပ်နှင့်ရဲစခန်း၊ စာတိုက်၊ ဆေးရုံ၊ သစ်တောဌာနရှိသည်။ တာလောကြီးရွာထက် အကွက်ကျသည်။ အကွက်ရိုက်ထားသဖြင့် လေးထောင့်စပ်စပ်ရွာကြီး ဖြစ်သည်။

အိမ်များမှာ ပျဉ်ထောင်သွပ်မိုးအိမ်ချည်းသာ ဖြစ်သည်။ ခြံဝိုင်းကျယ်ကြီးများဖြင့် လမ်းမများမှာလည်း ကျယ်ဝန်းပြီး သန့်ရှင်းသပ်ယပ်သည်။ ရှမ်းမြန်မာလူမျိုး အများစုနေထိုင်သည့် တောမြို့ကလေးတစ်မြို့နှင့် တူလှသည်။

✿ ✿ ✿

❑

ကျွန်ုပ်တို့ သင်္ဘောကြီးသည် ညောင်ပင်အုပ်ကြီးရှိသော ဆင်ဘိုဆိပ်ကမ်းသို့ ဆိုက်ကပ်လိုက်သည်။ ဆင်ဘိုဆိပ်ကမ်းမှာ လှေများ၊ ထမင်းဆိုင်များဖြင့် စည်ကားလှသည်။ တစ်ဘက်ကမ်းတွင် ဝဲကြီးတောင်ရွာနှင့် ဝဲကြီးရွာလေးတို့ကို လှမ်းမြင်ရသည်။ ဆင်ဘိုဆိပ်ကမ်းပါးမှာ ပေ(၁၀၀')ခန့် မြင့်သည်။ ကမ်းပါးပေါ်၌ လွန်စွာကြီးမားသော သဖန်းပင်ကြီးက မြစ်ဘက်သို့ကိုင်းကျနေသည်မှာ လွန်စွာလှပသည်။

ဆိပ်ကမ်းတွင် သစ်တောဌာနမှ တောခေါင်းဦးစိုးမြင့်က လာရောက်ကြိုဆိုနေသည်။





"ဦးစိန်မှတ်ရေ ... ခင်ဗျား စာပို့လိုက်ကတည်းက မျှော်နေတာ။ အရေးပိုင်မင်းတို့ ကြွပါခင်ဗျား"

ကျွန်ုပ်တို့ ရွာလယ်လမ်းအတိုင်းလျှောက်ကြပြီး ရဲစခန်းလွန်သည်နှင့် သစ်တောဌာနသို့ ရောက်သည်။ ခြံဝိုင်းကျယ်ကြီးပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့အား အသီးအနှံများနှင့် လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံသည်။ စားသောက်ကြရင်း သစ်တောကိစ္စများအား မေးမြန်းစစ်ဆေးရသည်။ တာလောကြီးရွာကဲ့သို့ပင် သစ်ထုတ်လုပ်ငန်းမှာ နည်းပါးသည်။ သစ်တောကေကတော့ ထောင်ချီ၍ရှိသည်။ အဖိုးတန်သစ်မာများလည်း ထွက်သည်။

လမ်းပန်းခရီး အဆက်အသွယ်ကောင်းလျှင်တော့ အဖိုးတန်ရတနာမြေဒေသပင်ဖြစ်သည်။ ဆင်ဘိုနှင့်မြစ်ကြီးနား ကားလမ်းဖောက်လုပ်ရန် လမ်းအူကြောင်း တိုင်းတာရှာဖွေနေကြောင်း သိရသည်။ ကားလမ်းသာပေါက်ပါက ဆင်ဘိုမှာရွာကြီးအဆင့်မှ မြို့ကြီးတစ်ခုဖြစ်လာပေလိမ့်မည်။ သစ်သီးဝလံနှင့် ဆန်ရေစပါး ပေါများကြွယ်ဝသော ရွာကြီးဖြစ်၍လည်းကောင်း၊ အဖိုးတန်သစ်မာနှင့် ရွှေထွက်သောဒေသကြီးဖြစ်၍လည်းကောင်း လျင်မြန်စွာ စည်ကားတိုးတက်လာမည်မှာ မလွဲချေ။

ကျွန်ုပ်တို့လုပ်ငန်းကိစ္စများ စစ်ဆေးပြီးတော့ ထွေထွေရာရာ စကားပြောကြရာ တာလောကြီးရွာမှ တောခေါင်းဦးစိန်မှတ်က သူတို့ရွာတွင် ကျွန်ုပ်တို့အဖွဲ့ အမဲလိုက်ကြပုံကို ဖောက်သည်ချရာ ဆင်ဘိုရွာမှ တောခေါင်းဦးစိုးမြင့်က ...

"ဆရာတို့ရယ်၊ ကျွန်တော်တို့ ဆင်ဘိုရွာမှာလည်း အမဲလည်လို့ရ လာတယ်ဗျာ။ တောထဲတောင်ထဲ သွားစရာတောင်မလိုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရွာအပြင် စပါးခင်းနဲ့သီးနှံစိုက်ခင်းတွေမှာတင် စောင့်ပစ်လို့ရပါတယ်။ တောဝက်နဲ့ချေက ပေါမှပေါပါဗျာ''

ကျွန်ုပ်တို့ ကိုအင်နီအား ဝိုင်းကြည့်လိုက်ကြသည်။ ကိုအင်နီက ခေါင်းညိတ်ပြသည်။

''ဆရာတို့ သဘောပဲ။ လည်ချင်သပဆို လည်ပေါ့။ ညမီးလည်ရမှာဆိုတော့ အိပ်ရေးပျက်မယ်၊ ခြင်ကိုက်မယ်''

ကျွန်ုပ် ။ ''ဦးစိုးမြင့်၊ ညမီးလည်ရမယ်ဆိုရင် လက်နှိပ်ဓာတ်မီး ကောင်းကောင်းတော့လိုမယ်ဗျ။ ကျွန်တော်တို့မှာ အမဲလိုက်ဓာတ်မီးပါ မလာဘူး''

''ရပါတယ် ဆရာ၊ ကျွန်တော်စီစဉ်ပေးပါ့မယ်။ (၅)တောင့်ထိုး ဓာတ်မီးတွေရှိပါတယ်။ ဓာတ်ခဲဝယ်လိုက်ရုံပါပဲ။ မီးသီးအပိုလည်း ဆောင်ခဲ့ပါမယ်''

ကိုဇော်မင်း ။ ''ဦးစိုးမြင့်ရေ၊ လယ်ကွင်းထဲ လျှောက်ပစ်ရမှာလား။ လင့်စင်ပေါ်က စောင့်ပစ်ရမှာလား။ မြွေပါးကင်းပါး လယ်ထဲတော့ ညဘက်ကြီး မတိုးချင်ဘူးဗျာ''

''လယ်ကွင်းထဲလည်း မလျှောက်ရပါဘူးဆရာ၊ လင့်စင်နဲ့လည်း မဟုတ်ဘူး။ လယ်စောင့်တဲက စောင့်ပစ်ရမှာပါ။ လယ်စောင့်တဲဆိုပေမဲ့ ကျွန်တော်တို့ဆီက လယ်စောင့်တဲက ခြေတံရှည်ရှည်နဲ့အိမ်လိုပဲ ကျယ်ဝန်းပါတယ်။ လင့်စင်သဘောပါဘဲ ဆရာ''

''အင်း ... အဲဒါဆိုရင်တော့ ကောင်းပါတယ်''

ကိုဇော်မင်းက မှတ်ချက်ပြုသဖြင့် အတည်ဖြစ်သွားသည်။ ကျွန်ုပ်တို့ သေနတ်များကို တိုက်ချွတ်စစ်ဆေးနေကြစဉ် အိမ်ရှင်ကိုစိုးမြင့်နှင့်အဖွဲ့က ညနေစာချက်ပြုတ်ကြတော့သည်။ ကျွန်ုပ်တို့အဖွဲ့ ညနေစာ





ကို စောစီးစွာစားကြသည်။ ညမီးလည်ရမည်ဖြစ်၍ အရက်တော့ မသောက်ဖြစ်ကြပါ။

ညနေ(၆)နာရီခန့်တွင် ရွာပြင်သို့ ထွက်လာကြသည်။ ရွှေဝါရောင်စပါးခင်းများမှာ ရိတ်သိမ်းပြီးအချို့၊ မရိတ်ရသည်က အချို့ကျယ်ပြန့်လှသည်။ စပါးခင်းများအလယ်၌လည်း စိမ်းစိုနေသောယာခင်းများရှိသည်။ ပီလောဥ၊ ကန်စွန်းဥ၊ ပဲခင်းနှင့်ငှက်ပျောတောများ ဖြစ်သည်။

လယ်တဲကြီးများမှာ တစ်ခုနှင့်တစ်ခု အလှမ်းကွာဝေးသော်လည်း ကြီးမားကျယ်ပြန့်သည်။ မိသားစုနေထိုင်နိုင်သော ခြေတံရှည်လယ်တဲအိမ်ကြီးများ ဖြစ်ကြသည်။ သစ်ပေါ၊ ဝါးပေါဖြင့် အခိုင်အမာဆောက်လုပ်ထားကြသော နှစ်ရှည်ခံတဲအိမ်ကြီးများဖြစ်သည်။ ယနေ့ညသစ်တောအဖွဲ့မှ အမဲပစ်မည်ဟု ဦးစိုးမြင့်က အကြောင်းကြားထားသဖြင့် လယ်တဲအိမ်ကြီးများတွင် အစောင့်မရှိပါ။ ကျွန်ုပ်တို့ အဖွဲ့(၃)ဖွဲ့ခွဲသည်။

အတွင်းစည်း ပီလောခင်းအစပ် လယ်တောအိမ်တွင် ကျွန်ုပ် အိမ်ရှင်ဦးစိုးမြင့်နှင့် တပည့်ကျော်အောင်ဘု၊ အပြင်စည်းလက်ဝဲဘက်လယ်တဲတွင် တောအုပ်ကိုဇော်မင်း၊ မှဆိုးကိုအင်နီနှင့် ကျော်စိန်ဝင်း လက်ယာဘက် အစွန်ဆုံးလယ်တဲကြီးတွင် တာလောကြီးမှ ဦးစိန်မှတ်နှင့် သစ်တောဝန်ထမ်း(၂)ဦး၊ လယ်တဲတစ်တဲစီတွင် လူ(၃)ဦးစီ ခွဲဝေချထားလိုက်သည်။ လယ်တဲ၊ တစ်တဲနှင့်တစ်တဲမှာ ကိုက်(၂၀၀) ကျော်ခန့်ဝေးသည်။ အနေအထားမှာ (၃)ပွင့်ဆိုင် ဖြစ်သည်။

လယ်တဲများမှာ တောစပ်ဖြစ်၍ ခြင်အတော်ကိုက်သည်။ ကျွန်ုပ်တာဝန်ကျသော လယ်တဲကြီးမှာ ပီလောခင်း၊ ငှက်ပျောတောနှင့် နီးသဖြင့် ခြင်ပိုကိုက်သည်ဟု ထင်ရသည်။ တဲပေါ်တွင် မီးလင်းဖိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထင်းများအသင့်ရှိသော်လည်း မီးမဖိုရဲပါ။ တဖြည်းဖြည်း အမှောင်ထုက ပိုကြီးလာသည်။ ကျွန်ုပ်တို့ပြင်ထားသည်မှာ အတွင်းစည်း ကျွန်ုပ်တို့တဲအနီးရောက်မှ ကျွန်ုပ်တို့က အရင်ပစ်ခတ်ပြီး ပြန်ထွက်အပြေးတွင်မှ ကိုဇော်မင်းနှင့် ဦးစိန်မှတ်တို့အဖွဲ့က ပစ်ခတ်ရန်ဖြစ်ပေသည်။

ည(၈)နာရီခန့်တွင် တောဘက်မှ ဆတ်တစ်သံ၊ ချေဟောက်သံ၊ ဝက်အော်သံများ ကြားလာရသည်။ ည(၉)နာရီထိုးခါနီးမှ ဝက်အုပ်ကြီး လယ်ကွင်းထဲသို့ဆင်းလာသံ ကြားရသည်။ လ,မှာ လဆန်းရက်ဖြစ်၍ လ,တစ်ခြမ်းပဲ့ကလေးသာသာနေပြီး ကြယ်ရောင်မှိန်မှိန်အောက်တွင် ရွှေဝါရောင်စပါးခင်းကြီးက အိပ်မောကျငြိမ်သက်နေသည်။

မဲမဲလုံးလုံးများနှင့် ဦးချိုထောင်ထောင်၊ အကောင်များ တစ်သုတ်ပြီးတစ်သုတ် ဝင်လာကြသည်။ ကျွန်ုပ်တို့အဖွဲ့နှင့် ကိုက်(၁၀၀)ကျော်ခန့်လှမ်းသော ပဲခင်းနှင့်ကန်စွန်းဥခင်းအား ဝင်စားကြခြင်းဖြစ်သည်။ လက်လှမ်းမီသည်နှင့် တပည့်ကျော်အောင်ဘုက မီးထိုးပေးသည်။ မီးရောင်အောက်တွင် ချိုကားကားဆတ်ဖားကြီးနှင့် ဒရယ်အုပ်၊ နောက်တွင် မဲမဲလုံးလုံး ဝက်အုပ်ကြီး ကျွန်ုပ်တို့ အသေအချာချိန်၍ ပြိုင်တူမောင်းဖြုတ်ချလိုက်ကြသည်။

"ဒိုင်း ...ဒိုင်း"

သေနတ်သံမှာပဲ့တင်၍ ဟိန်းသွားပြီး ယမ်းငွေ့များအကြားမှ မြင်လိုက်ရသည့်မြင်ကွင်းမှာ အလွန်အံ့သြစရာ ကောင်းလှသည်။ ကျွန်ုပ်နှင့် တောခေါင်းဦးစိုးမြင့်တို့ပစ်ကြသော ဆတ်ကြီးနှင့်ဒရယ်တစ်ကောင်မှာချက်ကောင်းထိ၍ လဲပြိုသွားသော်လည်း အောင်ဘု၏မီးထိုးထားသော အလင်းရောင်အောက်တွင် ကုန်းထနေကြသည်။ ကျွန်ုပ်တို့ကျည်သစ်လဲ၍ မောင်းတင်စဉ် ထွက်ပြေးသွားသောဒရယ်အုပ်နှင့် တောဝက်





အုပ်အား ကိုဇော်မင်းတို့အဖွဲ့နှင့် ဦးစိန်မှန်တို့ဘက်မှ ပစ်ခတ်သံများကို ကြားလိုက်ရသည်။

"ဒိန်း ...ဒိန်း"

"ဒိုင်း ....ဒိုင်း"

ကျွန်ုပ်တို့ကလည်း ပြန်လည်ထလာသော ဆတ်ဖားကြီးနှင့် ဒရယ်ကို ပစ်ကြပြန်သည်။

"ဒိုင်း ...ဒိုင်း"

ဆတ်ဖားကြီးနှင့်ဒရယ်မှာ ကျည်ဆန်မှန်၍ ပြန်လည်လဲပြိုကျသွားပြန်သည်။ သို့သော် မကြာမီ ကုန်းထနေပြန်သည်။ ကျွန်ုပ်တို့ကလည်း ကျည်သစ်ထိုးပြီး ပစ်ရန်ချိန်ပြန်သည်။

ထိုစဉ် အလယ်တဲမှ ကိုအင်နီ၏အော်သံကြီးကို ကြားလိုက်ရသည်။

"မပစ်ကြနဲ့တော့ ဆရာတို့၊ တောစီးနေပြီ။ အောက်ကိုလည်း မဆင်းကြပါနဲ့။ ခဏစောင့်ပါ"

ကိုအင်နီ၏အော်သံကြားမှ ကျွန်ုပ်တို့အဖွဲ့များ ငြိမ်သက်သွားသလို ကျွန်ုပ်တို့ပစ်ခတ်ထားသော ဆတ်ဖားကြီးနှင့် ဒရယ်ကြီးလည်း ပြန်လည်လဲပြိုကျသွားသည်။ မည်သို့ဖြစ်သည်မသိ မကြုံဖူးသော အဖြစ်အပျက်မျိုးဖြစ်သည်။ နာရီဝက်ခန့်စောင့်ကြည့်ပြီးမှ ကိုအင်နီ၏အော်သံကို ကြားရပြန်သည်။

"ဆရာတို့အားလုံး အောက်ဆင်းလို့ရပြီ။ သားကောင်တွေကို ထမ်းပြီး ဆရာဦးနေအောင်တို့ အလယ်တဲမှာစုကြမယ်။ သတိတော့ထားကြပါ၊ ခြေခင်းလက်ခင်း ကြည့်ဆင်းကြပါ"

ကျွန်ုပ်တို့အားလုံး ဓာတ်မီးများထိုး၍ တဲအောက်သို့ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကျွန်ုပ်တို့ပစ်ထားသော သားကောင်များဆီသို့ သွားကြသည်။ ကျွန်ုပ်တို့ပစ်ထားသော ဆတ်ဖားကြီးနှင့်ဒရယ်မှာ ချက်ကောင်းကို ကျည်ဆန်မှန်ထားသဖြင့် ပြန်လည်ထ,လာစရာ အကြောင်းမရှိပါ။ မည်သည့်အတွက်ကြောင့် ကုန်းရုန်းထလာကြသည်ကို စဉ်းစား၍မရပါ။ မကြာမီ သားကောင်များကိုယ်စီထမ်း၍ ကိုဇော်မင်းတို့အဖွဲ့နှင့် ဦးစိန်မှတ်တို့အဖွဲ့ ရောက်လာကြသည်။

ကျွန်ုပ် ။ ''ဘယ်လိုဖြစ်တာလဲ၊ ကိုအင်နီ''

- ''တောစီးတာ ဆရာ၊ လယ်ကွင်းထဲမှာ တောစီးတာ။ အင်မတန်ဖြစ်ခဲပါတယ်။ ခြောက်စတောင်ဆတ်ဖားကြီး ခေါင်းဆောင်ပြီးဝင်လာကတည်းက ငါအမှောင်ထဲမှာ အသေအချာကြည့်လို့ မြင်လိုက်ရတယ်။ မီးထိုးပြီးမကြည့်ရတော့ ဇဝေဇဝါတော့ ဖြစ်မိတယ်။ ဆတ်ဖားကြီးကျောပေါ်မှာ အကောင်တစ်ကောင်ပါလာတယ်။ လူလိုလို၊ မျောက်လိုလို နီနီရဲရဲကလေး။ မျောက်အရွယ်လောက်ပဲရှိတယ်။ ဆတ်ဖားကြီးချိုကြီးကို လက်နှစ်ဘက်နဲ့ကိုင်ပြီး စီးလာတာ။ ဆရာတို့ သေနတ်နဲ့ပစ်ပြီးတော့ ဆတ်ဖားကြီးလဲကျသွားတာကို အဲဒီအကောင်ကလေးက ပြန်ပြန်ထူပြီး ထ,ခိုင်းနေတာ''

''ကျွန်တော်တို့တော့ အဲဒီအကောင်ကလေးကို မမြင်ရပါဘူး ကိုအင်နီရယ်။ ဆတ်ဖားကြီးပြန်ထလာလို့ ထပ်ပစ်ရတာပါ။ ဒီမှာ ကြည့်ပါဦး၊ ထိချက်ကလည်း ကောင်းပါတယ်။ လက်ပတ်နောက် သေတွင်းချည်းပါပဲ''

''ဟုတ်ပါတယ် ဆရာ။ အဲဒီအကောင်လေးကို မီးထိုးရင် မမြင်ရတော့ဘူး။ လရောင်ကြယ်ရောင်နဲ့ပဲမြင်ရတာ။ ဒါကိုတော့ စီးတာလို့ခေါ်တယ်။ ငါအသံပေးလိုက်လို့ ပျောက်သွားတာ။ လူသံမပေးပဲငြိမ်နေ





ရင်တော့ တောခြောက်၊ တောမှောက်တတ်တယ်''

''တောခြောက်၊ တောမှောက်တာက ဘယ်လိုလဲ၊ ကိုအင်နီ''

''လေပြင်းတွေကျလာပြီး အသံမျိုးစုံဆူညံလာမယ်။ တစ်ချိန်တည်း မိုးမှောင်ကြီးကျလာပြီး တစ်လောကလုံး မှောင်မဲသွားမယ်။ အဲဒီအချိန်မှာ ကြောက်လန့်ပြီးအောက်ဆင်းမိရင် လူစုကွဲပြီး ဒုက္ခရောက်တတ်တယ်။ ဒါကြောင့်ငါက အောက်ကိုမဆင်းကြဖို့ သတိပေးရတာ။ ဒါတွေဟာ လင့်စီးရင်ဖြစ်တတ်တဲ့ တောသဘာဝပဲ။ ဒီနယ်မြေမှာ တောကြမ်းတယ်လို့ ဆိုရမှာပေါ့။ နောက်ကိုလည်း ဒီနယ်ဘက်တောလိုက်ရင် သတိထားကြပါ''

ကိုအင်နီက ဆတ်ဖားကြီး၏နားရွက်နှင့် အမြီးဖျားများအား ဖြတ်တောက်၍ သစ်ရွက်နှင့်ထုပ်ပြီး ကွင်းမြောက်နေစဉ် ကျွန်ုပ်တို့ တောတောင်များအားရေတွက်ကြည့်ရာ ဆတ်ဖားကြီးတစ်ကောင် ဒရယ်သုံးကောင်နှင့် တောဝက်နှစ်ကောင်ရသည်။ ကျွန်ုပ်တို့အဖွဲ့ သားကောင်များကိုထမ်း၍ ရွာသို့ပြန်ခဲ့ကြသည်။ ရွာရောက်တော့ မုဆိုးကိုအင်နီနှင့် အောင်ဘုတို့က သားကောင်များအား ဖျက်ကြသည်။ အူကလီစာဟင်းကို ညလယ်စာစားရန် ချက်ကြသည်။

အိမ်ရှင်ဦးစိုးမြင့်က ပါးလုံးတန်း (၃)တန်းထိုးပြီး ဆတ်သား၊ ဒရယ်သား၊ တောဝက်သားများကို တစ်ပိဿာစီတွဲ၍ ချိန်တွယ်ပြီး ချိတ်ဆွဲထားသည်။

ကျွန်ုပ် ။ ''ဦးစိုးမြင့် ဘာလုပ်ဖို့လဲဗျ၊ ရပ်ရွာကိုဝေဖို့လား''

''မနက်ကျ ရောင်းမယ်လေဆရာ။ အလုအယက် လာဝယ်ကြလိမ့်မယ်။ ဒီရပ်ဒီရွာက သူဌေးတွေဆရာ၊ ဆရာတို့သဘောမထွက်ခင်ကုန်မှာပါ။ ဆရာတို့အသုံးစရိတ်ရတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်တို့အတွက် မလိုပါဘူးဗျာ။ ကျွန်တော်က ရှ
ကိုဝေစေ့ချင်တာ''

''ပေးသင့်သူကိုလည်း ပေးမှာပါဆရာ။ ရောင်းသင့်သူကိုလ
ရောင်းရမှာပေါ့။ ကျွန်တော်ကြည့်လိုက်လုပ်ပါ့မယ်''

အချိန်မှာ လမွန်းတည့် (၁၂)နာရီခန့်ရှိပါပြီ။ ကျွန်ုပ်တို့
လယ်စာစားသောက်ပြီး အိပ်ရာဝင်တော့ လမွန်းလွဲ (၁)နာရီခန့်
အိမ်ရှင်ဦးစိုးမြင့်၊ ကိုအင်နီနှင့်အောင်ဘုတို့ကတော့ ဖျက်ကောင်း
ချက်ကောင်းတုန်းပင် ရှိကြသည်။ သူတို့ ဒီညအိပ်ကြရမည်မဟုတ်

✿ ✿ ✿

❑

မနက်တွင် သဘော်စီး၍ ပြန်ကြမည်ဖြစ်သဖြင့် ကျွန်
မနက် (၆)နာရီခန့်တွင် အိပ်ရာကထပြီး ပြင်ဆင်ကြရသည်။ မန
ထမင်းကြော်နှင့် ကလီစာဟင်းအပြင် နွားနို့ပူပူများက အဆင်သ
နေသည်။ အသားတွဲများအား လာရောက်ဝယ်သူများကလည်း တ
နေသည်။

ကျွန်ုပ်တို့ စားသောက်ပြီးအသင့်ဖြစ်တော့ အသားတွဲမျ
ကုန်ပြီဖြစ်သည်။ အိမ်ရှင်ဦးစိုးမြင့်က ငွေများအားရေတွက်ပြီး ကျ
အား အပ်သည်။





''ဆရာ တစ်သိန်းကျော်ရပါတယ်။ ဒါတောင် ကျွန်တော် ဌာန
ဆိုင်ရာနဲ့ လယ်ရှင်၊ ယာရှင်တွေကို အလကားပေးလိုက်သေးတယ်''

''ကျွန်တော်မယူပါဘူး ဦးစိုးမြင့်ရယ်။ ခင်ဗျားတို့ပဲ ခွဲဝေယူ
ကြပါ''

''မဟုတ်တာ ဆရာရယ်။ ကျွန်တော်တို့ အိမ်ရှင်အဖွဲ့အတွက်
လည်း အသားတွေချန်ထားတာ ရှိပါသေးတယ်။ နောက်ပြီး လယ်ရှင်၊
ယာရှင်တွေက ကျေးဇူးတင်လွန်းလို့ ငှက်ပျောနိုင်နဲ့ ဆန်အိတ်တွေ၊
ဆီပုံးတွေ လာပို့ထားသေးတယ်။ အပြန်လက်ဆောင်ပေါ့ ဆရာရယ်''

ငွေများအား ကျွန်ုပ်လက်မခံသဖြင့် တောခေါင်းကိုစိုးမြင့်က
တရေးကလေးကျော်စိန်ဝင်းအား စာရင်းနှင့်တကွ အပ်သည်။ မနက်(၇)
နာရီ စီပီဘီသဘော်ကြီးထွက်တော့ ကျွန်ုပ်တို့တွင် လက်ဆောင်များက
အပြည့်ပင်၊ အပြန်တွင် ဆင်ဘိုရွာထွက် အသီးအနှံများဖြင့် သဘော်
ကြီးပေါ်တွင် အပြည့်ပင်။ လူကတော့ တစ်ဝက်ခန့်သာပါသည်။ လမ်း၌
တာလောကြီးရွာ၌ရပ်ပြီး လူနှင့်ကုန်ပစ္စည်းများလည်း တင်ကြဦးမည်
ဖြစ်သည်။

သဘော်ကြီးက တဘော်ဘော်ဥသြဆွဲ၍ ဆင်ဘိုဆိပ်ကမ်းမှ
ခွာသည်။ ရေဆန်ခရီးဖြစ်၍ အလာတုန်းက ရေစုန်ခရီးလိုတော့ မမြန်
ပါ။ တရွေ့ရွေ့ ခုတ်မောင်းဆန်တက်ခဲ့သည်။ မနက်(၉)နာရီကျော်ခန့်
တွင် တာလောကြီးရွာသို့ ရောက်သည်။ တောခေါင်းဦးစိန်မှတ် ဆင်း
သည်။ ကျွန်ုပ်တို့လည်း ခေတ္တဆင်း၍ လက်ဖက်ရည်သောက်ကြသည်။

ထိုစဉ် ကျွန်ုပ်တို့ယူဆောင်ရန်ငြင်းပယ်ခဲ့သော ငှက်ပျောနိုင်
နှင့် အသီးအနှံများကို ဦးစိန်မှတ်၏တပည့်များက ထမ်းချလာပြီး လက်
ဆောင်ပေးပြန်သည်။ အပြန်ခရီးဖြစ်၍ ကျွန်ုပ်တို့ငြင်းပယ်ရန် မကောင်း



www.burmeseclassic.com

www.burmeseclassic.com



တော့၍ ယူခဲ့ရပါသည်။ သင်္ဘောကြီးမှာ နာရီဝက်ခန့်နား၍ ကုန်တင်ပြီး မြစ်ကြီးနားမြို့ကိုရှေ့ရှု၍ ရေဆန်ခရီးကို ဆန်တက်ခဲ့သည်။ ဆင်ဘိုရွာကြီးနှင့် ပထမမြစ်ကျဉ်းမှာ ဖေး၍ဝေး၍ တဖြည်းဖြည်းကျန်ခဲ့တော့သည်။

တာလောကြီးရွာမှထွက်ပြီး ရေလယ်ခေါင်မှ လေးထောင့်ကျောက်တုံးကြီး အရိန္ဒမာကျောက်တန်းကြီးနှင့် ဥလောက်ကျောက်တန်းကြီးတို့အား ခက်ခဲစွာဖြတ်ကျော်ပြီးနောက် ဗိုင်းမော်မြို့သို့ ရောက်လာသည်။ တစ်ဘက်ကမ်းတွင် မြစ်ကြီးနားမြို့ကြီးအား လှမ်းမြင်နေရပြီဖြစ်သည်။ ခရီးထွက်၍ တောဆင်း၊ သစ်ကွက်များ စစ်ဆေးရင်းဖြင့် ကျွန်ုပ်တို့အဖွဲ့ တစ်လခန့်ခရီးကြမ်းကြီးကို နှင်ကြရဦးမည်ဖြစ်သည်။

သင်္ဘောကြီး တရွေ့ရွေ့ဖြင့် မြစ်ကြီးနားဆိပ်ကမ်းသို့ ကပ်သည်။ အချိန်မှာလည်း ညနေ(၅)နာရီကျော်ပေပြီ။ ကျွန်ုပ်တို့နောက်တွဲယာဉ်ဂျစ်ကားငှား၍ လက်ဆောင်ပစ္စည်းများအားတင်ပြီး မြစ်ကြီးနားသစ်တောဝင်းသို့ ပြန်ကြပါသည်။

ကျော်စိန်ဝင်း ။ "ဆရာ ... ကျွန်တော် ကသာက ရွှေကမ်းသာစားသောက်ဆိုင်ကို သတိရတယ်ဆရာရယ်။ အဲဒီတော့ FUND ငွေယားကလေးကလည်းတောင့်တော့ ဒီနေ့ညစာ အပြင်ထွက်စားအောင်နော်ဆရာ ဒီမှာ ချက်ရပြုတ်ရနဲ့ အချိန်ကနည်းနေပြီ"

"အေးပါ ... အေးပါ ... ရေမိုးချိုးပြီး တစ်ချီထွက်ကြတာပေါ့။ ဘယ်ဆိုင်သွားမှာလဲ"

"မြို့လယ်က ဆိုင်ဆရာ၊ နာမည်တော့မသိဘူး"

ကျွန်ုပ်တို့ ရေအလျှင်အမြန်ချိုး အဝတ်အစားလဲကြပြီး ဌာနမှဂျစ်ကားကလေးဖြင့် မြို့လယ်သို့ ထွက်ခဲ့ကြပါသည်။ ညဘက်ရောက်သည်နှင့် မြစ်ကြီးနားမြို့မှာ အေးလာသည်။ မြို့သူမြို့သားများကတော့





ဥဒဟို ဖြတ်သန်းသွားလာနေကြသည်။

မြို့လယ် 'မြဧရာ'ဟူသော စားသောက်ဆိုင်ကြီးတွင် ထိုင်ကြသည်။ သီးသန့်ခန်းရှိ၍ ကျွန်ုပ်တို့အဖွဲ့(၅)ယောက် ထိုင်နိုင်သောအခန်းကိုယူ၍ လွတ်လပ်စွာ စားသောက်ကြသည်။ တရုတ်ဆိုင်ကြီးဖြစ်၍ တရုတ်လက်ရာဟင်းလျာများ ကောင်းမွန်သည်။ နိုင်ငံခြားအရက်မျိုးစုံလည်းရသည်။

စားသောက်နေစဉ် ကျွန်ုပ်က ။ "ကျော်စိန်ဝင်း ... မနက်စောစောတို့သွားခဲ့တဲ့ အစီရင်ခံစာတွေရိုက်။ မနက်(၁၀)နာရီလောက် ကိုဇော်မင်းပါခေါ်ပြီး မင်းတို့နှစ်ယောက် ဂျစ်ကားနဲ့လေယာဉ်ရုံးသွားကြ။ (၅)ယောက်စာ လက်မှတ်ဝယ်။ သန်ဘက်ခါ ပူတာအိုဘက်သွားမယ်။ ဦးမျိုးအောင်တို့ဆီလည်း ကြေးနန်းပို့လိုက်။ နောက်ပြီး လမ်းခရီးစားသောက်စရာနဲ့ ငွမ်းစောင်တွေ၊ အနွေးထည်တွေလဲ ဝယ်ကြ။ ဆေးဝါးလည်းမမေ့နဲ့"

"ဟုတ်ကဲ့ ဆရာ"

ကိုအင်နီ ။ "ဆရာ ... ငါတစ်ခါမှ လေယာဉ်ပျံမစီးဖူးဘူး။ ငါလိုက်လို့ဖြစ်ပါ့မလား"

"ကိုအင်နီကလည်း လူတကာနေ့စဉ်သွားနေကြတာကို အထူးအဆန်းလုပ်လို့ဗျာ။ ကျွန်တော်တို့ အတူသွားကြမှာပါ။ ဘာမှစိုးရိမ်စရာမရှိပါဘူး။ နောက်ပြီး နာရီဝက်၊ (၄၅) မိနစ်လောက်ပဲ ကြာမှာပါ"

"အေးပါ ... အေးပါ ... ဆရာတို့ပါမှာ ငါမေ့သွားတယ်။ ငါက မိုးပေါ်ကိုပျံရမှာ စိုးရိမ်နေမိတာ"

"ကိုအင်နီရယ် ... မိုးပေါ်ကနေ အောက်က တောတွေတောင်တွေကြည့်ရတာ အလွန်သာယာလှပတယ်။ စိတ်ကြည်နူးဖို့ အလွန်ကောင်းတယ်။ ကျွန်တော်တို့မတတ်နိုင်တဲ့ ရေခဲတောင်ကြီးတွေ တောင်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာကျန်နေခဲ့တာ။ ဒါကြောင့် ကိုအင်နီက မိုးပေါ်ကနေပြီး ဘယ်တောဘယ်တောင်ကို သွားချင်သလဲပြော၊ ကျွန်တော်ရောက်အောင် လိုက်ပို့မယ်''

''အေး ...ငါကတော့ ကသာက မိတ်ဆွေတွေမှာလိုက်တဲ့ ဆေးပင်ဝါးပင်တွေနဲ့ ဆေးဖက်ဝင်တိရစ္ဆာန်ထွက်ပစ္စည်းတွေကို လိုချင်တယ်။ မရောက်ဖူးသေးတဲ့ ရေခဲတောင်ပေါ်မှာ အမဲလိုက်ချင်တယ်။ ဒါပါဘဲ ဆရာရယ်''

''ရပါစေ့မယ်၊ ရောက်ပါ့စေ့မယ် ကိုအင်နီ။ ကျွန်တော်တို့က သစ်တောလုပ်ငန်းစစ်ဆေးရင်း မြို့ရွာအနှံ့သွားရမှာဆိုတော့ ဒေသန္တရ ဗဟုသုတလည်း ရပါတယ်။ ဒေသထွက် ဆေးဝါးပစ္စည်းတွေကိုလည်း ရနိုင်ပါတယ်။ အစားအသောက်တော့ ဆင်းရဲမလားမသိဘူး။ ဩော် ဒါနဲ့ကျော်စိန်ဝင်းရေ ...ကိုအင်နီကိုပါ မနက်ဖြန်ခေါ်သွားကွာ။ သူနဲ့ အောင်ဘုအတွက်လည်း အနွေးထည်တွေ ဖိနပ်တွေဝယ်ရဦးမှာ။ အောင်ဘု ကတော့ ချက်ရေပြုတ်ရနဲ့ လိုက်နိုင်မှာမဟုတ်ဘူး။ ကြည့်သာဝယ်ခဲ့ပေတော့။ အောင်ဘုက ကိုအင်နီနဲ့ ကိုယ်လုံးချင်းနီးစပ်ပါတယ်။ ကြည့်သာ ဝယ်ခဲ့ပေတော့ကွာ''

''ဟုတ်ကဲ့ ဆရာ''

ကိုအင်နီမှာ နိုင်ငံခြားဝီစကီများနှင့် ကျွမ်းဝင်ရင်းနှီးနေပြီဖြစ်၍ သောက်လည်းသောက်နိုင်သည်။ စားလည်းစားနိုင်သည်။ တရုတ်ဟင်းလျာကို အတော်ကြိုက်ပုံရသည်။ ထိုညက ည(၉)နာရီမှ ကျွန်ုပ်တို့အဖွဲ့ စားသောက်ဆိုင်မှပြန်ခဲ့ကြသည်။ ခရီးပမ်းပြီး ဗိုက်ပြည့်သဖြင့် ည(၁၀)နာရီခန့်၌ပင် အိပ်ယာဝင်ခဲ့ကြသည်။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်နှင့် ကိုဇော်မင်းတို့ လမ်း





လျှောက်ရင်း ရွှေစက်ရွာဘက်တွင် လက်ဖက်ရည်သောက်ကြသည်။ ာက်စုံပိုးစာခြံတွင် အကျဉ်းဦးစီးက စခန်းဖွင့်ထားရာ ကသာမှ ကျွန်ုပ် ၏ မှဆိုးမိတ်ဆွေကြီး ထောင်မှူးကြီးဦးသိန်းဝင်း၏သတင်းကို စုံစမ်း နဲ့ စိတ်ကူးမိသည်။ သူလည်း ကျွန်ုပ်တို့ထက်စောပြီး ကသာထောင်မှ င်းစိန်ထောင်၊ အင်းစိန်မှ မြစ်ကြီးနားစခန်းဘက်သို့ ပြောင်းရွှေ့သွား ကြောင်း သိရသဖြင့် ဖြစ်သည်။

ပိုးစာခြံစခန်းမှာ လမ်းမနှင့်အတော်လှမ်းသော အတွင်းထဲ၌ ည်ရှိသည်။ ဂိတ်စောင့်ရဲဘော်ကိုသတင်းပို့ပြီး ကျွန်ုပ်တို့ အတွင်းစခန်း သို့ ဝင်လာခဲ့ကြသည်။ စခန်းရုံးမှာ အုတ်တိုက်အလေး ဖြစ်သည်။ တော်လည်း ကျယ်ဝန်းသည်။ စခန်းပတ်လည်တွင် ရာသီပေါ်သီးနှံ ား စိုက်ပျိုးထားသည်။ စခန်းရုံးအနောက်ဘက် အတော်လှမ်းလှမ်း တွင် ရဲဘက်ဆူးကြိုးစခန်းရှိသည်။ လမ်းမပေါ်က မမြင်ရ။

ကျွန်ုပ်တို့ စခန်းထဲရောက်တော့ မျက်နှာတွင် ကျောက်ပေါက်မာ ကြဲ့သဲ့၊ ခပ်ဝဝ၊ ဥပဓိရုပ်ကောင်းကောင်းလူတစ်ဦး ထွက်လာသည်။

''ညွှသည်တွေ ထင်တယ်။ ညွှခန်းကို ကြွကြွပါခင်ဗျား''

ကျွန်ုပ်တို့ ညွှခန်းတွင်ထိုင်ကြရင်း မိတ်ဆက်ကြသည်။

''ကျွန်တော်က ဟိုဘက်သစ်တောရုံးက သစ်တောအရေးပိုင် ုအောင်ပါ။ သူက တောအုပ်ဇော်မင်းပါ''

''ဩော် ...ကိုသိန်းဝင်းပြောပြောနေတဲ့ ကသာက အဖွဲ့ ထင်တယ်။ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ။ ကျွန်တော်က ဒီစခန်း တာဝန်ခံ ဦးငွေစံပါ။ ဟောဟိုက ဝင်လာတာကတော့ ဒုထောင်ပိုင် ဦးကျင်မောင်သန်းပါ။ ကိုသိန်းဝင်းက ကျွန်တော်နဲ့တစ်ပတ်စဉ်တည်း ယ်တန်းဆင်းတာ။ ဦးကျင်မောင်သန်းကတော့ ကျောက်မိုင်းကော်ပို



www.burmeseclassic.com

www.burmeseclassic.com



ဝ်ရေးရှင်းက ပြောင်းလာတာပါ။ ကဲ . . . ကိုကျော်မောင်သန်းလာဦး။ ဒီမှာ ကိုသိန်းဝင်းမိတ်ဆွေတွေ သစ်တောကအရာရှိတွေ ရောက်နေကြတယ်"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါသဗျာ။ ကိုသိန်းဝင်းက ပြီးခဲ့ တဲ့လကပဲ ဆွမ်ပရာဘွမ်စခန်းကိုထွက်သွားပြီ။ အမှန် သူကခန့်ံးစခန်း ကို ထွက်ရမှာ။ ကျွန်တော်က ဆွမ်ပရာဘွမ်စခန်းကို ထွက်ရမှာ။ ကျွ တော့်ဖနီးကို ကျွန်တော်စောင့်နေရတာနဲ့ ကိုသိန်းဝင်းက စိတ်မြ လက်မြန်နဲ့ ကျွန်တော့်ကိုယ်စား လိုက်သွားတာပါ"

ကျွန်ုပ် ။ "ဩော် . . . ဦးသိန်းဝင်းက ဆွမ်ပရာဘွမ် စခန်းမှာကို ကျွန်တော်တို့အဖွဲ့လည်း ပြောင်းလာတာ မကြာသေးပါဘူး။ ကျွန်တော် က သစ်တောအရေးပိုင်ဦးစံရွှေ ပင်စင်ယူလို့ သူ့နေရာကို ကသာက ပြောင်းလာတာပါ။ ဆရာတို့ဆွမ်ပရာဘွမ်ဘက်ကို ယာဉ်တန်းနဲ့သွားရ မှာပေါ့။ ဘယ်တော့လောက်ထွက်ဦးမလဲ"

"တစ်လတစ်ခါလောက် ရိက္ခာပို့ ရဲဘက်ပို့ထွက်ရတယ်ဗျ အခုလ ကုန်လည်း ယာဉ်တန်းရှိတယ်။ ဘာလဲ ခင်ဗျားတို့မိတ်ဆွေကြီး ဆီ လိုက်ချင်လို့လား။ ကျွန်တော်စီစဉ်ပေးပါ့မယ်။ ကားတွေက အများ ကြီး။ ကြိုက်ရာကား စီးလို့ရတယ်"

"လကုန်တော့ မလိုက်နိုင်သေးဘူး ဆရာရေ။ ကျွန်တော် က ပြောင်းလာတာမကြာသေးတော့ မနက်ဖြန် ပူတာအိုဘက်က သစ် တောတွေကို သွားစစ်ရဦးမယ်။ တစ်လလောက်ကြာမယ်။ အပြန်မှ လိုက်နိုင်တော့မှာပါ"

"အင်း . . . ဒီဘက်က ပွင့်လင်းရာသီကလည်း ခဏကလေး ဗျ။ မိုးမကျမီ မိကောင်းမိမှာပေါ့ဗျာ။ မိုးကျရင်တော့ တောင်ကျရေတွေ ကြောင့် လမ်းတွေပျက်၊ တံတားတွေကျိုးတော့ သွားမရနိုင်တော့ဘူးဗျို့"





ကျွန်ုပ်တို့ စကားကောင်းနေကြစဉ် အမျိုးသမီးတစ်ဦးက ကော်ဖီနှင့်မုန့်များ လာချပေးသည်။

ဦးကျော်မောင်သန်း ။ "သုံးဆောင်ပါ ဦးနေအောင်။ ဒါ ကျွန်တော့် အမျိုးသမီးပါ။ သူ့အလာကိုစောင့်နေရလို့ ကိုသိန်းဝင်းနဲ့ကျွန်တော် လဲလိုက်ရတာပါ။ ဆွမ်ပရာဘွမ်လမ်းက အတော်ဆိုးတယ်ဗျ။ ငြိမ်းချမ်း ရေးလည်း မရသေးတော့ စိတ်မချရဘူး။ ဒါကြောင့် ယာဉ်တန်းနဲ့သွား ရတာ။ ကိုသိန်းဝင်းတို့ပြောင်းတုန်းက ကျွန်တော်လိုက်ပို့ရတာ။

သူတို့အထိုင်ချမဲ့ ဒရုခရဲဘက်စခန်းက ဒီကနေ (၈၇) မိုင်ဘဲ ဝေးပေမဲ့ (၆) ညအိပ် (၇)ရက်ခရီးတောင် သွားခဲ့ရတာ။ တစ်နေ့ (၁၀) မိုင်ကျော်ကျော်ဘဲ ခရီးပေါက်တာပေါ့ဗျာ။ ကားတွေကလည်း လမ်းမှာ ပျက်နေလို့ ကြာတာပါ။ ကိုယ့်ကားကောင်းကောင်းနဲ့သာ သွားနိုင်ရင် တော့ တစ်ညအိပ် (၂)ရက်နဲ့ ရောက်နိုင်ပါတယ်"

"ကျွန်တော်တို့ဌာနမှာ ဂျစ်ကားနှစ်စီးရှိပါတယ်။ ကျွန်တော် တို့လည်း သစ်တောစစ်ဆေးရင်း အမဲလိုက်ရင်း သွားချင်တာပါ"

"ဆရာဦးနေအောင်ရေ . . အဲဒီဘက်က လုံခြုံရေးစိတ်မချရ တော့ ယာဉ်တန်းနဲ့သွားရတာပါ။ ယာဉ်တန်းဆိုတော့ သိတဲ့အတိုင်းပဲ တရွေ့ရွေ့ပေါ့။ ကျော်တက်လို့လည်း မရဘူး။ တနိုင်ဖဲရွာကနေ အင်ဂျစ်၊ ရှုံးခါ၊ ဖုံအင်ခရွာတွေကိုကျော်ပြီးမှ တီယန်စွပ်ရွာကြီးကိုရောက်တာ။ အဲဒီလမ်းက အဆိုးဆုံးနဲ့အကြမ်းဆုံးပဲ။ တီယန်စွပ်ရွာကြီးကိုကျော်ရင် တော့ လမ်းလည်းကောင်းတယ်၊ လုံခြုံရေးလည်း စိတ်ချရတယ်။ ခလရ (၃၇)က အထိုင်စခန်း ချထားတာလေ။ ဦးသိန်းဝင်းတို့ဒရုခရဲဘက်စခန်း နဲ့ အတူတူပေါ့"

"အေးဗျာ . . . ကျွန်တော်တို့ပြန်လာလို့ ယာဉ်တန်းမီရင်တော့



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်ဗျာ။ ဦးသိန်းဝင်းက ကျွန်တော်တို့နဲ့ လက်ညီတယ်ဗျ။ သူနဲ့ တွဲပြီး အမဲလိုက်ချင်လို့ပါ။ ကသာမှာနေတုန်းကတော့ အတူတွဲပြီး အမဲလည်နေကျပေါ့ဗျာ''

''ဟုတ်တယ်ဗျ . . ။ ကိုသိန်းဝင်းက ရိုးမစခန်းတုန်းကလည်း မုဆိုးလုပ်ခဲ့တာ။ လက်လည်းတည့်တယ်''

''ဟုတ်ပါတယ် ဆရာ၊ သူက မုဆိုးဝါရင့်တစ်ယောက်ပဲ။ တော အထာ၊ တောင်အထာလည်း နားလည်တယ်''

''ကဲ . . . ကျွန်တော်တို့ ပြန်ပါဦးမယ်။ ဦးငွေစံနဲ့ဦးကျင်မောင်သန်းလည်း အားရင် ကျွန်တော်တို့သစ်တောဝင်းကို လာလည်ပါဦး'' ဦးငွေစံနှင့်ဦးကျင်မောင်သန်း ။ ''ဟုတ်ကဲ့ . . . လာလည်ပါ့မယ် ဆရာဦးနေအောင်နဲ့ဦးဇော်မင်း။ ဆရာတို့လည်း မကြာခဏလာလည်ဖို့ ဖိတ်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း ညနေပိုင်း ဝိုင်းကလေးလုပ်တတ်ပါတယ်။ အသီးအနှံလိုအပ်ရင်လည်း အချိန်မရွေး လာခူးလှည့်ပါဗျာ''

''ကျေးဇူးတင်ပါတယ်ဗျာ။ သစ်တောနဲ့ ပတ်သက်ရင်လည်း ပြောပါ၊ ကူညီပါ့မယ်။ ကျွန်တော်တို့ မနက်ဖြန်ခရီးထွက်ရမှာမို့ ပြန်ပါဦးမယ်''

''ဟုတ်ကဲ့ ခင်ဗျာ၊ ဟုတ်ကဲ့ပါ''

ကျွန်ုပ်တို့ပြန်တော့ ကျွန်ုပ်တို့အား ဦးငွေစံနှင့်ဦးကျင်မောင်သန်းတို့က ဂိတ်ဝအထိလိုက်ပို့သည်။ ကျွန်ုပ်တို့နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါသည်။ မြစ်ဆုံလမ်းပေါ်တွင် နောက်တွဲယာဉ်တပ်ဂျစ်ကားကလေးများ ပြေးလွှားနေသည်။ လမ်းဘေးရှိ ဆီးသီးပင်များမှ ဆီးသီးများ ဖွေးဖွေးလှုပ်အောင် ကြွေကျနေသည်။ ကောက်မည့်ခူးမည့်သူမရှိပါ။

✿ ✿ ✿

❑

ကျွန်ုပ်တို့ သစ်တောရုံးပြန်ရောက်တော့ တပည့်ကျော် အောင်ဘုက BREAK FAST စားရန် ပြင်ဆင်ပြီးစောင့်နေသည်။

အောင်ဘု ။ ''ဆရာတို့ ဘယ်သွားကြတာလဲ၊ ကိုကျော်စိန်ဝင်းနဲ့ ကိုအင်ကိုတို့တော့ စားပြီးသွားကြပြီ။ ဈေးဝယ်သွားဖို့နဲ့ လေယာဉ်လက်မှတ်ကိစ္စ ဆရာတို့ကိုစောင့်နေတာ။ ရေတောင်ချိုးနေကြပြီ''

''အေး . . . အေး . . . ငါတို့အကျဉ်းဦးစီးဌာန ခဏဝင်နေတယ်။ မင်း ကသာတုန်းက ထောင်မှူးဦးသိန်းဝင်းကို မှတ်မိတယ် ဟုတ်လား။ သူက အခု ဆွမ်းပရာဘွမ် ရဲဘက်စခန်းတာဝန်ခံဖြစ်နေပြီ။ ငါတို့ ပူတာအိုဘက်ကပြန်ရင် ဦးသိန်းဝင်းတို့စခန်းကို သစ်တောစစ်ရင်း သွားလည်ကြမယ်''

''ဟုတ်ကဲ့ မှတ်မိပါတယ် ဆရာ။ တကောင်းမြို့ဟောင်းက ကုံယော်ဝရတနာသိုက်တူးတုန်းကတောင် ဆရာဦးသိန်းဝင်းက ခေါင်းဆောင်ခဲ့တာပဲ''

''အေး . . . အေး . . . ဟုတ်တယ်၊ သူက မုဆိုးကျော်ကွ။ အကျဉ်းဦးစီးမှာလည်း နာမည်ကြီးမုဆိုးဆိုဘဲ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော်လည်း တွေ့ချင်ပါတယ်ဆရာ။ မှုံး ကိုအင်နီနဲ့တွဲလိုက်ရင်တော့ ပွဲကတော့စည်ပြီပေါ့ ဆရာရယ်"

ထိုစဉ် ကိုအင်နီနှင့်ကျော်စိန်ဝင်းတို့ ရေချိုးပြီး အိမ်အနောက်ဘက်မှပြန်တက်လာကြရာ အောင်ဘု၏ စကားတစ်ခွန်းတစ်စကို ကြားသွားသဖြင့် ...

ကိုအင်နီက ။ "ဟော့ ... အောင်ဘု၊ ငါတို့အကြောင်း ဘာတွေပြောနေကြတာလဲ"

"ဗြော် ... ကိုအင်နီက အမဲလိုက်တော်လို့ ဆွမ်ပရာဘွမ်က ထောင်မှူးကြီးတစ်ယောက်နဲ့ တွဲပေးမလို့ပြောနေကြတာပါ။ ကသာက ပြောင်းသွားတဲ့ ထောင်မှူးဦးသိန်းဝင်းလေ ကိုအင်နီသိသလား"

"အေး ... အေး ... ငါလည်းသိတယ်။ ငါ့မိန်းမဘက်က အမျိုး ထောင်ကျတုန်းက သူအကူအညီပေးဖူးတယ်။ ငါလည်းတွေ့ချင်တယ်။ သူက အခုဘယ်မှာလဲ။ မြစ်ကြီးနားရောက်နေသလား"

ကျွန်ုပ် ။ "မြစ်ကြီးနားရောက်ရုံတင်မကဘူး ကျော်တောင်သွားပြီ။ အခု ဆွမ်ပရာဘွမ်စခန်းမှာ မနက်ဖြန်လေယာဉ်စီးတော့မှ ဦးသိန်းဝင်းတို့စခန်းကို ကျွန်တော်ပြမယ်။ ကျွန်တော်တို့ပူတာအိုဘက်က ပြန်လာရင်တော့ ဦးသိန်းဝင်းတို့ခနန်းကို သွားလည်ကြမယ်"

"အေး ... ကောင်းတယ်၊ ငါလည်းလိုက်မယ်"

အောင်ဘု။ "ဆရာတို့ မနက်စာစားကြဦးလေ"

"ငါတို့အပြင်မှာ လမ်းလျှောက်ရင်း ရွှေစက်ရှာဘက်မှာစားခဲ့ပြီးပြီ။ အကျဉ်းဦးစီးက ထောင်ပိုင်တွေကလည်း မုန့်နဲ့ကော်ဖီ တိုက်လိုက်သေးတယ်။ အောင်ဘုရေ၊ သိမ်းလိုက်တော့"

ကိုဇော်မင်းမှာလည်း အမြန်ရေချိုး၍ ကျော်စိန်ဝင်း၊ ကိုအင်နီ





တို့နှင့်အတူ ဂျစ်ကားကလေးဖြင့် ထွက်သွားကြသည်။ ကျွန်ုပ်က ရုံးကိစ္စများအားဆောင်ရွက်ရင်း အောင်ဘုနှင့်အတူ ကျန်ခဲ့သည်။

နေ့လယ်စာ စားချိန် (၁၂)နာရီခန့်မှ သူတို့အဖွဲ့ ပစ္စည်းများ တစ်ပွေ့တစ်ပိုက်ကြီးနှင့် ပြန်ရောက်လာကြသည်။

ကိုဇော်မင်း ။ "အားလုံးအဆင်ပြေတယ်ဆရာ၊ လေယာဉ်လက်မှတ်လည်း ရတယ်။ မနက်ဖြန် (၉)နာရီထွက်မဲ့ လေယာဉ်ဘဲ။ ပူတာအိုက ဦးမျိုးအောင်ဆီလည်း ကြေးနန်းပို့လိုက်ပြီ။ ဆရာမှာတဲ့ ပစ္စည်းတွေလည်း အပြည့်အစုံ ဝယ်လာပါတယ်"

"ကဲ ... လာကြ၊ နေ့လယ်စာ စားကြရအောင်။ ပြီးရင် ခရီးထွက်ဖို့ ပြင်ကြ၊ ဆင်ကြရမှာ"

"ဟုတ်ကဲ့ ဆရာ"

အောင်ဘုနှင့်ကျော်စိန်ဝင်းက လမ်းခရီးသုံးရန် ပစ္စည်းများအား ပြည့်စုံအောင် စီစဉ်ထုပ်ပိုးနေကြသည်။

ကျွန်ုပ်နှင့်ကိုဇော်မင်းတို့က ယူဆောင်သွားကြမည့် သေနတ်များအား တိုက်ချွတ်ဆေးကြော စစ်ဆေးကြသည်။ မြန်မာပြည်မြောက်ဖျားဒေသ သွားရမည်ဖြစ်၍ လိုလေသေးမရှိစေရန် စီစဉ်ဆောင်ရွက်ရသည်။ ညနေတွင် အရက်ပွဲကလေးစီစဉ်ကြရာ သတိရသဖြင့် ပိုးစာမြိုင်ဘက်စခန်းမှ ထောင်ပိုင်ဦးငွေစံနှင့် ဦးကျင်မောင်သန်းတို့အားလည်း နှုတ်ဆက်ရန် ကိုဇော်မင်းအား ဂျစ်ကားကလေးဖြင့် သွားခေါ်နိုင်းရသည်။ အသင့်ပါလာ၍ အရက်ပွဲကလေး စည်ကားပါသည်။ ပြည်မသားချင်းဖြစ်၍ မြစ်ကြီးနားမြို့နှင့် ပတ်ဝန်းကျင်ဒေသများအကြောင်း အတွေ့အကြုံဖလှယ်ကြရာ ဝိုင်းမှာ ပိုစည်ကားလာသည်။

ဆွမ်ပရာဘွမ်ဒေသအကြောင်း ဦးကျင်မောင်သန်းက ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်ုပ်တို့၏မိတ်ဆွေကြီး ထောင်မှူးကြီးဦးသိန်းဝင်းအကြော ပါလာသည်။ စခန်းတာဝန်ခံဖြစ်သော်လည်း အသွားခရီး၌ အလွန်အ ရောက်ပြီး လမ်းခရီး၌ အစားအသောက်ဆင်းရဲပုံ၊ စခန်းရောက်တေ လည်း နေစရာမရှိ၍ ကိုယ့်တဲ ကိုယ်ဆောက်ပြီး ဖြစ်သလိုနေထိုင်ရ များကို ပြောပြသည်။

ကျွန်ုပ် ။ "ရွာတွေဘာတွေနဲ့ မနီးဘူးလား၊ ဦးကျင်မောင်သန်း"

"တီယန်စွပ်ရွာကြီးနဲ့က (၅)မိုင်ကျော်လောက် ဝေးတယ ကဝဘန်ရွာနဲ့က (၃)မိုင်ကျော်ဝေးတယ်။ နီးတဲ့ရွာတွေက ရွာပျက်တေ လူမနေတော့ဘူးဗျ"

"ဒါဆို ဦးသိန်းဝင်း အတော်ဒုက္ခရောက်မှာပေါ့နော်"

"ရောက်စက အတော်ဒုက္ခရောက်တာပေါ့ဗျာ။ ထွက်စာတော တင်ထားတယ်။ အခုတော့ စခန်းဆောက်ပြီးတော့ အဆင်ပြေနေပါပြ ဒါပေမဲ့ သူတို့ဆီက လူမနီးသူမနီး တောကြီးထဲမှာဆိုတော့ အစ အသောက်တော့ ရှားတယ်ဗျ"

"ဒါပေမဲ့ ဦးသိန်းဝင်းက မုဆိုးဘဲဗျာ ရှာတတ်မှာပါ"

"နယ်မြေမအေးချမ်းသေးဘူးဗျ။ တောကောင်ပေါပေမဲ့ တော မလည်ရဲကြဘူး။ ဆန်၊ ပဲ၊ ဆီပဲ အလုံအလောက်ရှိတာ။ ဖြစ်သလို စားကြရမှာပေါ့ဗျာ"

ကျွန်ုပ်၏ မိတ်ဆွေကြီးအား အလွန်သတိရမိသည်။ ပူတာအို ဘက်မှ ပြန်လာလျှင်လည်း ဆွမ်ပရာဘွမ်ဘက်သို့သွားရန် စိတ်ဆုံးဖြတ် လိုက်မိသည်။ အစားအသောက်ဆင်းရဲသည်ဆိုသဖြင့် ကြာကြာအထာ ခံသော ဆီသွတ်ဘူးများအား ဝယ်သွားရန်လည်း စဉ်းစားမိသည်။ စကာ ကောင်း၍ ကျွန်ုပ်တို့ပိုင်းသိမ်းတော့ ည(၁၀)နာရီခန့်ပင် ရှိပြီဖြစ်သည်





ဦးငွေစံနှင့်ဦးကျင်မောင်သန်းတို့အား ကိုဖော်မင်းဂျစ်ကားကလေးဖြင့် ပြန်လိုက်ပို့သည်။ ကျွန်ုပ်တို့အိပ်ယာဝင်တော့ ည(၁၁)နာရီခန့်ရှိပေပြီ''

မနက်(၇)နာရီမှ ကျွန်ုပ် အိပ်ရာကနိုးသည်။ တပည့်များမှာ အဆင်သင့်ပြင်ဆင်ပြီး ဖြစ်နေကြသည်။ ကျွန်ုပ် ကမန်းကတန်း အိပ်ရာ ကထ၍ ရေမိုးချိုး၊ ဘုရားဝတ်ပြုပြင်ဆင်ပြီး မနက်စာစားသည်။ မနက်(၈) နာရီတွင် လေဆိပ်သို့ဆင်းခဲ့ကြသည်။

မြစ်ကြီးနားရာသီဥတုမှာ အုံ့မှိုင်းနေသည်။ နွေရာသီဖြစ်သော် လည်း မိုးကအချိန်အခါမဟုတ်ဘဲ ရွာတတ်သည်။ မနက် (၈)နာရီထိုး သည့်တိုင် နေကိုမမြင်ရသေး၍ ချမ်းအေးသော အငွေ့အသက်ကလည်း ရှိနေပါသည်။ မြစ်ကြီးနားလေယာဉ်ကွင်းမှ ငြိမ်သက်တိတ်ဆိတ်နေသည်။ ခရီးသည်ကလည်း နည်းလှသည်။ လေယာဉ်အဆင်းအတက်ရှိမှသာ စက်သံကို ဆူညံစွာကြားရသည်။

လေဆိပ်ရှေ့တွင် ပန်ကာ(၂)လုံးတပ်တွင် အော်တာလေယာဉ် ကလေးတစ်စီးရပ်ထားသည်။ လေယာဉ်ကလေးမှာ (၁၉)ဦးသာဆန့်သည်။ ထို့ကြောင့်လည်း ခရီးသည်နည်းခြင်းဖြစ်ပေမည်။ ကျွန်ုပ်တို့အဖွဲ့ လက်မှတ် ပြ၊ သတင်းပို့ပြီး လေယာဉ်ပေါ်သို့ တက်ခဲ့ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

❑

မနက်(၉)နာရီတိတိတွင် လေယာဉ်ကလေးစ၍ ကွင်းမှတက်သည်။ ထိမ်ပေါက်ကိုရှာရန် ကွင်းတစ်ပတ်ဝဲပြီးမှ တဖြည်းဖြည်းထိုးတက်ခဲ့ခြင်းဖြစ်သည်။ တွင်အော်တာလေယာဉ်ကလေးသည် ပိတုန်းပျံသကဲ့သို့ တက်ဒီဒီအော်မြည်းရင်း မြစ်ကြီးနားလေဆိပ်မှ ထွက်ခွာလာခဲ့သည်။

အမြင့်ပေ ၉၀၀၀' အထိတက်၍ မြောက်စူးစူးသို့ ပျံသန်းနေလေသည်။ လေယာဉ်ဝဲဘက်မှန်ပြတင်းမှ ကျွန်ုပ် အောက်သို့ ငုံ့ကြည့်ရာ မြွေလိမ်မြွေကောက်စီးဆင်းနေသည့် ဧရာဝတီမြစ်ကြီးကို ထောင်လိုက်တွေ့ရသည်။





မကြာမီ မြစ်ကြီးသုံးမြစ်ပေါင်းဆုံနေသည့် မြစ်ဆုံပေါ်သို့ရောက်တသည်။ လေယာဉ်မှူးက ဝေ့ဝဲပြသဖြင့် မြစ်ဆုံအလှကို တစ်ဝကြီး ကြည့်ရှုရပါသည်။ ဤနေရာသည် အမိဧရာဝတီမြစ်ကြီး စတင်ပေါက်ဖွားရာ မြစ်ကြီးနားမြို့မှ ကုန်းလမ်းပိုင်း (၂၈)မိုင်ဝေးသော နေရာဖြစ်လသည်။

ကိုအင်နီမှာ လေယာဉ်စတင်တက်စဉ်က ကြောက်လန့်၍ ငြိမ်သက်နေရာမှ ခရီးသည်များက မြစ်ဆုံဟုအော်ကြသဖြင့် နိုးကြားလာဟန်ဖြင့် ...

"ဆရာ မြစ်ဆုံဆိုတာ ဟိုနေ့ကငါတို့သွားခဲ့တဲ့ နေရာလား။ ငါတို့သွားကြတုန်းက အဝေးကြီးပါ။ ကားကို အကြာကြီးမောင်းရတယ်။ အခု ခဏကလေးပဲနော်"

"ကားနဲ့လေယာဉ်ပျံ ဘယ်တူမလဲ ကိုအင်နီရယ်။ ကားက တွေ့ကောက်မောင်းရတာ။ လေယာဉ်ပျံက မိုးပေါ်ကပျံတော့ တည့်တည့်မောင်းလို့ရတယ်လေ။ ဒါကြောင့် (၅)မိနစ်လောက်နဲ့ မြစ်ဆုံပေါ်ရောက်တာ"

"ဟာ ... မြန်လှချည့်လား။ ဒါဆို ငါတို့ပူတာအိုကို ဘယ်လောက်ကြာရင် ရောက်မလဲ"

"နာရီဝက် (၄၅)မိနစ်လောက်ပဲ ကြာမှာပါ"

နိုင်ငံတော်၏မြောက်ဖျား၊ ရေခဲတောင်ဖျားတွင် မြစ်ဖျားခံခဲ့ကြသည့် ထလာဝမ်၊ အဒုံဝမ်နှင့် ဆန်ခူးဝမ်မြစ်သုံးသွယ်သည် ပေါင်းဆုံမိပြီး နမ့်တမိုင်မြစ် ဖြစ်လာခဲ့သည်။ ထိုမြစ်သည် အရှေ့တောင်ဘက်သို့ စီးဆင်းလာခဲ့ရာ မြောက်ဘက်မှစီးဆင်းလာခဲ့ကြသည်။ ဒပွလူဝင်၊ ခမ်းနှင့် ထရုန်ဝမ်မြစ်တို့ပေါင်းစုံ၍ မေခမြစ် ဖြစ်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်သို့ ဆက်လက်စီးဆင်းလာရာမှ မေခမြစ်အတွင်းသို့ အ
ခမက်ရာမေ၊ မောကျောင်း၊ ဝေါ်ချမ်းမမြစ်ငယ်များ စီးဝင်လာပြန်သ
တောင်ဘက်အနောက်ယွန်းယွန်းသို့ မေခမြစ်က ဆက်လက်စီးဆင်း
ပြန်၍ ကျဖွီခ၊ အင်လီခ၊ ရှာဝေါခ၊ ဒွမ်ဘန်ခ မြစ်ငယ်တို့သည် အ
ဘက်မှ ထပ်မံစီးဝင်လာခဲ့ပြန်သည်။

ဒွမ်ဘန်ခနှင့်တွေ့ဆုံပြီးနောက် မေခမြစ်သည် အနော
တောင်ဘက်သို့စီးလာရာ မြောက်ဘက်မှစီးဆင်းလာသော မလိ
နှင့် မြစ်ဆုံတွင်ပေါင်းစပ်မိပြီး အမိဧရာဝတီမြစ်ကြီး ဖြစ်ပေါ်လာ
သည်။

မလိခမြစ်သည်လည်း နိုင်ငံတော်၏မြောက်ဖျားတွင် မြစ်
ခဲ့ပြီး နမ့်လန်၊ နမ့်ယက်မြစ်ငယ်တို့သည် အနောက်ဘက်မှလည်းကော
ရှုန်ခမြစ်သည် အရှေ့ဘက်မှလည်းကောင်း၊ မလိခမြစ်သည် တောင်
သို့ ကွေ့ကောက်စီးဆင်းခဲ့သည်။ အရှေ့ဘက်မှ ခရန်းခနှင့်ဂျ
အနောက်ဘက်မှ နမ့်တီးခ၊ အင်ဆွပ်ခ၊ ဖုန်အင်ခတို့ စီးဝင်လ
ပြီးနောက် မေခမြစ်နှင့် ပူးပေါင်းမိကြသည်။

ကျွန်ုပ်တို့စီးလာသော တွင်အော်တာလေယာဉ်ကလေး
မေခနှင့်မလိခမြစ်ဆုံကို ကျော်ဖြတ်နေသည်။ မြစ်နှစ်မြွာကြားတွင်
ဂျန်းယန်မြို့ကို လှပစွာတွေ့ရသည်။ သစ်တောကြီးဖုံးနေသော
ကလေးဖြစ်လေသည်။ ရွှေဝါရောင်လွှမ်းနေသည့် လယ်ကွင်းကျယ်
များကိုလည်း မြင်ရသည်။ အောက်ဘက်တွင် တောင်ထွတ်ကြီး
သစ်တောကြီးများက တစ်မျှော်တစ်ခေါ် ရှု၍မဆုံးနိုင်တော့ပါ။

တိဗက်ကုန်းပြင်မြင့်မှ ထိုးထွက်လာသော တောင်တန်း
ဆွယ်များသည် တောင်ဘက်သို့ ထောင်လိုက်သွယ်တန်းလျက်ရှိကြ





လက်ငါးချောင်းပြန့်ခင်းထားသကဲ့သို့ပင် ဖြစ်သည်။ မေခနှင့်မလိခမြစ်
ကြားတွင် ရှန်ဝေါတောင်တန်းမှာ မြောက်ပိုင်းမှ ဆင်းလာသည်။ ပလောင်
ဘွန်တောင်နှင့်ဆက်နေပြီး တြိဂံနယ်မြေအား တောင်ကုန်းဒေသဖြစ်လာ
စေခဲ့သည်။ ထိုတောင်တန်းတွင် နင်ဂွန်ဘွန်တောင်မှာ ပေ (၁၀၇၁၂)ရှိ၍
အမြင့်ဆုံးဖြစ်သည်။

ပလောင်လန်ဘွန်တောင်တန်းကမူ ထူးခြားစွာဖြင့် အရှေ့နှင့်
အနောက် သွယ်တန်းလျက်ရှိသည်။ သူလည်း ပေတစ်သောင်းကျော်
မြင့်သော တောင်ထွတ်များရှိသည်။ မြစ်ကြီးနား ပူတာအိုခရီးစဉ်ကို
ယခုကဲ့သို့ ပွင့်လင်းရာသီတွင် တစ်နေ့သုံးခေါက် ပျံသန်းသည်။ ပွင့်လင်း
ရာသီဆိုသည်မှာလည်း ရာသီဥတုသာယာပြီး မိုးလေကင်းရှင်းသော
ရာသီကို ဆိုလိုသည်။ ဤဒေသတွင် မိုးရာသီနှင့်ဆောင်းရာသီသာ ရှိ
သည်။ အောက်တိုဘာနှင့် မေလလောက်အထိသာ ရာသီဥတုရှင်းလင်း
သာယာသည်။ မြစ်ကြီးနားနှင့် ပူတာအိုမှာ(၂၁၈)မိုင်ဝေးသည်။ လေယာဉ်
ဖြင့် (၄၅)မိနစ်ခရီး ဖြစ်သည်။

မကြာမီ ကျွန်ုပ်တို့၏လေယာဉ်ကလေး မလိခမြစ်အတွင်း စီးဝင်
သည့် ဒရုခမြစ်ပေါ်သို့ရောက်လာသည်။ ကျွန်ုပ်က ကိုအင်နီအား ...

"ကိုအင်နီရေ ... အောက်မှာကြည့်ပါဦး။ အဲဒါ ဒရုခမြစ်
ကိုတံတားပျက်ကြီးနားက တောင်ကုန်းကလေးဘေးမှာ တဲစုစုတွေ့
သလား။ အဲဒါ ထောင်မှူးကြီးဦးသိန်းဝင်းတို့ စခန်းဖြစ်လိမ့်မယ်"

"မြစ်ကြီးနားနဲ့ အတော်လှမ်းတာပဲနော်"

"မြစ်ကြီးနားနဲ့ ကုန်းလမ်းခရီး (၈၇)မိုင်ဝေးတယ်။ ဒါပေမဲ့
လမ်းဆိုးလွန်းလို့ ဦးသိန်းဝင်းတို့သွားတုန်းက (၆)ညအိပ် (၇)ရက်သွားရ
တယ်လို့သိရတယ်။ ယာဉ်တန်းနဲ့ မဟုတ်ဘဲသွားရင်တော့ တီယန်ဖွပ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ တစ်ညအိပ်ပြီး ရောက်နိုင်တယ်လို့ သိရတယ်။ ဒါပေမဲ့ နယ်
မအေးချမ်းသေးတော့ မသွားရဲကြဘူး''

''တို့ကသာလို မအေးချမ်းဘူးနော်။ ဆရာဦးသိန်းဝင်း
အတော်ဒုက္ခရောက်ကြမှာပဲ''

''အစိုးရဝန်ထမ်းဆိုတော့ ဒီလိုဘဲပေါ့ဗျာ။ သူ့ဆန်စား
တာပေါ့။ သူတို့ဘဝက ကျွန်တော်တို့သစ်တောဌာနထက် ဆိုးတယ်
အလုပ်လည်း လုပ်ရသေးတယ်၊ အုပ်ချုပ်မှုလည်း လုပ်ရတယ်၊ ဝန်ထ
နဲ့ ရဲဘက်တွေရဲ့ ကျန်းမာရေးနဲ့ စားသောက်နေထိုင်ရေးကိုလည်း တာဝ
ယူရတယ်''

''တာဝန်ကြီးတာပေါ့ ဆရာရယ် နော်။ လူများတော့ စားဝ
နေရေးလည်း ဆင်းရဲကြမှာပဲနော်''

''ဒါပေါ့ ကိုအင်နီရယ်။ ရွာဆက်နဲ့လည်းဝေး၊ နယ်မြေကလည်း
မအေးချမ်းတော့ စားရေးသောက်ရေး ဆင်းရဲကြမှာပါပဲ''

မကြာမီ လေယာဉ်ကလေးမှာ ဆွမ်ပရာဘွမ်မြို့ပေါ်သို့ ရော
လာသည်။

''ကိုအင်နီရေ ... ဟောဟိုဘယ်ဘက်မှာ ဆွမ်ပရာဘွမ်
ဗျို့။ တောင်ကုန်းမြင့်ပေါ်မှာ အမိုးနီနီရဲရဲကလေးတွေနဲ့ ဘယ်လော
လှသလဲ''

သစ်တောနှင့်တောင်တန်းများ ဝိုင်းရံနေသည့် ဆွမ်ပရာဘွမ်
ကလေးမှာ အလွန်လှပသည်။ မြစ်ကြီးနားမှ (၁၃၂)မိုင်ဝေးသည်။ ဆွ
ပရာဘွမ်မြို့နယ်၏အရှေ့ဘက်တွင် အင်ဂျန်းယန်မြို့နယ် အရှေ့မြော
ဘက်တွင် ခေါ်ဘူဒဲမြို့နယ်၊ အနောက်ဘက်တွင် တနိုင်းမြို့နယ်၊ တော
ဘက်တွင် မြစ်ကြီးနားမြို့နယ်၊ မြောက်ဘက်တွင် ပူတာအိုမြို့နယ်





ချမ်းဘော့မြို့နယ်များ အသီးသီးဝန်းရံလျက်ရှိသည်။ မလိခမြစ်ကြီး
မြို့နယ်၏အလယ်ဗဟိုကို မြောက်ဘက်မှဖြတ်ဆီးလျက် မြစ်ကြီးနား
နယ် တနဲဖဲရွာတွင် မေခမြစ်နှင့်ပေါင်းဆုံပြီး ဧရာဝတီမြစ်ကြီး ဖြစ်
လာခဲ့ခြင်း ဖြစ်လေသည်။

✿ ✿ ✿

❑

တွင်အော်တာလေယာဉ်ကလေးမှာ မရပ်မနား ဆက်လက်
သန်းလာရာ မကြာမီ ပူတာအိုမြို့အနီးသို့ရောက်ရှိလာပြီး ပူတာအို
မှ နာမည်ကျော် ပူလာရှီဒီးကြီးတံတားကို ဖြတ်ကျော်လာခဲ့သည်။
တာအိုမြို့နှင့် (၈)မိုင်မျှသာဝေးသော နေရာဖြစ်သည်။

လေယာဉ်ကလေးသည် ပြန့်ခေါ် လွင်ပြင်ကျယ်ကြီးတစ်ခု
တွင်းသို့ တဖြည်းဖြည်း ညင်သာစွာဆင်းလာခဲ့သည်။ ပူတာအို
လေယာဉ်ကွင်းသို့ ဆင်းပြီးဖြစ်သည်။ လေယာဉ်ပေါ်ကဆင်းတော့ နေခြည်
ဖြာနေပြီးဖြစ်သည်။

မိုးထိုးနေသည့် တောင်ထွတ်ကြီးများသည် မြောက်ဘက်၊
အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် ပတ်လည်ဝိုင်း၍ ကာရံထား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည်မှာ မြင်းရွှာပုံနှင့်ပင် တူနေသေးသည်။ အရှေ့နှင့် အနောက် (၁၀) မိုင်ကျော်၊ တောင်နှင့်မြောက် မိုင်(၃၀)ခန့်ကျယ်ပြန့်သော 'ခမ်းတီးလုံ လွင်ပြင်ကြီး' ဖြစ်သည်ဟု သိရသည်။

ပူတာအိုမြို့နယ်သည် အရှေ့ဘက်၌ မချမ်းဘောမြို့နယ် အနောက်ဘက်တွင် အိန္ဒိယပြည်၊ မြောက်ဘက်တွင် နောင်မွန်းမြို့နှင့် တောင်ဘက်တွင် ဆွမ်ပရာဘွမ်မြို့နယ်နှင့် တနိုင်းမြို့နယ်တို့ရှိကြသည်၊ မြောက်ဘက်တွင် ရေခဲဖုံးနေသော တောင်တန်းကြီးများကိုတွေ့ရသည်၊ လုန်ခရမ္မာဒင်နှင့် ဖုန်ကန်ရေခဲတောင်ကြီးတို့ဖြစ်ကြသည်။

လေယာဉ်ကွင်းနှင့်ပူတာအိုမြို့မှာ (၂)မိုင်ခန့် ဝေးသေးသည်၊ ကျွန်တော်တို့အဖွဲ့အား ပူတာအိုသစ်တောဌာနမှ တောအုပ်ဦးမျိုးအောင် က လာကြိုနေသည်။

"ဆရာဦးနေအောင် ကျန်းမာပါရဲ့နော်။ ကျွန်တော်တို့သိမှာ က ကားရှားတယ်ဗျ။ မချမ်းဘောကိုသွားတဲ့ ကုန်းလမ်းပို့ဆောင်ရေးက ခရီးသည်တင်ကားကြီးကို စောင့်စီးရမှာ။ လေဆိပ်ရိပ်သာထဲမှာ ခဏ ထိုင်ရင်း စောင့်ကြတာပေါ့။ ဒီမှာက ကုန်းဆင်းကုန်တက်များတော့ ဆိုက်ကားနဲ့မြင်းလှည်းလည်း မရှိဘူးဆရာရေ့"

"ရပါတယ်ဗျာ၊ ကြုံရာပေါ့။ ကျွန်တော်တို့က မုဆိုးတွေဆို တော့ လမ်းလျှောက်လို့လည်း ရပါတယ်။ မြို့ထဲနဲ့လေယာဉ်ကွင်းက (၂)မိုင်ပဲဝေးတာမဟုတ်လား"

"ပစ္စည်းတွေနဲ့ ဆရာရယ် ခဏပဲစောင့်ပါ။ ကားကြီးလာတော့ မှာပါ။ ကားကြီးက လေယာဉ်တစ်ခါဆင်း တစ်ခါပို့နေရတာ ဒီမြို့က အဆင်းအတက်များတော့ မြစ်ကြီးနား၊ ပူတာအိုလေယာဉ်ခရီးစဉ် လောက်တောင် ကားကြီးက မမြန်ဘူးဖြစ်နေတယ်"





မကြာမီတွင် အော်တာလေယာဉ်ကလေး၏ ပိတုန်းအော်သံ ဝက်သံတစ်ဒီးဒီးကြားရပြီး တောင်ဘက်ရှိမြစ်ကြီးနားမြို့သို့ ပျံတက် းပါသည်။ ခရီးသည်တင်ကားကြီးလည်း ထိုးဆိုက်လာပါသည်။ ခရီး ည်နှင့်ညှော်ကြိုများပါ စီးကြရသဖြင့် ကားကြီးမှာပြည့်ကြပ်သွားသည်။

သို့သော် ညှော်ကြိုမြို့ခံများက ခရီးသည်များကိုဦးစားပေး၍ င်နိုင်းသည်။ သို့သော် ကားလမ်းမှာ ကျောက်ကြမ်းလမ်းကြီးဖြစ်၍ င်စီးရသည်ထက် မတ်တပ်ရပ်၍စီးရသည်က ပိုအဆင်ပြေပါသည်။ ားကြီးမှာ လူးလိမ့်ဆောင့်၍ ပူတာအိုမြို့ဘက်သို့ ထွက်ခဲ့သည်။ ာစ်တောရုံးမှာ မြို့အဝင်တွင်ပင်ဖြစ်၍ ကျွန်ုပ်တို့ဆင်းကြသည်။ ပစ္စည်း ားကိုနေရာချပြီး ခေတ္တနားနေကြစဉ် တောအုပ်ဦးမျိုးအောင်က . . .

"ဆရာတို့ ရေချိုးကြဦးမလား။ နေ့လယ်စာစားဖို့တော့ မြို့ထဲ ာ စားသောက်ဆိုင်ကောင်းကောင်းမှာ စီစဉ်ထားပါတယ်"

"ရာသီဥတုအေးတယ်၊ ရေမချိုးတော့ပါဘူး။ ခဏနားပြီး စား သောက်ဆိုင်ကပြန်မှ ရေချိုးကြတာပေါ့"

"အဲဒီအစီအစဉ် ကောင်းပါတယ်ဆရာ။ ဒါဖြင့်လည်း မြို့ဘက် ကိုလမ်းလျှောက်ရင်း သွားကြတာပေါ့"

ကျွန်ုပ်တို့အဖွဲ့ ခေတ္တနားပြီး နမ်တုံချောင်းကူး၊ သံတံတား ကြီးကိုဖြတ်ကျော်ခဲ့ကြသည်။ ကားလမ်းဘေးပတ်ဝန်းကျင်ရှိ စပါးခင်း များအား ရိတ်သိမ်းနေကြပြီဖြစ်သည်။ ထူးဆန်းသည်ကတော့ နမ့်တုံ ချောင်းမှာ မြေပြင်အနေအထားကြောင့်တောင်မှ မြောက်ဘက်သို့ ပြန် သည်စီးဆင်းနေသည်။

ပူတာအိုမြို့မှ အနောက်တောင်ဘက် (၁၂၅)မိုင် ကျော်ဝေး သည့် နမ့်မထုံခူးရွာအနီးရှိ တဂမ်မာတင်ရေခဲတောင်ကြီးမှ မြစ်ဖျားခံ



www.burmeseclassic.com

www.burmeseclassic.com



စီးဆင်းလာပြီး ပူတာအိုမြို့ အရှေ့ဘက်မှကွေ့ကာ မလိခမြစ်အတွင်း စီးဝင်သွားသည်ဟု ဦးမျိုးအောင်က ရှင်းပြသည်။

နမ်တုံချောင်းကူးတံတားကြီးပေါ်မှ မျှော်ကြည့်လျှင် တော ကုန်းတန်းကြီးပေါ်၌ သွပ်မိုးနီနီများဖြင့်ဆောက်လုပ်ထားသော ပူတာ မြို့ကို လှမ်းရှုမြင်နေရသည်။ တောင်ကြောလမ်းနှစ်ထပ်ကွေ့ကိုတ ပြီးနောက် ပူတာအိုမြို့အတွင်းသို့ ရောက်သည်။ ပူတာအိုမြို့မှာလည် အတော်စည်ကားနေပါပြီ။ ရုံးများ၊ ကျောင်းများ၊ ရုပ်ရှင်ရုံ၊ ဈေးနှ စားသောက်ဆိုင်များ၊ လူနေအိမ်များဖြင့် လှပသာယာနေသည်။

ယခင်က အောက်ချိုင့်ခေါ် ဟိုနီရပ်ကွက်လောက်သာ စည် ကားသော်လည်း ယခုတော့ မြို့လယ်လမ်းမကြီးသည် မြို့မရပ်ကွက် စတင်၍ ဟိုနီရပ်ကွက်၊ ပန်းလှိုင်ရပ်ကွက်အထိ တစ်မိုင်ခွဲခန့်ရှည်လျာ ပြီး အနိမ့်ပိုင်းသို့ဆင်းသွားသည်။ ပန်းလှိုင်ရပ်ကွက်၊ ပါအင်ရပ်ကွက် တုံလိထုရပ်ကွက်၊ တပ်သစ်ရပ်ကွက်များတိုးချဲ့၍ စည်းကားလှသည်။

လူမျိုးစုအနေဖြင့်လည်း လီဆူး၊ ရဝမ်၊ ခမ်းတီးရှမ်း၊ ဂျိန်းဖေ လူမျိုးစုတို့ အများစုနေထိုင်ကြသည်။ မြန်မာနှင့် တရုတ်၊ ကုလား များလည်းရှိသည်။ ကျွန်ုပ်တို့အုပ်စု ဟိုနီရပ်ကွက်ထိပ်ရှိ 'ရွှေနမ့်ခမ်း စားတော်ဆက်' ဆိုင်ကြီးအတွင်း ဝင်ခဲ့ကြသည်။ သီးသန့်ခန်းကျယ်ကြီး အတွင်းဝင်ခဲ့ကြပြီး တောအုပ်ဦးမျိုးအောင်က ...

"ဆရာတို့ ဘာသုံးဆောင်ကြမလဲ"

ကျွန်ုပ် ။ "ဦးမျိုးအောင်ရေ ... ခင်ဗျားက နယ်ခံပဲ၊ အဆင်ပြေမ သာမှာပါ"

"ဝက်သားရော စားကြတယ်နော်။ ဒီမှာ ငါးလည်း ပေါ်ပါ တယ်"





"တောင်ပေါ်မှာ ဘယ်ကငါးရတာလဲဗျ"

"တပ်ငါးခူးတွေ၊ ဒီမြို့မှာ ပေါ်မှပေါ်ဘဲ ဆရာရေ့။ တပ်က မွေးတဲ့ မွေးမြူရေးငါးခူပေါ့။ အကောင်ကြီးပြီး အသားများတယ်။ အရသာ လည်း ငါးခူအတိုင်းပါပဲ။ အခုတော့ ငါးခူးမျိုးတွေပြန့်သွားပြီး တစ်မြို့ လုံးနှံ့နေပြီဆရာ။ ဝက်သားဟင်း၊ တောကောင်သား အစုံမှာလိုက်မယ် ဆရာ"

ကျွန်ုပ်တို့ နေ့လယ်စာစားတော့ နေ့လယ်(၁၂)နာရီခွဲခန့်ရှိပါ ပြီ။ ပူတာအိုတွင် အစားအသောက်ကောင်းပါသည်။ ဈေးလည်းပေါ သည်။ စားသောက်နေရင်း ကျွန်ုပ်က ...

"ဦးမျိုးအောင် ... နမ့်ခမ်းဆိုတာ ရွှေထွက်တဲ့ချောင်း မဟုတ်လား။ ဒီစားသောက်ဆိုင်နာမည်က 'ရွှေနမ့်ခမ်း' ဆိုတော့ အဲဒီ ချောင်းကို တင်စားပြီးမှည့်ထားတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ ဒီဆိုင်ပိုင်ရှင်နာမည်က ဦးခမ်းရှိန်တဲ့ ခန္တီးရှမ်းမျိုးနွယ်ပါ။ နမ့်ခမ်းရွာကြီးမှာ နေတယ်။ နမ့်ခမ်းရွာကြီးက မချမ်းဘော့မြို့နယ်ထဲမှာ ရှိတယ်။ အဲဒီ ဦးခမ်းရှိန်တို့ နမ့်ခမ်းကြီး ချောင်းထဲမှာရွှေကျင်ရင်း ရွှေတုံး၊ ရွှေခဲတွေရလို့ သူဋ္ဌေးဖြစ်သွားတာ။

ဒါကြောင့် နမ့်ခမ်းချောင်းနဲ့ နမ့်ခမ်းရွာကြီးကို ဂုဏ်ပြုပြီး သူ့ဆိုင်ကို 'ရွှေနမ့်ခမ်း' လို့ မှည့်ထားတာပါ။ ပူတာအိုမြို့မှာတော့ အကောင်းဆုံးဆိုင်ကြီးပေါ့ ဆရာရယ်။ ဒီနာမည်နဲ့ပဲ မချမ်းဘော့မြို့မှာ လည်း စားသောက်ဆိုင်ဖွင့်ထားသေးတယ်။ ညနေစောင်းရင်တော့ ဆရာရေ့ ... အပေါ်ထပ်အောက်ထပ် လူအပြည့်ပဲ။ ထိုင်စရာနေရာ ရဖို့တောင် မလွယ်ဘူး"

"ဟုတ်ပါ့ဗျာ ... ။ အခုတောင် လူအတော်များတာပဲ။ HALL



www.burmeseclassic.com

www.burmeseclassic.com



ခန်းကြီးထဲမှာတောင် ပြည့်နေပြီ''

''ဆရာတို့ မနက်ဖြန် ဘယ်ဘက်သွားကြဦးမလဲ''

''မနက်ဖြန် မသွားသေးဘူး ဦးမျိုးအောင်။ စာရင်းဇယားတွေစစ်မယ်။ လုပ်ငန်းသဘာဝ လေ့လာမယ်။ ဝန်ထမ်းတွေနဲ့ တွေ့မယ်။ အစည်းအဝေးကလေး လုပ်ကြတာပေါ့။ ဒါမှလည်း လုပ်ငန်းသဘာဝအခက်အခဲနဲ့ လိုအပ်ချက်တွေကို သိရမှာပေါ့''

''ဟုတ်ကဲ့ . . . ကောင်းပါတယ်ဆရာ။ ဒီက ဝန်ထမ်းတွေလည်း လူကြီးတွေနဲ့ မတွေ့ရတာကြာပါပြီ။ ဆရာဦးနေအောင်နဲ့ ပြောင်းလွဲတဲ့ ဆရာဦးစံရွှေက အအေးကြောက်တော့ ဒီဘက်လာခဲပါတယ်ခင်ဗျား''

''ကျွန်တော်တို့ကတော့ မချမ်းဘော့၊ ခေါ် ဘူဒဲနဲ့ မြောက်ဘက်စွန်း နောင်မွန်းအထိသွားကြပြီး ရေခဲတောင်ပေါ်မှာ အမဲလိုက်ကြဦးမှာဗျ''

''ကောင်းပါရဲ့ ဆရာရယ်၊ ကျွန်တော်လိုက်ပို့ပါ့မယ်။ ဒီက အလုပ်ကလည်း အေးပါတယ်။ သစ်ထုတ်တာက နည်းနည်းပါ။ သစ်တောစောင့်ရှောက်ရေးလုပ်ရတာဘဲ တာဝန်ကြီးတာပါ။ ဆရာတို့လို ကျွန်တော်တို့က အမဲလိုက်ဝါသနာမပါတော့ သစ်တောထဲ သွားစစ်ဆေးပြီး သစ်ခွပန်းရှာ ပြန်လာကြတာပါပဲ''

''ဘာသစ်ခွမျိုးတွေပေါ်သလဲ ဦးမျိုးအောင်''

''ဒေသခံမျိုးတွေပါပဲဆရာ။ ဖယောင်းပန်းနဲ့ ရတနာရွှေခက်၊ စလဲတော်၊ စာကလေးသစ်ခွ၊ သုံးပန်းလှ၊ မိုးလုံးမှိုင်းနဲ့ သဇင်တွေပါပဲဆရာ။ တောနက်ထဲမှာတော့ ပိုပြီးစုံမှာပါ။ ကျွန်တော်တို့က ကြိုးဝိုင်းတောလောက်ပဲ ရောက်ကြတာပေါ့''





''အေးဗျာ . . . နောင်အချိန်ရရင်တော့ သစ်တောစစ်ရင်း၊ သစ်ခွရှာရင်း အမဲလိုက်ကြတာပေါ့။ သစ်တောမှာလုပ်ရတော့ ဒီကိစ္စတွေက ဆက်နွယ်နေတယ်လေ''

''ဆရာ . . . ဒီမြို့ပေါ်မှာလည်း သစ်တောရုံးခွဲနဲ့ သစ်အရောင်းဆိုင်ရှိပါတယ်။ နေရာနည်းနည်းကျဉ်းလို့ ဆရာတို့ကို သစ်တောဝင်းထဲမှာ နေရာပေးတာပါ။ မြို့ထဲနဲ့တော့ နည်းနည်းလှမ်းတာပေါ့''

''ရပါတယ်ဗျာ၊ သစ်တောဝင်းက ပိုကောင်းပြီး လွတ်လပ်ပါတယ်၊ ကျွန်တော်တို့လည်း အကြာကြီးနေမှာမှမဟုတ်တာ''

''ညနေစာကိုတော့ သစ်တောဝင်းထဲမှာဘဲ ချက်ပြုတ်စားဖို့ ကျွန်တော်စီစဉ်ပြီးပြီဆရာ''

''အဲဒါကောင်းပါတယ်၊ စားရင်းသောက်ရင်းနားရင်း အေးအေးဆေးဆေး လုပ်ငန်းအကြောင်း စကားပြောရတာပေါ့။ ကျွန်တော့်အဖွဲ့တွေကလည်း ကောင်းကောင်းချက်တတ်၊ ပြုတ်တတ်ပါတယ်''

''ကောင်းပါတယ် ဆရာရယ်။ သွားလေရာ တပည့်ရင်းတွေပါတော့ စားရေးသောက်ရေး အဆင်ပြေတာပေါ့။ ဒီဘက်အပိုင်းက တောကျပေမဲ့ စားစရာအသားနဲ့ အသီးအနှံ အလွန်ပေါပါတယ်''

ကျွန်ုပ်တို့ စားသောက်ပြီးတော့ ည(၈)နာရီခန့် ရှိပါပြီ။ ရာသီဥတုမှာ အလွန်အေးလာသည်။ အနွေးထည်ကိုယ်စီပါ၍ တော်ပါသေးသည်။ ကျွန်ုပ်တို့ သစ်တောဝင်းဘက်သို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။ ဆန်းစလ,ကလေးမှာ တစ်ခြမ်းပဲ့ကလေး အပြင်ထွက်ပြူနေသော်လည်း အလင်းရောင်ကောင်းစွာမရ။ ကြယ်ရောင်ကလည်း ခပ်မှိန်မှိန်ပင်။

ရိုတ်သိမ်းစလယ်ကွင်းများဘက်မှ တိုက်ခတ်လာသော ရိုးမြတ်နံ့သင်းသည့် လေအေးကလေးအား လတ်ဆတ်စွာရှူရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်တစ်ခုလုံး လန်းဆန်းတက်ကြွသွားသည်။ ပတ်ဝန်းကျင်မှာ ပုရစ်သံနှင့် ပုဇဉ်းရင်ကွဲသံများသာ တစ်စီစီမြည်နေသည်။ တစ်ခါတစ်ရံ အဝေး တောင်တန်းကြီးများဆီမှ ချေဟောက်သံနှင့် ဆတ်တစ်သံများကို သဲ့သဲ့ ကြားနေရသည်။

✿ ✿ ✿

❑

ကျွန်ုပ်တို့တည်းခိုသောဗိုလ်တဲမှာ ပြင်ဆင်မွမ်းမံထားသော်လည်း အဆောက်အဦးအဟောင်းကြီးမှန်း သိသာပါသည်။ သစ်ခင်း ပျဉ်ကာ၊ အုတ်ကြွပ်မိုး ဖြစ်သည်။ အခန်းများကတော့ ရှေးခေတ်ပုံစံအတိုင်း ကျယ်ဝန်းသည်။

ဧည့်ခန်းကျယ်ကြီးနှင့် အိပ်ခန်း (၄) ခန်းရှိရာ နှစ်ယောက်အိပ်ခန်းများဖြစ်၍ ကျွန်ုပ်တို့အဖွဲ့အတွက် အဆင်ပြေလှသည်။ ကျွန်ုပ်နှင့် တောအုပ်ဖော်မင်းကတစ်ခန်း၊ စာရေးကလေး ကျော်စိန်ဝင်းနှင့် အောင်ဘုတို့ကတစ်ခန်း၊ ကိုအင်နီက တစ်ခန်းသပ်သပ်နေပြီး ပွတာအိုမှ တောအုပ်ဦးမျိုးအောင်က တစ်ခန်းသီးသန့်နေသည်။

အချိန်စောသေးသဖြင့် ဧည့်ခန်းတွင်ထိုင်ကြရင်း စကားပြောကြရာ ...





ဦးမျိုးအောင် ။ "ဆရာ ဒီဗိုလ်တဲက အင်္ဂလိပ်ခေတ်က အဆောက်အဦးဟောင်းကြီးကို ပြန်ပြုပြင်ထားတာဆိုတော့ အနည်းအပါး အခြောက်အလှန့် ရှိပါတယ်။ ကြမ်းကြမ်းတမ်းတမ်းမဟုတ်တော့ ကြောက်စရာမလိုပါဘူး။ အရိပ်အယောင်နဲ့ အသံလောက်ပါပဲ။ အပေါ့အလေးသွားဖို့ နောက်ဘက်မှာ အဆင်သင့်ရှိပါတယ်။

လျှပ်စစ်မီးက ည(၉)နာရီမှာပျက်ပြီး မနက်(၄)နာရီမှာ ပြန်လာပါတယ်။ လက်နှိပ်ဓာတ်မီးနဲ့ မီးအိမ်တွေလည်း အခန်းတိုင်းရှေ့မှာ စီစဉ်ထားပါတယ်။ ကျွန်တော့်တပည့် မန်းနီးကလည်း ဧည့်ခန်းထဲမှာ အိပ်မှာပါဆရာ။ လိုအပ်ရင် သူ့ကိုနှိုးပြီးခိုင်းပါ။ အားနာစရာမရှိပါဘူးဆရာ"

"ရပါတယ် ဦးမျိုးအောင်။ ကျွန်တော်တို့မှာလည်း လက်နှိပ်ဓာတ်မီးကိုယ်စီ ပါပါတယ်။ အတွေ့အကြုံရင့် မုဆိုးတွေမို့ အကြောက်အလန့်မရှိပါဘူး။ ပတ်ဝန်းကျင်မှာလည်း ဝန်ထမ်းအိမ်ရာတွေရှိတာမို့ ဘာမှစိုးရိမ်စရာ မရှိပါဘူးဗျာ။ ကဲ ... စိတ်ချလက်ချ အိပ်ပေရော့။ ကျွန်တော်တို့လည်း ဘုရားဝတ်ပြုပြီးတာနဲ့ အိပ်ရာဝင်တော့မယ်။ ဂွတ်နိုက်ဗျာ"

"ဟုတ်ကဲ့ ဂွတ်နိုက်ပါဆရာ။ ကောင်းမွန်စွာ အိပ်စက်နားနေကြပါ"

သွားတိုက်၊ မျက်နှာသစ်၊ ဘုရားဝတ်ပြုပြီးတော့ ည(၉)နာရီလည်း ထိုးချေပြီ။ မီးမှာ အချက်ပြပြီး မကြာမီ ပိတ်သွားတော့ ကျွန်ုပ်တို့နှစ်ဖြိုက် စွာအိပ်ပျော်နေကြစဉ် ညသန်းခေါင်းယံအချိန်ခန့်တွင် အော်ဟစ်သံတစ်ခုကြောင့် လန့်နိုးကြသည်။

လက်နှိပ်ဓာတ်မီးများဆွဲ၍ အခန်းအပြင်သို့ ထွက်လိုက်ကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



ကိုအင်နီ၏အခန်းဘက်မှဖြစ်ကြောင်း သိရသဖြင့် ကိုအင်နီ၏အခန်းကို တံခါးခေါက်ကြသည်။ တံခါးမှာ ပိတ်မထားပါ။ စေ့ရုံသာစေ့ထားသည်။ ကိုအင်နီမှာ ခုတင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်၍ ကျွန်ုပ်တို့အား ကြောင်စီစီကြည့်နေသည်။

"ကိုအင်နီ . . . ဘာဖြစ်တာလဲ"

ကျွန်ုပ်က မေးရာ . . .

"ဆရာ ငါ့ခြေထောက်ကို ကြွက်ကိုက်သွားတာ ထင်တယ်။ ဒီမှာကြည့်ပါဦး"

ဟုတ်ပါသည်။ သူ့ခြေထောက် ညာဘက် ခြေသန်းထိပ်များကလေးမှာ သွေးများထွက်နေသည်။

ကျွန်ုပ်က အောင်ဘုအား မှန်အိမ်ထွန်းခိုင်းပြီး ကျော်စိန်ဝင်းအား ကျွန်ုပ်၏အခန်းထဲမှ ဆေးသေတ္တာကိုယူခိုင်းရသည်။ ကိုဇော်မင်းက ဒဏ်ရာအား အရက်ပြန်နှင့်ဆေးကြောပြီး ပလာစတာကပ်ပေးနေစဉ် တောအုပ်ဦးမျိုးအောင် ရောက်လာသည်။

"ကိုအင်နီ . . . ကြွက်ကိုက်တာ ဟုတ်ရဲ့လား။ အင်း . . . အဆိပ်တက်တဲ့လက္ခဏာတော့ မရှိပါဘူး"

"ကြွက်ကိုက်တာလို့ ထင်တာပါပဲ ဆရာရေ့။ ငါအိပ်မက်မက်တယ်။ အမျိုးသမီးကြီးတစ်ယောက် ငါ့အခန်းထဲကိုဝင်လာတယ်။ သူက ပြောတယ်။ နင်က တစ်ပွဲစားတဲ့။ ငါတို့နယ်မြေကိုဝင်လာရင် ဝင်ကြေးပေးရမယ်လို့ ပြောတယ်"

ငါကလည်း ပြန်ပြောတာပေါ့။ ငါတို့ ဘာမှမလုပ်ရသေးဘူး ဘာကြောင့် ဝင်ကြေးပေးရမှာလဲဆိုတော့ . . .

"ကျုန်တဲ့သူတွေက အစိုးရဝန်ထမ်းတွေ ငါတို့ဝင်ကြေးတောင်းပိုင်ခွင့်မရှိဘူး။ နင်က အရပ်သား၊ နယ်ကျော်လာတာမို့ ဝင်ကြေးပေးရမယ်။ မပေးရင် နင့်ကို အမျိုးမျိုးနှောင့်ယှက်မယ်လို့ ပြောပြန်တယ်"

"ငါက တစ်ပွဲစားမှဆို၊ ဘာကောင်မှ မကြောက်ဘူးလို့ဆိုတော့ သူ့လက်ထဲမှ ဖွက်ယူလာတဲ့မြေကြွက်ကြီးကို ငါ့ခြေဖျားနားမှာချပြီး ကိုက်ခိုင်းတော့တာပဲ။ အဲဒီအချိန်မှာ ထူးဆန်းတာက ငါစကားပြောနိုင်ပေမဲ့ ခြေတွေလက်တွေ တစ်ကိုယ်လုံးလှုပ်ရှားလို့မရဘူး။ အဲဒါကြောင့် ငါ့ခြေဖျားအကိုက်ခံရပြီး ငါလန့်အော်မိတာ"

ကျွန်ုပ်	။ "တစ်စုံတစ်ခုနဲ့များ ထိခိုက်မိတာလား"

ကိုဇော်မင်း	။ "မဟုတ်ဘူးဆရာ။ ဒဏ်ရာမှာ ကြွက်သွားရာကလေးတွေ တွေ့ရတယ်"

"အင်း . . . ထူးဆန်းပါပေ့ ကိုအင်နီရယ်။ အိပ်မက်ထဲက အတိုင်း ဖြစ်နေတာပေါ့နော်"

"ဟုတ်တယ် ဆရာ။ ငါလည်း အံ့သြတယ်။ ညက အိပ်ယာဝင်တုန်းက ငါ အိပ်ခန်းတံခါးကို အသေအချာပိတ်ထားတာ။ အခုတော့ ပွင့်နေတယ်လေ"

"အင်း . . . ဟုတ်ပါရဲ့ဗျာ၊ ဆန်းတော့ဆန်းနေတာပါပဲ"

ဦးမျိုးအောင်	။ "ကိုအင်နီ အမျိုးသမီးကြီးက ဘယ်လိုပုံစံလဲ"

"နိုင်ငံခြားသူပဲ။ အင်္ဂလိပ်မကြီးနဲ့ တူတယ်။ အသက်က (၆၀) လောက်ရှိတယ်။ ဆံပင်တွေဖြူနေပြီး မျက်နှာကတော့ ရုပ်ဆိုးတယ်။ နှာခေါင်းချွန်ချွန်ကြီးနဲ့ ကြောက်စရာကောင်းတယ်"

"အင်း . . . ဒေါ်မေရီပါပဲ။ သူက အရင်ဒီလို မဆိုးပါဘူး။ ကျွန်တော်တို့လည်း အိပ်မက်ထဲမှာ မြင်ဖူးပါတယ်။ ကိုအင်နီနဲ့ကျကာမှ ဘယ်လိုဖြစ်တယ် မဆိုနိုင်ဘူး"







www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မေရီဆိုတာ ဘယ်သူလဲ၊ ဦးမျိုးအောင်"

ဒေါ်မေရီက အင်္ဂလိပ်ခေတ်တုန်းက တောအုပ်ကြီးကတော်လို့ သိရတယ်ဆရာ။ ဗိုလ်တဲပေါ်မှာရေချိုးရင်း မြွေကိုက်သေဆုံးတာပါ။ အရင်က ဒီဗိုလ်တဲဝန်းကျင်မှာ တောကြီးတယ်ဆရာ။ ဝန်ထမ်းအိမ်ရာတွေလည်း အခုလိုမရှိသေးဘူး။ ဒီမှာက ဗိုလ်တဲစောင့်နဲ့ သူတို့လင်မယားပဲနေကြတာ"

"ဘုန်းကြီးပင့်ပြီး ပရိတ်မနာကြဘူးလား။ အမျှအတမ်း မဝေကြဘူးလား ဦးမျိုးအောင်"

"သူတို့က ခရစ်ယာန်ဘာသာဝင်တွေဆရာ။ မြန်မာဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီးနှင့် ကမ္မဝါတောင်ဖတ်ပြီး အမျှအတန်းဝေဖူးတယ်။ မကျွတ်ဘူးဆရာ။ ကျွန်တော်တို့ကိုလည်း ဒုက္ခမပေးလို့ ဒီအတိုင်းထားထားတာ"

"အေးဗျာ ...။ ကိုအင်နီကိုမှရွေးပြီးတော့ ခြောက်လှန့်တာ အံ့ဩစရာပဲ။ ကဲ ... ဘယ်လိုလုပ်ကြမလဲ"

"ရပါတယ် ဆရာ။ ကျွန်တော် မနက်ဖြန်ကျမှ ဗိုလ်တဲစောင့်ကိုမေးပြီး လုပ်သင့်လုပ်ထိုက်တာတွေ လုပ်လိုက်ပါ့မယ်"

"ကဲ ... အောင်ဘုရေ မင်းက ကိုအင်နီနဲ့အဖော်လုပ်ပြီး သွားအိပ်လိုက်ပါ။ မိုးလည်း လင်းလုပါပြီ"

"မနက် (၄)နာရီ လျှပ်စစ်မီးပြန်လာမှပါ ဆရာ။ အခုလည်း မှန်အိမ်ထွန်းပြီးအိပ်ပေါ့။ စိုးရိမ်စရာ မရှိပါဘူး။ မန်းနီးရေ .. ညည်းသည်တွေကို ဂရုစိုက်ပြီး အိပ်ကွာ။ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်တို့ ပြန်အိပ်ရာဝင်ကြသည်။ အနှောင့်အယှက် အသံ





ယံပင် မကြားရတော့ပါ။ နောင်တွင် ကိုအင်နီအား အဖော်နှင့်သိပ်ရန် ကျွန်ုပ်ဆုံး ဖြတ်လိုက်ပါသည်။ ကိုအင်နီက အရပ်သား၊ ဂမ္ဘီရဆန်သော ကျွလ်ထူးလည်း ဖြစ်ပေသည်။ မနက်(၄)နာရီ လျှပ်စစ်မီးပြန်လာသည် ကိုပင် ကျွန်ုပ်မသိလိုက်တော့ပါ။ မနက်(၆)နာရီထိုးမှ တစ်ရေးနိုးတော့ သည်။

မနက်စာကို အောင်ဘုနှင့်ဦးမျိုးအောင်၏ တပည့်ကုလားလေး န်းနီးတို့ ချက်ပြုတ်ပြင်ဆင်ထားသည်။ ရှမ်းခေါက်ဆွဲနှင့်တို့ဖူးကြော်၊ ကာ်ဖီတို့ ဖြစ်သည်။ စားသောက်ပြီး စာရင်းဇယားများကို စစ်ဆေး ကြသည်။ ဦးမျိုးအောင်ကလည်း စနစ်တကျ လုပ်ကိုင်ပြင်ဆင်ထား သည်။ သူ့တွင်လည်း စာရေးကလေးမျိုးမင်းနှင့် သစ်တောအုပ်ကလေး မွမ်းမောင်တို့ပါဝင်သည့် ရုံးအဖွဲ့ရှိသည်။ လူတော်ကလေးများဖြစ် ကြသည်။

သစ်လုံးအဝင်အထွက် ခွဲသားရောင်းရငွေ ဘဏ်လက်ကျန် ရင်းများ UP TO DATE မှန်ကန်စွာ စနစ်တကျရေးသွင်းထားသည်။ တာအိုး ကြိုးဝိုင်းသစ်တောကြီးများနှင့် ပျိုးပင်များစာရင်းကိုလည်း ရှထားသည်။ အပတောများ၏ ဧရိယာအကျယ်အဝန်း တည်နေရာ ပါက်ပင်များကိုလည်း ကိန်းဂဏန်းဖြင့် စနစ်တကျ စာရင်းပြုစုထား သည်။

ထို့ကြောင့်လည်း မနက်ခင်း၌ပင် စာရင်းစစ်၍ ပြီးစီးသည်။ နေ့လယ်ပိုင်း ထမင်းစားပြီးသည်နှင့် ကျွန်ုပ်တို့ ခေတ္တအနားယူ အိပ်စက် ကြသေးသည်။ ညနေပိုင်းတွင်တော့ ပုတာအိုမြို့တွင်း လှည့်လည်ရင်း ညနေစာစားကြရန် စီစဉ်ထားပါသည်။

ညနေစောင်းတွင် ဦးမျိုးအောင်ခေါင်းဆောင်ပြီး ကျွန်ုပ်တို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ပူတာအိုမြို့ထဲသို့ ထွက်လာကြသည်။ နေမင်းကြီးသည် စပ်ဖနွယ် တောင်ထိပ်တွင် မေးတင်နေလေပြီ။

ပတ်ဝန်းကျင်မှာ လေမတိုက်သော်လည်း မြူငွေ့များဖြ တဖြည်းဖြည်း အေးလာသည်။ အိမ်အသီးသီးမှလည်း မီးခိုးငွေ့မှ လူလာသည်။

"ဟောဟိုက တောင်တန်းကြီးထိပ်ပေါ်မှာ မကြာမီ ရေခဲ ပျော်လာတော့မယ်။ အမြင့်ဆုံးတောင်ကြီးထိပ်မှာ တိမ်တွေမြူတွေ နေရင်တော့ မိုးရွာတတ်တယ်။ ဒါကြောင့် စပါးကွင်းတွေမှာ စပါး သိမ်းဖို့ လယ်သမားတွေ အလုပ်များတတ်တဲ့ အချိန်ပေါ့"

"ရာသီမဟုတ်ဘဲ မိုးရွာတာလား . . . ဦးမျိုးအောင်"

"ဒီမှာက နွေရာသီမရှိဘူးလေ ဆရာ။ မိုးနှင့်ဆောင်းရာသီ တာ။ အခုလိုပွင့်လင်းရာသီမှာတော့ ရေခဲတွေပျော်ချိန်မှာ ရေခဲတော ရေခြတစ်ပိုက်ဟာ အလွန်လှပတယ်ဆရာ။ ရောင်စုံသဘာဝပန်းတွေ နေတဲ့ ပန်းခင်းကြီးပေါ့။ အလွန်ကြည်နူးချမ်းမြေ့ဖို့ ကောင်းတယ်ဆရ ဆရာတို့လည်း ရောက်ဦးမှာပါ။ ဒီဘက်တောတွေက အအေးပိုင်း အတွင်းကျလို့ အမြဲစိမ်းသစ်တောတွေချည်းပဲဆရာ။ အရွက်မကြွေ အောက်ခြေရှုပ်တယ်။ သစ်မာနဲ့သစ်ပွ ရောပေါက်နေတတ်တယ်"

"ဘာသစ်မျိုးတွေပေါက်သလဲ ဦးမျိုးအောင်"

"သစ်မာထဲကတော့ ပျဉ်းကတိုး၊ မဟော်ဂနီ၊ အယ်ဘနီသစ် တွေပဲဆရာ။ ကျန်တာကတော့ အင်၊ ကညင်၊ ဒီဒူး၊ လက်ပံ၊ တော သရက်၊ ဘိုင်၊ နဘဲ၊ ချဉ်ယုတ်၊ ထင်းရှူး၊ ကိုနီဖလပ်စ်ခေါ် တရုတ်ခေါင်းပင်၊ ဝါးအမျိုးမျိုး၊ ကြိမ်အမျိုးမျိုးနဲ့ တောင်ထန်း၊ သစ် ပင်တွေပဲ ဆရာ။ ဆေးပင်ဝါးပင်တွေလည်း ပေါတယ်။ ရေခဲတောင်





ပေါ်မှာတော့ မချစ်ဥ၊ ခန်းတောက်မြစ်၊ ရှိုးပတီးဥပင်တွေ ပေါတယ် ဆရာ။ ဒီဘက်မှာရှိတဲ့ တောကောင်တွေကလည်း ရာသီဥတုကိုလိုက် ပြီး အမွေးရှည်ကြတယ်။ တောင်ဆိတ်တို့၊ ချေတို့တောင် အမွေးရှည် ကြတယ်"

"ဘာတောကောင်တွေပေါသလဲ ဦးမျိုးအောင်"

"ချေ၊ ဆတ်၊ ဒရယ်၊ တောဝက်၊ ကြောင်၊ တောဆိတ်၊ တောင်ဆိတ်၊ ကျား၊ ဆင်၊ စိုင်တွေရှိတယ် ဆရာ။ အုပ်စုလိုက်နေတတ် ကြတယ်။ ရေခဲတောင်တွေပေါ်မှာတော့ နှင်းကျား၊ မျောက်ဝံ၊ တောင် ဆိတ်၊ ကတိုး၊ တာကင်ခေါ် သားမင်းကောင်၊ သမင်နဲ့ ရေခဲငှက်ကြီး တွေရှိတယ် ဆရာ။ ရေခဲတောင်ပေါ်မှာ အမဲလိုက်ရင်တော့ ဒေသခံ မုဆိုးမပါပဲ မရဘူးဆရာ။

နှင်းမုန်တိုင်းက ရာသီမရွေး၊ အချိန်မရွေး တိုက်တတ်တာမို့ ဒေသခံလမ်းပြမုဆိုးမပါပဲ မသွားကောင်းဘူးဆရာ။ အလွန် အသက် အန္တရာယ်များတယ်။ လမ်းပျောက်၊ အစာရေစာငတ်၊ သားကောင် အန္တရာယ်၊ အအေးဓာတ်တွေကြောင့် တော်ရုံမုဆိုး မသွားရဲကြပါဘူး။ ရာသီက အလွန်ကြမ်းတယ်ဆရာ။

သာယာနေတဲ့ရာသီဥတုက နာရီပိုင်း မိနစ်ပိုင်းအတွင်း ပြောင်း လဲဖောက်ပြန်သွားတတ်တယ်။ အဲဒီအချိန်မှာ ဂူအောင်းပြီး မီးမလှုံနိုင် ရင် သွေးခဲပြီးသေတတ်တယ် ဆရာ။ ဘယ်လောက်နွေးတဲ့ အနွေးထည် ဝတ်ဝတ် မီးမလှုံဘဲမရဘူး။ မီးက အသက်ကယ်ဆေးပါပဲ ဆရာ"

"အင်း . . . အတော်ကြမ်းတဲ့ ရာသီဥတုပဲနော်။ ဒါကြောင့် လည်း သဘာဝပေါက်ပင်တွေ ရှင်သန်ကြီးထွားနှုန်း မြန်ကြတာထင် ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိမ့်မယ် ဆရာ။ ဒီဒေသမှာက သဘာဝပေါက်ပင်မ
ဘူး သီးပင်စားပင်တွေပါ အရမ်းဖြစ်ထွန်းပါတယ်။ ကျွဲကော၊ ပန်းသီး
ဂရိတ်ဖရု၊ နှင်းသီး၊ စတားဖရု၊ ရှောက်သီး အမျိုးမျိုးလည်း အလျှံပယ်
ထွက်တယ်ဆရာ။ ရာသီပေါ်သီးနှံတွေလည်း အများကြီးစိုက်ပျိုး ဖြစ်
ထွန်းတယ်။ မုန်လာဥဆိုရင် တစ်တောင်လောက်တောင် ရှိတယ်
တောင်ပေါ်လက်ဖက်လည်း ထွက်တယ်ဆရာ။ သီးနှံပင်တွေကြိုက်တဲ့
ရာသီဥတုမျိုးပေါ့ ဆရာရယ်"

ထိုညက အောက်ချိုင့်ခေါ် ဟိုခိုရပ်ကွက်အတွင်းရှိ မြန်မာ
ထမင်းဆိုင်ကြီးတွင် ညစာစားကြသည်။ ငါးအမျိုးမျိုး၊ ကြက်သား၊ ဝက်
သား၊ အသီးအနှံကြော်များအပြင် ကတွတ်သီးချဉ်ရည်ဟင်းမှာ ချဉ်စပ်
အရသာနှင့် အတော်စားကောင်းသည်။ ဟိုခိုရပ်ကွက်တွင်း ရှမ်းနှင့်
မြန်မာအများစုနေထိုင်ကြပြီး ရဝမ်၊ ဂျိန်းဖော၊ လီဆူးလူမျိုးများလည်း
ရှိသည်။

ကျွန်ုပ်တို့ ညစာစားသောက်ကြပြီး လမ်းလျှောက်ကြရာ ပူတာ
အိုမြို့စွန် ကမ်းပါးယံမှမျှော်ကြည့်ရာ ကမ်းပါးယံမှာ ပေ(၁၀၀)ခန့် အနက်
တွင် ချိုင့်ဝှမ်းလွင်ပြင်ကြီး ရှိသည်။ စပါးကွင်းများဖြစ်သည်။ ပူတာအို
မြို့အနောက်ဘက် အောက်ချိုင့်နှင့် မြောက်ဘက်အောက်ချိုင့်တို့သည်
တစ်ဆက်တည်း ဖြစ်နေသည်။

နေဝင်သွားတော့ မြို့များဆိုင်းလာသည်။ ကျွန်ုပ်တို့ ကော
ကထောင်ရပ်ကွက်ဘက်သို့ လျှောက်လာသောအခါ မီးစက်သံ တညံညံ
ကြားလိုက်ရသည်။ လမ်းဘေးအိမ်များ မီးလင်းလာသည်။ မြို့မလျှပ်စစ်
ဓာတ်အားပေးစက်ရုံမှ (၁၂ ကီလိုဝပ်) အီစွားဖူး မီးစက်ကြီးတစ်လုံး
နှင့် (၃၂ ကီလိုဝပ်) မစ်ဆူဘီရှီမီးစက်ကြီးတစ်လုံးတို့က မြို့မရပ်ကွက်





ဟိုခိုရပ်ကွက်၊ ပန်းလှိုင်ရပ်ကွက်၊ ကောင်ကထောင်ရပ်ကွက်များသို့
လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခြင်း ဖြစ်သည်။ (၄၄ကီလိုဝပ်)သာရှိ၍
မီးအလင်းအားက နည်းလှသည်။

ကျွန်ုပ်တို့အဖွဲ့ မီးရောင်မှိန်မှိန်အောက်တွင် လမ်းလျှောက်ရင်း
သစ်တောဝင်းသို့ ပြန်ခဲ့ကြသည်။ ဆန်းစလ,ကွေးကလေးမှာ မြင့်တက်
နေပြီဖြစ်သည်။ ကြယ်များကတော့ တိမ်ဖုံးနေသဖြင့် မတောက်ပကြ
ပါ။ အအေးဓာတ်ကတော့ ညနက်လေ အေးလာလေ ဖြစ်သည်။ တောနံ့
တောင်နံ့သင်းသောလေမှာ လတ်ဆတ်လှသည်။

ထိုညက မီးစက်ပိတ်ချိန် (၉)နာရီကျော်မှ ကျွန်ုပ်တို့ အိပ်ရာ
ဝင်ခဲ့ကြသည်။ ကိုအင်နီက အောင်ဘုနှင့်အတူအိပ်သဖြင့် ပြဿနာ
မပေါ်ပါ။ သို့သော် တစ်ယောက်တည်းအိပ်သော စာရေးလေးကျော်စိန်
ဝင်း ပြဿနာပေါ်ပြန်သည်။

မနက်(၆)နာရီ ကျွန်ုပ်တို့ အိပ်ရာကထကြပြီး ဘုရားဝတ်ပြု
ပြီး မနက်စာစားရန် စားပွဲထိုင်မှ ကျော်စိန်ဝင်းမနိုးသေးကြောင်း သိ
ရ၍ နှိုးဆိုင်းရသည်။ အတော်နှင့် နိုးမရပါ။ ကျွန်ုပ်တို့စိုးရိမ်၍ တံခါးကို
အတင်းထုရိုက်တော့မှ တံခါးပွင့်သွားသည်။

ကျော်စိန်ဝင်းမှာ အိမ်မှုံစုံမွှားဖြင့် ထလာပြီး ...

"ဆရာ ဘာဖြစ်လို့လဲ"

"ဟေ ... ငါတို့က မင်းကိုမေးရမှာလေ"

"မင်းကို နှိုးမရလို့ တံခါးကို အတင်းထုရိုက်နေရတာ။ မင်း
က ဘာဖြစ်နေတာလဲ"

"ကျွန်တော်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာပါ။ အိပ်
မက်က ကောင်းလိုက်တာ ဆရာရယ်။ အင်္ဂလိပ်မကြီးက ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး ပူတာအိုမြို့အနှံ့ လိုက်ပြတယ်။ တောတောင်တွေရော၊ ရေခဲ
တောင်တွေပေါ်ပါ ရောက်တယ်။ ရေခဲတောင်ခြေရင်းက ရောင်စုံပန်းခင်း
ကြီးတွေများ အလွန်လှတာပဲ။ ကြည့်မဝ၊ ရှုမဆုံးနိုင်အောင်ပါပဲ။ ကျွန်
တော့်ကိုခေါ်သွားတာ ကုန်းကြောင်းမဟုတ်ဘူး ဆရာရဲ့။ မိုးပေါ်က
လိပ်ပြာလိုပျံဝဲပြီး ခေါ်သွားတာ။

အဲ . . . နောက်ဆုံး စစ်အတွင်းက ရတနာသိုက်ကြီးတစ်ခုကို
ပြမယ်ဆိုပြီး ပူတာအိုပြန်လှည့်လာတုန်း ဆရာတို့ အတင်းခေါ်နေတာ
နဲ့ အဒေါ်ကြီးက မင်းဆရာတွေခေါ်နေပြီ၊ နောက်တစ်ခေါက်မှပြမယ်
ဆိုပြီး ဗိုလ်တဲကို ပြန်ပို့တာပဲ ဆရာရယ်။ နာလိုက်တာ''

''အေး . . . အေး . . . ကြည့်လုပ်ဦး။ အင်း . . . တော်နယ်
ဖန်းခါးကုန်းစခန်းဘက် ရောက်တုန်းကလည်း မင်းက လိပ်ပြာလှလို့
ဆိုပြီး နှစ်ရက်သုံးရက်ပျောက်နေတာကို မှတ်မိသေးရဲ့လား။ သတိထား
စမ်းပါ ကျော်စိန်ဝင်းရာ''

''အခုကိစ္စကတော့ ကောင်မကလေးတွေနဲ့ မဟုတ်ပါဘူး။
အဖွားကြီးနဲ့ပါ ဆရာရယ်။ သူက သူနဲ့လာနေဖို့လည်း မပြောပါဘူး။
ကျွန်တော့်ကို သွားလိုချစ်လို့ အမွေပေးချင်တာပါတဲ့''

''အဒေါ်ကြီးက ဘယ်မှာနေတာတဲ့လဲ။ ဒီအိမ်က ဒေါ်မေ
ကြီးပဲ မဟုတ်လား''

''ဟုတ်မယ်ထင်တယ် ဆရာ။ အင်္ဂလိပ်အဖွားကြီးဘဲ။ အသက်
(၆၀) လောက်တော့ရှိပြီ။ ဘယ်မှာနေတယ်လို့တော့ သူကမပြောဘူး
အတော်မွန်ရည်ပါတယ်''

''အဲ . . . ကိုအင်နီအကြောင်းလည်း ပြောသေးတယ်။ ကိုအင်နီ
က မွေးကတည်းက ဂမ္ဘီရကောင်တဲ့။ ဒါကြောင့် သူနဲ့မတည့်တာလို့





ပြောသေးတယ်''

''အေးကွာ . . . ကိုအင်နီနဲ့ဒေါ်မေရီက ဘယ်လိုရစေက်ပါလိမ့်။
အင်နီကလည်း ဒေါ်မေရီကိုမေတ္တာပို့ပါဗျာ။ မေတ္တာထားရင် အဆင်
ပြေသွားကြမှာပါ''

''ကဲ . . . ဒီနေ့တော့ ဒီကရှိတဲ့ဝန်ထမ်းတွေနဲ့ အစည်းအဝေး
လေးလုပ်မယ်။ နေ့လယ်စာ စားပြီးတာနဲ့ နမ့်ခမ်းရွာကြီးဘက်သွား
မယ်။ အဲဒီမှာ တောခေါင်းဦးလှဖေနဲ့ ဦးငွေတင်တို့ရှိတယ် မဟုတ်လား။
အဲဒီမှာ ညအိပ်ကြတာပေါ့။ ဦးမျိုးအောင် စီစဉ်ဗျာ''

''ဆရာ၊ အစည်းအဝေးလုပ်မှာနဲ့ နေ့လယ်စာစားမှာနဲ့ နမ့်
ခမ်းရွာကြီးမှာ ညအိပ်ဖို့မဖြစ်နိုင်ဘူးဆရာ။ မချမ်းဘောဘက်ကမ်းကူး
တို့နဲ့တင် နေဝင်တော့မှာ။ မချမ်းဘောမြို့က တောအုပ်ဦးတင်ရွှေတို့
မှာ ညအိပ်ပြီးမှ နမ့်ခမ်းရွာကြီးကို လမ်းလျှောက်ကြရမှာပါ ဆရာ။
ကျွန်တော်လည်း လှမ်းပါတယ်''

''လုပ်ဗျာ၊ အဲဒီအစီအစဉ် ကောင်းပါတယ်။ မနက်ခင်းမှ နမ့်
ခမ်းရွာကြီးကို လမ်းလျှောက်ရတာ ပိုအဆင်ပြေတာပေါ့''

မနက်(၉)နာရီခန့်တွင် ဗိုလ်တဲပေါ်၌ပင် သစ်တောဝန်ထမ်း၊
တောင်းခေါင်း၊ တောခေါင်း၊ ဆင်ပိုင်ရှင်၊ ကျွဲပိုင်ရှင်များပါခေါ်၍ ဦးမျိုး
အောင်ကမိတ်ဆက်ပြီး သစ်တောမိသားစု အစည်းအဝေးကလေး လုပ်
သည်။ လူ(၁၅) ယောက်ခန့်သာ အင်အားရှိသည်။ တောဆင်း၊ နယ်ဆင်း
ကြသူများလည်း ရှိသေးသည်။

ကျွန်ုပ်က တစ်ဦးချင်းစီဖြင့် မိတ်ဆက်ပြီး လုပ်ငန်းကိစ္စအဝဝ၊
အခက်အခဲများအား ပွင့်လင်းစွာ တင်ပြနိုင်းသည်။ ပူတာအိုသစ်တော
အုပ် ဦးမျိုးအောင်က မှတ်တမ်းတင်သည်။ (၁)နာရီခန့်မှ အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



ပြီးသည်။ ကသာမြို့လို အခြေချရာမြို့မဟုတ်သဖြင့် အကျွေးအမွေ တော့မပါပါ။ အစည်းအဝေးပြီးတော့ (၁၁)နာရီခန့်ရှိပြီ။ ခေတ္တနား ဝန်ထမ်းများပြန်သွားမှ ကျွန်ုပ်တို့ ထမင်းစားကြသည်။

နေ့လယ်စာ စားပြီးသည်နှင့် ကျွန်ုပ်တို့ အထုပ်အပိုးကိုယ် ပြင်ပြီး ပူတာအိုမြို့ထဲသို့ လာကြသည်။ ဈေးအရှေ့မှ ကားကြုံ မူလာရှီဒီးကြိုးတံတားသို့ သွားကြသည်။ မူလာရှီဒီးနှင့် ပူတာအိုမြို့မ (၈)မိုင်မျှ ကွာလှမ်းသည်။ မူလာရှီဒီးကြိုးတံတားနှင့်ရွာမှာ လွန်စွာ ရသည်။ မူလာချောင်းသည် ရွာဘေးမှ တသွင်သွင် တငြိမ့်ငြိမ့် စီးဆ နေသည်။

မူလာရှီဒီးဆိုသည်မှာ လီဆူးဘာသာစကားဖြစ်ပြီး မူလာ သည်မှာ ချောင်းကိုခေါ်ခြင်းဖြစ်ပြီး၊ ရှီဒီးဆိုသည်မှာ သက်ကယ်လွင်ပြ ဟု အဓိပ္ပာယ်ရသည်။ မုန်လန်ချောင်း၊ နမ့်လန်ချောင်းကို လီဆူးဘာသ ဖြင့် မူလာဟုအသံထွက်သည်။ မူလရှီ၊ ဒီးရွာမှာ တကယ်လည်း ကြိ တံတားတစ်ဘက်ထိပ်ရှိ လွင်ပြင်ရွာများဆက်နေသော ရွာကြီးဖြစ်သည်

မူလာရှီဒီးရွာကြီးမှာ ကျေးရွာအုပ်စုဖြစ်၍ လူဦးရေ (၄၀၀ ခန့်ရှိပြီး အိမ်ခြေ (၇၀၀) ကျော်ရှိကြောင်း သိရသည်။ စိုက်ပျိုးရေး မွေးမြူရေးလုပ်ကြသည်။ လီဆူးတိုင်းရင်းသားအများစု နေထိုင်ကြသည် သူတို့ရိုးရာဝတ်စုံမှာ တစ်မျိုးဆန်းသည်။ လီဆူးအမျိုးသမီးများက အနက် နှင့်နက်ပြာရောင်၊ အဖြူရောင်၊ အစင်းကြား၊ ဂါဝန်ရှည်ကြီးများကို ဝတ်ကြသည်။

ညာပခုံးမှ ဘေးသို့စလွယ်သိုင်းလျက် သန္တာပုတီးပန်းရောင် အနီရောင်၊ အဖြူရောင်နှင့် ကြေးစေ့များ၊ ငွေပြားများ၊ ကြေးပြားအဖြ အပိုင်းများကို ချိတ်ဆွဲထားတတ်သည်။ စလွယ်သိုင်းသည့် ကြိုးအဖျား





တွင် ပန်းဖွားများတပ်ဆင်ထားသည်။ ဦးခေါင်းတွင် ဆံပင်ကို ကျစ်ဆံမြီး ကျစ်ပြီး ပိတ်ဖြူစကလေးကို လိပ်ပြာသဖွယ် ချည်နှောင်ထားသည်။ ကြေးပုတီးစေ့ အဖြူ၊ အနီဖြင့် စီးထားသည်။ ခေါင်းစွပ်ကလေးများကို ဆောင်းလေ့ရှိသည်။

အကျီရှည်လက်များတွင် အနက်ရောင်အစဖြင့် ဆက်ထား ပြီး အတွင်းအကျီရှည်ပေါ်မှထပ်၍ အနက်ရောင်ကတ္တီပါအကျီလက်တို ညာဖုံးကို ထပ်ဝတ်ထားသည်။ အနက်ရောင်ကြိုက်သော လူမျိုးဖြစ် ဟန်တူသည်။ ချမ်းအေးသောဒေသတွင် ဖြူဝင်းသော အသားအရေ နှင့် သူတို့ဝတ်စုံအနက်မှာလည်း လိုက်ဖက်ပါသည်။

အမျိုးသားများက ခေါင်းပတ်အနက်ကို ပေါင်းကြသည်။ အဖြူခံတွင် အနက်စင်း ဘောင်းဘီရှည်များနှင့် အကျီရှည်များဝတ် ဆင်ကြသည်။ ခါးတွင် ကြေးစေ့များပါသည့် (၆")လက်မခန့် ပျက်ကျယ် သောခါးပါတ်ကြီးကို ပတ်ထားသည်။

အမျိုးသားများ အသားအရေကတော့ ဖြူစပ်စပ်နှင့် နီရောင် သမ်းနေသည်။ မြန်မာလူမျိုးများနှင့် အသွင်တူသည်။ စကားပြောမှ သာ မြန်မာမဟုတ်မှန်း သိနိုင်သည်။ တိုင်းရင်းသားများဖြစ်ကြ၍ ရိုးသား ပွင့်လင်းကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

မူလာချောင်းသည် ရေခဲရေများစီးဆင်းသော ချောင်းဖြစ်သည်။ ကြိုးတံတားဖြတ်သန်းထားရာ ကိုက် (၂၀၀)ခန့် ရှည်သည်။ ကျပ်လုံးခန့် သံမဏိကြိုးကြီးများအား အပေါ်နှစ်ချောင်း အောက်နှစ်ချောင်း သွယ်တန်းထားပြီး ကြိုးပေါ်တွင် ဆင့်တင်၍ ဝါးကြမ်းခင်းထားသည်။ တံတားအကျယ်မှာ (၆)ပေခန့် ရှိသည်။ အထက်နှင့် အောက် သံမဏိကြိုးများကို (၅)မူးလုံးခန့်ရှိ သံကြိုးများဖြင့် ဆိုင်းထားသည်။

တံတားကိုဖြတ်သောအခါ ကြိုးဆိုင်းတံတားဖြစ်၍ လှုပ်ရှားနေသည်။ သွားကျင့်မရှိသူများအတွက် စိတ်ထင့်ပြီး ခြေတုန်သည်။ မတ့်မရဲကူးကြရသော်လည်း ဒေသခံများကတော့ ရိုးနေပြီဖြစ်၍ ရဲရဲလှမ်းကြသည်။

ဦးမျိုးအောင် ။ "မြောက်ဖျားနယ်တွေမှာတော့ ဒီထက်ကျဉ်းပြီးမြင့် တဲ့ ကြိမ်တံတားတွေ ရှိသေးတယ်ဆရာ။ လူတစ်ယောက်စာပဲ လျှောက် လို့ရတယ်။ အခင်းက ဝါးဘိုးဝါးတစ်လုံး နှစ်လုံးဘဲခင်းထားတာ၊ မေ မြစ်ပေါ်မှာဆိုရင် ကြိမ်ကြိုးကြီးတစ်ချောင်းတည်းကို ကွင်း(ဂွင်း)လုပ်





ပြီးကူးရတဲ့ ချောက်လွှဲကျော် ကြိုးတံတားဆိုတာတောင် ရှိသေးတယ်။ ကြိုးကွင်းပေါ်မှာ ဖင်ထိုင်ပြီး အရှိန်နဲ့လွှဲကူးရတာဆရာ။ အသဲတအေး အေးနဲ့ မျက်စိမှိတ်ပြီးကူးရတာ အတော်ဆိုးတယ်။ ကြောက်စရာလည်း အလွန်ကောင်းတယ်။ ပြုတ်များကျလိုက်လို့ကတော့ အရိုးတခြား အသား တခြားပဲ။ အလောင်းတောင်ပြန်ကောက်လို့ မရနိုင်ဘူး။ ရေစီးထဲမျော သွားမှာ။ ဆရာတို့မြောက်ဖျားသွားရင်တော့ စွန့်စားခန်းတွေ အများကြီး တွေ့ရမှာပါ။ ပျော်စရာလည်းကောင်း ကြောက်စရာလည်း အလွန်ကောင်း ပါ့ဆရာရယ်"

ကျွန်ုပ်တို့ မူလာရှိဒီးကြိုးတံတားအား ဖြတ်ကျော်ကြပြီးနောက် လာရှိဒီးရွာကြီးထဲမှာ ခြံကြီးတစ်ခြံအတွင်းသို့ ဝင်ခဲ့ကြသည်။ ခြံကြီး ထဲ၌ လိမ္မော်၊ သံပုရာ၊ ကျွဲကော၊ ဂရိတ်ဖရုပင်များအား စနစ်တကျ စိုက်ပျိုးထားသည်။ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးအနီး၌ နောက်တွဲပါထွန် စက်ကြီးတစ်စီးလည်း ရပ်ထားသည်။

ဦးမျိုးအောင်က ။ "ကိုဒီဇော်ရဲ ... ကိုဒီဇော်ရဲ"

ဟု အသံပြုလိုက်စဉ် ...

အိမ်ပေါ်အထပ်မှ လူငယ်တစ်ဦးဆင်းလာပြီး ....

"ဟာ ... ဆရာမျိုးအောင်၊ လာပါ ... ထိုင်ကြပါဦး။ ဧည့် သည်တွေလည်း ပါလာတာကိုး။ ဘယ်သွားကြမလို့လဲ ဆရာတို့"

ဦးမျိုးအောင်က ကျွန်ုပ်တို့နှင့်မိတ်ဆက်ပေးပြီး ...

"ကိုဒီဇော်ရဲ ကျွန်တော့်ဆရာတွေကို မလိခမြစ်ကမ်းက နောင် မွန်းရွာကို လိုက်ပို့ပေးပါဦး။ ဆရာတို့အဖွဲ့က မချမ်းဘောကနေ နမ့်ခမ်း ရွာကြီးဘက် သွားကြမယ်။ အဲဒီကမှ နောင်မွန်းမြို့ဘက် သွားကြမှာ "



www.burmeseclassic.com

www.burmeseclassic.com



"ရပေ့ါ ဆရာရယ်။ ဆရာ ဦးမျိုးအောင်ပါ လိုက်မှာမဟုတ်လား။ အတူသွားကြတာပေ့ါ"

"ကျွန်တော်လိုက်လို့ မဖြစ်သေးဘူးဗျာ။ ဆရာတို့ကားကြီးမှာ ပူတာအိုမှာ အလုပ်တွေက ရှိသေးတယ်"

"ဆရာမျိုးရယ်။ အပြန် ကျွန်တော်တစ်ယောက်တည်း ဖြစ်နေမှာ။ အဖော်ရအောင် နောင်ခိုင်ရွာအထိတော့ လိုက်ခဲ့ပါဗျာ။ ခရီးက အတော်လှမ်းသေးတယ်"

"အဲဒါဆိုရင် ကျွန်တော်အပြန်တစ်ယောက်တည်းဗျာ။ မိုးချုပ်တော့မှာပဲ"

"ရပါတယ် ဆရာရယ်။ ဆရာ့ကို ကျွန်တော် သစ်တောဝင်းအထိ ပြန်လိုက်ပို့မယ်။ ဆရာက ကျွန်တော့်ကို အရက်တော့တိုက်ရလိမ့်မယ်။ မိုးချုပ်ရင်လည်း ကျွန်တော်ဆရာတို့ ဗိုလ်တဲမှာညအိပ်မယ်နော်"

"အဲဒါဆိုရင်တော့ အဆင်ပြေတာပေ့ါ ကိုဒီဇော်ရဲရယ်။ ဒါနဲ့ ထွန်စက်ခက ဘယ်လောက်ပေးရမှာလဲ"

"နောင်ခိုင်မှာ ဒီဇယ်(၂)ဂါလံ ထည့်ပေးဆရာ။ ဒါပါပဲ"

"ခင်ဗျား အလုပ်ပျက်ပြီးလိုက်ရမှာ။ ဒီဇယ် (၄)ဂါလံ ထည့်ပေးမယ်။ အရက်လည်း တိုက်ဦးမှာ"

"မလိုဆရာ (၂)ဂါလံဆိုတော်ပြီ။ နောင်ခိုင်မှာ ခဏနားရင်း အရက်လည်း ကျွန်တော်တိုက်ပါ့မယ်။ ကဲ ... ဆရာတို့ ခေတ္တနားကြပြီး ဖန်ခါးရည်သောက်ကြပါ။ ကျွန်တော် ထွန်စက်ကြီးကို စစ်ဆေးလိုက်ဦးမယ်"

ကျွန်ုပ်က ဒီဇယ်ဖိုးထုတ်ပေးတော့ ဦးမျိုးအောင်ကမယူပါ။

"ရတယ် ဆရာ။ ဒါ ကျွန်တော့် တာဝန်ပါ၊ ကိုဒီဇော်ရဲက





လီဆူးလူမျိုး ခေတ်ပညာတတ်ပါ။ ထွန်စက်နောက်တွဲက သစ်သားထည်နဲ့ သူကိုယ်တိုင်လုပ်ထားတာ။ သူက စိုက်ပျိုးရေးနဲ့ မွေးမြူရေး တွဲလုပ်တာ အရမ်းအောင်မြင်တယ်ဆရာ။ သဘောလည်း အရမ်းကောင်းတယ်။ ဒီလမ်းမှာတော့.. သူ့ထွန်စက်ကြီးကိုပဲ အားကိုးရတာ။ နိုင်ငံခြားသားတွေတောင် စီးကြတယ်။ ဒေသခံတွေကတော့ လမ်းလျှောက်ကြတယ်"

ကျွန်ုပ်၊ ကိုဇော်မင်း၊ ဦးမျိုးအောင်နှင့် ကျော်စိန်ဝင်းတို့က ထွန်စက်ကြီးဘီးဖုံးပေါ်က စီးကြသည်။ ကိုအင်နီနှင့် အောင်ဘုတို့က ပစ္စည်းများနှင့်အတူ ထွန်စက်နောက်တွဲပေါ်က စီးကြသည်။ မြေလမ်းကြမ်းကြီးဖြစ်၍ ထွန်စက်ကြီးမှာ တဒီးဒီးခုတ်မောင်းရင်း ယိမ်းထိုးနေသည်။

မူလာရှီဒီးရွာကြီးကိုလွန်သော် ရိကျော်ဒီးရွာတန်းရှည်ကြီးတိုဖြတ်ရသည်။ ပြီးနောက် ဖီးအွန်ရွာကြီးကို ဖြတ်ရပြန်သည်။ ဖီးအွန်ရွာကြီးမှာလည်း ရွာတန်းရှည်ကြီးပင်ဖြစ်သည်။ တောင်နှင့်မြောက်ရွာလမ်းမကြီးမှာ ဖြောင့်တန်းနေသော်လည်း ထွန်စက်ကြီးဖြင့် (၁၅)မိနစ်ခန့်ဖြတ်ရသည်။ တစ်မိုင်ကျော်ခန့်ရှည်သော ရွာတန်းရှည်ကြီး ဖြစ်ပေသည်။ ဖီးအွန်ရွာကြီးကိုကျော်တော့ သက်ကယ်လွင်ပြင်ကြီးကို ဖြတ်ရပြန်သည်။ မူလာရှီဒီးရွာမှ မလိခကမ်းခြေ၊ နောင်ခိုင်ရွာအထိ (၁၀)မိုင် (၁၅)မိုင်ခန့် ဝေးကွာပေလိမ့်မည်။ မလိခကမ်းခြေနောင်ခိုင်ရွာရောက်တော့ နေဝင်လုပြီဖြစ်သည်။

နေဝင်ဆည်းဆာအချိန်နှင့် မလိခမြစ်အလှမှာ ပန်းရလှသည်။ မလိခမြစ်မှာ ရွှေမြစ်ကြီးဖြစ်နေသည်။ မလိခမြစ်ကမ်းခြေ နောင်ခိုင်ရွာမှာလည်း စည်ကားလှသည်။ ကူးတို့ဆိပ်ဖြစ်၍ ဈေးဆိုင်များလည်းရှိသည်။ ခရီးသည်များနှင့် လှုပ်ရှားနေသည်။ ကျွန်ုပ်တို့ ဆိုင်တစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်ကြသည်။ ဦးမျိုးအောင်နှင့် ထွန်စက်ဆရာ ကိုဒီဇော်ရဲအား အရက်တိုက်ရန်ဖြစ်သည်။ ကျွန်ုပ်တို့ဆိုင်အတွင်းရောက်သည်နှင့် တရုတ် လူမျိုး လူဝကြီးတစ်ယောက် ရောက်လာသည်။

"ထွန်စက်ငှားလို့ ရသလား၊ ပစ္စည်းတင်ချင်လို့ပါ"

"ဘယ်ကိုသွားမှာလဲ ဆရာကြီး"

"ကိုဒီဇော်ရဲက မေးရာ . . ."

"ပူတာအိုကို သွားမှာ။ ပစ္စည်းတွေလည်း ပါတယ်"

"ပူတာအိုကို။ ဒီနေ့ည ကူးလို့ရမှာ မဟုတ်ဘူး။ ထွန်စက်ကြီး က ဟိုဘက်ကမ်းကူးလို့ မရဘူး။ မူလာရှိဒီးရွာမှာ ညအိပ်ရလိမ့်မယ်၊ မနက်မှကူးပါ။ ဒီည ကျွန်တော့်အိမ်မှာ ညအိပ်ပါ"

"ငါတို့က လူ(၃)ယောက်နဲ့ ပစ္စည်းထုပ်ကြီး (၁၀)ထုပ်ပါတယ်၊ ကားခ ဘယ်လောက်ပေးရမှာလဲ"

"ပစ္စည်းထုပ်က ဘာတွေလဲ။ လေးသလား"

"နောင်မွန်းကထွက်တဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေနဲ့ ဆေးဝါး တွေရယ်၊ သစ်ခွပန်းပင်တွေရယ်ပါ"

"(၅၀၀၀/-) ကျပ်ပေးရမယ်"

"မများဘူးလား၊ (၁၅)မိုင်လောက်ဘဲ ဝေးတဲ့ဟာကို"

"မများဘူးဆရာကြီး၊ များတယ်ထင်ရင် အထမ်းသမားနဲ့ သွားပါ"

"ရတယ် . . . ရတယ်၊ သွားမယ်၊ သွားမယ်"

"အဲဒါဆိုရင်လည်း ခင်ဗျားတို့ပစ္စည်းတွေကို ထွန်စက်နောက် တွဲပေါ် တင်ထားပါ။ ကျွန်တော်တို့ စားလိုက်သောက်လိုက်ဦးမယ်။ ခင်ဗျား တို့လည်း ညစာထမင်းစားကြပါ။ ကျွန်တော့်အိမ်မှာက အိပ်လို့ပဲရမယ်





ထမင်းဆိုင်မရှိဘူး။ မနက်ကြတော့ ပူတာအိုသွားနိုင်အောင် အထမ်း သမားစီစဉ်ပေးမယ်"

"အေး . . . အေး . . . အဲဒါကောင်းတယ်"

ဦးမျိုးအောင် ။ "ကိုဒီရဲ၊ ကားခက ဆော်လှချည့်လား။ အပြန်လမ်းကြုံ ခရီးပဲမဟုတ်လား"

"အဲဒီအကောင်တွေ ကျွန်တော်အမြင်ကပ်လို့ ပိုတောင်းတာ။ ဒီလမ်းမှာ ကျွန်တော့်ထွန်စက်ကလွဲလို့ အထမ်းသမားတွေပဲရှိတယ်။

မိုးချုပ်ကြီး သူတို့ ဒီကမ်းနားဆိုင်တွေမှာလည်း ညအိပ်ရမှာ မဟုတ်ဘူး။ မြန်မာပြည်ကထွက်တဲ့ ဆေးဘက်ဝင်ပစ္စည်းတွေကို နောင်မွန်းအထိ ဈေးပေါပေါနဲ့တက်ဝယ်တယ်။ တရုတ်ပြည်အထိ သယ်ကြမှာ။ ဒါကြောင့် အမြင်ကပ်လို့ ဈေးပိုတောင်းတာပါဆရာ"

ကျွန်ုပ်တို့ စားကြသောက်ကြသည်။ နောင်ခိုင်ရွာမှာ ကူးတို့ဆိပ်သာဖြစ်၍ အစားအသောက်ပေါသော်လည်း အရက်မှာ ဒေသထွက် ကချင်နှင့် လီဆူးအရက်သာ ရသည်။ မီးတောက်အရက်များ ဖြစ်ကြသည်။ ကျွန်ုပ်တို့အဖွဲ့ ပထမဆုံး ဒေသခံချက်အရက်ဖြင့် မိတ်ဆက်ကြခြင်းဖြစ်သည်။ ဆန်နှင့်ကောက်ညှင်းအရက်များဖြစ်၍ အဝင်ဆိုးသည်။ သို့သော် တစ်ခွက်ပြီး နောက်တစ်ခွက်သောက်တော့လည်း အဆင်ပြေသွားပါသည်။ ရောမရောက်တော့လည်း ရောမလိုကျင့်ရမည် ဖြစ်သည်။

ကျွန်ုပ်တို့ ငှက်သမွန်ဖြင့် မလိခကိုဖြတ်ပြီး မချမ်းဘော့မြို့ဘက်ကူးမှ ကိုဒီဇော်ရဲတို့ထွန်းစက်ကြီး စက်သံတဒီးဒီးနှင့် ထွက်သွားသည်။ ဒီလမ်းဒီခရီးမှာ သူ့အတွက်တော့ အချိန်မရွေး အေးအေးဆေးဆေး ဖြစ်ပါလိမ့်မည်။ ထိုအချိန်က ငွေတန်ဖိုးမြင့်သေးသည်၊ ဒီဇယ်ဆီ တစ်ဂါလံတန်ဖိုးမှာ ရာဂဏန်းသာ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမ်း မချမ်းဘော့မြို့ဘက်တွင် မီးများလင်းလာသည်။ ကျွန်ုပ်တို့ကမ်းပေါ်ရောက်တော့ သစ်တောရုံးကိုမေးရသည့် မဝေးလှပါ။ ကမ်းနားတောင်ကုန်းပေါ်ရှိ တပ်စခန်းအနီးတွင် ရှိသည်ဆို၍ လမ်းလျှောက်လာခဲ့ကြသည်။ သစ်တောဝန်းမှာ မှောင်မဲနေသည်။ အိမ်ကြီးအတွင်းမှာတော့ မီးရောင်ကိုမြင်ရသည်။ မချမ်းဘော့တောအုပ်မှာ ဦးစိန်ဝင်းဖြစ်သည်။

"ဦးစိန်ဝင်း ... ဦးစိန်ဝင်း ..."

ကျွန်ုပ်က အသံပေး၍ ခေါ်ရာ ...

"ဗျိုး ..."

ဟု ထူးသံကြားရပြီး တံခါးပွင့်လာသည်။

"သစ်တောအရေးပိုင် ဦးနေအောင်နဲ့အဖွဲ့ပါ"

"ဪ ... ဆရာတို့ကိုး။ ကြွပါဆရာ။ အထဲကို ဝင်ထိုင်ပါ။ ဦးမျိုးအောင်ကလည်း လူကြုံနဲ့မှာထားပါတယ်။ ဒါပေမဲ့ ဘယ်နေ့လာမယ်မှန်းမသိလို့ ကျွန်တော် အသင့်ပြင်ဆင်မထားမိဘူး ဆရာ။ ဆရာတို့ညစာကော စားပြီးကြပြီလား။ ကျွန်တော်လည်း မစားရသေးပါဘူး။ အပြင်ထွက်စားကြတာပေါ့"

အဆောက်အဦးမှာ ယခင် ဗိုလ်တဲဟောင်းဖြစ်ပုံရသော်လည်း အတော်ကျဉ်းသည်။ ဟောင်းမြင်းဆွေးမြေ့နေပုံရသည်။ မီးရောင်မှာလည်း အတော်အားနည်းသည်။

"ဒီမှာတပည့်တစ်ယောက်နဲ့ ကျွန်တော်ပဲနေတာ ဆရာ။ အဆောက် အဦးက ကျဉ်းတယ်။ မိသားစုနေသာရုံပဲရှိတယ်။ ဖနီးသည်က မြစ်ကြီးနားမှာ ဆရာမလုပ်တော့ ဟိုမှာပဲနေကြတယ်။ ကဲ ... ဆရာတို့ ရေချိုးကြဦးမှာလား။ အေးတော့အေးတယ် ဆရာ"





"မချိုးတော့ပါဘူးဗျာ။ ဒါနဲ့ ကျွန်တော်တို့က လူများတယ်။ ဒီမှာတည်းလို့ ဖြစ်ပါ့မလား"

"ဒီမှာမတည်းရပါဘူး ဆရာရယ်။ ကျွန်တော်တို့မြို့မှာ ဧည့်သည်တော်တွေအတွက် နာမည်ကျော် 'ဂူဘား' ရိပ်သာတစ်ခုလုံး ရှိပါတယ်။ အဆင့်အတန်းမြင့်မြင့် တည်းခိုရမှာပါ။ ကျွန်တော် Booking လုပ်ပြီးပါပြီ။ အခုပဲ သွားကြတာပေါ့။ ဒီနားတင်ပါ။ ပစ္စည်းတွေထားပြီးမှ ထမင်းထွက်စားကြတာပေါ့။ မြို့လေးက ကျဉ်းကျဉ်းကလေးပါ ဆရာ။ တစ်နေရာနဲ့တစ်နေရာ မဝေးလှပါဘူး"

ကျွန်ုပ်တို့ သစ်တောရုံးမှ လမ်းလျှောက်ပြီး ဆင်းခဲ့ကြသည်။ 'ဂူဘား' ဧည့်ရိပ်သာမှာ မဝေးမလှပါ။ ကမ်းနားလမ်းအနီးတွင် ရှိသည်။ ...ဖိခမြစ်ဘက်သို့ မျက်နှာလှည့်၍ ဆောက်ထားသည်။ (L) ပုံစံ ခေတ်မီ ...ထပ်တိုက်ကလေးဖြစ်သည်။ မျက်နှာစာအဝင်လမ်းဘေးတွင် ကံ့ကော်...နှင့် သစ်မင်းပင်များကို စိုက်ထားသည်။

ဧည့်ရိပ်သာအား ကျောက်တုံးများစီ၍ ဆောက်လုပ်ထားခြင်း...ရာ အသွင်ထူး၍ တစ်မျိုးလှပနေသည်။ နေရာအကျယ်အဝန်းမှာ...ည်း ဧကဝက်ခန့်ရှိသည်။ ဧည့်ရိပ်သာအနီးတွင် အိမ်ကလေးတစ်လုံး...သည်။ သစ်သားအိမ်ကလေးဖြစ်သည်။ ဧည့်ရိပ်သာမှာ မှောင်မည်း...သော်လည်း သစ်သားအိမ်ကလေးထဲ၌ မီးလင်းနေသည်။

"ဦးလဘန်ဘောက် ... ဦးလဘန်ဘောက်"

"ဟေ ... ငါ့ကို ခေါ်တာလား။ ဘယ်သူလဲဟေ့"

"ကျွန်တော်ပါ တောအုပ်စိန်ဝင်းပါ။ ကျွန်တော်ပြောထားတဲ့ ...ည့်သည်တွေ လာပို့တာ"

"ဪ ... ဆရာစိန်ဝင်းလား။ ငါလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သစ်သားအိမ်တံခါးပွင့်သွားပြီး လီဆူးအဘိုးကြီး တစ်ဦး မီးအိမ်ထွန်း၍ ထွက်လာသည်။

"ဆရာတို့ မိုးချုပ်လှပြီကော ကားကြုံမရဘူးထင်တယ်"

ကျွန်ုပ် ။ "ရပါတယ် ဦးလေး။ ကျွန်တော်တို့ပူတာအိုက ထွက်လာ တာကိုက နောက်ကျတာပါ။ ထွန်စက်ကြီးစီးလာတာပါ"

"ဒီဖော်ရဲ့ထွန်စက် မဟုတ်လား၊ ငါအသံကြားလိုက်မိပါတယ် ကဲ ... လာကြ၊ ရိပ်သာပေါ်သွားကြမယ်။ ညသည်လာတော့ မီးလည်း ထွန်းရှိုးမှား။ ဆရာတို့ ညစာစားပြီးကြပြီလား"

"မစားရသေးဘူး ဦးလေး။ ပစ္စည်းတွေနေရာချပြီးမှ အပြ ထွက်စားကြမှာ"

"အေး ... အေး ... မြန်မြန်သွားစားကြ။ ည(၉)နာရီထိ ရင် မီးစက်ကပိတ်ကရော။ နောက်နေ့တွေ ဒီမှာစားချင်ရင်တော့ ငါ့ ကို လူဘယ်နှစ်ယောက်စာလဲ ကြိုပြောပါ။ ငါချက်ပေးမယ်။ ကိုယ်ဘာသာ ချက်စားမယ်ဆိုရင်လည်း ရတယ်။ အပေါ်ထပ်ရော၊ အောက်ထပ်မှာ ပါ မီးဖိုနဲ့ထင်းတွေ အဆင့်သင့်ရှိတယ်။ အိုးခွက်ပန်းကန်တွေလည်း အသင့်ပဲ"

"ဒါနဲ့ ဘယ်အထပ်မှာနေကြမှာလဲ"

"အပေါ်ထပ်မှာပဲ နေကြမယ်ဦးလေး။ အပေါ်ထပ်က ပိုကောင်း ကောင်းလေသန့်ရတယ်"

"အတူတူပါပဲကွယ်။ အပေါ်ထပ်ရော၊ အောက်ထပ်ပါ သန့် ရှင်းပြီး ကျယ်ဝန်းပါတယ်။ အခန်းဖွဲ့စည်းပုံခြင်းလည်း အတူတူပါပဲ"

ရိပ်သာစောင့်ကြီး ဦးလာဘန်ဘောက်က ညှိဂေဟာအဝင်တံ မကြီးကိုဖွင့်ပြီး မီးများလိုက်ဖွင့်နေသည်။ ကျွန်ုပ်တို့ အပေါ်ထပ်သို့တက်





ရန် တစ်ထစ်ချိုးလှေခါးနှစ်ခုရှိရာ ပထမဆုံးလှေခါးမှ အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ အပေါ်ထပ်တွင်လည်း အောက်ထပ်ဖွဲ့စည်းပုံအတိုင်း ညှိခန်းကျယ်ကြီး ရှိသည်။

ညှိခန်းကျယ်ကြီးအား ခေတ်မီလှပစွာ ပြင်ဆင်ထားသည်။ ခန်းလုံးပြည့်ကော်ဇောထူကြီးအား ခင်းထားသည်။ နံရံကပ်မီးများ စာ ကြည့်မီးနှင့်ပန်ကာများ တပ်ဆင်ထားသည်။ အိပ်ခန်းများမှာလည်း များ ပြားလှသည်။ အပေါ်တွင် လူ(၁၀)ဦး၊ အောက်တွင် လူ(၁၀)ဦးတို့ ချောင် ချိစွာ ကိုယ့်အခန်းနှင့်ကိုယ် တည်းခိုနိုင်သည်။ တောမြို့ကလေးတစ်ခု မှ ဂုဏ်ယူဖွယ်ရာ ညှိဂေဟာကြီးတစ်ခုဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ကျွန်ုပ်တို့ပစ္စည်းများအား အခန်းများအတွင်းသွင်း၍ နေရာ
ချထားပြီး အောက်ထပ်သို့ ပြန်ဆင်းခဲ့ကြသည်။

ဦးစိန်ဝင်း ။ "ဦးလဘန်ဘောက်၊ ကျွန်တော်တို့မြို့လယ်က 'မလိခ
ဆိုင်မှာ သွားစားကြမယ်။ မိုးမပိတ်ခင် ပြန်လာမယ်"

"အေးပါ ...စောပါသေးတယ်။ အေးအေးဆေးဆေးစာ
ငါစောင့်နေမယ်"

ကျွန်ုပ်တို့ လမ်းလျှောက်လာကြစဉ် ...

"ဦးစိန်ဝင်း ညွှန့်ရိပ်သာက အတော်ခေတ်မီတာပဲ။ တည်
နိုခ ဘယ်လောက်ပေးရမှာလဲ"

"ကိစ္စမရှိဘူး ဆရာ။ ဌာနဆိုင်ရာအနေနဲ့ အလှူငွေသဘော
ပဲပေးရမှာ။ ကျွန်တော်ရှင်းလိုက်မယ်"

မြို့လယ်မလိခစားသောက်ဆိုင်မှာလည်း အတော်ကျယ်ဝ
ပြီး သန့်ပြန့်သည်။ တရုတ်စာများ ကောင်းစွာရသည်။ ဈေးလည်
သက်သာပါသည်။ ကျွန်ုပ်တို့ စားရင်းသောက်ရင်း မနက်ဖြန် နမ့်ခမ်း
ဘက်သွားကြရန် တိုင်ပင်ရသည်။





"ဆရာ ကျွန်တော်လိုက်ပို့ပါ့မယ်။ ကားနဲ့သွားဖို့တော့ မဖြစ်
ဘူးဆရာ။ တံတားတွေ၊ ချောင်းတွေနဲ့ လမ်းကခက်တယ်။ ကြမ်းလည်း
ကြမ်းတယ်။ ကားဆိုတာကလည်း ကျွန်တော်တို့ဆီမှာ ဒေါ့ဂျစ်ကားကြီး
နှစ်စီးပဲရှိတယ်။ နောင်မွန်းနဲ့ ခေါ်ဘူးဒဲကိုသွားတာ ပျက်နေတာကများ
တယ်။ ဆရာတို့ နောင်မွန်းဘက်သွားကြဦးမယ် မဟုတ်လား"

"ဟုတ်တယ် ဦးစိန်ဝင်း"

"ကားကြီးက (၂)ရက် (၃)ရက်မှ တစ်ခါထွက်တာ။ ထွက်
တော့လည်း ခရီးသည်နဲ့ကုန်က ပြည့်ကြပ်နေတာ။ ကုန်းကြောင်း
လျှောက်ဖို့လည်း မလွယ်ဘူးဆရာ။ ဒီကနဲ့ နောင်မွန်းမြို့ကို မိုင်
(၄၀)ကျော်ဝေးတယ်။ လမ်းကလည်း ကြမ်းတယ်။ အထက်နှင့်အဆင်း
ချည်ပဲ။ နောက်ပြီး တောလမ်းခရီး ရွာဆက်ကလည်း ဝေးတယ်"

"အင်း ...ကျွန်တော်တို့ကတော့ မသွားမဖြစ် သွားကြရမှာ
ပါပဲ။ ကားမရှိတော့လည်း ကုန်းကြောင်းပေါ့။ လမ်းမှာ တည်းခိုစရာ
နေရာတော့ ရှိမှာပေါ့။ မဆိုးခြေထောက်ပဲ။ တစ်နေ့ (၁၅)မိုင်နှုန်းနဲ့ဆိုရင်
(၂)ညအိပ်(၃)ရက်ဆိုရင် ရောက်နိုင်ပါတယ်။ ဒါနဲ့ ဒီဘက်က နေရာနယ်မြေ
အေးချမ်းရဲ့လား"

"အဲဒါတစ်ခုတော့ ကောင်းတယ်ဆရာ။ ရာသီဥတုအေးချမ်း
သလို နယ်မြေလည်းအေးချမ်းတယ်။ တိုင်းရင်းသားတွေကလည်း
စိတ်ဓာတ်ဖြူစင်ကြပါတယ်။ အစိုးရဝန်ထမ်းဆိုရင် အလွန်လေးစားကြ
ပါတယ်"

ကျွန်ုပ် ။ "မနက်ဖြန် နမ့်ခမ်းကြီးရွာဘက် သွားချင်သေးတယ်။ အဲဒီ
က တောခေါင်းဦးလှဖေနဲ့ ဦးငွေတင်တို့ရှိကြတယ် မဟုတ်လား။ သူတို့
က စစ်ကိုင်းတိုင်း၊ ဗန်းမော်ဘက်က ပြောင်းသွားကြတာမို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သိနေတယ်''

''ရှိပါတယ်။ လမ်းက နည်းနည်းဆိုးတယ်။ ချောင်းကူး၊ မြောင်း ပြီ''
ကူးများတယ်။ ပတ်ဝန်းကျင်ကတော့ အရမ်းသာယာတာပဲ ဆရာ။ သစ်
တောတွေက အေးစိမ့်နေအောင် နေပျောက်မထိုးဘဲအေးတယ်။ ရွာသော်
တွေကလည်း နီးပါတယ်။ နမ့်ခမ်းကြီးဘက်က ရွှေနဲ့ကျောက်စိမ်းထွက်
တော့ အလွန်ချမ်းသာကြပါတယ်။ ခင်မင်ပြီဆိုရင်လည်း တအားခင်မ
ကြတာ။ ကချင်နဲ့ရဝမ်လူမျိုးတွေများတယ်။ ဗုဒ္ဓဘာသာဝင်အများ
နေထိုင်ကြတာပေါ့။ ဆန်စပါးနဲ့ကောက်ပဲသီးနှံလည်း တအားပေါတယ်
ဆရာ''

ကျွန်ုပ်တို့ ညစာစားပြီး လမ်းလျှောက်ပြန်ခဲ့ကြရာ ည(၈)နာ
ကျော်ခန့်တွင် ဂူဘားရိပ်သာသို့ ပြန်ရောက်သည်။ ကျွန်ုပ် အသင့်ဝယ်
လာသော ခေါက်ဆွဲကြော်ထုပ်ကို ရိပ်သာစောင့်ကြီး ဦးလဘန်ဘောက်
အား လက်ဆောင်ပေးရာ . . .

''ကျေးဇူးဆရာ။ ဒီနေ့ငါ့ဆီမှာလည်း ဟင်းမကောင်းဘူး
မနက်က ရိပ်သာဝန်းကျင် မြက်ရှင်းရင်း အချိန်ကုန်သွားလို့ ဈေးမဝယ်
နိုင်ဘူး။ ဒါကြောင့် ကြက်ဥကြော်ကလေးနဲ့ စားရမှာ။ မလိခ,က ခေါက်ဆွဲ
ကြော် တစ်ဝကောင်းဆရာ''

ဦးလဘန်ဘောက်မှာ တစ်ဦးတည်း အရက်သောက်နေဟ
တူသည်။ အမြည်းမရှိ ဘာမရှိနှင့် ခမျာအထီးကျန် ဆန်လှသည်။ ကျွန်
တို့ နောင်မွန်းဘက်ကပြန်လာမှ နူတ်ဆက်အရက်ပွဲကလေး လုပ်ပေ
မည်ဟု တေးထားမိသည်။

ဦးစိန်ဝင်း ။ ''ဆရာ . . . မနက်ဖြန် ဘယ်အချိန်လောက် ထွက်မြ
မလဲ''

စိတ်ကူးသစ်စာပေ



''BRAKE FAST စားပြီး ထွက်မယ်ဗျာ။ မနက်(၈)နာရီလောက်

''ကောင်းတယ် ဆရာ။ နေ့လယ်စာ စားချိန်မီရောက်သွား
ာပေါ့။ ကဲ . . . ကျွန်တော်ပြန်ဦးမယ်။ မနက် BRAKE FAST အချိန်မီ
ျန်တော်လာခဲ့မယ်။ ဂွတ်နိုက် ဆရာ''

''ဂွတ်နိုက် ဦးစိန်ဝင်း''

ကျွန်ုပ်တို့ ခြေလက်၊ မျက်နှာဆေးကြောပြီး အိပ်ရာဝင်ခဲ့ကြ
ည်။ ဂူဘားရိပ်သာမှာ ခရစ်ယာန်ဘာသာဝင်များ ဆောက်လုပ်ထား
င်းဖြစ်၍ ဘုရားစင်တော့မရှိပါ။ ဗုဒ္ဓဘုရားကို ရည်မှန်းပူဇော်ပြီး အိပ်ရာ
င်ခဲ့ပါတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

❑

ကျွန်ုပ်တို့အဖွဲ့ ခရီးစထွက်တော့ မနက်(၈)နာရီပင် မထိုးသေးပါ။ နှင်းမှုန်များ တဖွဲဖွဲကျနေသည်။ မချမ်းဘောမြို့ကတော့ စောစီးစွာ နိုးထပြီး ရုန်းကုန်လှုပ်ရှားနေကြပြီ ဖြစ်သည်။ ဈေးရှေ့ကားဂိတ်တွင် လူစည်ကားနေသည်။ သို့သော် ထွက်မည့်ကားကိုတော့ မမြင်ရပါ။

ပေ(၃၀')ခန့်အကျယ်ရှိသော မြေနီလမ်းကျယ်ကြီးအတိုင်း ကျွန်ုပ်တို့အဖွဲ့ လမ်းလျှောက်ခဲ့ကြသည်။ လမ်းမကြီးမှာ အကွေ့အကောက်များသော်လည်း အဖုအထစ်အချိုင့်အဝှမ်း မရှိချေ။ ပတ်ဝန်းကျင်၌ တောရိပ်စိမ်းစိမ်း၊ တောင်ကုန်းနီနီ၊ မြေနီလမ်းမကြီးကိုသာ မြင်နေကြရသည်။ လမ်းပေါ်၌ စက်ဘီးမရှိ၊ ဆိုက်ကားမရှိ၊ ကားမရှိ၊ လမ်းလျှောက်နေသောလူများကိုသာ ဥဒဟိုသွားလာနေကြသည်ကို မြင်ကြရသည်။





ဦးစိန်ဝင်း ။ "ဆရာ ဒီလမ်းမကြီးကို မချမ်းဘော၊ နမ့်ခမ်း၊ ကားလမ်းမကြီးလို့ ခေါ်ပါတယ်။ ဆောက်လုပ်ရေးကော်လိုရေးရှင်းက တာဝန်ယူဖောက်လုပ်ပြီး ထိန်းသိမ်းထားတာ။ တခြားလမ်းတွေဖြစ်တဲ့ မချမ်းဘော–ဖရွတ်ခကားလမ်း၊ နမ့်ခမ်း–နမ့်ထီးလားလမ်း၊ မချမ်းဘောမြို့တွင်းကားလမ်းနဲ့ မချမ်းဘော–ဆွမ်ပရာဘွမ်လမ်းတွေ ဖြစ်ပါတယ်။ ဖောက်လုပ်ပြီး ဖောက်လုပ်ဆဲပေါ့ ဆရာ"

လမ်းမကြီးပေါ်၌ ချောင်းကူးတံတားကြီးများကိုလည်း မကြာခဏ တွေ့ရသည်။ မလိခမြစ်အတွင်း စီးဝင်သည့်ချောင်းများပေါ်၌ တည်ဆောက်ထားသည့် သစ်သားတံတားကြီးများ ဖြစ်ကြသည်။ မချမ်းဘောနှင့် နမ့်ခမ်းရွာကြီးမှာ (၇)မိုင်ဝေးကွာသည်။ မလိခမြစ်ကြီးသည် လမ်းမကြီးနှင့် ယှဉ်တိုက်နေသည်။ မြစ်ကမ်းနဖူးချုံတောကြီးများမှာ အုံ့ဆိုင်းဆိုင်း ရှိလှသည်။ လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူထားသော နွားများကို ဟိုတစ်စုသည်တစ်စု တွေ့နေရသည်။

မကြာမီ အင်ဘူးဘောကျေးရွာသို့ ရောက်သည်။ ရွာလမ်းသည် မိုးနှင်းများပက်ဖျန်းထားသဖြင့် ဖုန်မထချေ။ လမ်းတစ်ဘက်တစ်ချက်ရှိ အိမ်များမှာလည်း တိတ်ဆိတ်နေသည်။ တံခါးများကို စေ့ရုံသာစေ့ထားပြီး လူရိပ်လူရောင် မမြင်ရပါ။ ရွာအနီး အင်ဘူခချောင်းကူးတံတားမှာ ပေ(၁၁၀) ရှည်သည့် သစ်လုံးတံတားဖြစ်သည်။

ဤနယ်မြေတွင် မြစ်များ၊ ချောင်းများ၊ ပေါ်များလှသည်။ ထို့ကြောင့် တံတားများလည်း ပေါသည်။ သစ်တောပိုင်းနေသောဒေသဖြစ်၍ သစ်လုံးတံတားများသာ ဖြစ်ကြသည်။ ကားအသွားအလာများလျှင်တော့ ဤတံတားများမှာ ရေရှည်ခိုင်ခန့်မည် မဟုတ်ချေ။

မလိခမြစ်သည် ကျွန်ုပ်တို့နှင့်မခွာသေး။ ခရီးသွားဖော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ မြစ်အတွင်း၌ သာယာလှပသော သဲသောင်များ၊ ကျောက်တုံးကျောက်ခဲများကို တွေ့နေရသည်။ ဟင်္သာနှင့် မြစ်တွေးငှက်အုပ်များ စုန်ဆန်ပျံသန်းနေကြသည်။

လမ်းမကြီးအတိုင်း တောင်ကုန်းပေါ်သို့ တက်ခဲ့ကြသည်။ တောင်ရိုးပေါ်သို့ရောက်မှ အဝေးတွင်တောင်တန်းနှင့် တောတန်းကြီးများထပ်၍ တည်ရှိနေသည်ကို တွေ့ရသည်။ လွင်ပြင်ကျယ်ကြီးများကလည်း နေရာအတော်များသည်။ ရိတ်သိမ်းပြီးသော စပါးစိုက်ကွင်းများ ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်တို့ ဆက်လျှောက်လာကြရာ တောင်ကမူရိုးမြေပြန့်ပေါ်တွင် ဆောက်လုပ်ထားသော အင်ဝိုင်းဘော့ရွာသို့ ရောက်သည်။ ဝါးရုံပင်ရှည်ကြီးများက ရွာစည်းရိုးဘေးတွင် မြင့်မားစွာပေါက်နေကြသည်။ ကျွန်ုပ်တို့ရွာ စည်းရိုးအနီးဝါးရုံရိပ်တွင် ခေတ္တနားကြသည်။ ရှေ့တစ်ရွာမှာ မချမ်းဘော့တွင် ထင်ရှားသည့် နမ့်ခမ်းရွာကြီး ဖြစ်သည်။

လမ်းမကြီးပေါ်၌ ကုန်ပစ္စည်းနှင့် အထုပ်အပိုးများသယ်သည့် အထမ်းလုပ်သားကြီးများ ဝန်တင်လားများ ဥဒဟိုသွားလာနေကြသည်။ တောအုပ်ဦးစိန်ဝင်း ။ "ဆရာဒီဒေသမှာက ခရီးဝေးသွားချင်ရင် အထမ်းလုပ်သားကြီးတွေနဲ့ ခရီးသွားမှအဆင်ပြေတယ်။ သူတို့က ဒီလမ်းခရီးမှာ ခြေရာချင်းထပ်အောင် သွားနေကြတာ။

ဆေးလိပ်သောက်၊ ကွမ်းစားစတဲ့ အပိုအလုပ်တွေကို မလုပ်ကြဘူး။ သူတို့စိတ်ထဲမှာရှိတာက ဘယ်စခန်းလောက်မှာ ရေသောက်မလဲ။ ပြန်ထွက်ပြီး သူတို့အမိကသွားရမဲ့ နေရာကိုရောက်မလဲ။ ဒါပဲတွေးတယ်။ ခြေလှမ်းကလည်း မြန်တယ်။ အတူယှဉ်ထွက်တာတောင် သူတို့အပြန်မှ မျက်နှာချင်းဆိုင် ဆုံတတ်တယ်။





ပစ္စည်းသယ်ရင် သူတို့က အလျင်ရောက်တတ်တော့ ပစ္စည်းပို့ရမဲ့နေရာကို အတိအကျပြောထားရတယ်။ ဥပမာပြောရရင် အင်ဝိုင်းဘော့ရွာက သူကြီးအိမ်ပေါ့။ ပစ္စည်းကို သူကြီးအိမ်မှာထားပြီးတာနဲ့ သူတို့စောင့်နေမယ် မထင်နဲ့။ ရေတောင်းသောက်ပြီး ပြန်တော့တာပဲ။ ဘယ်တော့မှလည်း ပစ္စည်းမပျောက်ဘူး။

အဲ . . . ထမ်းခကိုတော့ ကြိုတင်ပေးရတယ်။ စစ်လည်းမစစ်နဲ့ အပိုမတောင်းဘူး။ ဈေးလည်းမလျှော့ဘူး။ သူတို့အလုပ်သမားခေါင်းသက်မှတ်ထားတဲ့ဈေးပဲ ယူတယ်။ အလွန်ရိုးသားပြီး သန်မာမြန်ဆန်ကြတယ်။ ဘယ်လောက်ခရီးဝေးဝေး ဆန်တစ်အိတ်အလေးချိန်လောက်ကတော့ အသာကလေးပဲ။ မြို့လယ်ဈေးနားမှာဆိုရင် လူတစ်ယောက်၊ ဆန်နှစ်အိတ်ထမ်းပြီး ပို့ကြတယ်။ ကချင်နဲ့လီဆူးလူမျိုးတွေ များတယ်ဆရာ"

တစ်မိုင်ကျော်ခန့်ဆက်သွားတော့ နမ့်ခမ်းရွာကြီးသို့ ရောက်သည်။ မလိခမြစ်ကြီးမှာ ကျွန်ုပ်တို့၏လက်ဝဲဘက်မှ ယှဉ်လိုက်နေတုန်းပင်ဖြစ်သည်။ ရွှေထွက်သော နမ့်ခမ်းရွာကြီးသည် မလိခမြစ်ကမ်းမှာ သာယာစည်ကားသော ရွာကြီးဖြစ်သည်။ ရွာဝင်လမ်းမှာ ကျယ်ပြန့်ပြီး လိပ်သဲကျောက်များ ခင်းထားသည်။

အိမ်တိုင်းပင် ကချင်အိမ်ပုံစံ နှစ်ထပ်ပျဉ်အိမ်များဖြစ်ကြပြီး ခြံဝိုင်းကျယ်ကြီးများအတွင်း၌ စားပင်၊ သီးပင်များ ဝေဆာစွာသီးပွင့်နေသည်။ ရွာတောင်ဘက်ဘေးတွင် ချောင်းတစ်ခုက တသွင်သွင်စီးဆင်းနေသည်။ ရေသည် ကြည်လင်စိမ်းမြနေပြီး အောက်ခံမြေသည် ရွှံ့စေးဟုတ်၊ ကျောက်တုံးကျောက်ခဲများ ဖြစ်သည်။

နမ့်ခမ်း၏အဓိပ္ပာယ်မှာ ရှမ်းစကားဖြင့် ရွှေထွက်သည့်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဟုအဓိပ္ပာယ်ရသည်။ ထို့ကြောင့်လည်း မလိခမြစ်တစ်ဖက်ကမ်းမှမြေမှာ ကျောက်စိမ်းထွက်၍ စိမ်းသည်။ သည်ဘက်ကမ်းမှမြေမှာ ရွှေထွက်၍ ဝါသည်ဟု ပြောစမှတ်ပြုကြသည်။ ကျွန်ုပ်တို့ ရွှေအလွန်ထွက်သော နမ့်ခမ်းရွာကြီးသို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

သစ်တောရုံးအိမ်ကြီးမှာ ရွာတောင်ဘက်ချောင်းအနီးတွင် ရှိသည်။ (၈)ပတ်လည်၊ ပျဉ်းကတိုးတိုင်ကြီးများဖြင့် အခိုင်အခန့်ဆောက်လုပ်ထားသော နှစ်ထပ်အိမ်ကြီးဖြစ်သည်။ အောက်ရုံးခန်း၊ အထက်ထပ်တွင် လူနေသည်။ တိုင်များမှာ မြေမြှုပ်ထားခြင်း၊ အုတ်ဖိနပ်ခံခြင်း မဟုတ်။ တိုင်အောက်တွင် ကျောက်တုံးများခံထားသည်။ သို့သော် အိမ်ကြီးမှာ မယိမ်းမယိုင် စရွေးကိုက်လှသည်။ အလွန်တော်သော ဒေသခံလက်သမားများ ဖြစ်ပေသည်။ ရွာတွင်းရှိအိမ်တိုင်းမှာ ထိုအတိုင်းပင်ဖြစ်သည်။

ရွာကြီးတွင် နှစ်ထပ်အိမ်ကြီးအိမ်ကောင်းများက အများအပြားရှိသည်။ ခြံကျယ်ဝန်းကျယ်ကြီးများကို စနစ်တကျလုပ်ထားသည်။ လူဝင်ပေါက်ကို ဝင်းတံခါးကျယ်ကြီးနှင့်ကပ်လျက် သစ်လုံးလှေခါးထောင်ထားသည်။ လူဝင်လိုပါက ထိုသစ်လုံးလှေကားမှ ဝင်ရသည်။ ခြံတံခါးကြီးကို ဝါးလုံးတန်း၊ သုံးလေးတန်းထိုးထားသည်။ အချို့အိမ်များကတော့ ဝင်းတံခါးမှာ မြေပြန့်ရှိအိမ်များပုံစံပင်။ သစ်လုံးလူဝင် လှေကားမထားပေ။

သစ်တောရုံး အိမ်ကြီးရှေ့ရောက်တော့ အောက်ထပ်ရုံးခန်းမှ ဦးလှဖေ ထွက်လာသည်။

''ဟာ ... ဆရာဦးနေအောင်တို့ ရောက်လာကြပြီကိုး။ ကြွပါဆရာ။ ကျွန်တော်စားသောက်ဖို့ အဆင်သင့်လုပ်ထားပါတယ်။ ကိုတင်ငွေ





တော့ အပြင်ခဏသွားတယ်ဆရာ။ မကြာခင် ပြန်လာပါလိမ့်မယ်။ ဆရာဦးစိန်ဝင်း မနေ့ညနေက လူကြုံနဲ့မှာထားတာနဲ့ ပြင်ဆင်ထားတာပါ။ ဒီနမ့်ခမ်းရွာကြီးက ရွှေပေါသလို၊ အစားအသောက်လည်း ပေါပါတယ်ဆရာ''

ကျွန်ုပ်တို့ ခေတ္တနားနေကြစဉ် တောခေါင်းဦးလှဖေက ...

ဆရာတို့ ရေချိုးကြဦး။ အိမ်နောက်က စည်ပိုင်းထဲမှာခပ်ထားပါတယ် ဆရာ''

ကိုဇော်မင်း ။ ''အင်း ... လမ်းလျှောက်လာရတော့ ရေတော့ချိုးမှဖြစ်မယ်။ ဒါပေမဲ့ ခင်ဗျားတို့ခပ်ထားတဲ့ စည်ပိုင်းထဲက မချိုးပါဘူး ချောင်းနီးသားပဲ။ ချောင်းရေကို မချိုးရတာကြာပြီ''

ဦးလှဖေ ။ ''ကျွန်တော်တို့လည်း ချောင်းထဲဆင်းချိုးကြတာပါပဲဆရာ။ ဒါပေမဲ့ ချောင်းရေက အလွန်အေးတယ်။ ငှက်ဖျားတွေ ဘာတွေဖြစ်မှာစိုးလို့ပါဆရာ''

''ရပါတယ်၊ ကိစ္စမရှိပါဘူး''

ကျွန်ုပ်တို့ ရေချိုးရန်ပြင်ဆင်နေကြစဉ် တောခေါင်းဦးတင်ငွေ အထုပ်ဆွဲ၍ အပြင်မှပြန်လာသည်။

''ဆရာတို့ ရေချိုးကြမလို့လား။ နောက်ဖေးမှာ ရေခပ်ထားပါတယ်''

''နေပါစေ ကိုတင်ငွေ။ ကျွန်တော်တို့ ချောင်းထဲဆင်းချိုးကြမှာပါ။ ချောင်းရေမချိုးရတာ ကြာလို့ပါ''

''ကျွန်တော် ရမ်အရက်သွားဝယ်တာဆရာ။ ဒီမှာက ကချင်အရက်တွေပဲပေါလို့ မနည်းရှာရတယ်''

''ဒုက္ခရှာလို့ ကိုတင်ငွေရယ် .. ရှိတာနဲ့လည်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မှာလည်း ပါလာပါသေးတယ်''

''ရပါတယ် ဆရာ၊ ကျွန်တော်တို့က အိမ်ရှင်ပဲ။ ဒီရွာကြီးက သူဌေးရွာကြီးဆိုတော့ လိုချင်တာရှာလို့ ရနိုင်ပါတယ်''

ကျွန်ုပ်တို့ သစ်တောရုံးအနီးရှိ ချောင်းထဲသို့ ရေဆင်းချိုးကြသည်။ ငယ်စဉ်ကလိုပင်၊ တစ်ပျော်တစ်ပါးရေချိုးကြရာ အလွန်ပျော်စရာကောင်းသည်။ ချောင်းရေမှာကြည်စိမ်းပြီး အေးမြလှသည်။ နွေရာသီဖြစ်၍ ရေမှာ ပေါင်လည်ခန့်သာ နက်သည်။ ချောင်းကြမ်းပြင်တွင် ကျောက်တုံးကျောက်ခဲများကို မြင်ရသည်။ ချောင်းစပ်သဲခုံပေါ်၌ ရွှေမှုန်များကို တလက်လက်မြင်နေရသည်။ မြန်မာပြည်မြောက်ဖျား၊ မြစ်များ ချောင်းများမှာ ရွှေထွက်သော ရွှေချောင်းများ ဖြစ်ကြပေသည်။ ထိုစဉ် ကိုအင်နီက ကြမ်းပြင်မှ ကျောက်တုံးတစ်တုံးကိုကောက်ယူ၍ ကြည့်သည်။ သက်နုကျောက်စိမ်းတုံးတစ်တုံး ဖြစ်သည်။

''ဆရာရေ . . . ကျောက်တုံးတွေက ကျောက်စိမ်းတုံးတွေဗျ။ သက်နုရှိရင် သက်ရင့်ကျောက်စိမ်းတုံးလည်း ရှိနိုင်တာပဲ''

''ကိုအင်နီရယ် . . . ကျောက်စိမ်းက မလိခမြစ်ဟိုဘက်ကမ်းက ထွက်တာတဲ့ဗျ။ ဒီဘက်ကမ်းက ရွှေပဲထွက်တာ။ သက်ရင့်ကျောက် မရှိနိုင်ပါဘူး''

ထိုစဉ် ဆပ်ပြာနှင့်မျက်နှာသုတ်ပုဝါ ရေလဲလုံချည်များ လာပေးသော တောခေါင်းဦးလှဖေက . . . .

''ဟုတ်တယ် ဆရာ။ ဒီချောင်းထဲမှာလည်း သက်ရင့်ကျောက်စိမ်းတုံးတွေ ရတတ်ပါတယ်။ ချောင်းရေက အမြဲတမ်းစီးနေတော့ တစ်ခါတစ်ရံ ပါလာဟန်တူပါတယ်။ ဒါပေမဲ့ အလွန်ရှားပါတယ်''

ကိုအင်နီ၊ ကျော်စိန်ဝင်းနှင့် တောအုပ်ကိုစိန်ဝင်းတို့ မြစ်လယ်မှ ကျောက်တုံးများကို ကောက်ကြသည်။ သက်ရင့်ကျောက်စိမ်းတော့ မတွေ့ပါ။ ကျောက်တုံးများကြားမှ နွားချေးပိုးလို အကောင်မဲမဲကြီးများ ထွက်လာသည်။

ကိုအင်နီ ။ ''ဟ . . . ဒါဘာကောင်တွေလဲ''

ဦးစိန်ဝင်း ။ ''ဒါ ကျောက်ကြမ်းပိုးလို့ ခေါ်တယ်။ ရင်အုပ်က အဆိပ်ဥကိုထုတ် အတောင်ပံချွတ်ပြီး ကြော်စားရတယ်။ ကြမ်းပိုးနံ့နံ့ပေမဲ့ ဒေသခံတွေ အလွန်ကြိုက်တယ်။ သူကလည်း နိုဝင်ဘာလနဲ့ ဖေဖော်ဝါရီလ ပွင့်လင်းရာသီမှာပဲ ပေါ်တာ''

ကျောက်ကြမ်းပိုးမှာ အရွယ်လက်မဝန်းခန့်သာ ရှိသည်။ ကြမ်းပိုးနှင့် တူသော်လည်း အတောင်ပံပါသည်။ ကျွန်ုပ်တို့ စားသောက်ရန်မဝံ့ရဲပါ။

ကျွန်ုပ်တို့အဖွဲ့ ရေချိုးပြီး ကမ်းပေါ်ပြန်တက်တော့ သစ်တောအိမ်ကြီးအောက်တွင် စားသောက်ရန် အဆင်သင့် ပြင်ဆင်ထားပြီးဖြစ်သည်။ တောဝက်သား၊ ဒရယ်သား၊ ဆတ်သားနှင့် ငါးကြော်များကို မြည်းရန် ကြော်ချက်ထားသည်မှာ မွှေးကြိုင်နေသည်။

ကျွန်ုပ် ။ ''ကိုလှဖေ . . . တောကောင်သားတွေက ဘယ်ကရတာလဲဗျ။ ခင်ဗျားတို့ အမဲလိုက်ကြတာလား''

''ကျွန်တော်တို့လည်း တောဆင်းရင်း တစ်ခါတစ်ရံအမဲလိုက်ပါတယ်ဆရာ။ အခုဟာတွေကတော့ မုဆိုးလာပေးထားတာပါ။ ရွာပြင်ထွက်တာနဲ့ တောကပိုင်းနေတာ သားကောင်ကလည်း အလွန်ပေါပါတယ်ဆရာ''

''ဘယ်အချိန် အထွက်များသလဲ၊ ဦးလှဖေ''

''ညနေ နေဝင်ခါစနဲ့ မနက်အစောပိုင်းပေါ့ဆရာ။ ရွာပြင်မှာ







www.burmeseclassic.com

www.burmeseclassic.com



လယ်ကွင်းနဲ့တောက ဆက်နေတာ။ ဒီမှာတော့ တောဝက်၊ ဒရယ်နဲ့ ဆတ်တွေပေါတယ် ဆရာ။ တစ်ခါတစ်ခါ စိုင်အုပ်နဲ့ တာကင်အုပ်တောင် တွေ့ရတတ်တယ်''

''တာကင်တွေက ရေခဲတောင်ပေါ်မှာနေတာ မဟုတ်လား''

''ဟုတ်ပါတယ် ဆရာ။ ဒီလိုပွင့်လင်းရာသီမှာတော့ မြက်နုတွေစားရင်း တောင်အောက်ဆင်းလာတတ်ပါတယ်။ တစ်ခါတစ်ရံ တောင်ဆိတ်အုပ်တောင်မှ လာတတ်ပါတယ်ဆရာ''

''အေးဗျာ ... အဲဒါဆိုရင် ညနေဘက်စီစဉ်ဗျာ။ လက်နှိပ်ဓာတ်မီးတွေ လိုမှာပေါ့''

''သိပ်လိုမယ်မထင်ဘူး ဆရာ။ ဒီက ရာသီဥတုအေးတော့ အစောကြီးသားကောင်တွေ ထွက်တတ်တယ်။ တစ်ခုပဲ သတိထားရမှာက ဒီရွာတွေက ကျွဲနွားတွေကို လွှတ်ကြောင်းစနစ်နဲ့ မွေးထားတော့ မှားပစ်မိမှာကိုတော့ သတိထားရမယ်ဆရာ''

ကိုအင်နီ ။ ''ငါတို့က အိမ်မွေးတိရစ္ဆာန်နဲ့ တောကောင်တွေကို ခွဲခြားတတ်ပါတယ်။ အဲဒီအတွက်တော့ မပူပါနဲ့ဆရာ''

''ဟုတ်ပါပြီဗျာ။ ကျွန်တော် စီစဉ်လိုက်ပါ့မယ်။ ဆရာတို့ နားကြပါဦး။ ဖန်ခါးရည်ကောင်းကောင်းရှိပါတယ်။ စာရင်းအင်းစစ်ချင်ရင်တော့ ဦးတင်ငွေရှိပါတယ်ဆရာ။ ကျွန်တော် ရွာထဲသွားလိုက်ဦးမယ်''

''ဟုတ်ပြီဗျာ''

ကျွန်ုပ်တို့ နေ့လယ်စာစားသောက်ပြီး ခေတ္တအနားယူ အိပ်စက်ကြသည်။ ရုံးအိမ်ကြီးအောက်ထပ်၊ ကွပ်ပျစ်ကြီးများပေါ်၌ တုံးလုံးပက်လက် ခေတ္တနားကြခြင်းဖြစ်သည်။ ညနေပိုင်းတွင် ပါလာသည့်





သေနတ်များအား ပြန်လည်တပ်ဆင်၍ ဆေးကြောတိုက်ချွတ်ကြသည်။

ညနေစောင်းတွင် ဦးလှဖေနှင့်အတူ မုဆိုးတစ်ယောက်ပါ ရောက်ရှိလာပြီး ကျွန်ုပ်တို့အဖွဲ့ ရွာတောင်ဘက်တံတားမှ ချောင်းကလေးအားကူး၍ ရွာပြင်သို့ ထွက်ခဲ့ကြသည်။ ရွှေဝါရောင်စပါးခင်းကြီးမှာ ရွာအား ပတ်လည်ဝိုင်းနေသည်။ အချို့ရိတ်သိမ်းပြီး အချို့မရိတ်သိမ်းရသေး သက်ကြီးစပါးမျိုးများဖြစ်၍ စပါးပင်များမှာ လူတစ်ရပ်ခန့်ရှိသည်။ စပါးပင်နှင့်အတူ စပါးနှံများမှာလည်း လွန်စွာ သန်မာထွားကြိုင်းကြသည်။

မုဆိုးကဦးဆောင်၍ တောစပ်နှင့်စပါးခင်းကြား ပျဉ်းကတိုးပင်ကြီးပေါ်တွင် အခိုင်မာဆောက်လုပ်ထားသော လင့်တဲကြီးဆီသို့ ခေါ်သွားသည်။ လင့်စင်ပေါ်သို့တက်ရန်လည်း ပျဉ်းကတိုးပင်ကြီးပင်စည်အား သစ်သားဖြင့် လှေခါးထစ်များရိုက်ထားသည်။

လင့်စင်မှာ တစ်ခါသုံးမဟုတ်။ အမြဲတမ်း အသုံးပြုပုံရသည်။ နှင်းမိုးရွာတတ်သောဒေသဖြစ်၍ လင့်စင်မှာ အမိုးပါသည်။ ဘေးတစ်ဘက်တစ်ချက်၌လည်း ဝါးကျစ်ဝါးများဖြင့် အကာအရံလုပ်ထားသေးသည်။ လူ(၁၀)ယောက်ခန့် ဆန့်သည်။

ဤလင့်တဲမျိုး ကျွန်ုပ်တို့အောက်ပိုင်းဒေသများတွင် မမြင်ဖူးပါ။ အခင်းကိုတော့ ဝါးကြမ်းခင်းထားသည်။ လင့်တဲကြီးပေါ်၌ မီးဖိုနှင့် အိုးခွက်ပန်းကန်များအစုံရှိသည်။ မုဆိုးကြီးက ရွာမှရဝမ်အမျိုးသားကြီး ဦးအုပ်ဖုန်ဆန်းဖြစ်သည်။ လင့်တဲပေါ်သို့ လူအကုန်ရောက်တော့–

''ဒါ ငါစတဲချတဲ့နေရာပဲ။ လင့်စင်ကို အိမ်လုပ်နေတာပေါ့။ ငါ့အိမ်က ရွာထဲမှာရှိပါတယ်။ မိသားစုလည်း ရှိတယ်။ ဒါပေမဲ့ ငါက လင့်တဲပေါ်မှာ အနေများတယ်''



www.burmeseclassic.com

www.burmeseclassic.com



ညနေ (၅)နာရီခန့်တွင် မှောင်စပြုလာပြီဖြစ်သည်။ နေလုံး ကြီးက အနောက်ဘက်တောင်တန်းကြီးနောက်တွင် ငုပ်ဆင်းသွားသည်။ မကြာပါ တောတန်းဘက်မှ အိပ်တန်းတက် ငှက်ကလေးများအသံနှင့် အတူ တောကြက်တွန်သံ၊ မျောက်အော်သံ ဒေါင်းတွန်သံများကို ကြား လာရပြီး တောမှာ တဝေါဝေါမြည်လာသည်။

ကျွန်ုပ် ။ ''ဦးအင်ဖုန်ဆန်း လေမတိုက်ပဲ၊ တောကဘာဖြစ်တာလဲ''

''တောအူတာပါ ဆရာ၊ ကြောက်စရာမရှိပါဘူး။ မကြာခင် တောကောင်တွေ ထွက်လာတော့မယ်။ အသင့်ပြင်ထားကြပါ''

ဟုတ်ပါသည်။ မကြာခင်၌ပင် တောအူသံရပ်သွားပြီး တော ကောင်အော်သံများ ကြားလာရသည်။ တောဝက်နှင့် ဆတ်ဟစ်သံ၊ ချေ ဟောက်သံများ ဖြစ်ကြသည်။

''အီ ... အီ ... အစ် ... အစ် .. ဝု ... အုံ''

''ထရိန် ... ထရိန် ... ဝေါင်း ... ဝေါင်း ...''

မကြာမီ အမွေးရှည်ရှည်၊ ချိုကားကား၊ ဆတ်ဖားကြီးမျ ဦးဆောင်ပြီး အလယ်က တောဝက်အုပ်၊ နောက်ဆုံးမှ ချေအုပ်ကြီ တောတွင်းမှ ပြုဆင်းလာသည်။ အလင်းရောင်နည်းသွားပြီဖြစ်၍ မြ ကွင်းက မသဲမကွဲ။ ဒေသခံတောမုဆိုး၊ ဦးအင်ဖုန်ဆန်းကတော့ သု တူမီးသေနတ်ကြီးကို တရွယ်ရွယ်လုပ်နေသည်။ ကျွန်ုပ်နှင့်ကိုဇော်မ ကတော့ အသင့်အနေအထား ငြိမ်သက်နေသည်။

တောကောင်များမှာ တောစပ်မှရိုးပြတ်ကွင်းကိုဖြတ်ပြီး မရိတ် သိမ်းရသေးသည့် စပါးကွင်းဆီသို့ ဦးတည်လာသည်။ ပစ်ကွင်းထဲဝ သည်နှင့် ကျွန်ုပ်က အောင်ဘုအား မီးထိုးခိုင်းရသည်။ EVER EAD HUNTER LIGHT (၈)ခဲထိုး အမဲလိုက်ဓာတ်မီးအလင်းရောင်မှာ မိုးယ





မြေပြင်ဆီသို့ တဖြည်းဖြည်း ကျလာသည်။ ခေါင်းဆောင်ဆတ်ဖားကြီး အုပ်ဆီသို့ မီးအလင်းရောင် ဖြာကျသည်။ မျက်လုံးစိမ်းစိမ်းများဖြင့် မော့အကြည့် ကျွန်ုပ်တို့ ပြိုင်တူပစ်ကြတော့သည်။

''ဒိုင်း ... ဒိန်း ... ဒိန်း ... ဒုန်း ...''

ဆတ်ကြီး (၄)ကောင်လဲကျသွားစဉ် တောဝက်အုပ်က တုံ့ခနဲ အရပ်၊ ကျွန်ုပ် ဒဿမ • ၃၇၅ မဂ္ဂနစ်ရိုင်ဖယ်ကြီးအား အလျင်အမြန် မောင်းတင်၍ ခေါင်းဆောင်ဝက်တောင်းကြီးအား ပစ်ချလိုက်သည်။

''ဒိုင်း''

ဝက်တောင်းကြီးလဲကျသွားစဉ် တောကောင်အုပ်မှာ ကစဉ့် ကလျား ဦးတည့်ရာပြေးတော့သည်။ ချေအုပ်ကိုပင် ကျွန်ုပ်တို့ မပစ်လိုက် ရတော့။

မုဆိုးကြီးဦးအင်ဖုန်ဆန်း ။ ''တော်လိုက်ကြတဲ့ ဆရာတွေ။ သေနတ် (၃)လက်နဲ့ တောကောင်(၅)ကောင်ကျအောင် ပစ်နိုင်တယ်။ ငါ့တူမီး သေနတ်ကတော့ တစ်ခါပစ်ပြီး ယမ်းထောင်းရတာနဲ့ ထပ်ပစ်လို့မရ တော့ဘူး။ အလွန်ဆိုးတယ်။ ဒါနဲ့ ဆရာတို့ထိုးတဲ့ဓာတ်မီးက ဘာဓာတ်မီး လည်း အလွန်အားကောင်းတဲ့ ဓာတ်မီးပဲ။ မြင်ကွင်းကို လင်းထိန်သွား တယ်''

''အမဲလိုက်ဖို့အတွက် သီးသန့်လုပ်ထားတာပါ။ အဝေးအနီး ရတယ်။ စပါယ်ရှယ် အမဲလိုက်ဓာတ်မီးပေါ့''

''ကောင်းတယ်ဗျ။ ကဲ ... အောက်ဆင်းကြစို့။ အမဲကောင် တွေကောက်ရမယ်''

ကျွန်ုပ် ။ ''မုဆိုးကြီး ... အမဲကောင်များတော့ ဒီကလူအင်အားနဲ့ မနိုင်ဘူးထင်တယ်။ ရွာမှာ လှည်းမရှိဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုည်းလဲဗေ့ . . . ငါတို့ရွာမှမရှိပြီကော"

တောင်ဆင်းတောင်တက်နှင့် လျှိုမြောင်၊ မြစ်ချောင်းများ ပေါ်များလှ၍ လှည်းသုံးလေ့မရှိကြောင်း၊ တောခေါင်းဦးလှဖေက ပြောသည်။ လူအင်အားဖြင့် သယ်ကြရမည်သာဖြစ်သည်။ ရွာနှင့်မဝေး၍သာ တော်ပါသေးသည်။ ကျွန်ုပ်တို့ လင့်စင်အောက်ရောက်တော့ ရွာဘက်မှ မီးတုတ်များဖြင့် လူသံများကိုကြားရသည်။

"ဝေး . . . ဝေး . . . ဟေး . . . ဟေး"

ကျွန်ုပ် ။ "ဘယ်သူတွေများပါလိမ့် ကိုလှဖေ"

"တောခေါင်းကိုတင်ငွေတို့အဖွဲ့ပါ ဆရာ။ ကျွန်တော်မှာထားလို့ လိုက်လာကြတာပါ။ တောကောင်တွေထမ်းဖို့ပါ ဆရာ"

"အင်း . . . ကောင်းပါတယ်ဗျာ။ ဒီမှာ လှည်းမရှိတော့ လူအင်အားနဲ့ ထမ်းကြရမှာပေါ့"

ကျွန်ုပ်တို့ တောကောင်အသေများအား စစ်ဆေးကြည့်ကြသည်။ (၆)စထောင်ချိုကားကြီးဖြင့် ဆတ်ထီးကြီးတစ်ကောင်၊ ဆတ်မ (၃)ကောင်နှင့် အချိန်(၈၀)ကျော်ခန့်ရှိ တောဝက်သိုးကြီးတစ်ကောင်တို့ဖြစ်သည်။ တောကောင်များအား ကြိုးချည်၍ ကိုတင်ငွေတို့ပါလာသော ဝါးလုံးများဖြင့် ထမ်းကြသည်။ ဆတ်ဖားကြီးမှာ အချိန်(၁၀၀)ကျော်ရှိမည်ဖြစ်၍ လူနှစ်ဦးမထမ်းနိုင်ပါ ထိုစဉ်ကိုအင်နီကဝင်၍ . . .

"ငါရှေ့က တစ်ယောက်တည်း ထမ်းမယ်။ နောက်ကနှစ်ယောက်ထမ်းကြပါ"

"အောင်ဘုနှင့်ကျော်စိန်ဝင်းက နောက်ကထမ်းသည်။ ကျန်သူများကတော့ နှစ်ယောက်တစ်တွဲ ထမ်းကြသည်။ လယ်ကွင်းနှင့်ရွာကြီးမှာ မဝေးလှသော်လည်း အေးချမ်းသော ညချမ်းအခါပင်ဖြစ်လင့်ကစား





တောကောင်ထမ်းသူများ ချွေးပြိုက်ပြိုက်ကျကြသည်။ ရွာရောက်၍ ကျွန်ုပ်တို့နားကြသော်လည်း ကိုအင်နီ၊ အောင်ဘုနှင့် မုဆိုးကြီးဦးအင်ဖုန်ဆန်းတို့က သားကောင်အသေများကို ဖျက်ကြသည်။

ကိုတင်ငွေတို့အဖွဲ့က ညစာချက်ကြသည်။ ထို့နောက် တစ်ပျော်တစ်ပါး စားသောက်ကြသည်။ ထိုစဉ် မည်သို့သတင်းရသည်မသိ၊ ရွာမှ ရွာသူရွာသားများ အသားလာဝယ်ကြသည်မှာ တန်းစီနေသည်။ ရွာခံမုဆိုးကြီး ဦးအင်ဖုန်ဆန်း၏အလုပ်ဖြစ်၍ ကျွန်ုပ်တို့ဝင်မပြောပါ။ ညစာစားပြီးသည်နှင့် ကျွန်ုပ်တို့ ခြေလက်မျက်နှာဆေးကြောပြီး အိပ်ရာဝင်ကြတော့သည်။ ညမှာ သာယာအေးချမ်းနေသည်။ တောကောင်များ အသံကို မကြားရတော့ပါ။

✿ ✿ ✿

❑

နောက်တစ်နေ့မနက် ကျွန်ုပ်တို့အိပ်ရာမှ (၇)နာရီခန့်ထကြပြီး တောခေါင်းဦးလှဖေတို့ စီစဉ်ပေးသော ရှမ်းခေါက်ဆွဲနှင့် နွားနို့ကိုသောက်ကြရသည်။ စားသောက်နေစဉ် ဦးလှဖေက . . .

"ဆရာ . . ညကနဲ့ အခုမနက်စောစော တောကောင်သားတွေ ရောင်းရငွေ တစ်သိန်းကျော်ကျော်ရတယ်၊ ဘယ်လိုလုပ်ရမလဲဆရာ"

"သုံးပုံ ပုံလိုက်ပါ ဦးလှဖေ၊ တစ်ပုံကို ရွာခံမုဆိုးကြီးကိုပေးပါ။ တစ်ပုံကို ခင်ဗျားတို့ရုံးအဖွဲ့ယူ၊ ကျွန်တော့်တစ်ပုံကို ကျွန်တော်ယူသည်



www.burmeseclassic.com

www.burmeseclassic.com



တွေ လမ်းခရီးသုံးဖို့ ပေးလိုက်ပါ။ ကျွန်တော်တို့အဖွဲ့က တောကောင် ပစ်ပြီး ဘယ်တော့မှ ရောင်းစားလေ့မရှိဘူး။ ဒါပေမဲ့ ရွာခံမုဆိုးပါတော့ သူ့သဘောအတိုင်း ရွာမလေ့ထုံးစံပေါ့''

ဦးလှပေ ။ ''ဆရာ . . . ကျွန်တော်တို့မယူပါဘူး ဆရာရယ်။ ပစ်တာက ဆရာတို့အဖွဲ့နဲ့ ရွာခံမုဆိုးဘဲပစ်တာ။ နောက်ပြီး ရွာခံမုဆိုးက တစ်ကောင်တည်း ပစ်နိုင်တာ။ ဆရာဦးဖော်မင်းနဲ့ဆရာက နှစ်ကောင်ရှိ ပစ်တာ။ မုဆိုးကြီးကို ငါးပုံတစ်ပုံပေးရင် ကျေနပ်ပါတယ်။ ညက သူ အသားတွေလည်း ယူသွားသေးတယ်''

''အဲဒါကတော့ ခင်ဗျားတို့သဘောပဲ။ ဒါပေမဲ့ ခင်ဗျားတို့ညှိခံ စရိတ်တွေရှိသေးတယ်။ ယူပါဗျာ''

''မယူတော့ဘူး ဆရာ၊ ညှိခံစရိတ်က အပရိကပါ။ ဆရာ တို့ လမ်းခရီးသုံးဖို့ စရိတ်စကတွေ လိုလိမ့်ဦးမယ်''

''အင်း . . . အဲဒါဆိုရင်တော့ ခင်ဗျားတို့သဘောပဲ။ ဆတ်ဖား ကြီးဦးချိုကတော့ တောအုပ်ဦးစိန်ဝင်းကို လက်ဆောင်ပေးလိုက်ပါ။ အမှတ်တရပေါ့''

ဦးစိန်ဝင်း။ ''ကျေးဇူးတင်လိုက်တာ ဆရာရယ်။ ကျွန်တော်က လည်း ကိုယ်ပိုင်မယူပါဘူး။ ဂူဘားညှိရိပ်သာညှိခန်းမှာ အလှချိတ်ဖို့ လှူလိုက်ပါ့မယ်။ အမှတ်တရပေါ့ ဆရာရယ်''

ဦးတင်ငွေ။ ''ဆရာ ဒီနေ့တော့ နမ့်ခမ်းဆည်ကြီးဘက် သွားကြ မယ်။ အပြန်မှာတော့ သူကြီးက နေ့လယ်စာစားဖို့ ဖိတ်ထားပါတယ်''

''ကောင်းပါတယ် ဦးတင်ငွေ။ ကဲ . . . သွားစို့။ အခုပဲ သွား ကြစို့။ တောကောင်တွေ အန္တရာယ်ရှိသလား၊ လက်နက်တွေယူလာဖို့ လိုသေးလား''





''ကြက်ငှက်နဲ့ တောကြောင်လောက်သာ ရှိပါတယ်ဆရာ။ ဆရာရဲ့ ပွိုင့်တူးတူးကလေးတော့ လိုရမယ်ရယူခဲ့ပေါ့။ ခြောက်လုံးပြူး ကြီးကိုလည်း မမေ့နဲ့ဦး''

''ဘာလဲ ဦးတင်ငွေ၊ ယူနီဖောင်းဝတ်သွားရမှာလား''

''ဟုတ်တယ် ဆရာ။ ဒီကလူတွေက အစိုးရဝန်ထမ်းဆိုရင် အလွန်လေးစားတာ။ ကျွန်တော်က ဆရာကိုရွာကလူတွေနဲ့ မိတ်ဆက် ပေးချင်လို့ပါ''

''အဲဒီလိုမှန်းသိရင်ဗျာ၊ ညကတောကောင်သားတွေကို တစ်ရွာ လုံးဝေလိုက်ရင် ပြီးတာပဲ''

''ဆရာ . . . ကျွန်တော်တို့သူကြီးအိမ်ကိုတော့ တောဝက်သား နဲ့ဆတ်သား အလကားပေးထားပါတယ်။ တစ်ပိဿာစီတောင် ဆရာ''

''အေးဗျာ . . . အဲဒါဆိုရင်တော့ တော်သေးတာပေါ့။ ကျွန် တော်တို့က လက်ဆောင်မပါပဲ။ အုပ်စုလိုက်သွားစားရမှာ အားနာလို့ပါ''

''အားမနာပါနဲ့ဆရာ။ ဒီရွာကလူတွေက သူဌေးတွေချည်းပဲ။ သူကြီးဦးထန်ဒိုလန်းက အချမ်းသာဆုံး။ လယ်တွေယာတွေနဲ့ ရွှေတူး လုပ်ငန်းလည်း ရှိတယ်။ သူက အရင်ကျောင်းဆရာ၊ ပညာတတ်ဆရာ၊ အင်မတန်ရည်မွန်ကယ်။ တစ်ရွာလုံးက သူ့ကို ချစ်ကြောက်ရိုသေကြ တယ်။ ရွာဦးကျောင်းက ကျောင်းထိုင်ဆရာတော် ဦးပညာဝံသတောင် သူကြီးကိုလေးစားတယ်။ ဒါကြောင့်လည်း နမ့်ခမ်းရွာကြီး စည်ကား သာယာတာပါဆရာ။ ရွာလယ်လမ်းမကြီးတွေဖောက်တာ စနစ်တကျ အိမ်ဆောက်တာကအစ သူကြီးပါတယ်''

ကျွန်ုပ်တို့အဖွဲ့ ရွာအရှေ့ဖျားဘက်သို့ ထွက်ခဲ့ကြသည်။ ရွာ လယ်သို့ ရောက်သည်နှင့် စားပင်၊ သီးပင်၊ ပန်းပင်များ စနစ်တကျ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးထား၍ အလွန်သာယာသောခြံကြီးရှေ့သို့ ရောက်သည်။ အိမ်ကြီးမှာလည်း နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်ပြီး အမိုးကတော့ တောင်ထန်းများ မိုးထားသည်။

ဦးတင်ငွေ ။ "ဆရာ ဒါ သူကြီးဦးထန်ဒိုလန်း အိမ်ပဲဆရာ"

ကျွန်ုပ်တို့အဖွဲ့ အိမ်ကြီးရှေ့မှဖြတ်သွားစဉ် လူငယ်တစ်ဦးက လိုက်ခေါ်သည်။

"ဆရာဦးတင်ငွေ၊ သူကြီးခေါ်နေပါတယ်။ ဧည့်သည်တွေပါ ခေါ်ပြီး အိမ်ထဲခဏဝင်ထိုင်ပါဦးတဲ့"

"ဟော ... အေး ... အေး ... ငါတို့က နမ့်ခမ်းဆည်ကြီး ဘက်သွားပြီး အပြန်မှဝင်မလို့ကွ။ အေး ... လာခဲ့ပါ့မယ်"

ကျွန်ုပ်တို့အဖွဲ့ ခြံကြီးထဲဝင်တော့ အိမ်ကြီးအောက်ထပ် ကြမ်းပက်လက်ကုလားထိုင်ကြီးတွင် ရုပ်ရည်ခန့်ညားသော လူကြီးတစ်ဦးထိုင်နေသည်။ အနီးရှိ စားပွဲကြီးပေါ်၌လည်း အသီးမျိုးစုံကို လင်ဗန်းကြီးနှစ်ခုထဲ၌ အပြည့်အမောက်ထည့်ထားသည်။

"ကဲ ... လာကြပါ၊ ထိုင်ကြပါ။ ကိုတင်ငွေနဲ့ ကိုလှဖေကျုပ်အိမ်ရှေ့က ဖြတ်သွားတာတောင် ခြံထဲမဝင်ကြဘူး။ ဒီမှာဧည့်သည်တွေအတွက် ချက်ပြုတ်ပြင်ဆင်နေကြတာ။ အခု ဘယ်သွားကြမှာလဲ ခဏနားပြီး ခြံထွက်အသီးတွေ စားကြပါဦး"

"ကျွန်တော်တို့ နမ့်ခမ်းဆည်ကြီးဘက်သွားကြပြီး အပြန်မှ ဝင်မလို့ပါသူကြီး။ ဟောဒါက ကျွန်တော်တို့သစ်တောဌာနက မြစ်ကြီးနားခရိုင် အရေးပိုင်သစ်ဦးနေအောင်ပါ။ ဒီဆရာက တောအုပ်ဦးဖော်မင်းပါ။ ဒီပုဂ္ဂိုလ်ကြီးက နမ့်ခမ်းရွာကြီးသူကြီး ဦးထန်ဒိုလန်းပါခင်ဗျာ"

ကျွန်ုပ်တို့မတ်တပ်ရပ်၍ လက်ဆွဲနှုတ်ဆက်ကြသည်။





"ကဲ ... အရေးပိုင်မင်းတို့ ခြံထွက်သစ်သီးတွေ သုံးဆောင်ကြပါဦး"

ဒါက ဂရိတ်ဖရု၊ ဒါက အမေရိကန်သံပုရာ၊ ဒါက ပတ္တမြားသွေးသီး၊ ဒါက စတားဖရု၊ ဒါက ဖါရှင်တန်နေဗယ်သီး၊ ဒါက ဗလင်စီယာသီး၊ ဒါက ရွာဘီ၊ ဒါကတော့ လီမွှော်သီးပါ။ အရသာကွဲပြားပါတယ်။ အကုန်လုံး မြည်းကြည့်ကြပါ အန္တရာယ်မရှိပါဘူး"

ကျွန်ုပ်တို့ မြည်းကြည့်ကြသည်။ ဟုတ်ပါသည်။ သစ်သီးတစ်မျိုးနှင့်တစ်မျိုးအနံ့နှင့်အရသာ ကွဲပြားပါသည်။ ချိုချဉ်အရသာချင်း တူသော်လည်း အနှစ်အရသာမှာ ကွဲပြားပါသည်။

သူကြီးက ။ "ဆရာတို့ ခြံအနောက်ဘက်လိုက်ကြည့်ပါဦး"

ကျွန်ုပ်တို့ထ၍ သွားကြည့်ကြရာ ခြံကြီး၏ နောက်ဘက်နှစ်ဧကခန့်အကျယ် မြေနေရာတွင် သစ်သီးပင်များ၊ သီးပွင့်ဝေဆာစွာဖြင့် ပြွတ်သိပ်သီးနေသည်။ အပင်နှင့် အသီးအရွယ်မမျှ၍ အပင်တိုင်းအား ဝါးလုံးများထောက်ထားရသည်မှာ ရှုပ်ရှက်ခက်နေသည်။

သူကြီးက အပင်ကြီးတစ်ပင်အား ပြသည်။ တစ်ပင်တည်း အသီး (၃)မျိုးသီးနေသည်။ ဂရိတ်ဖရုအရွယ် အသီးကြီးများ၊ သံပုရိုအရွယ် အသီးလတ်များ၊ အမေရိကန်သံပုရာအရွယ် အသီးငယ်များဖြစ်ကြသည်။ မျိုးမတူသော အသီးများဖြစ်ကြသည်။ ကျွန်ုပ်တို့ အလွန်အံ့သြရပါသည်။

"အရေးပိုင်မင်း ဒါဟာတောရှောက်ရိုင်းပင်ကို ရှောက်မျိုးနွယ်ဖြစ်တဲ့အပင်တွေက ကိုင်းတွေနဲ့ ကိုင်းဆက်ကူးနည်းနဲ့ စမ်းသပ်စိုက်ပျိုးထားတာပါ။ အသီးတွေကိုတော့ ဘာသီးရယ်လို့ နာမည်တပ်လို့မရတော့ပါဘူး။ ဒါကြောင့် နာမည်သစ် ရှာနေကြရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



''အရသာကျတော့ရောဗျာ။ ရှောက်ရိုင်းပင်နဲ့ ကိုင်းကူးထားတော့ ချဉ်မယ်ထင်တယ်''

အရေးပိုင်မင်း ခူးပြီးစားကြည့်ပါ။ မူလရှောက်ရိုင်းပင်က ကိုင်းဆက်ထားပေမဲ့ သီးလာတဲ့အသီးတွေက မချဉ်ပါဘူးချိုပါတယ်။ မူလအနံ့အရသာနဲ့လည်း ကွဲပြားသွားပါတယ်။ မျိုးသစ်လို့ဆိုရမှာပါ။ ဒီအပင်တွေအားလုံး ဒီကရာသီဥတုကိုကြိုက်ကြလို့ ဖြစ်ထွန်းအောင်မြင်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ မချမ်းဘောတစ်နယ်လုံးကို မျိုးသစ်တွေပြန့်နေပါပြီ''

ကျွန်ုပ်တို့ အရသာမျိုးစုံသော အသီးများကို တစ်ဝစားကြသည်။ စားပြီးရင်း စားချင်ရင်းပင် တင်းမတိမ်နိုင်ပါ။ ထမင်းမစားနိုင်မှာစိုး၍ သူကြီးဦးထန်ဒိုလန်းအား နှုတ်ဆက်ပြီး ကျွန်ုပ်တို့နမ့်ခမ်းဆည်ကြီးဘက်သို့ လျှောက်ခဲ့ကြပါသည်။

နမ့်ခမ်းဆည်ကြီးနှင့် ရေတံခွန်မှာ (၃)မိုင်ခန့် ဝေးသည်။ ရွာပြင်ထွက်လာသည်နှင့် တောရိပ်တောင်ရိပ်များက လွှမ်းမိုးလာသည်။ ပတ်ဝန်းကျင် တစ်ခုလုံးသစ်တောကြီးက ဖုံးလွှမ်းနေသည်။

ဦးလှဖေ ။ ''ဟော့ . . . ဒီညာဘက်ချိုးသွားရင် (၁၀)မိုင်ကျော်လောက်မှာ နမ့်ထိစခန်းရှိတယ်။ ဒီလမ်းဟာ လားလမ်းပေါ့။ အဲဒီကနေတောင်ပေါ်ကို ဆက်သွားရင် မဖအုပ်စခန်းကိုရောက်မယ်။ နောက်ဆက်သွားရင်တော့ နောင်မွန်မြို့ကို ရောက်ပါတယ်။ မချမ်းဘောနဲ့ နောင်မွန်မြို့က မိုင်(၄၀)ကျော်ဝေးတယ်။ မချမ်းဘောနဲ့ နမ့်ခမ်းကြီးရွာက (၇)မိုင်ဝေးတော့ ဒီကနေ နောင်မွန်မြို့အထိ (၃၃)မိုင်ဝေးသေးတယ်ဆရာ''

ထို့နောက် ကျွန်ုပ်တို့ စမ်းချောင်းကလေးတစ်ခုကို ဖြတ်ကျော်





လိုက်ကြသည်။ ဝဲဘက်တောစပ်ကိုချိုးကွေ့ကာ သစ်ပင်ကြီးများ၊ ချုံတောကြီးများအောက်သို့ ဆင်းခဲ့ကြသည်။ အေးစိမ့်သော သစ်တောအငွေ့အသက်ကို ခံစားကြရသည်။ တောတန်းကြီးတစ်ခုအောက်တွင် ဖြတ်သန်းနေကြရခြင်း ဖြစ်သည်။ လက်ဝဲဘက်ဘေးရှိ နမ့်ခမ်းချောင်းကြီးတွင်း စီးဝင်နေကြသည့် တောင်ကျစမ်းကလေးများကို မကြာခဏဖြတ်သန်းကြရပါသည်။

ထို့နောက် တောတန်းကြားမှ လယ်တဲကလေးများကိုဖြတ်ပြီး နမ့်ခမ်းချောင်းသည် ကျွန်ုပ်တို့၏နံဘေးမှ ယှဉ်၍လိုက်နေသည်။ သုံးမိုင်မျှ ခရီးပေါက်သောခါ နမ့်ခမ်းဆည်ကြီးတွေ့ရတော့သည်။ ဆည်ကြီးကို ကျောက်တုံးများ၊ သစ်လုံးများဖြင့် ကာတုတ်၍ အခိုင်အမာအခန့်တည်ဆောက်ထားသည်။

ရေစီးဆင်ခြေလျှောကိုလည်း သစ်လုံးများဖြင့် အဆင့်ဆင့်ပြုလုပ်ထားသည်။ ချောင်းအတွင်းမှာ ရေမှတ်တိုင်မှာ ရှစ်ပေကျော်ရှိသည်။ ရေမှာ ရေတံခွန်အဆင့်ဆင့်မှ တောင်ကျချောင်းအဖြစ် စီးဆင်းလာသဖြင့် ကြည်လင်အေးမြနေသည်။

ကျွန်ုပ်တို့ နမ့်ခမ်းရေတံခွန်ကြီးသို့ ခရီးဆက်ကြသည်။ တောကြီးကို ဖြတ်ကြရသည်။ လူသွားလမ်းကလေးမှာ အသွားအလာနည်း၍ ရော်ရွက်ဝါတို့ဖုံးနေသည့် လမ်းကလေးကို မှန်းဆ၍သွားကြရသည်။ နယ်မြေခံဦးလှဖေနှင့် ဦးတင်ငွေတို့ပါ၍သာ လမ်းမမှားခြင်းဖြစ်သည်။

မကြာမီ ချောင်းအတွင်းသို့ ကုပ်ကပ်တွယ်တက်ရသည်။ ချောင်းကမ်းပါးယံထက်တွင်တော့ ငှက်ပျောရိုင်းပင်များနှင့် သစ်မင်းပင်၊ ဓါးရှုံးပင်ကြီးများရှိသည်။ တောငှက်ပျောခိုင်များမှာ အနိုင်လိုက်ဝါဝင်းပြီး မှည့်ပျော်နေ၍ တောငှက်ကလေးများ အလုအယက်စားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းအတွင်းမှ ကျောက်တုံးများမှာ ရေညှိများတက်၍ ချောနေသဖြင့် အတော်သတိထားပြီး သွားကြရသည်။ ချောင်းပေါ်မှ ဖြတ်၍ အောက်ချင်းငှက်ကြီးများက တဂစ်ဂစ်အော်မြည်ကာ ဖြတ်သန်းသွားကြသည်။ ကျွန်ုပ်တို့သွားနေကြသည်မှာ တောင်ကမ်းပါးယံကြီးကြားမှ တဖြည်းဖြည်းအမြင့်သို့ တက်ရောက်နေခြင်းဖြစ်သည်။

ရေတံခွန်ကြီးနှင့်နီးလေ ကမ်းပါးယံကြီးက မတ်စောက်လေပင်ဖြစ်သည်။ ကျောက်တုံး၊ ကျောက်ဆောင်များကိုကျော်ခွပြီး ဘယ်ကပ်လိုက်၊ ညာကပ်လိုက်ဖြင့် လမ်းသင့်သလို သွားလာနေကြရင်း မကြာမီ တဝုန်းဝုန်းစီးကျနေသော ရေတံခွန်ကြီးကို မြင်ကြရပါတော့သည်။ နမ့်ခမ်းရေတံခွန်ကြီး ဖြစ်သည်။

ရေတံခွန်ကြီးမှာ အဆင့်(၃)ဆင့်ရှိတယ်။ မြေကျ ပထမအဆင့်၌ ပင်ရေကျအမြင့်ပေ (၅၀')ခန့်ရှိသည်။ အကျယ်ရေကျ အပြန့်မှာ (၈၀)ခန့်ရှိသည်။ ရေတံခွန်ကျရာအောက်ခြေတွင် ရေအိုင်ကြီးဖြစ်နေသည်။ ရေအိုင်ကြီးသည် ပေ(၃၀၀')ခန့် ကျယ်ဝန်းသည်။ ကြည်လင်နေသဖြင့် အောက်ခြေသဲများနှင့် ကျောက်တုံးများကိုမြင်ရပြီး ရေသောက်နေကြသည့် မျောက်ညိုတစ်အုပ်ကိုလည်း တွေ့ရသည်။ ရေအိုင်ကြီးထဲမှ ငါးကလေးများကို ဖမ်းစားနေဟန်တူသည်။

ကျော်စိန်ဝင်းက မှိုင်တွေတွေဖြင့် ပစ်ရန်လုပ်၍ တားရသေးသည်။ သာယာသော သဘာဝပတ်ဝန်းကျင်ကို အကျည်းမတန်စေလို၍ ဖြစ်ပါသည်။ မျောက်ညိုအုပ်မှာ ပထမကျွန်ုပ်တို့အား ကြောင်ကြည့်နေကြပြီး လူအုပ်များမှန်းသိ၍ ကွိကွိကွကွအော်မြည်ရင်း တောင်ပေါ်သို့ တက်ပြေးသွားကြသည်။ လူတစ်ယောက်၊ နှစ်ယောက်တည်းသာဆိုလျှင်တော့ မျောက်အုပ်ကြီးမှာ ပြုဟန်မထင်။ မျောက်အုပ်မှာ အကောင်





(၂၀)ခန့်ရှိသည်။

ရေအိုင်ကြီးအစပ်ရောက်သည်နှင့် ကိုဇော်မင်းကစပြီး ...

''ဆရာ ကျွန်တော်တို့ ရေကူးချင်တယ်''

''ရေလဲမပါ၊ ဆပ်ပြာမပါနဲ့ ကိုဇော်မင်းရယ်''

''ဆရာကလည်း သဘာဝအတိုင်းပေါ့''

''ဟော့ ... ဟော့ ... သဘာဝအတိုင်းတော့ မလုပ်နဲ့။ နတ်မကြိုက်၊ တာမကြိုက် ဖြစ်နေဦးမယ်''

''ကျွန်တော်ပြောချင်တာက တောသဘာဝအတိုင်း ဆပ်ပြာမလို၊ ရေလဲမလို၊ ဘောင်းဘီတိုနဲ့ရေချိုးမှာကို ပြောတာပါဆရာရယ်။ တောထဲတောင်ထဲ ကိုယ်လုံးတီးတော့ မချိုးပါဘူးဆရာရယ်''

ကိုဇော်မင်းကစ၍ အကျီချွတ်တော့ အားလုံးဝိုင်းချွတ်ကြသည်။ ဘောင်းဘီတိုများ ကိုယ်စီပါကြ၍ တော်ပါသေးသည်။ ကိုအင်နီကတော့ သူဝတ်ထားသည့် သင်တိုင်းကြီးအောက်တွင် ဘောင်းဘီနှစ်ထပ်ပါ၍ အဆင်ပြေလှသည်။ ကျွန်ုပ်လည်း မနေနိုင်တော့ပါ။ ယူနီဖောင်းကိုချွတ်၍ ရေထဲဆင်းကူးမိတော့သည်။

ရေမှာ အလွန်အေးမြလှသည့် ရေပန်းရေမှုန်များ တဖွားဖွားကို မြင်ရသည်မှာ ရေမကူးဘဲမနေနိုင်အောင် ဖြစ်ရသည်။ တောခေါင်း ကိုလှဖေနှင့် ကိုတင်ဋ္ဌေတို့လည်း ရေထဲရောက်နေပြီဖြစ်သည်။ ကျွန်ုပ်တို့ ကလေးများသဖွယ် ရေဆော့၍ ကူးကြသည်။ လုပ်ငန်းကိစ္စအဝဝ ဘယ်ဆီရောက်ကုန်သည်မသိ။ လွတ်လပ်စွာ ဆော့ကစားကြသည်။

နာရီဝက်ကျော်ကြာမှ အေးစိမ့်လာသဖြင့် ကျွန်ုပ်က သတိပေးပြီး ကမ်းပေါ်ပြန်တက်ခိုင်းရသည်။ မျက်နှာသုတ်ပုဝါမပါ၊ ရေလဲရောမပါ၊ ကမ်းပါးပေါ်၌ ခုန်ပေါက်ပြီး ရေခါ၍ ရေစင်မှ အဝတ်ပါကြ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ တောအုပ်ဇော်မင်းပြောသော သဘာဝအတိုင်းပင် ဖြစ်ပါသည်။

ကျော်စိန်ဝင်းနှင့် အောင်ဘုတို့ရေထဲက တက်လာတော့ လုံးချောကျောက်တုံးကလေးနှစ်လုံး ကောက်လာသည်။ ဘဲငန်းဥလောက်တော့ရှိသည်။

''ဆရာ . . . ဆရာ၊ စာရေးစားပွဲပေါ်မှာ စာရွက်ဖိဖို့ အတော်ပဲ။ လုံးချောကလေးတွေ ဆရာ၊ ချစ်စရာကလေးတွေ''

''အေး . . . အေး . . . ရှိသေးရင် ကောက်ခဲ့စမ်းကွာ။ ငါ အမှတ်တရ ပန်းအိုးထဲမှာ ထည့်ထားချင်လို့''

''ဟုတ်ကဲ့ ဆရာ''

ကျော်စိန်ဝင်းနှင့်အောင်ဘုတို့ ရေငုတ်ပြီး ရှာကြသည်။ (၅)လုံး ထပ်မံရသည်။

''တော်ပြီဟေ့ တက်ကြတော့။ ခရီးအဝေးကြီး လမ်းလျှောက်ကြရဦးမှာ လမ်းမှာလေးနေမယ်''

ထိုစဉ် ကိုအင်နီက . . .

''ကောက်စမ်းပါကွာ၊ ငါသယ်ပါ့မယ်။ ငါ့မှာအိတ်ကြီးပါ ပါတယ်''

ကျော်စိန်ဝင်း ။ ''ကျွန်တော်မှာလည်း လွယ်အိတ်ပါ ပါတယ်။ ကိုအင်နီရယ်။ ဘာလဲ ခင်ဗျားက ကျောက်စိမ်းတုံးတွေဖြစ်နေရင် အပိုင်သိမ်းမလို့ မဟုတ်လား''

''တယ် . . . ဒီစာရေးလေး တောထဲတောင်ထဲ ငါပြောလိုက်ရ မကောင်းတော့ဘူး။ ကဲ . . . ဒါဆို မင်းဟာမင်းသယ်တော့''

''ကိုအင်နီကလည်း ဒေါသကြီးပဲဗျာ။ ရော့ပါ . . . ကျွန်တော် စ,တာပါ။ ကျွန်တော်လည်း အိမ်ရောက်ရင် ငါးမွေးကန်ထဲမှာ အလှ





ထားဖို့ လေးငါးလုံးလောက် ကောက်လိုက်ဦးမယ်''

ကျော်စိန်ဝင်းက ကျောက်ခဲ၊ လေးငါးလုံးကောက်ပြီးမှ ပြန်တက်လာသည်။ ကျောက်ခဲကလေးများမှာ ရေတိုက်စားထားသဖြင့် လုံးချောကလေးများဖြစ်နေသည်။ ဘဲဥ၊ ကြက်ဥအရွယ် အလွန်လှပပါသည်။

ကျွန်ုပ်တို့ ရေချိုးပြီးတော့ လူမှာ အတော်လန်းဆန်းသွားသည်။ ကျွန်ုပ်တို့ ရေတံခွန်ပေါ်မှ ပြန်အဆင်း၊ ချောင်းထဲအရောက်တွင် ဥဒေါင်းငှက်ကြီးတစ်ကောင် ကညင်ပင်မြင့်ကြီးပေါ်သို့ လာနားသည်။ ကိုဇော်မင်းက မပြောမဆို ကျော်စိန်ဝင်းထံမှ ပွိုင့်တူးတူးသေနတ်ကလေးကိုဆွဲယူပြီး လက်တန်းထိုးပစ်ချလိုက်တော့သည်။

''ဖောင်း . . . ဘုန်း''

ဒေါင်းကြီးချောင်းရေထဲသို့ ပြုတ်ကျလာသဖြင့် အောင်ဘုက ဆင်းကောက်သည်။ အလွန်လှပသော ဒေါင်းဖိုကြီးဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ကျွန်ုပ်တို့အဖွဲ့ လာလမ်းအတိုင်းပြန်ခဲ့ကြရာ အလာတုန်းကလို မဟုတ် အလေ့အကျင့်ရပြီဖြစ်၍ ချောင်းအတွင်းမှ ကျောက်တုံးများကို အလွယ်တကူ ဖြတ်ကျော်နိုင်သည်။ နမ့်ခမ်းရေတံခွန်တွင်ရေချိုးလိုက်သောကြောင့်လား မသိပါ။ အကုန်တက်ကြွ လန်းဆန်းနေကြသည်။ သူကြီးအိမ်သို့ နေ့လယ်(၁၁)နာရီကျော်ခန့်တွင် ပြန်ရောက်ကြသည်။ ကျွန်ုပ်က ဒေါင်းသေကြီးကို သူကြီးအား လက်ဆောင်ပေးလိုက်သည်။ သူကြီးမှာ အလွန်ဝမ်းမြောက်ဝမ်းသာရွှင်ဖြစ် . . .

"ကျေးဇူးတင်လိုက်တာ အရေးပိုင်မင်းရယ်။ ဒေါင်းသားစားချင်တာထက် ဒေါင်းမြီးကို ဘုရားခန်းမှာ ထားချင်လို့ပါ။ အလွန်မင်္ဂလာကျက်သရေရှိတာပါပဲ။ ညနေစာကိုလည်း ဒေါင်းသားဟင်းနဲ့ ထမင်းစားရအောင် ကြွကြပါဦး"

"ဟုတ်ကဲ့ပါ ခင်ဗျား"

ကျွန်ုပ်တို့ခေတ္တနားပြီး နေ့လယ်စာ စားကြသည်။ ဟင်းများမှာလည်း စုံလှသည်။ ကျွန်ုပ်တို့ လက်ဆောင်ပေးထားသော ဆတ်သားဟင်းနှင့် တောဝက်သားဟင်းအပြင် ငါးခူးဟင်း၊ ကြက်သားဟင်းနှင့် အသီးအရွက်ကြော်အပြင် အရည်သောက်ဟင်းအဖြစ် ပိန်းဥဟင်းချို





လည်း ပါသေးသည်။ ပင်စိမ်းရွက်ခပ်ထားသဖြင့် သောက်၍ အရသာရှိလှသည်။ ကျွန်ုပ်တို့ စားသောက်နေကျဟင်းထက် ပိုမိုကောင်းမွန်ပါသည်။ ဆန်မှာလည်း တောင်ပေါ်ရှမ်းဆန်ဖြစ်၍ အလုံးထွားပြီးစေးသည်။ ကောက်ဦးထမင်းဖြစ်၍လည်း လတ်ဆတ်ပါသည်။ ကျွန်ုပ်တို့ နေ့လယ်စာစားပြီးတော့ အချို့ပွဲထိုင်ကြသည်။ ကြီးမားလှသော သီးမွှေးငှက်ပျောသီးကြီးများနှင့် ဂရိတ်ဖရုသီး၊ နာနတ်သီးများအပြင် လက်ဖက်စုံသုပ်လည်း ပါသေးသည်။ မြန်မာထမင်းဝိုင်းအတိုင်းပင် ဖြစ်သည်။

"အရေးပိုင်မင်းတို့နေ့လယ်စာ သုံးဆောင်ရတာ အဆင်ပြေပါရဲ့လား"

"မြန်မာလက်ရာ အတိုင်းပါပဲဗျာ၊ စားလို့အလွန်မြိန်ပါတယ်။ ဘယ်သူတွေချက်တာပါလဲ ခင်ဗျား"

"ကျုပ်မိန်းမနဲ့ သမီးပါ၊ ရဝမ်လက်ရာပေါ့"

ထိုအချိန်တွင် အပေါ်ထပ်မှ အပျိုမလေးတစ်ဦးနှင့် အဒေါ်ကြီးတစ်ဦးတို့လင်ဗန်းပေါ်၌ အဝတ်အထည်များတင်ကာ ဆင်းလာကြသည်။ ပြီးနောက် ကျွန်ုပ်တို့ရှေ့တွင်ချပြီး ကျွန်ုပ်အား ကချင်လွယ်အိတ်တစ်လုံးနှင့် ကချင်ပုဆိုးတစ်ထည်ပေး၍ အဖွဲ့သားအားလုံးအား ဂျပ်ခုတ်ရဝမ်ပုဆိုးတစ်ထည်စီ ပေးသည်။

သူကြီး ။ "ဒါ . . . ကျုပ်တို့ရွာကထွက်တဲ့ ပစ္စည်းတွေပါ။ အလွန်ခိုင်ခံ့ပါတယ်။ အရေးပိုင်မင်းတို့အတွက် လက်ဆောင်ပြန်ပေးတာပါ။ ကျုပ်တို့ ရဝမ်တိုင်းရင်းသားထုံးစံက ညီ့သည်ကလက်ဆောင်ပေးရင် လက်ဆောင်ပြန်ပေးရတဲ့ ဓလေ့ရှိပါတယ်။ လက်ခံကြပါ"

ကျွန်ုပ်တို့ အလွန်အံ့သြရပါသည်။ ကျွန်ုပ်တို့ပေးသော ဆတ်သား၊ တောဝက်သားနှင့် ဒေါင်းငှက်တစ်ကောင်မှာ တန်ဖိုးရှိလှမည်



www.burmeseclassic.com

www.burmeseclassic.com



မထင်ပါ။ သို့သော် ယဉ်ကျေးမှုအရ လက်ခံရပါသည်။

''သစ်တောနဲ့ပတ်သက်ရင်လည်း လိုအပ်တာရှိရင် ပြောပါ သူကြီး။ ဒီက ဦးလှဖေတို့၊ ဦးတင်ငွေတို့က အချိန်မရွေး ကူညီပါလိမ့်မယ်''

''အဆင်ပြေပါတယ် အရေးပိုင်မင်း။ ကျုပ်တို့ဆီမှာ အိမ်ဆောက်တာကလွဲလို့ သစ်ဝါးသုံးတာ နည်းပါတယ်။ အိမ်တွေကလည်း တစ်ခါဆောက်ပြီး အနှစ်သုံးလေးဆယ်နေရောပဲလေ။ သစ်တောဌာနက ခုတ်ခွင့်ပြုထားတဲ့ အပတောမှာတောင် သစ်ကြီးဝါးကြီးတွေ အများကြီးရှိပါသေးတယ်။ နောက်ပြီး ထင်းအတွက်လည်း သစ်ပင်မခုတ်ကြပါဘူး။ နှစ်စဉ် မလိခမြစ်ထဲက ရေမျောပ်ထင်းတွေကို သုံးကြတာပါ''

''ဘယ်လိုရေမျောပ်ထင်းလဲ သူကြီး''

''ရေမျောပ်ထင်းဆိုတာ အနှစ်သားပေါ့။ လေးတော့ ရေမျောပ်တယ်။ တခြားသစ်ပွသားတွေက ရေပေါ်တယ်။ ကမ်းစပ်မှာအများကြီးပဲ။ ဒီကလူတွေ မသုံးကြဘူး။ ရေမျောပ်ထင်းက မြစ်ရေချောင်းရေကျတော့ ပေါ်ပါတယ်။ အထက်ဘက်က ရေစီးနဲ့မျောလာတာ အဲဒါတွေကောက်ပြီး နှစ်ချီအောင်ထားပြီး မီးမွှေးကြရတာပါပဲ''

''ဪ . . . သဘာဝကပေးတဲ့ လက်ဆောင်ပေါ့နော်''

''ဟုတ်ပါ့ဗျာ၊ ဒီမြစ်ကြီးတွေ၊ ချောင်းကြီးတွေက စိုက်ပျိုးဖို့ ရေပေးတယ်၊ ထင်းပေးတယ်၊ ရွှေနဲ့ကျောက်စိမ်းလည်း ပေးသေးတယ်၊ ရတနာမြစ်ကြီးတွေပေါ့။ ကျုပ်တို့အတွက်တော့ ကျေးဇူးရှင်တွေပဲ''

''ကဲ . . . ကျွန်တော်တို့ကို ခွင့်ပြုပါဦးသူကြီး။ ကျေးဇူးတင်ပါတယ်''

''ညနေကျရင် ဆက်ဆက်ကြွခဲ့ကြပါဦး။ ခေါင်ရည်နဲ့လည်း





ညှော်ခံပါမယ်။ နောက်ပြီး ကျုပ်တို့ရွာမှာတင် ချက်လုပ်ထားတဲ့ သစ်သီးဝိုင်တွေနဲ့လည်း ညှော်ခံပါ့မယ်''

''ကျေးဇူးပါသူကြီး ခွင့်ပြုပါဦးခင်ဗျာ။ ဒီက ညီမနဲ့အဒေါ်ကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား''

''ဟုတ်ကဲ့ရှင့်''

ကျွန်ုပ်တို့ သစ်တောရုံးသို့ ပြန်ခဲ့ကြသည်။ ရုံးပြန်ရောက်မှ အဝတ်အစားလဲပြီး နားကြသည်။ နေ့လယ်နေ့ခင်း ထမင်းလုံးစီရင်း အိပ်ပျော်သွားကြသည်။ ကျွန်ုပ်တို့ အိပ်ယာကနိုးတော့ ညနေစောင်းချေပြီ။ ယနေ့တော့ ချောင်းထဲမဆင်းတော့ပဲ ရေစည်တွင် ရေချိုးကြသည်။ ထိုစဉ်ဦးလှဖေက ။ ''ဆရာတို့ ကောင်းမှုလုံဘုရား သွားဖူးကြဦးမလား''

''ဘယ်လောက်ဝေးသလဲ၊ ဦးလှဖေ''

''အတော်တော့လှမ်းတယ် ဆရာ။ မနက်ကသွားတဲ့ ခရီးစဉ်အတိုင်း နမ့်ခမ်းဆည်ကြီးကိုကျော်ပြီး သွားကြရမှာ။ အောက်ဘက်ဆင်းရမှာပေါ့။ မလိခမြစ်ကမ်းဘေးမှာပါပဲ အထက်မှာကောင်းမှုလုံ အောက်မှာ ရွှေတိဂုံဆိုပြီး နာမည်ကြီးတယ်ဆရာ။ ဒီဘက်မှာတော့ တန်ခိုးကြီးတဲ့ တစ်ဆူတည်းသောဘုရားပဲ''

''အေးဗျာ . . . နောက်ကြဦးမှာပါ။ မနက်ဖြန်တော့ နောင်မွန်မြို့ဘက်သွားချင်တယ်။ ကားလည်း မရှာဆိုတော့လည်း ကုန်းကြောင်းပေါ့။ စီစဉ်ဗျာ''

''ဟုတ်ကဲ့ ဆရာ။ ကျွန်တော်ပစ္စည်းတင်ဖို့ လားတစ်စီးနဲ့ လမ်းပြစီစဉ်ထားလိုက်ပါ့မယ်''

''ကောင်းပြီဗျာ''

ကျွန်ုပ်တို့ မှောင်စပျိုးချိန်တွင် ရွာလယ်မှသူကြီးအိမ်သို့ သွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သူကြီးအိမ်တွင် အောက်လင်းဓာတ်မီးကြီး ထွန်းထားသည်။ ရွာထဲမှလူအချို့လည်း ရောက်နေကြသည်။ ခုံရှည်ကြီး(၂)လုံးခင်းထားပြီး သူကြီးက တစ်ဘက်ထိပ်တွင်ထိုင်ပြီး ကျွန်ုပ်အား တစ်ဘက်ထိပ်တွင် နေရာပေးသည်။ အမြည်းများမှာ စားပွဲပေါ်တွင် အပြည့်ပင်။

ခေါင်ရည်အိုးကို တစ်ဘက်ခုံပေါ်တွင်တင်ထားပြီး လူငယ်တစ်ဦးက ဝါးဆစ်ခွက်ဖြင့် လှူစေ့အောင်ခပ်ပေးသည်။ ဝါးဆစ်ခွက်မှာ အသစ်ဖြစ်၍ ဝါးနံ့မှာမွှေးနေသည်။ ကောက်ညှင်းခေါင်ရည်နံ့ကလည်း သင်းပျံ့လှသည်။ လူစေ့ခေါင်ရည်ခွက်ရှေ့တွင် ရောက်သည်နှင့် သူကြီးဦးထန်ဒိုလန်းက ခွက်များကို အားလုံးကိုင်စေပြီး ...

"အော့အာအဲ၊ ထန်းထိခတ်နာစေရာ"

(မင်္ဂလာပါ၊ နောင်တစ်ခေါက် လာလည်ကြပါဦးနော်)

"အဒွန့်ဆိ" (ချီးယား)

ဝါးခွက်ချင်းတိုက်၍ ခေါင်ရည်ကိုသောက်ကြသည်။ ခေါင်ရည်မှာ အေးစိမ့်ပြီး ချိုမွှေးနေသည်။ အမြည်းကိုစားကြသည်။ အသားနှင့်ဟင်းသီးဟင်းရွက်ကြော်၊ ငါးကြော်များ ဖြစ်သည်။ အရသာရှိလှ၍ သုံးခွက်ခန့်သောက်မိတော့ တရိပ်ရိပ်မူးလာသည်။ ထိုစဉ် အခြေအနေကို ကြည့်နေသော သူကြီးက ...

"ကဂျာအိုင်အီး" (အဆင်ပြေကြရဲ့နော်)

ဟုအော်ပြီး ထမင်းပြင်ခိုင်းတော့သည်။ ထမင်းပွဲမှာ ပန်းကန်ဖြင့် ပြင်ခြင်းမဟုတ်။ စလူဖက်များဖြင့် ထုပ်ထားသော ထမင်းပေါင်းထုပ်များဖြစ်သည်။ ဟင်းမှာ ခေါင်းသားဟင်းအား ငရုပ်သီးစပ်စပ်ဆီပြန်ချက်ထားသည်။ အသီးအရွက်ကြော်နှင့် ငါးဟင်းလည်း ပါသည်။ ခေါင်းရိုးအသားစဖြင့် မျှစ်နှကို ဟင်းချိုချက်ထားရာ အလွန်ခံတွင်း





တွေ့လှသည်။

စားသောက်ကြပြီးနောက် သစ်သီးဖြင့်ချက်ထားသော ဝိုင်တစ်ခွက်စီတိုက်ပြန်သည်။ အစာကျေစေရန် သဘောဖြစ်ပေမည်။ ဝိုင်အရသာမှာ ချိုချိုပြင်းပြင်း ရှိတတ။ စားသောက်ပြီးသည်နှင့် သူကြီးက ...

"ထန်းထိခတ်လာအဟွမ်းမည်"

(နောက်တစ်ခေါက် ပြန်ဆုံတွေ့ကြပါဦးမည်)ဟု နှုတ်ဆက်သည်။

ကျွန်ုပ်တို့လည်း တတ်သမျှမှတ်သမျှ ပြန်လည်နှုတ်ဆက်ကြရသည်။

"အော့အာအဲ ... အော့အာအဲ"

(မင်္ဂလာပါ ကျေးဇူးတင်ပါတယ်)

ခေါင်ရည်သောက်၊ ညစာစားပြီးတော့ ကျွန်ုပ်တို့ သူကြီးအိမ်မှ ပြန်ခဲ့ကြသည်။ ခြံပြင်ရွာလမ်းမကြီးပေါ်ရောက်၍ လေတိုက်သည်နှင့် အမူးဒီဂရီမှာ တရိပ်ရိပ်တက်လာသည်။ ခေါင်ရည်သောက်လေ့မရှိသော ကျွန်ုပ်နှင့်ကိုဖော်မင်း၊ ကျော်စိန်ဝင်းတို့မှာ လမ်းကြီးပေါ်၌ ယိမ်းထိုးနေသဖြင့် အောင်ဘု၊ ကိုအင်နီနှင့် ဦးလှဖေတို့က လာတွဲကြရသည်။

"ဘယ့်နှယ်ဆရာတို့ အရက်ပြင်းသောက်ပြီး မမူးတတ်ကြပဲ ခေါင်ရည်သောက်တာနဲ့ မူးရတယ်လို့ဗျာ"

ကျွန်ုပ် ။ "ဦးလှဖေရယ်၊ အိမ်ထဲမှာတုန်းက အတော်ပဲဗျ။ ခြံပြင်ရောက်မှ လေတိုက်ပြီးမူးလာတာ"

"ဟုတ်တယ် ဆရာ၊ ခေါင်ရည်သဘောက ဒီလိုပဲ။ အူရိုင်းဖြစ်ရင် တစ်ညလုံးမူးနေမှာပဲ။ လေတိုက်လေ မူးလေပဲ။ ဒါကြောင့် သူကြီးက ကဂျာအိုင်အီးလို့အော်ပြီး ပွဲကိုစောစောဖြတ်တာ သူ့ခေါင်ရည်က အကောင်းစား ဆရာ။ ပထမတန်းစားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဦးလှဖေကို စကားပြန်မပြောနိုင်တော့ပါ။ သစ်တော်မှ ပြန်ရောက်သည်နှင့် ဘုရားပင်မရှိခိုးနိုင်တော့ဘဲ ခြေလက်ဆေး၍ တန်းပြီး အိပ်ယာဝင်တော့သည်။ တစ်ချိုးတည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

အိပ်ပျော်စဉ် အိပ်မက်မက်ရာ ကျွန်ုပ်တစ်ဦးတည်း နမ့်ခမ်း ရေတံခွန်ကြီးအနီး ရောက်နေသည်။ ကျွန်ုပ်ရေတံခွန်ကြီးအား ငေးမှော် ကြည့်နေစဉ် ကျွန်ုပ်အနီးသို့ ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုတစ်ဦးရောက် လာသည်။ သျှောင်တွင် ပန်းနုရောင်ပဝါပတ်ထားပြီး လက်တွင် ပေသီး ပုတီးကုံးကြီးကို ကိုင်ထားသည်။

"ငါ့သားကြီး ဘာတွေတွေးနေ ငေးနေတာလဲကွဲ့။ ဒီနေရာက သူတော်စင်တွေ နေတဲ့နေရာကွဲ့။ မွန်မြတ်တဲ့နေရာပေါ့"

ကျွန်ုပ် ရုတ်တရက်အံ့ဩသွားပြီး ကြည်ညိုဖွယ်ရာကောင်းလှ သော အဘိုးအား ထိုင်၍ကန်တော့မိသည်။

"အေး . . . အေး . . . ငါ့သားကြီး ဘုန်းကြီးပါစေ၊ သက်ရှည် ပါစေကွယ်။ ဘုရား ဒါယိကာ၊ ကျောင်းဒါယိကာဖြစ်ပါစေ။ ငါ့သားကြီး စိတ်ဓာတ်ကို အဘိုးသိလို့ ကျောက်စိမ်း (၅) လုံး ပေးထားတယ်နော်။ အရည်ကောင်းတွေပဲ တန်ဖိုးကြီးပါတယ်။ နောင်မွန်းမြို့ကိုသွားပြီး ကောင်းမှုလုံဘုရားကို လုံးတော်ပြည့် ရွှေသက်န်းကပ်ကွယ့်။ နောက်ပြီး သားကြီးကိုမှာချင်တာက သူရာမေရယကံနဲ့ ပါဏာတိပါတာကံကို အတတ် နိုင်ဆုံးရှောင်ကြဉ်ပါကွယ်။ သားကြီးတို့အလုပ်က တောနဲ့ဆက်နေတော့ လုံးဝမလုပ်ရဘူးလို့ အဘိုးမတားမြစ်လိုပါဘူး။ အဲဒီကံ(၂)ပါးကို ရှောင် ကြဉ်လေ ငါ့သားကြီးဘဝတိုးတက်လေ ဖြစ်ပါလိမ့်မယ်။ ဆင်ခြင်ပေါ့ ကွယ်"





"ဟုတ်ကဲ့ပါ အဘိုး၊ သားကြီးဆင်ခြင်ပါ့မယ်။ ဒါနဲ့ အဘိုး အမည်ကို အမိန့်ရှိပါဦးခင်ဗျား"

"အဘိုးနာမည်က အရေးမကြီးပါဘူးကွယ်။ သားကြီးသိချင် ရင်တော့ နမ့်ခမ်းရေတံခွန်က အဘိုးလို့ပဲ မှတ်ထားပေါ့ကွယ်။ ငါ့သားကြီး ကောင်းမှုလုံဘုရားကို ရွှေချပြီးရင်တော့ အဘိုးတို့ကို အမျှအတန်းဝေ ပါ"

"အဘိုး သာဓုခေါ်ချင်လို့ပါ။ ငါ့သားကြီးကိုလည်း အဘိုးစောင့် ကြပ်နေတယ်ဆိုတာကို မှတ်ထားကွယ့်။ မကြာခင် ငါ့သားကြီး မူလ နေရာကို ပြန်ပြောင်းရလိမ့်မယ်။ အတတ်နိုင်ဆုံး ငါးပါးသီလကို လုံခြုံ အောင်ထိန်းသိမ်းပါ"

"ဟုတ်ကဲ့ပါ အဘိုး"

ကျွန်ုပ် အဘိုးအားထိုင်ကန်တော့ပြီး မော့အကြည့်တွင် အဘိုး နေရာတွင် မရှိတော့ပါ။ ကျွန်ုပ်လည်း အိပ်မက်ကမ္ဘာမှ လန့်နိုးတော့ သည်။ ထင်ရှားစွာမြင်မက်သော အိပ်မက်ဖြစ်၍ ထူးဆန်းလှသည်။ ဂရေးကလေးကျော်စိန်ဝင်းထံမှ ကျောက်စိမ်းတုံးဟု အဘိုးက ဆိုခဲ့သည်။ ထိုကျောက်တုံးကလေးများကို မှဆိုးကိုအင်နီထံတွင် အပ်ထားသည်။

တစ်ခါ ကျွန်ုပ်တို့ အချိန်မရသဖြင့် ကောင်းမှုလုံဘုရားသို့ ဖူးဖြစ်ခဲ့သော်လည်း အဘိုးကသွားဖြစ်ရန် တိုက်တွန်းနေပြန်သည်။ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်ရန် အမိန့်ရှိသဖြင့် ကျောက်တုံးကလေး (၅)တုံးမှာ အရည်ကောင်းသော ကျောက်စိမ်းအစစ်သာမှန်ပါက တန်ဖိုး ကြီးမည်မဟုတ်ပေ။

ကျွန်ုပ်စဉ်းစားရင်း စွဲလမ်း၍ အိပ်မက်မက်သည်လည်း မဖြစ် နိုင်။ အဓိကရ မြင်မက်ခြင်းဖြစ်သော်လည်း ကျွန်ုပ်မစွဲလမ်းခဲ့ပါ။ ယုံသိ



www.burmeseclassic.com

www.burmeseclassic.com



စိတ်က စေ့ဆော်ခြင်းလားတော့ မပြောနိုင်။ ကျွန်ုပ်အိပ်ရာကထ၍ အ
အပါးသွားရသောက်ပြီး ပြန်အိပ်သည်။ အိပ်မပျော်မီ အိပ်မ
အကြောင်းကိုတွေးနေမိပြီး မှေးခနဲ ပြန်အိပ်ပျော်သွားသည်။

သို့သော် မည်သည့်အိပ်မက်မှ မမက်တော့ပါ။ မနက်မိုးလ
(၆)နာရီခန့်မှ တစ်ရေးနိုးတော့သည်။ အလျှင်အမြန်မျက်နှာသစ်ပြီး ဘု
ဝတ်ပြု ပုတီးစိပ်ရသည်။ မနက်စာအတူစားကြရင်း ကျွန်ုပ်အိပ်မ
အကြောင်းကို ပြန်ပြီးတွေးနေမိသည်။ ထုတ်ဖော်တော့ မပြောမိပါ။

ကျွန်ုပ်တို့ မနက်စာစားပြီး ခရီးထွက်ရန် ပြင်ဆင်စစ်ဆေး
ကြစဉ် ကိုအင်နီက သူ့လွယ်အိတ်ကြီးထဲတွင် ထည့်ထားသော ဘဲဥ
အရွယ် ကျောက်ခဲ(၅)လုံးအား ကျွန်ုပ်ကို ပြန်လာပေးသည်။

''ဆရာ . . . ဆရာပဲ သိမ်းထားပါ။ မတော် အဖိုးတန်ဖြစ်
ရင် ငါမကောင်းဘူးဖြစ်နေမယ်။ ငါသိမ်းမထားချင်ဘူး''

အိပ်မက်နှင့်တိုက်ဆိုင်စွာ ဖြစ်လာ၍ ကျွန်ုပ် အံ့သြမိသည်
ကျောက်ခဲ (၅)လုံး အလေးချိန်မှာလည်း မနည်းလှပါ။ သို့သော် ကျွ
၏ ခရီးဆောင်လွယ်အိတ်ကလေးအား တပည့်ကျော်အောင်ဘုနှင့် ကျေ
စိန့်ဝင်းက တစ်လဲစီလွယ်ကြ၍ ပြဿနာမရှိပါ။

''ကိုအင်နီကလည်းဗျာ . . အဖိုးတန်ဖြစ်တော့လည်း ဘာဖြ
သလဲ။ တစ်ယောက်နဲ့တစ်ယောက် မယုံကြည်ရမဲ့သူတွေမှ မဟုတ်တ
ပေါင်းသင်းလာတာပဲ နှစ်ပေါက်နေပြီ''

''မဟုတ်ဘူး ဆရာ။ ငါ အဲဒီကျောက်ခဲတွေကို သိမ်းထား
တာကိုက စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေတယ်။ အလေးချိန်လေး
မဟုတ်ပါဘူး။ စိတ်လေးနေတာပါ။ နောက်ပြီး ညကအိပ်မက်မက်တယ်
အိပ်မက်ထဲမှာ ဘိုးတော်သူကြီးတစ်ပါးနဲ့ ပုတာအိုက ဒေါ်မေရီကိုတွေ့





တာ။ ငါနဲ့မတည့်တဲ့ သရဲမလေး၊ ငါ့ကို သူများဥစ္စာယူမထားနဲ့ ပြန်ပေး
လိုက်လို့ တစ်ဦးပြီးတစ်ဦး လာပြောနေတယ်။ ဒါကြောင့် ပြန်ပေးတာပါ။
ဆရာစိတ်မဆိုးနဲ့နော်''

''အေးပါဗျာ၊ စိတ်ဆိုးစရာကိစ္စ မဟုတ်ပါဘူး။ ကိုအင်နီဆီမှာ
မထားချင်ရင်လည်း ကျွန်တော်သိမ်းထားပေးပါ့မယ်။ အဖိုးတန်ဖြစ်လာတော့
လည်း လှူရတာမ်းရတာပေါ့ဗျာ။ ဒီကျောက်ခဲမျိုးက နမ့်ခမ်းရေတံခွန်
ကန်ကြီးထဲမှာ တစ်ပုံကြီးရှိတာ မဟုတ်လား''

''ဟုတ်ပဲ့ ဆရာရယ်။ ငါစိတ်ရွဲ့ပြီး အိပ်မက်မက်တာဖြစ်မယ်''

ကျွန်ုပ်တို့ခရီးထွက်ရန် အသင့်ပြင်ဆင်ထားချိန်တွင် ဦးတင်ဌေး
နှင့်အတူ လမ်းညွှန်သမား လားတစ်ကောင်ဆွဲ၍ ရောက်လာသည်။

''ဆရာတို့ အဆင်သင့်ဖြစ်ကြပြီလား။ ဒီမှာ လားသမားရောက်
လာပြီ''

''ဟုတ်ကဲ့ ဦးတင်ဌေး၊ ခေတ္တနားကြပါဦး။ ခရီးလမ်းပန်းအခြေ
အနေလည်း ပြောပြပါဦး''

''ဆရာ . . . ဒီကနေ ညာဘက်ချိုးသွားရင် (၁၅)မိုင်လောက်
မှာ နမ်ထီစခန်းရှိတယ်၊ ညအိပ်နားရမဲ့ စခန်းပဲ။ ဒီလမ်းဟာ လားလမ်း
ပေါ့။ အဲဒီကနေ နောက်တစ်နေ့ တောင်ပေါ်ဆက်တက်ရမယ်။ အဲဒီမှာ
(၁၅)မိုင်လောက်ရောက်ပြန်ရင် မဖအပ်လို့ခေါ်တဲ့ ညအိပ်စခန်းကိုရောက်
မယ်။ မချမ်းဘော့နဲ့နောင်မွန်းမြို့က (၃၁)မိုင်ဝေးတယ်။ မချမ်းဘော့မြို့
နဲ့ နမ့်ခမ်းရွာကြီးက (၇)မိုင်ဝေးတယ်။ အဲဒါကြောင့် မဖအပ်စခန်းကနေ
နောင်မွန်းမြို့ကို (၄)မိုင်လျှောက်ရင် ရောက်ပြီဆရာ''

''ဒါဆိုလမ်းမှာ (၂)ညအိပ်ရမှာပေါ့။ တည်းခိုးစခန်းတွေမှာ
အစားအသောက်နဲ့ အိပ်စရာရော အဆင်ပြေပါ့မလား''



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . အဲဒါ ပူစရာမရှိဘူးဆရာ။ နယ်မြေက အေးချမ်းတယ်။ ဓားပြသူခိုးလည်း မရှိဘူး။ ခရီးသည်တွေ နားနိုဖို့တဲတန်းလျားကြီးတွေလည်း ရှိတယ်။ စားသောက်ဆိုင်တွေလည်း ရှိတယ်။ လုံလုံခြုံခြုံနေချင်ရင်တော့ ထမင်းဆိုင်မှာ ထမင်းစားတာနဲ့ အလကားတည်းခိုလို့ရတယ်။ တိုင်းရင်းသားတွေက အလွန်ဖော်ရွေပါတယ်ဆရာ။ စေတနာလည်း ကောင်းကြပါတယ်။

ဆရာတို့ကကြာမှာဆိုတော့ ကျွန်တော်တို့တော့ မလိုက်တော့ဘူး။ လားခနဲ့လမ်းညွှန်ခလည်း ပေးပြီးပြီဆရာ။ နောင်မွန်းက တောအုပ်ကြီး ဦးမောင်လွင်တို့ဆီကိုလည်း လူကြုံနဲ့ အကြောင်းကြားပြီးပါပြီ။ အပြန်ကျတော့လည်း ကျွန်တော်တို့ဆီမှာ ပြန်တည်းပါဆရာ"

တောအုပ်ဦးစိန်ဝင်း ။ "ဆရာ . . . ကျွန်တော်လည်း မချမ်းသာဘော့မြို့က စောင့်ကြိုနေပါမယ်"

"ဘိုင့် . . . ဘိုင့် . . . ."

❁ ❁ ❁

# အခန်း (၆)

❑

ကျွန်ုပ်တို့အဖွဲ့ လားပေါ်တွင် ပစ္စည်းများတင်၍ လူလွတ်လမ်းလျှောက်ကြသည်။ ကျော်စိန်ဝင်းနှင့် အောင်ဘုကတော့ ပိုက်ဆံအိတ်နှင့် ရေဘူးအပြင် ကျွန်ုပ်၏ခြောက်လုံးပြူးကို ကျော်စိန်ဝင်းက လွယ်အိတ်ထဲထည့်လာ၍ အောင်ဘုက မှိုင့်တူးတူးသေနတ်ကို လွယ်လာသည်။ ကျောက်ခင်းလမ်းကြီးမှာ တဖြည်းဖြည်း ကြမ်းလာပြီး ကျဉ်းမြောင်းလာသည်။

မကြာမီ လားလမ်းနှင့်ကားလမ်းမကြီးမှာ တဖြည်းဖြည်း ခွဲထွက်သွားသည်။ လားလမ်းမှာ ဖြတ်လမ်းဖြစ်သည်။ လမ်းမကြီးက ကွေ့ကောက်သွားသည်။ လားလမ်းမှာ တောကိုဝင်သည်။ လျှိုကိုဖြတ်သည်။ တောင်ကိုကျော်သည်။ တချို့နေရာများမှာ အလွန်ကျဉ်းမြောင်းသော တောင်ခါးပန်းလမ်းဖြစ်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် တောင်ကုန်းတစ်ခုကို အားပြုတက်ရင်း ပါးစပ်တွင်းမှ လေကို ဖူးခနဲ မှုတ်ထုတ်လိုက်မိသည်။ ရာသီဥတုမှာ ပိုမိုအေးလာသော်လည်း လမ်းလျှောက်၊ တောင်တက်ရလွန်း၍ ချွေးစို့လာသည်။ ကိုအင်နီကတော့ သူ၏မှဆိုးလွယ်အိတ်ကြီးနှင့် ဓားရှက်ကြီးကြီး ဓားကြီးကိုလွယ်ရင်း ပုံမှန်လမ်းလျှောက်နေသည်။ မောပန်းပုံမရ။ ကိုဇော်မင်းလည်း ကျွန်ုပ်လိုပင် အသက်ရှူသံပြင်းနေသည်။

လမ်း၌ အပြန်ခရီး လားဝန်တင်များနှင့်ဆုံလျှင် ရပ်စောင့်၍ ရှောင်ပေးရသည်။ အတက်အဆင်း၌ ကြုံပြန်လျှင်လည်း အတက်ကို ဦးစားပေးရသည်။ လားလမ်းမှာ အတော်ကျဉ်းမြောင်းသည်။ သို့သော် ခရီးသွားချင်း နားလည်ကြင်နာမှုရှိကြပါသည်။

ကျွန်ုပ်တို့၏ ဝန်တင်လားကလေးမှာ ဖရူး . . . ဖရူးဟု နှာမှုတ်ရင်း တောင်တက်တောင်ဆင်း လားလမ်းပေါ်၌ ပုံမှန်သွားနေသည်။ သူ့ကျော်ပေါ်မှ ပစ္စည်းများကို လေးသည်၊ ပေါ့သည်၊ သဘောမထား။ သူ့တာဝန်ကိုသာ ကျေပွန်စွာထမ်းဆောင်ရင်း တစ်လှမ်းချင်းလှမ်းနေရှာသည်။ လားထိန်းလမ်းညွှန်ကလည်း ကြိမ်လုံးကိုင်ထားသော်လည်း သူ့လားကလေးကို တစ်ချက်မတို့။ လီဆူးဘာသာနှင့်တော့ အော်ဟစ်ပြောဆိုနေသည်။

ကျွန်ုပ်တို့မှာ ထမ်းပိုးစရာ မပါသော်လည်း ခြေလှမ်းများ တဖြည်းဖြည်း နှေးကွေးလာသည်။ တစ်ခါတစ်ရံ ခြေဦးနှင့်ဒူးပင် မတည့်ချင်တော့။ လားလမ်းဆိုသည်မှာ လူသွားလမ်းသာဖြစ်၍ ကျဉ်းမြောင်းလှသည်။ လားကလေးကျောပေါ်တွင်တင်ထားသော ပစ္စည်းများကြောင့် အချို့ကျဉ်းမြောင်းသောနေရာများ၌ ကတ်ကတ်သပ်သပ် သွားနေရရှာသည်။





သို့ရာတွင် သဘာဝက လားကလေးခြေထောက်များကို ထူးခြားစွာ ဖန်တီးပေးထားဟန်တူသည်။ သူ၏ခြေထောက်များသည် လွန်စွာနိုင်မြဲသည်။ မည်မျှလမ်းကျဉ်းကျဉ်း မြေပဲ့ကျကျ သူက အန္တရာယ်ကင်းအောင် တစ်လှမ်းချင်းသွားတတ်သည်။ ကြောက်ဟန်လည်းမရှိ။ ခြေတစ်ချောင်းချော်ပါက (၃)ချောင်းက ထိမ်းထားနိုင်သည်။

ကျွန်ုပ်တို့အဖွဲ့သည် တောင်ကိုတက်၍ တောလမ်းကြမ်းကြီးကို ဆင်းကြသည်။ လျှိုကိုရှောင်ကြ၍ ကွေ့ကြသည်။ ပတ်ကြသည်။ ထိုသို့ဖြင့် တောင်ကြီးဖဝါးအောက် ခရီးအတော်ပေါက်ခဲ့ကြသည်။ ကျွန်ုပ်တို့တက်ခဲ့ကြသော တောင်တန်းကြီးမှာ နမ့်ခမ်းရာဇီတောင်တန်းကြီးဟု သိရသည်။ ညနေလည်းစောင်းပေပြီ။ နမ့်တီးတည်းခိုစခန်းကို တောင်မြင့်ကြီးပေါ်၌ တွေ့ရသည်။ အသွားအပြန်ခရီးသည်များနှင့် စည်ကားနေသည်။

ကျွန်ုပ်တို့အဖွဲ့ သန့်ပြန့်ဟန်ထင်ရသော ကျယ်ဝန်းသည့် ထမင်းဆိုင်တစ်ခုရှေ့တွင် ရပ်လိုက်ကြသည်။ စားသောက်သူ အနည်းငယ်သာရှိသည်။ ဆိုင်ကြီး၍ ထင်ပါသည်။ ဆိုင်ကလေးများဘက်တွင်တော့ လူစည်ကားနေသည်။ ကလေးတစ်ယောက်က ပစ္စည်းများကို လားပေါ်မှ ထမင်းဆိုင်အနီးရှိ တဲကလေးတစ်လုံးအတွင်းသို့ သွင်းသွားသည်။

နောက်ကလေးတစ်ယောက်က လားကလေးကိုဆွဲ၍ ဆိုင်နောက်ဘက်၌ချည်နှောင်ပြီး ရေတိုက်သည်။ အစာကျွေးသည်။ ကျွန်ုပ်တို့လည်း တဲကလေးအတွင်း၌ ခေတ္တနားကြသည်။ တဲကလေးက လုံခြုံသည်။ ကြမ်းခင်းအား ဝါးခြမ်းများခင်းထားသည်။

လားသမားက ကျွန်ုပ်တို့အတူ လာမနေပါ။ အောက်ပြည်အောက်ရွာမှ အဝေးပြေးကားသမားများကို ထမင်းဆိုင်ရှင်များက ပြုစု



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း ဖြစ်ဟန်တူပါသည်။ မကြာမီ ကလေးတစ်ယောက်ရောက်လာပြီး . . .

"ဆရာတို့ ဘာစားကြမှာလဲ၊ ဘာသောက်ကြမှာလဲ။ ကျွန်တော်တို့ဆိုင်မှာ အကုန်ရပါတယ်။ လိုအပ်တာမှာပါ"

ကိုဇော်မင်း ။ "ဘာအရက်ကောင်းကောင်း ရသလဲ။ အမြည်းကရောကွာ"

"ဆရာကြီး ဒီဆိုင်မှာ ဒေသထွက်အရက်မျိုးစုံ ရပါတယ်။ အမြည်းကတော့ တောကောင်သားအမျိုးမျိုး၊ ကြက်၊ ဝက်၊ ဟင်းသီးဟင်းရွက်၊ ဟင်းတွေအစုံရပါတယ်။ စားချင်ရာကိုပြောပါ"

အရက်ဆိုင်၌ နမ့်ခမ်းရေတံခွန်မှအဘိုးက ကျွန်ုပ်အား အိပ်မက်ထဲတွင် ငါးပါးသီလမြဲရန် သတိပေးထားသဖြင့် ကျွန်ုပ် ငြိမ်နေလိုက်သည်။

ကိုဇော်မင်း ။ "မန္တလေးရမ် ရသလား။ တောကောင်သားကတော့ နီးနေပြီ၊ ကြက်ကြော်နဲ့ ဟင်းသီးဟင်းရွက်ကြော်လုပ်ပေး။ မုန့်ညင်းချဉ်နဲ့ ဆီတို့ဘူးပါ ချပေး။ ပြီးမှ ငါတို့ထမင်းစားမယ်"

"ဆရာကြီး မန္တလေးရမ်တော့ မရဘူးဗျ။ နိုင်ငံခြားအရက်ဆိုရင်တော့ တရုတ်အရက်တွေ ရနိုင်ပါတယ်"

"တော်ပြီကွာ။ ငါတို့မှာ အရက်ကောင်းကောင်းပါတယ်။ အမြည်းတွေပဲ ချပေးကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

အောင်ဘုက ကျွန်ုပ်တို့ဆောင်လာသော အရက်ပုလင်းများထဲမှ ဝီစကီတစ်လုံးကို ထုတ်ပေးသည်။ အမြည်းများရောက်လာ၍ အများ သောက်ကြသော် ကျွန်ုပ်လည်း မနေနိုင် တစ်ခွက်တစ်ဖလားဝင်သော်





ရသည်။ အမြည်းကလည်းကောင်း၊ ရာသီဥတုကလည်းအေးပြီး ခရီးပန်းသောကြောင့် ဖြစ်ပါသည်။

သောက်ပြီးတော့လည်း ထမင်းစားလို့ ကောင်းပြန်သည်။ စားသောက်ပြီးတော့လည်း လည်ပတ်စရာမရှိ။ စောစောပင် အိပ်ယာဝင်ကြရသည်။ တောပေါ်ရွာကလေးဖြစ်၍ အေးချမ်းလှသည်။ တဲကလေးအတွင်း ကြပ်ကြပ်တည်းတည်း အိပ်ကြရသော်လည်း ကျွန်ုပ်တို့ခရီးပန်းလာသဖြင့် အိပ်၍ကောင်းလှသည်။

မနက်(၆)နာရီခန့်တွင် လားသမားက လာနိူးသည်။

"ဆရာကြီးတို့ ထကြတော့။ မနက်စာစားကြပြီး စောစောထွက်ကြမယ်"

ကျွန်ုပ်တို့ အိပ်ရာကထကြတော့ မလန်းဆန်းပါ။ မူဆိုးများဖြစ်ကြသော်လည်း ခရီးရှည်တောင်တက်၊ ခရီးကြီးကိုတစ်နေကုန်လျှောက်လာကြရ၍ တစ်ကိုယ်လုံးကိုက်ခဲနေသည်။ မျက်နှာသစ်ပြီးတော့ ထမင်းကြော်ကို ဟင်းများနှင့်စားကြသည်။ လမ်းတွင် စခန်းများရှိတော့ ညှိမထင်၍ အဝစားကြသည်။ ကော်ဖီ၊ လက်ဖက်ရည်တော့ မရပါ။ အခါးရည်ကျကျသာရသည်။

ရေဘူးများကိုရေဖြည့်ပြီး ပစ္စည်းများအား သိမ်းဆည်းစစ်ဆေးပြီး လားပေါ်တင်၍ ခရီးထွက်ခဲ့ကြတော့သည်။ တောင်ပေါ်ဒေသဖြစ်သော်လည်း နေကိုမမြင်ရသေးပါ။ အလင်းရောင် ဖြိုးဖြိုးကလေးကိုတော့ ရသည်။ မွှင့်လင်းရာသီဖြစ်သော်လည်း နှင်းမွှင့်နှင်းကျွန်များကကျပြီး မှုံမှိုင်းနေသည်။

ကျွန်ုပ်တို့ နမ့်ထီးစခန်းမှထွက်ပြီး အမြင့်ပေ (၇၀၀၀)ခန့်ရှိ နိုင်ငွန်းရာဇီ (နိုင်ငွန်ဘွန်တောင်) တောင်ကြီးကို တက်ကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နမ့်ထီးတည်းခိုးစခန်းမှာ ပေ(၃၀၀၀')ခန့်ရှိသည့် နမ့်ခမ်းရာစီတောင်ကြောပေါ်တွင်ရှိသဖြင့် နိုင်ငွန်ဘွန်တောင်ကြီးကိုတက်ရာတွင် မတ်စောက်ခြင်းတော့ မရှိတော့ အကွေ့အကောက်လမ်းများဖြင့် တောင်ကြီးအားတောင်ပတ်လမ်းအတိုင်းတက်ကြရခြင်း အတက်ပြေပါသည်။

အဆင်းတွင်တော့ အကွေ့ပေါင်း (၆၃)ကွေ့ရှိသည့် ဘာလူလုံတောင်ဆင်းကြီး ဖြစ်ပေသည်။ ညနေစောင်းတော့ တောင်ခြေရှိ မဖဒပ်တည်းခိုစခန်းသို့ ရောက်ကြသည်။ နောင်မွန်းမြို့နှင့် မဖဝေးကွာတော့ပါ။ (၄)မိုင်ခန့်သာဝေးတော့ကြောင်း သိရသည်။ ကျွန်ုပ်တို့ တစ်ညအိပ်နားခိုကြရပြန်ပါသည်။ မဖဒပ်စခန်းကတော့ နောင်မွန်းမြို့နှင့်နီး၍ ထင်သည်။ ARMY RUM ရသည်။ ကျွန်ုပ်တို့စားသောက်ကြပြီး စောစောအိပ်ယာဝင်ခဲ့ပြန်ပါသည်။

နောက်တစ်နေ့မနက်တွင် ခရီးဆက်ခဲ့ကြပြန်ရာ ကဆန်ချောင်းထိပ်သို့ ရောက်ခဲ့ကြသည်။ ကဆန်ချောင်းအား ရှန်ခချောင်း၊ နမ့်ကဆန်ချောင်း၊ ခဆန်ခချောင်းဟုလည်း ဒေသလိုက်၍ အမျိုးမျိုးခေါ်ကြသည်။ မချမ်းဘော့မြို့မှ မိုင်(၄၀)ကျော် ခရီးပေါက်ခဲ့ပြီဖြစ်သည်။ ပင်လယ်ပြင်အထက် အမြင့်ပေ (၁၈၀၀')ခန့်သို့ ရောက်ရှိနေခြင်းဖြစ်သည်။

နောင်မွန်းမြို့အဝင် မြောက်နှင့်တောင် စီးဆင်းနေသည့် ကဆန်ချောင်းကို ကြိုးတံတားတစ်ခုဖြင့် ဖြတ်၍ တည်ဆောက်ထားသည်။ အလျားပေ (၂၀၀')ခန့် အကျယ်မှာ ၅' ပေခန့်ရှိသည်။ တံတားအား သံမဏိကြိုးကြီးများ ဆိုင်းထားသည်။ အခင်းမှာ ဝါးကြမ်းခင်းမဟုတ်၊ သစ်သားပြားများကို စနစ်တစ်ကျ ခင်းထားသည်။ တံတားအောက်မှ တစ်ဟဲဟဲအော်မြည်၍ တောင်ကျရေမှာ တဟုန်ထိုးစီးဆင်းနေသည်။ ရေခဲရေများဖြစ်၍ အငွေ့ပျံနေသည်။





ကဆန်ချောင်းသည် အနောက်ဘက်ရှိ ဆွန်ရာရေခဲတောင်မှ မြစ်ဖျားခံ၍စီးဆင်းလာပြီး အရှေ့တောင်ဘက်သို့ စီးဆင်းသွားရာ မချမ်းဘော့မြို့အနီးရှိ မလိခမြစ်နှင့်ပေါင်းဆုံကြောင်း လားသမားကပြောပြ၍ သိရသည်။ ကဆန်ချောင်းကမ်းပါးပေါ်၌ တံလာဒမ်းရွာ၊ လန်နိုင်ပန့်ရွာ၊ ကဆန်ဒူးရွာ၊ နောင်မွန်းမြို့၊ ကွမ်လင်းရွာ၊ ရပ်တော့ရွာနှင့် ဘာဘော့ရွာတို့တန်းစီ၍ ရှိနေကြကြောင်းလည်း သိရသည်။

ရေခဲတောင်ကြီးများ ပတ်လည်ဝိုင်းထားသည်။ ရဝမ်လူမျိုးများ အများစုနေထိုင်သော မြန်မာပြည်မြောက်ဖျားရှိ နောင်မွန်းမြို့သို့ ကျွန်ုပ်တို့ ရောက်ရှိခဲ့ကြပြီဖြစ်သည်။ ယခင်က နောင်မွန်းမြို့ကို လုံးမုန့်လူမျိုးများနေထိုင်ကြသဖြင့် လုံမုန်ဒမ်းဟုလည်း ခေါ်တွင်ခဲ့ကြောင်းသိရသည်။

ကျွန်ုပ်တို့ ကဆန်ချောင်းကြိုးတံတားကို ဖြတ်ကူးကြသောအခါ ကြိုးတံတားထိပ်တွင် ဝန်ထမ်းရပ်ကွက်၊ ဆေးရုံ၊ ကုန်သွယ်ရေး၊ သမဝါယမနှင့် ပြည်သူ့ကောင်စီရုံးများကို စနစ်တကျတည်ဆောက်ထားသည်ကို တွေ့ရသည်။ ထုံးစံအတိုင်း ကျွန်ုပ်တို့သစ်တောရုံးကတော့ အစွန်တွင် ရှိနေသည်။

လားသမား ။ "နောင်မွန်းမြို့မှာ လေယာဉ်ကွင်းရှိတယ် ဆရာ၊ ၁၉၇၇–၇၈ ခုနှစ်ကတည်းက ဖောက်ထားတာ။ ပူတာအိုကနေ နောင်မွန်ကို ဆုလို ပွင့်လင်းရာသီမှာ တွင်အော်တာလေယာဉ် ဆင်းပါတယ်။ ရာသီဥတုဆိုးရင်တော့ ဆင်းမရဘူး၊ ပြန်လှည့်သွားရတတ်တယ်။ အခုတော့ဘာဖြစ်တယ် မသိဘူးဆရာ။ လေယာဉ်မဆင်းပြန်ဘူး"

ဤနယ်မြေတွင် ရာသီဥတုမှာ အလွန်အရေးကြီးသည်။ တောင်တန်းကြီးသောရှိ မြေကွက်လပ်မှာ လေယာဉ်ကွင်းသည် ညီညာပြန့်ပြူးစွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ နောင်မွန်းမြို့သည် တောင်နှင့်မြောက် မိုင် (၂၀)ခန့်ရှည်လျားပြီး အရှေ့နှင့်အနောက် နှစ်မိုင်မျှသာကျယ်ပြန့်သော မြေပြန့်လွင်ပြင်ဖြစ်ကြောင်း သိရပါသည်။ နောင်မွန်းမြို့ကို တောင်တန်းမြင့်ကြီးများက အထပ်ထပ် ကာဆီးဝန်းရံထားသည်။

ကဆန်ချောင်း၏အနောက်ဘက်တွင် လခတ်လငါးတောင်တန်းကြီး၊ ကဆန်ချောင်းနှင့် အင်မိုင်ခချောင်းတို့အကြားတွင် မဆန်းရှိန်တောင်တန်းကြီး၊ ဝယ်ဖီးတောင်တန်းကြီး ဖရွှန်တောင်တန်းကြီးနှင့် ရှမ်းလုပ်တောင်တန်းကြီးများက ခန့်ညားစွာ ဝန်းရံထားသည်။

ထို့ပြင် တရုတ်ပြည်နှင့် အိန္ဒိယနယ်စပ်တစ်လျှောက်တွင် သဘာဝခံတပ်ကြီးများသဖွယ် တောင်တန်းကြီးများက မားမားမတ်မတ်ရှိနေကြသည်။ မြောက်ဖျားတွင် ဒီလဖူးခါးတောင်တန်း အမြင့်ဆုံးပေ (၁၉၀၀၀)ကျော်မြင့်သည့် ခါကာဘိုရာဇီတောင်၊ ပလောင်လခါးတောင်၊ အင်ခေါ်ရာဇီတောင်၊ နမ်နီလခါးတောင်၊ ရှင်ကာလာဇီတောင်၊ ပဖီးရာဇီတောင်၊ လွန်ဂျူးရာဇီတောင်၊ ဆရာရာဇီတောင်၊ မတူရာဇီတောင်နှင့် ဖလော်ရာဇီတောင်တန်းတို့သည် «တစ်ခုပေါ်တစ်ခု ပခုံးပေါ်လက်တင်ထားသကဲ့သို့ ထပ်နေသည်။ တောင်ကြီးများအောက်ခြေတွင် စိမ်းလန်းစိုပြေသော သစ်တောကြီးရှိပြီး တောင်လယ်မှတောင်ထိပ်အထိ ဆွတ်ဆွတ်ဖြူနေသော ရေခဲများဖုံးလွှမ်းနေသည်။

၁၉၆၀-ပြည့်နှစ်မတိုင်မီက မချမ်းဘော၊ နောင်မွန်း၊ ခေါ်ဘူဒဲတို့သည် ရွာကြီးများအဆင့်သာရှိခဲ့ပြီး ၁၉၆၀ ပြည့်နှစ်ကျခါမှ အရှေ့ပူတာအိုနယ်ခြားခရိုင်ဟု ဖြစ်ပေါ်လာခဲ့သည်။ နယ်ခြားခရိုင်ဝန်ရုံးကို မချမ်းဘောတွင်ဖွင့်လှစ်ခဲ့ပြီး နောင်မွန်းနှင့် ခေါ်ဘူဒဲမြို့တို့တွင် နယ်ခြားဝန်ထောက်ရုံးများဖွင့်လှစ်ခဲ့ပြီး မြို့များအဖြစ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်





ပေသည်။

ထို့ကြောင့်လည်း နောင်မွန်းမြို့၌ ယခုအချိန်တွင် နယ်ခြားဝန်ထောက်ရုံး၊ မြို့ပိုင်ရုံး၊ ငွေတိုက်၊ ဆေးရုံ၊ နယ်ခြားရဲကင်း၊ ဆောက်လုပ်ရေးရုံးများနှင့် သစ်တောဌာနတို့ ပေါ်ပေါက်ခဲ့သည်။ မန်နန်းဒင်ရွာ၊ ဂိုင်ရွာတို့တွင် မြို့ပိုင်ရုံးများရှိပြီး ဒဖုံဒမ်း၊ ပန်နန်ဒင်၊ မခွမ်ကန်နှင့် နောင်မွန်မြို့တို့တွင် တောင်အုပ်တောအုပ်များ ခန့်ထားခဲ့သည်။

✿ ✿ ✿

❑

နောင်မွန်းသစ်တောရုံးရောက်တော့ တောအုပ်ကြီး ဦးမောင်လွင်က လှိုက်လှဲစွာကြိုဆိုသည်။

"ဆရာဦးနေအောင်တို့ ကုန်းကြောင်းချီတက်လာရပြီ ထင်တယ်။ ကဲ ... ရေမိုးချိုးပြီးနားကြပါဦး။ ကျွန်တော် စားဖို့သောက်ဖို့ အသင့်စီစဉ်ထားပါတယ်။ သစ်တောဝင်းထဲမှာ ဗိုလ်တဲရှိပါတယ်။ လူကြီးတွေမလာလို့ ပိတ်ထားရတာကြာပြီ။ ကျွန်တော်တို့ တောခေါင်းဦးလှဖေဆီက အကြောင်းကြားတို့ သန့်ရှင်းရေးလုပ်ပြီး ပြင်ဆင်ထားပါတယ်။ ဆရာတို့စားသောက်ပြီးမှ နားကြပါ။ အကုန်အရန်သင့်ရှိပါတယ်"

ကျွန်ုပ် ။ "အေးဗျာ ... အခုမှပဲ အမောပြေတော့တယ်။ နောင်မွန်မြို့ကလေးက အလွန်သာယာတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"သာယာရုံတင်မကဘူး ဆရာရေ၊ မြို့သူမြို့သားတွေက အလွန်ဖော်ရွေပြီး စိတ်ကောင်းရှိကြတယ်။ ဒီမြို့မှာတော့ ရဝမ်တိုင်းရင်းသားက အများစု ဂျိန်းဖော်နဲ့လီဆူ၊ ဒီလောင် (တိဖက်အနွယ်ဝင်)တွေ နေထိုင်ကြတယ်။ ညနေမှဆရာတို့ကို မြို့တွင်းနဲ့ လေယာဉ်ကွင်းဘက်ကို လိုက်ပြမယ်။ ဒီမှာတော့ တောကောင်ပေါတယ်ဆရာ။ ရဝမ်မုဆိုးတွေများတယ်။ ကလေးငယ်ကအစ ဒူးလေးပစ်လက်ဖြောင့်ကြတယ်။ ဆရာတို့လည်း အမဲလိုက်ချင်ရင် ကျွန်တော် နယ်ခံမုဆိုးတွေနဲ့ စီစဉ်ပေးမယ်။

ကျွန်တော့်မှာ အလွန်ရင်းနှီးပြီး နယ်မြေကျွမ်းအမဲလိုက်တော်တဲ့ ရဝမ်မုဆိုးကြီး ဦးရဖွိုးဖုန်ဆန်းရှိတယ်။ သစ်တောရုံးအနောက်ဘက်တင်နေတာ။ သူအားရင် ကျွန်တော့်ဆီကို ညနေတိုင်းလာလည်တယ်။ တောကောင်သားနဲ့ မချစ်ဥ၊ ခန်းတောက်မြစ်နဲ့၊ ဆေးပင်၊ ဝါးပင်တွေ လက်ဆောင်ပေးတတ်တယ်။ သူပြောပြတဲ့ ရေခဲတောင်ပေါ် အမဲလိုက်စွန့်စားခန်းတွေဟာ မရိုးနိုင်အောင်ပဲ စိတ်ဝင်စားဖို့အလွန်ကောင်းတယ်။ တာကင်တို့၊ ဝက်ဝံဖြူတို့၊ နှင်းကျားနဲ့ ကတိုးကောင်တွေအကြောင်းပေါ့"

ဆေးပင်ဝါးပင်နှင့် ဆေးဘက်ဝင်တောကောင်များအကြောင်း ကြားရသည်နှင့် ကိုအင်နီမှာ ခေါင်းထောင်လာသည်။

"ဆရာဦးမောင်လွင် အဲဒီအကောင်တွေကိုရဖို့နဲ့ အဖိုးတန်ဆေးဥတွေ ဆေးမြစ်တွေကိုရှာရတာ အတော်ခက်သလား။ အဝေးလည်း ဝေးသလား"

"ဟုတ်ကဲ့ . . . အတော်ကလေး လှမ်းပါတယ်။ ရေခဲတောင်တွေက ဒီမြို့ကိုပတ်လည်ဝိုင်းနေပေမဲ့ တကယ်တမ်းသွားကြည့်ရင် အမြင်နီး ခရီးဝေးတဲ့တောင်ဆိုတဲ့ စကားပုံလို အတော်ကလေးဝေးတယ်။ တချို့





နေရာတွေဆိုရင် နှစ်ညအိပ်သုံးရက်လောက်သွားမှ ရောက်နိုင်ပါတယ်။ တောင်ပေါ်ရောက်တော့လည်း တောကောင်နဲ့ဆေးပင်ရှာရတာနဲ့ အနည်းဆုံးတစ်ပတ်လောက် ကြာတတ်တယ်။ အအေးဒဏ်ကြောင့်လည်း တော်ရုံလူအကြာကြီး မနေနိုင်ဘူး။ အစားအသောက်လည်း ခင်းရဲတာပေါ့။ ရေခဲကျွံတာနဲ့ လမ်းလျှောက်တာနဲ့ လမ်းပြနယ်ခံမုဆိုးမပါဘဲ သွားလို့မရနိုင်ဘူး။ အလွန်အန္တရာယ်လည်း များပါတယ်။

ဆေးမြစ်ဆေးဥတွေကတော့ ရေခဲတောင်တွေပေါ်မှာ ပေါပါတယ်။ မုဆိုးမဟုတ်တဲ့ရွာကလူတွေတောင် ပွင့်လင်းရာသီမှာ သွားရှာတတ်ကြပါတယ်။ ရလည်းရကြပါတယ်။ အသေးစိတ်သိချင်ရင်တော့ မုဆိုးကြီး ဦးရဖွိုးဖုန်ဆန်းနဲ့တွေ့မှ မေးပေတော့ဗျို့။ သူကတော့ တစ်နှစ်လုံးတစ်ဦးတည်း ဆေးမြစ်ရှာပြီး အမဲလိုက်နေတာ"

ကျွန်ုပ်တို့အဖွဲ့ ရေမိုးချိုးပြီး အဝတ်အစားလဲ၍ နေ့လယ်စာကို (၁၂)နာရီခန့်တွင် စားကြသည်။ တောကောင်သား အသီးအရွက်ကြော်နှင့် မုန့်ညင်းချဉ်၊ ဝက်သားဟင်းရည်လည်း ပါသည်။ တောင်ပေါ်ဒေသအစားအစာဖြစ်သည့် ဝက်သားချဉ်သုပ်နှင့် ကျောက်ငါးကြင်းပေါင်းလည်း ပါသည်။ ဆီတို့ဘူးမှာလည်း မရိုးနိုင်သော ထမင်းမြိန်စေသည့် တောင်ပေါ်စာဖြစ်သည်။

စားသောက်ပြီးတော့ ကျွန်ုပ်တို့ ဗိုလ်တဲသို့ပြောင်းရွှေ့ပြီး အနားယူကြသည်။ ဗိုလ်တဲမှာ သစ်တောရုံးအနောက်ဘက်တွင်ရှိသော အုတ်တိုက်ကလေး ဖြစ်သည်။ အုတ်တိုက်ဟောင်းဖြစ်သော်လည်း သန့်ရှင်းသေချာထားပြီး ဆေးအသစ်သုတ်ထားသည်။ အမိုးမှာ အုတ်ကြွပ်မိုးပြီး အခန်းဖွဲ့စည်းပုံမှာ ခေါင်းရင်း၊ ခြေရင်းအိပ်ခန်း(၂)ခန်းစီ၊ အလယ်တွင်ဧည့်ခန်း နောက်ဖေးဘက်တွင်ရေချိုးခန်း၊ အိမ်သာနှင့် မီးဖိုခန်း



www.burmeseclassic.com

www.burmeseclassic.com



ပါရှိသည်။

ကျွန်ုပ်နှင့် ကိုဇော်မင်းက ခေါင်းရင်းခန်းတွင် တစ်ခန်းစီ ယူသည်။ ခြေရင်းခန်းတွင် ကျော်စိန်ဝင်းက တစ်ခန်း၊ အောင်ဘုနှင့် ကိုအင်နီကို တစ်ခန်းထဲ၌ အတူထားသည်။ ဂမ္ဘီရဆန်သော ကိုအင်နီ အတွက် အဖော်ရစေရန် ဖြစ်ပါသည်။

နေ့လယ်ခင်း ခေတ္တအနားယူ အိပ်စက်ကြပြီးနောက် ညနေ (၄)နာရီခန့်တွင် အိပ်ရာကထကြပြီး တောအုပ်ဦးမောင်လွင်စီစဉ်ပေး သော လက်ဖက်ရည်အချိုနှင့် ကောက်ညှင်းမုန့်ကိုစားရသည်။ လက် ဖက်အချိုခြောက်မှာ ဒေသထွက်ပြီး နို့ဆီမဟုတ်၊ နွားနို့စစ်စစ်ဖြင့် ဖျော် ထားခြင်းဖြစ်သည်။ လတ်ဆတ်သော လက်ဖက်ခြောက်နှင့် လတ်ဆတ် သောနွားနို့ဖြစ်၍ အရသာထူးလှသည်။

လက်ဖက်ရည်သောက်ပြီးသည်နှင့် တောအုပ်ဦးမောင်လွင်က မြို့တွင်းပတ်၍ လမ်းလျှောက်ရန်ခေါ်သဖြင့် ကျွန်ုပ်တို့ မိုလ်တဲတံခါး အား လုံခြုံစွာပိတ်၍ ထွက်ခဲ့ကြသည်။ လက်နက်နှင့် ခဲယမ်းများရှိ သောကြောင့် ဖြစ်သည်။ နောင်မွန်းမြို့ကလေးမှာ အေးချမ်းသာယာ လှသည်။ လူဦးရေကလည်း များဟန်မတူ။ လမ်းပေါ်တွင် လူအုပ်ကြီး ကိုမမြင်ရ။ တစ်ယောက်စနှစ်ယောက်စ တိုင်းရင်းသားများကို အထမ်း အပိုးဖြင့်သာ မြင်ရသည်။ ကလေးငယ်များကိုတော့ ဒူးလေးကိုယ်စီဖြင့် မကြာခဏ မြင်ကြရသည်။ လမ်းဘေးသစ်ပင်များပေါ်မှ ငှက်ကလေး များနှင့် ရှဉ့်ကလေးများအား လက်တည့်စမ်း၍ လိုက်လံပစ်ခတ်နေခြင်း ဖြစ်သည်။ တစ်ချက်တစ်ကောင် မှန်အောင်လည်း ပစ်နိုင်ကြသည်။ မုဆိုးပေါက်စကလေးများ ဖြစ်ကြပေသည်။

ကျွန်ုပ် ။ "ဦးမောင်လွင်ရေ မြို့က အတော်ခြောက်ကပ်သလိုပဲနော်"





"မခြောက်လှပါဘူး ဆရာ။ ကျွန်တော်တို့နေတဲ့ အနောက်ပိုင်း က အစိုးရရုံးတွေနဲ့ ဝန်ထမ်းရပ်ကွက်သာရှိလို့ မစည်ကားတာပါ။ အရှေ့ဘက်အပိုင်းက ဈေးနဲ့လူနေရပ်ကွက်တွေရှိလို့ စည်ကားပါတယ်။ ဒါပေမဲ့ တောင်ပေါ်ဒေသထုံးစံအတိုင်း မနက်အစောပိုင်းဈေးက အလွန် စည်ကားတယ်ဆရာ။ နေမထွက်ခင် ရောင်းချကြပြီး နေထွက်လာတာနဲ့ ဈေးက တဖြည်းဖြည်းကွဲတာပဲ။ ဒေသထွက်သီးနှံအမျိုးမျိုး တောကောင် သားနဲ့ ဆေးမြစ်၊ ဆေးဘက်ဝင် တောကောင်အစုံ ရောင်းကြတာပဲ။ တောင်ပေါ်မှာရောင်းတဲ့ မုန့်မျိုးစုံလည်း ရှိတယ်ဆရာ။ မနက်ဖြန်မနက် စောစောထပြီး လေ့လာကြတာပေါ့"

"ကောင်းတာပေါ့ဗျာ။ တိုင်းရင်းသား အစားအစာနဲ့ မုန့်မျိုးစုံ မြည်းစမ်းကြည့်ရတာပေါ့။ မမြင်ဖူးတဲ့ ဆေးပင်၊ ဝါးပင်၊ တောကောင် ပစ္စည်းတွေကိုလည်း လေ့လာရတာပေါ့"

"ဆရာတို့ကို သတိတော့ ပေးထားရဦးမယ်။ ဆေးပင်၊ ဆေးဥ နဲ့ ဆေးဘက်ဝင် တောကောင်ပစ္စည်းတွေကိုလိုချင်ရင် အရမ်းမဝယ် ကြပါနဲ့။ များမှာစိုးလို့ပါ။ လိုချင်တာမှန်သမျှ မုဆိုးကြီး ဦးရဖွိုးပုန်ဆန်းကို မှာထားရင် စစ်စစ်လည်း ရပါတယ်။ ဈေးလည်း သက်သာပါတယ်"

"ဟုတ်ပါတယ်ဗျာ။ ကျွန်တော်တို့က လေ့လာမေးမြန်းရုံတင် ပါပဲ။ လက်တွေ့မြင်ရရင်ပဲ ကျေနပ်ပါပြီ"

"နောင်မွန်းမြို့က (၂)မိုင်ပဲကျယ်ပြီး အလျားက မိုင်(၂၀)ရှိ တယ်ဆရာ။ လေယာဉ်ကွင်းက မြောက်ဘက်မှာ။ အကျယ်ကြီး မဟုတ် ပါဘူး။ တွင်အော်တာလေယာဉ် ဆင်းသာရုံပါပဲ။ မြေပြန့်လွင်ပြင်က ရှားတယ်လေဆရာ။ ဟောဟိုက လခတ်လင်းတောင်တန်းကြီး ဟိုဘက်က ဆန်းရိုန်တောင်တန်းနဲ့ ဝယ်မီးတောင်တန်းကြီး။ ဒီဘက်က ဖရွန်တောင်



www.burmeseclassic.com

www.burmeseclassic.com



တန်းကြီးနဲ့ ရှမ်းလုပ်တောင်တန်းကြီးပါ''

ဟိုးအနောက်ဘက်က ဒီဖူလခါးတောင်တန်းကြီး ဟိုးက အမြင့်ဆုံး ရေခဲတောင်ကြီးကတော့ ကျွန်တော်တို့နိုင်ငံမှာ အမြင့်ဆုံးဖြစ်တဲ့ ပေပေါင်း(၁၉၂၉၆)ပေမြင့်တဲ့ ခါကာဘိုရာဇီတောင်ကြီးတဲ့။ အနီးမှာ ဝန်းရံနေတာတွေကတော့ ပလောင်လခါးတောင်၊ ဒင်ခေါ်ရာဇီတောင်၊ နမ်နီလခါးတောင်၊ ရှင်ကလာဇီတောင်နဲ့ မတူရာဇီတောင်တွေပဲ''

''ဦးရဖွီးဖုန်ဆန်းတို့ အမဲလိုက်ရင်း ဘယ်ဘက်သွားကြသလဲ ဦးမောင်လွင်''

''ဒါကာဘိုရာဇီတောင်ဘက် သွားကြတာများပါတယ်။ ခါကာဘိုရာဇီတောင်ပေါ်တော့ မတတ်နိုင်ပါဘူး။ ပတ်ဝန်းကျင် ရေခဲတောင်တွေပေါ်ကိုပဲ တက်ကြရတာပါ။ ဒါတောင်လမ်းခရီးမှာ နှစ်ညအိပ်(၃)ရက်လောက်သွားမှ ရေခဲတောင်ပေါ်ကိုရောက်ပါတယ်''

''ဒီကနေကြည့်တော့လည်း အနီးကလေးပဲနော်။ ခါကာဘိုရာဇီတောင်ကြီးဆိုရင် ဒီကနေကြည့်ရင် ပိုနီးသလိုပဲ''

''ဟုတ်ပါတယ် ဆရာ၊ သူက အမြင့်ဆုံးနဲ့ အကြီးဆုံးဖြစ်လို့ပါ''

''ဒီဖူလခါးတောင်နဲ့ ပလောင်လခါးတောင်ပေါ်ရောက်ရင်တောင်မှပဲ ခါကာဘိုရာဇီတောင်ကြီးနဲ့ နှစ်ညအိပ်ခရီးလောက် ကွာသေးတယ်လို့ မှဆိုးကြီး ပြောဖူးပါတယ်''

''အမြင်နီးတယ်ထင်ရပေမဲ့ အတော်ဝေးသေးတာပဲနော်။ လမ်းခရီးကရော သွားရလာရတာ အဆင်ပြေပါ့မလား''

''ကုန်းကြောင်းခရီးပဲ ဆရာရယ်၊ မုဆိုးလမ်းပေါ့။ လမ်းပြမုဆိုးပါရင် အဆင်ပြေပါတယ်။ လမ်းမကျွမ်းလို့ကတော့ မလွယ်ဘူး





ဆရာ။ လမ်းမှားတာနဲ့ တောထဲမှာမျက်စိလည်ပြီး နှစ်ရက်သုံးရက်နဲ့တော့ တောထဲကမထွက်နိုင်သူတွေနဲ့ ကြုံဖူးတယ်''

''အေးဗျာ ...ကျွန်တော်တို့အဖွဲ့ ရေခဲတောင်ပေါ်သွားရင်တော့ ဆေးဝါးအပြည့်အစုံ၊ ရိက္ခာအပြည့်အစုံနဲ့ လက်နက်တွေပါပြည့်စုံအောင် ယူသွားရလိမ့်မယ်''

''မုဆိုးကြီး ဦးရဖွီးဖုန်ဆန်းပါရင်တော့ စိုးရိမ်စရာမရှိပါဘူးဆရာ။ သူက တစ်ယောက်တည်း အမဲလိုက်ရင်တောင် တစ်ခါထွက်ရင် နှစ်ပတ်သုံးပတ် ကြာတတ်တယ်။ ရေခဲတောင်ပေါ်မှာ သူလျှိုဝှက်ထားတဲ့ ဂူတွေရှိတယ်လို့ သိရပါတယ်''

''ဟုတ်တာပေါ့။ အိပ်စက်နားခိုတဲ့ဂူတော့ ရှိမှဖြစ်မှာပေါ့။ ရေခဲပြင်ပေါ်မှာအိပ်လို့ ဘယ်ဖြစ်မလဲ''

ကျွန်ုပ်တို့ လေယာဉ်ကွင်းဘက်မှ သစ်တောဝန်းသို့ ပြန်လာကြတော့ မိုးချုပ်စပြုပြီဖြစ်သည်။ သစ်တောရုံးတွင် အသက်(၅၀)ခန့်ရှိပြီဖြစ်သော လူကြီးတစ်ဦး ရောက်နေသည်။

ဦးမောင်လွင် ။ ''ဟော မုဆိုးကြီးတောင်ရောက်နေပြီကိုး။ ကျွန်တော် ဧည့်သည်တွေကို လေယာဉ်ကွင်းဘက် လိုက်ပြနေတာ''

''အေး ...ဒီကကောင်လေးတွေ ပြောပါတယ်။ ဧည့်သည်တွေရောက်နေတယ် ကြားလို့ ငါအသားခြောက်တွေလာပို့တာ''

''အတော်ပါပဲ၊ ကျွန်တော်လည်း မုဆိုးကြီးနဲ့ ဧည့်သည်တွေကို မိတ်ဆက်ပေးမလို့ စောင့်နေတာ။ ဝိုင်းကလေးလုပ်ကြရင်း စကားပြောကြတာပေါ့''

ဦးမောင်လွင်က သူ့တပည့်များအား အမြည်းလုပ်နိုင်းပြီး ARMY RUM ပုလင်းများ ထုတ်လာသည်။ ကျွန်ုပ်ကတားချ၍ နိုင်ငံခြား



www.burmeseclassic.com

www.burmeseclassic.com



ဝီစကီပုလင်းကို ထုတ်ပေးလိုက်သည်။ ကျွန်ုပ်တို့ မှဆိုးကြီးနှင့် မိတ်ဆက်ကြပြီး အရက်ဝိုင်းကလေးစကြသည်။ မုဆိုးကြီးယူလာသော တာကင်သားခြောက်၊ ချေသားခြောက်၊ ဆတ်သားခြောက်တို့ကို ကြော်၍ဖုတ်၍ တပည့်များက အမြည်းလုပ်ပေးသည်။

✿ ✿ ✿

❑

ကျွန်ုပ်တို့ စားသောက်ကြရင်း မုဆိုးကြီးဦးရဖိုးဖုန်ဆန်အား မေးကြတော့သည်။ မုဆိုးကြီးမှာ အသက်(၅၀)ခန့် ရှိပြီဖြစ်သော်လည်း အလွန်သန်မာထွားကြိုင်းသည်။ နီညိုရောင်တာကင်သားရေ အကျႌကို လက်ပြတ်ချုပ်ဝတ်ထားရာ သန်မာကြီးထွားသော လက်မောင်းကြီးက ကျွန်ုပ်တို့ပေါင်လုံးခန့်နီးနီး ရှိသည်။ သူ့အရပ်အမောင်းနှင့် သူ့ခန္ဓာကိုယ် အချိုးအဆစ်မှာ လိုက်ဖက်လှသည်။ ရဝမ်တိုင်းရင်းသား မုဆိုးကြီးဖြစ်သည်။ ငယ်စဉ်ကပင် အမဲလိုက်၊ ဆေးမြစ်၊ ဆေးဥရှာခဲ့သဖြင့် တောတောင်ကို အလွန်ကျွမ်းကြောင်း သိရသည်။

ဦးမောင်လွင် ။ "မုဆိုးကြီး ခင်ဗျားညွှန်သည်တွေက မုဆိုးကြီးရဲ့ အမဲလိုက် အတွေ့အကြုံတွေနဲ့ ဆေးမြစ်၊ ဆေးဥတွေရှာတာကို သိချင်လို့ ပြောပြပေးပါဦး။ နောက်ပြီး ဒီဆရာတွေမှာ သေနတ်တွေပါတော့ ရေခဲတောင်ပေါ်မှာ မုဆိုးကြီးနဲ့တွဲပြီး အမဲလိုက်ချင်ပါသတဲ့။ ကူညီပါဦး"





"ဆရာတို့က ဘာအကြောင်းသိချင်တာလဲ"

ကျွန်ုပ် ။ "ကတိုးကောင် တာကင်နဲ့ အခြားအကောင်တွေ အကြောင်းရယ်၊ ခန်းတောက်မြစ်၊ မချစ်ဥနဲ့ ရှိုးပတီးဥတွေအကြောင်း သိချင်ပါတယ်"

"အေး . . . ငါပြောပြမယ် နားထောင်။ ကတိုးကောင်ကို ရဝမ်ဘာသာနဲ့ ထလား(ခေလား) လို့ခေါ်တယ်။ ကတိုးဆိုကိုတော့ ရာဆွမ်းလို့ခေါ်တယ်။ ကတိုးကောင်ဟာ ဒရယ်မျိုးနွယ်ဝင်ဖြစ်ပေမဲ့ ဒရယ်လောက်မကြီးဘူး။ ချေလောက်ပဲရှိတယ်။ ရေခဲတောင်ပေါ်မှာ ကျက်စားတယ်။ အရွယ်က အလျား (၃')ပေ၊ ပခုံးအမြင့်လက်မ (၂၀")လောက်ပဲရှိတယ်။ ခွာက ချေခွာနဲ့တူပြီး ချွန်ထက်တယ်။

ရေခဲတောင်ပေါ်မှာသွားလို့ရအောင် သဘာဝကဖန်ဆင်းပေးထားတာ။ အလွန်လည်း လျင်မြန်တယ်။ ကိုယ်အပေါ်ပိုင်းက မီးခိုးရောင်နဲ့အညိုရောင်ရှိပြီး ဝမ်းဗိုက်ကဖြူတယ်။ အမြီးတိုလေးသာရှိပြီး ဦးချိုမရှိဘူး။ အထီးမှာ မေးရိုးအောက်က ထိုးထွက်နေတဲ့ အစွယ်နှစ်ချောင်းရှိတယ်။ အလေးချိန်က ငါးပိဿာကနေ ကိုးပိဿာလောက်ပဲရှိတယ်။ အမထက် အထီးကပိုပြီး ဆေးဘက်ဝင်တယ်။

ကတိုးကောင် အထီးနဲ့အမ မိတ်လိုက်ပုံက အလွန်ထူးဆန်းတယ်။ ကတိုးအထီးကောင်ရဲ့ အမြီးဖျားမှာ နို့သီးခေါင်းလိုချွန်ပြီး အပေါက်ကလေးတွေပါတယ်။ အဲဒီအပေါက်ကလေးတွေကနေ ကတိုးအထီးရဲ့ သုတ်ရည်ထွက်တယ်။

မိတ်လိုက်ချိန်မှာ ကတိုးအထီးရဲ့အမြီးကို အမကလိုက်စုပ်ရုံနဲ့ သန္ဓေရတယ်။ လဆန်းရက်၊ လပြည့်ရက်၊ လကွယ်ရက်များမှာသာ မိတ်လိုက်ကြတယ်။ တစ်နှစ်ကိုနှစ်ကြိမ် သားမွေးတယ်။ တစ်ခါမွေး



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း တစ်ကောင်းတည်းပဲ မွေးတယ်။ နို့တိုက်သတ္တဝါမျိုးဖြစ်တယ်။

တိုင်းရင်းဆေးဖော်ရာမှာ ကတိုးဆီ၊ ကတိုးမှုန့်၊ ကတိုးမွေး နဲ့ကတိုးနံ့သာခဲဟာ ဆေးဘက်အလွန်အသုံးဝင်တယ်။ အားဆေးပေါ့၊ ယောက်ျားအားဆေး။ ကတိုးနံ့သာခဲကို ကတိုးအထီးရဲ့ ချက်တိုင်အနီးမှာ အိတ်ကလေးနဲ့တည်နေတာ။ အိတ်ထဲမှာ နီညိုရောင် ကတိုးဆီနံ့သာခဲကို ရတယ်။

ရေခဲပြင်မှာနေတဲ့ ကျားဖြူတွေဟာ ကတိုးကောင်ကိုဖမ်းမိရင် အသားတွေ၊ အူတွေကို ကုန်စင်အောင်စားပေမဲ့ ချက်အိမ်က ကတိုးဆီနံ့သာခဲကို မွှေးလွန်းလို့မစားဘဲ ချန်ထားလေ့ရှိတယ်။ အဲဒါကို မုဆိုးတွေကတွေ့ရင်တော့ အလွန်ရခဲပြီး အဖိုးတန်တဲ့ပစ္စည်းပေါ့။ အလွန်လည်း ရခဲပါတယ်။

ကတိုးနံ့သာခဲ ဆီအိတ်ကို အခြောက်လှမ်းထားရင် အကောင်အရွယ်အစားအလိုက် အလေးချိန်ငါးမူးသားကနေ ငါးကျပ်သားအထိ ရှိတတ်တယ်။ ကတိုးနံ့သာခဲအဆီကို ရဝမ်ဘာသာနဲ့ (၃)မျိုးခွဲထားတယ်။ မန်ညမ်၊ လဆိုင်း၊ လခရောင်းလို့ခေါ်တယ်၊ လခရောင်းဟာ တန်ဖိုးအကြီးဆုံးပဲ။ ရွှေထက်တန်ဖိုးကြီးတယ်။ ရဖို့လည်း အလွန်ခဲယဉ်းပါတယ်။ ဝေးလံပြီး မြင့်မားတဲ့ ရေခဲတောင်တွေပေါ်မှာ နေကြတာ။ ကတိုးဆီကို အမျိုးမျိုးအသုံးချလို့ရတယ်။

ကတိုးအမှုန့်ကို အဝတ်နဲ့ထုပ်ပြီး ကလေးတွေရဲ့လည်ပင်းမှာ ဆွဲထားပေးရင် အန္တရာယ်ကင်းတယ်။ စုန်းပြူးစားလို့မရဘူး။ ပရလောကသားတွေ ကပ်လို့မရဘူး။ လူချစ်လူခင်များတယ်။ ကတိုးအမွှေးကို အမျိုးသမီးတွေခေါင်းအုံးထဲ ထည့်အိပ်ရင် ပဋိသန္ဓေကင်းဝေးတယ်။ ခေါင်းကိုက်ရောဂါ ပျောက်ကင်းချမ်းသာတယ်''





နားကိုက်ရင် ကတိုးဆီကို ရေနဲ့ဖျော်ပြီး နားထဲထည့်ရင် နားကိုက်ရောဂါ ချက်ချင်းပျောက်တယ်။ ကိုယ်တစ်ခြမ်းသေတာတို့ ငန်းဖမ်းတာတို့ စတဲ့ရောဂါတွေကိုလည်း သောက်ဆေး၊ လိမ်းဆေး အဖြစ်အသုံးပြုနိုင်တယ်။ သူငယ်နာဆေးတွေမှာလည်း အမျိုးမျိုးအသုံးပြုကြတယ်။

နောက် ဆေးဘက်ဝင်တဲ့ တောကောင်ကတော့ တောင်ဆိတ်ဘဲ။ သူ့ဦးချိုက နောက်ကိုလန်နေတယ်။ ဦးချိုရော၊ လျှာရော၊ ခွာရော၊ အရိုးရော ဆေးဖက်ဝင်တယ်။ အရိုးကျိုးဒဏ်ရာတွေကို တောင်ဆိတ်ဦးချို၊ ခွာနဲ့ အရိုးရရာကို သွေးလိမ်းရုံနဲ့ ရက်ပိုင်းအတွင်း ပြန်ကောင်းတယ်။

နောက်တစ်မျိုးက တာကင်ခေါ်သားမင်းကောင်ပဲ။ သူ့ဦးချိုက ရှေ့ကိုငိုက်ပြီး ဝန်းဝိုက်နေတယ်။ နွား၊ ကျွဲ၊ ပြောင်အုပ်စုဝင်တွေပဲ။ နီညိုရောင်အဆင်းရှိပြီး အလွန်လှတယ်။ အမွှေးရှည်တယ်။ ရေခဲတောင်နဲ့ ပတ်ဝန်းကျင်တောတွေထဲမှာ အုပ်စုလိုက် ကျက်စားတတ်တယ်။ အသားက နွားသားလိုပဲ နူးညံ့တယ်။ ဦးချိုကိုအိမ်တွေမှာ အလှအပ ချိတ်ဆွဲထားတတ်ကြတယ်။ မီးကွင်းတယ်လို့လည်း ယုံကြည်ကြတယ်။

တာကင်ချိုကိုခြစ်ပြီး ရလာတဲ့အမှုန့်ကို ကျွဲနွားကိုကျွေးရင် လျှာနာ ခွာနာ ရောဂါပျောက်တယ်။ တာကင်သားရေက အမွေးရှည်ပြီး နီညိုရောင်အဆင်းနဲ့ အလွန်လှတော့ အနွေးထည်အကျႌ ဦးထုပ်ချုပ်ရင် အလွန်လှပြီး တန်ဖိုးကြီးတယ်။ ကျန်းမာရေးကောင်းမွန်တယ်လို့လည်း ယုံကြည်ကြတယ်။ ကတိုးကောင်၊ တောင်ဆိတ်နဲ့ တာကင်ကောင်တွေကထွက်တဲ့ပစ္စည်းကတော့ လူကြိုက်များလို့ ရောင်းမလောက်ဘူး။ ဈေးထဲမှာရောင်းတာတွေကတော့ အစစ်ဟုတ်ချင်မှဟုတ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက ဆရာတို့ပြောတဲ့ ဆေးဘက်ဝင် သစ်ဥ၊ သစ်မြစ်တွေပဲ။ ငါတို့ဒေသမှာအသုံးများပြီး တန်ဖိုးရှိ ဆေးဘက်ဝင်တာတွေကတော့ . . .

ခန်းတောက်မြစ်၊ မချစ်ဥနဲ့ ရှိုးပတီးဥတွေပဲ။ ရေခဲတောင်တွေပေါ်မှာပေါက်တာ။ ဆောင်းရာသီအကုန် အခုလို ရေခဲပျော်ချိန်မှာ တူးယူရတာ။ ခန်းတောက်မြစ်က နှစ်မျိုးရှိတယ်။ ခန်းတောက်ရွှေဝါနဲ့ ခန်းတောက်အဖြူမျိုး။ ရွှေဝါက ဆေးဘက်အာနိသင် ပိုကောင်းတယ်။ နှစ်မျိုးစလုံး အဖျားအမျိုးမျိုးကို နိုင်တယ်။ ငှက်ဖျားရောဂါအတွက်တော့ အထူးနိုင်တဲ့ ငှက်ဖျားပျောက်ဆေးပဲ။

ခန်းတောက်မြစ်ကို ဓားနဲ့ပါးပါးလှီးပြီး ရေနွေးစိမ်၊ ပျားရည်တစ်ဇွန်းနဲ့ အရက်တစ်ဇွန်းထည့်ပြီး ပူပူကလေးသောက်ရတာ။ ဘယ်ကလောက်ပင် ငှက်ဖျားကြီးပါစေ (၃)ခွက်သောက်ရုံနဲ့ လုံးဝပျောက်တယ်။ သွေးထွက်ဒဏ်ရာရရင်လည်း ခန်းတောက်မြစ်အစိုကို ထုထောင်းပြီး အုံပေးရုံနဲ့ သွေးတိတ်ပြီး ဒဏ်ရာပျောက်တယ်။

မချစ်ဥကတော့ ကြက်သွန်ဖြူဥနဲ့တူတယ်။ ဖော့လိုပွပွ အဖြူရောင်ကလေးပါပဲ။ အရသာက ခါးတယ်၊ အပူဓာတ်ရှိတယ်။ ပျားရည်၊ အရက်တို့နဲ့ စိမ်သောက်ရတယ်။ အစွမ်းထက်တဲ့ အားဆေးပဲ။ မသေဆေးလို့လည်း ခေါ်ကြတယ်။ နောက်တစ်ခု နာမည်ကြီးဆေးဘက်ဝင် အပင်ရှိသေးတယ်။ မရှော့ပင်လို့ ခေါ်တယ်။ အဆိပ်ဖြေဆေးပင် ဖြစ်တယ်။ အရိုးနာ၊ ကျိုးပဲ့ဒဏ်ရာ၊ လေရောဂါ၊ သွေးတိုး၊ ပိုးထိ၊ အစားမှားအဆိပ်မိရောဂါတွေကိုစားရင် လိမ်းရင်၊ ချက်ချင်းပျောက်တယ်''

ရှိုးပတီးဥကတော့ အားဆေးတစ်မျိုးပါပဲ အမောလုံတယ်၊ သွေးလည်ပတ်မှုအားကောင်းတယ်။ ရှိုးပတီးဥက ထူးဆန်းတာရှိတယ်၊





သူတို့က အသက်ရှိသလိုပဲ နေရာရွှေ့သွားတတ်တယ်။ ဒီနေ့ ဒီနေရာမှာ တွေ့ရပေမဲ့ နောက်တစ်ပတ်သွားကြည့်ရင် အဲ့ဒီနေရာမှာ မရှိတော့ဘူး။ ဒေသခံမုဆိုးတွေကတော့ လမ်းလျှောက်အားဆေးပင်လို့ ခေါ်ကြတယ်''

ကျွန်ုပ် ။ ''ဟုတ်ကဲ့ . . . မုဆိုးကြီး၊ အမဲလိုက်တော့ ဘာလက်နက်တွေသုံးသလဲ။ ကျွန်တော်တို့လည်း လိုက်လေ့လာချင်လို့ပါ''

''ငါတို့သုံးတာကတော့ ဆိပ်လူးမြှားပဲ။ တူမီးသေနတ်တွေက ရေခဲတောင်တွေပေါ်မှာ မီးမကျူးတော့ စိတ်မချရဘူး။ ဆရာတို့ လိုက်ချင်ရင် လိုက်လို့ရပါတယ်။ ဒါပေမဲ့ အန္တရာယ်များတယ်၊ ပင်ပန်းမယ်''

''ငါငယ်ငယ်က အကြောင်းပြောရဦးမယ်။ ငါ့အသက် (၁၂)နှစ်သားလောက်ကပေါ့။ ငါ့အဘိုးက မုဆိုးကြီး။ တစ်နေ့ သူနဲ့ ရေခဲတောင်ပေါ် လိုက်သွားတာ ငါ့ကိုရေခဲဂူတစ်ခုထဲမှာထားခဲ့ပြီး အဘိုးက ကတိုးကောင်နောက်လိုက်တာ တစ်ရက်လည်း ပြန်မလာဘူး၊ နှစ်ရက်လည်း ပြန်မလာတော့ ငါလည်းစိတ်ပူပြီး ပတ်ဝန်းကျင်ကို လိုက်ရှာတာပေါ့။

အဲဒီအချိန်မှာ နှင်းမုန်တိုင်းကျလာတာနဲ့ ငါလည်း ဂူရှိရာသို့ ပြန်ပြေးခဲ့တယ်။ နှင်းမုန်တိုင်းက ဘယ်လောက်ပြင်းသလဲဆိုရင် ငါလွင့်ပါသွားပြီးလဲကျတာ လူတခြား ဒူးလေးတခြားပဲ။ အဲဒါ ဒူးလေးကိုပြန်ရှာပြီး တောင်ခြေရင်းမှာကပ်နေရတာ နေ့ဝက်ကြာတယ်။ ဗိုက်ကလည်းဆာလိုက်တာ အလွန်ပဲ။ အဲဒါနဲ့ ရှိုးတီးအပင်အုပ်တွေ့တာနဲ့ ဥရောအပင်ရော အစိမ်းလိုက်ဝါးစားပစ်တော့မှ နေသာထိုင်သာ ရှိသွားတယ်။

နှင်းမုန်တိုင်းငြိမ်တာနဲ့ ဂူရှိရာကိုပြန်လာခဲ့ပေမဲ့ ရေခဲတွေပိတ်သွားလို့ ဂူကိုရှာမရတော့ဘူး။ ဟိုနားဒီနား ယက်ကြည့်ပေမဲ့ ဂူက



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နေကရော။ ငါလည်း အလွန်စိုးရိမ်သွားတာပေါ့။ ငါတို့ဂူရှေ့မှာ ထင်းရှူးပင်နှစ်ပင်ရှိတယ်လို့ မှတ်မိသလိုရှိပေမဲ့ ဂူပေါက်ဝပျောက်နေတယ်။ အဲ့ဒါနဲ့ငါလည်း ထင်းရှူးပင်အောက်မှ ငုတ်တုတ်ထိုင်ရင်း ပြန်ရမဲ့လမ်းကို စဉ်းစားရင်းနေမိတယ်။ နှစ်ညအိပ်၊ သုံးရက်ခရီး တောကြီးကိုဖြတ်လာရလို့ တစ်ယောက်တည်းပြန်ဖို့လည်း မဖြစ်နိုင်ဘူးလေ။

အဲဒီအချိန်မှာ ရေခဲငှက်ကြီးတစ်ကောင်၊ ထင်းရှူးပင်ပေါ်ကို လာနားတယ်။ ငါလည်းဆာဆာနဲ့ အဲဒီငှက်ကြီးကို ဒူးလေးနဲ့ ပစ်ချလိုက်တာ ချက်ကောင်းထိပြီး ပြုတ်ကျလာတယ်။ ငါလည်း ဝမ်းသာအားရပြေးအကောက် တောခွေးအူသံတွေကြားရလို့ ငါလှည့်ကြည့်တော့ (၁၅)ကောင်လောက်ရှိတဲ့ တောခွေးအုပ်က ငါ့ကိုဝိုင်းထားတယ်။ ဒီကောင်တွေက ရေခဲငှက်ကြီးကို လိုက်ချောင်းနေတဲ့ အကောင်တွေဖြစ်လိမ့်မယ်။ ဒါနဲ့ငါလည်း ငှက်ကြီးကို သူတို့အုပ်ထဲပစ်ထည့်လိုက်ပြီး အနီးက ထင်းရှူးပင်ပေါ် တက်ပြေးရတော့တာပေါ့။

ရေခဲငှက်ဆိုတာက အကောင်အတော်ကြီးတာ။ ဘဲငန်းကြီးလိုဘဲပြုမွေးပြီး နှစ်ပိဿာသုံးပိဿာရှိတာ ငါ့အစာကို သူတို့ကို ပေးလိုက်ရတော့ ငါအတော်မကျေမနပ်ဖြစ်မိတာပေါ့။ အဲဒီကောင်တွေကလည်း ငှက်ကြီးကိုစားလိုက်ကြတာ အမွေးတောင်မကျန်ဘူး။ တကယ် အစားငမ်းတဲ့ကောင်တွေ။ ငှက်ကြီးကိုစားပြီးတော့ ငါ့ဘက်လှည့်လာကြတယ်၊ ပါးစပ်တွေက သရေတစ်မြားမြားနဲ့။ ငါသစ်ပင်ပေါ်ကအဆင်းကို ထိုင်စောင့်နေကြတယ်။ ငါလည်း အမြင့်ကပ်တာနဲ့ တောခွေးခေါင်းဆောင်လို့ထင်ရတဲ့ကောင်ကြီးကို ဒူးလေးနဲ့ အသေအချာချိန်ပြီး ပစ်ထည့်လိုက်တယ်။ ရင်ဝကိုမြားမှန်တာနဲ့ တောခွေးခေါင်းဆောင်ဟာ တဂိန့်ဂိန့်အော်ပြီး လူးလိမ့်နေတယ်။ မကြာဘူး နောက်တစ်ကောင်က တက်လာ





ပြန်တယ်။ ငါလည်း အသေအချာချိန်ပြီး ပစ်ပြန်တယ်။ အဲဒီလိုနဲ့ (၃) ကောင်ကျသွားမှ တောခွေးအုပ်ပြေးတော့တာ''

''အဲဒီအချိန်မှာ ငါကံကောင်းချင်တော့ ရေခဲတောင်ခြေမှာ တုတ်တစ်ချောင်းထိုးထွက်နေတာကို တွေ့ရတယ်။ ငါမှတ်မိသွားပြီလေ။ ငါနေခဲ့တဲ့ရေခဲဂူက ထင်းစတစ်ချောင်းဟာ ရေခဲတွေအရည်ပျော်သွားလို့ အစွန်းထွက်နေတာမှန်း ငါမှတ်မိသွားတယ်။ အဲဒါနဲ့ အောက်ကိုဆင်း။ တုတ်ကိုဆွဲနုတ်၊ ဂူဝကိုချဲ့လိုက်တော့ ဂူဝပြန်ပေါ်လာပါရော။ ဝမ်းသာလိုက်တာမှ ထတောင်ခုန်မိတယ်။ ဂူထဲမှာ ရိက္ခာနဲ့ အိုးခွက်ပန်းကန်တွေ ရှိတယ်လေ။ အဲဒါနဲ့ မီးမွေးပြီး ထမင်းချက်ဖို့ စိတ်ကူးမိတယ်။ ဒါပေမဲ့ ရိက္ခာက နည်းနေပြီဆိုတာသိရတော့ အတွေးပေါက်ပြီး ရေနွေးအိုးပဲတည်ခဲ့တယ်။ ဘာရမလဲ ဂူပြင်ထွက်ပြီး တောခွေးသေတစ်ကောင်ကို သွားဆွဲတာပေါ့''

ဂူအပြင်မှာ တောခွေးသေကို အမဲလိုက်မှဆိုးဓားနဲ့ ဖျက်ပြီး အသားကောင်းတွေကိုပဲ နွှင်ယူတယ်။ တချို့အသားတွေကို ရေနွေးအိုးထဲမှာ ဆည့်ထည့်ပြီး ပြုတ်လိုက်တယ်။ တချို့အသားတွေကိုတော့ မြောင်းလုပ်ပြီး မီးကင်ထားလိုက်တယ်။ နေ့ဖို့ညစာပေါ့။ အသားပြုတ်ကျက်တာနဲ့ တစ်ဝကြီးစားပစ်လိုက်တယ်။

ငတ်လို့လားမသိဘူးဟေ့ တောခွေးသားကညှီပေမဲ့ အတော်ကောင်းတာပဲ။ တောခွေးရိုးနဲ့ သားရေတွေ၊ အူတွေကိုတော့ ထင်းရှူးပင်ရင်းမှာ သွားမြှုပ်ထားလိုက်တယ်။ အဲဒါနဲ့ ရေခဲဂူထဲမှာ တစ်ညအိပ်ပြန်ရော။ ဂူထဲမှာမီးဖိုထားတော့ နွေးနေတာပါပဲ။ ငါတို့မှာ ဂွမ်းစောင်တွေလည်း ပါတယ်လေ။

ငါစိုးရိမ်နေတာက ငါ့အဘိုးသေပြီလို့ ထင်နေတယ်။ (၃)ရက်



www.burmeseclassic.com

www.burmeseclassic.com



မြောက်တဲ့နေ့မှာ ငါပြန်မယ်လို့လည်း စဉ်းစားနေမိတယ်။ အဲဒါနဲ့ ပျော်သွားလိုက်တာ မနက်မိုးလင်းလို့ ဂူဝကခေါ်သံကြားမှ ငါလ တော့တယ်။ အဘိုးပါပဲ၊ ကတိုးကောင်ကြီးကိုထမ်း၊ ဝါးကျည်တေ ဘူးကြီးကိုလွယ်၊ ဒူးလေးကြီးကို လက်ကကိုင်ပြီး ငါ့ကိုခေါ်နေတာ။

ဒါနဲ့ငါလည်း ကမန်းကတန်း အိပ်ရာကထပြီး အဘိုးကို ဖေ ဖဝါနဲ့ ထိုင်ကြည့်နေမိတယ်။ အဘိုးက 'ငါမြေး ...နေကောင်ရဲ့လား အဘိုးပါကွ။ ကတိုးကောင်ကိုလိုက်ရင်း နယ်ကျွံသွားတာ ခါကာဘိုရာဇ် တောင်ခြေကို ရောက်သွားတယ်။ ဂူထဲမှာ ရိက္ခာတွေရှိလို့ ငါ့မြေးကို မပူမိဘူး။ အဘိုးတော့ တောင်ခြေမှာ ရေခဲတွင်းတူးပြီး နှစ်ညအိပ်ခဲ့ရ တယ်''

''ငါ ဝမ်းသာလွန်းလို့ အဘိုးကို ပြေးဖက်မိတယ်။ ပြီးတော့ ငါ့ဒုက္ခတွေကိုလည်း ပြောရတာပေါ့။ အဲဒီအချိန်မှာအဘိုးက သူယူလာ တဲ့ ဝါးကျည်တောက်ထဲက နီညိုညိုအရေတွေကို ဝါးခွက်နဲ့ခပ်ပြီး ငါ့ကို တိုက်တယ်။ ငါလည်း အငမ်းမရသောက်ချလိုက်တာ ရင်ထဲမှာ အေးသွား ပြီး ရွှင်လန်းချမ်းမြေ့သွားတယ်။ အရသာက ချဉ်သလိုလို၊ ခါးသလိုလို ချိုသလိုလိုပဲ။ ဘာရေမှန်းတော့မသိဘူး''

''ငါ့မြေး ...ဒါကျောက်သွေးအစစ်ပဲ။ ဆေးဘက်အသုံးဝင်ပြီး အလွန်ရှားပါးပြီး တွေ့ရခဲတယ်။ အဘိုးလည်း ဒီအရေကိုသောက်ပြီး ထမင်းမစား၊ ဟင်းမစားဘဲ နှစ်ရက်သုံးရက်နေနိုင်တာ။ အမောလည်း လုံတယ်။ မြို့ပြန်ရောက်လို့ ရောင်းစားရင် ငွေတွေအများကြီးရဦးမှာ ပဲ။ အချိန်ရှိတုန်း ပြန်ကြမယ်''

''အဲ့ဒါ ငါ့မြေးကို ပြောထားရဦးမယ်။ ဒီကျောက်သွေးကို ခါကာဘိုရာဇီ တောင်ခြေကဂူတစ်ခုထဲမှာ တွေ့ခဲ့တာ။ တိရစ္ဆာန်အုပ်တွေ





ဝိုင်းသောက်နေတာတွေ့လို့ အဘိုးလည်းစောင့်ပြီး ခပ်ယူခဲ့တာ။ ရေခဲ တောင်ပေါ်မှ နှစ်ညအိပ် (၃)ရက် တစ်ယောက်တည်းနေရပြီး မိမိကိုယ် မိမိကာကွယ်နိုင်ခဲ့တဲ့ ငါ့မြေးလည်း မုဆိုးစာမေးပွဲအောင်သွားပြီ။

နောက်ဆို အဘိုးနဲ့အတူလိုက်ခဲ့ရင် ဂူစောင့်မထားတော့ဘဲ တစ်ခါတည်းခေါ်သွားမယ်။ ရေခဲတောင်ပေါ်မှာ နေတတ် ် စားတတ် ရင်၊ ဝေ်ပြီးမသေနိုင်ပါဘူး။ ရေခဲတောင်ပေါ်မှာ ပေါက ်အဝင်ငယ် တိုင်း ဆေးဘက်ဝင်တာချည်းပဲ။ အဲဒီအပင်တွေစားတာ းရှ ် အဆာ ပြေနိုင်ပါတယ်။ အားလည်းရှိတယ်၊ အမောလုံတယ် ငါ့မြေးရဲ့။ တောခွေး သားကလည်း ဒီကရာသီဥတုနဲ့ လိုက်ပါတယ်။ သူက ပူတယ်လေ။ များများစားရင်တော့ ဆံပင်တွေဘာတွေ ကျွတ်တတ်တယ်။ ခွေးသား စားပြီးရင် အဆိပ်ပြေအောင်လို့ မရှော့ရွက်ကိုစားရတယ်။ တောင်ဆင်း ကျမှ အဘိုးရှူးကျွေးမယ်။ ကဲ ...ပြန်ကြရအောင် ပစ္စည်းတွေသိမ်း တော့' လို့ဆိုမှ ငါလည်း ပစ္စည်းတွေသိမ်းပြီး အဘိုးနဲ့အတူ ပြန်လိုက် ခဲ့ရတာ။ အဲဒီအခေါက်က အဘိုး ကျောက်သွေးနဲ့ ကတိုးနံ့သာအိတ် ရောင်းတာ ငွေသိန်းဂဏန်းလောက်ရတယ်။ အဲဒီတုန်းက ငွေသိန်း ဂဏန်းဆိုတာ နည်းတာမဟုတ်ဘူး။ သိန်းထီပေါက်သလောက်ရှိတယ်''

ကျွန်ုပ် ။ ''နောက်ပိုင်းရော မုဆိုးကြီးတို့ ကျောက်သွေးကို သွားရှာကြ သေးသလား''

''ရှာပါသော်ကော ဆရာရယ်။ အဘိုးကိုယ်တိုင်တောင် နေရာ မမှတ်မိတော့ဘူး။ ပျောက်ကွယ်သွားပြီ။ အဘိုးက ပြောပါသေးတယ်။ အဲဒါ နတ်ဝှက်ထားတာတဲ့။ တစ်ခါပဲပေးတာတဲ့''

''ဒါနဲ့အဘိုးက အသက်ဘယ်လောက်မှာ ဆုံးသွားတာလဲ''

''အသက် (၉၀)ကျော်မှ ဆုံးတာပါ။ ကျောက်သွေးသောက်နိုး



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့။ ငါလည်း ကျောက်သွေးသောက်လိုက်ရလို့လား မဆိုနိုင်ဘူး ကျန်းမာရေး အလွန်ကောင်းတယ်။ အခုလည်း အသက်(၅၀)ကျော်နေပြီ။ သန်တုန်းမြန်တုန်းပဲ။ ဖျားလည်း ဖျားနာခဲတယ်''

ကျွန်ုပ် ။ ''ဟုတ်ပါရဲ့ဗျာ၊ မုဆိုးကြီးကသန်မာပြီး ထွားကြိုင်းလိုက်တာ အလွန့်ဂုဏ်ပဲ။ ကျွန်တော်တို့လည်း မတော်တစ်ဆ ကျောက်သွေးသောက်ရရင်ဗျာ အလွန်ဟန်ကျမှာပါပဲ''

''ကြွက်... ဒါမျိုးကတော့ တွေ့ရခဲပါတယ်။ ကံကောင်းထောက်မလို့တွေ့ရ...လည်း တစ်ခါပါဘဲ။ ဆရာတို့ ကျုပ်နဲ့လိုက်ချင်ရင်တော့ မနက်ဖြန် အသင့်ပြင်ထားပါ။ အသားခြောက်တွေ လိုလိမ့်မယ်။ လမ်းခရီးသွားရင်းစားရအောင် ဝယ်ထားပါ။ အနွေးထည်နဲ့စောင်တွေလိုမယ်။ အရက်လိုမယ်။ သန်ဘက်ခါမနက် စောစောထွက်မယ်''

ထိုညက စကားကောင်းနေသဖြင့် ကျွန်ုပ်တို့ အိပ်ရာဝင်တော့ သန်းခေါင်တိုင်ချေပြီ။ ရေခဲတောင်ခရီးစဉ်ကို စဉ်းစားပြီးမှေးခနဲ အိပ်ပျော်သွားရာ မနက်မိုးလင်းမှ တစ်ရေးနိုးတော့သည်။ ခါတိုင်းစောစောထ,နေကျ ကိုအင်နီတစ်ယောက် အိပ်ရာက ထသေးဟန်မတူပါ။

❀ ❀ ❀

❑

ကျွန်ုပ်တို့မနက် (၈)နာရီခန့် BREAK FAST စားရန် ကိုအင်နီကိုနှိုးခိုင်းမှ ကိုအင်နီ နိုးထလာသည်။

ကျွန်ုပ် ။ ''ကိုအင်နီရယ် ... အိပ်လှချည့်လား။ ညက အိပ်မပျော်ဘူးထင်တယ်။ အောင်ဘုနဲ့အတူအိပ်တာ မဟုတ်လား''

''ဟုတ်တယ် ... ညက ငါအိပ်မရဘူး။ ဗိုလ်တဲအစောင့်ကောင်က ငါခြေထောက်ကို လာလာဆွဲတယ်။ ငါလည်းအမြင်ကပ်လို့ ဘေးနဲ့ ထပိုင်းလိုက်တာ ခုတင်ဘောင်တောင်ပဲ့သွားတယ်။ မိုးလင်းပိုင်းမှ အိပ်ပျော်သွားတာ''

''အင်း .... ကိုအင်နီနဲ့ အစောင့်တွေကလည်း မတည့်ကြဘူးထင်ပါရဲ့။ အောင်ဘုကရော ဘာဖြစ်သေးသလဲ''

ကိုအင်နီ ။ ''ဆရာတပည့်လား အိပ်လိုက်တာမှ သိုးလို့။ ဘာမှတောင်သိမှာမဟုတ်ဘူး''

ဂမ္ဘီရဆန်သောကိုအင်နီနှင့် အစောင့်များမှာ မည်သို့မှတ်မတည့်ကြသည် မသိပါ။ ကိုအင်နီတစ်ယောက်တည်းသာ ရွေး၍ ဖြစ်နေသည်။ ညကပင် မနက်ခင်းဈေးမိစေရန် အောင်ဘုနှင့်ကျော်စိန်ဝင်းအား အသားခြောက်နှင့် ရိက္ခာများဝယ်ရန် လွှတ်ထားသဖြင့် ၎င်းတို့နှစ်ယောက်ရှိမနေပါ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်မင်း ။ ''ဒီည အောင်ဘုနဲ့မအိပ်ပဲ အခန်းပြောင်းပြီး ကျော်စိန်ဝင်းနဲ့အိပ်ပါလား ကိုအင်နီ။ မနက်ဖြန် ခရီးထွက်ရမှာဆိုတော့ အိပ်ရေးပျက်လို့ မဖြစ်ဘူးလေ''

''ရတယ် ဆရာ။ ညက ငါမားနဲ့ခုတ်လိုက်တာ အဲဒီမဲကောင်ပျောက်သွားတာ ပေါ်မလာတော့ဘူး။ ဒါကြောင့် ငါမိုးလင်းပိုင်းအိပ်နိုင်တာ''

ထိုစဉ် နွားနို့ခွက်များဖြင့် တောအုပ်ဦးမောင်လွင်နှင့် တပည့်တစ်ဦး ရောက်လာကြသည်။

''ဆောရီးပဲ ဆရာရေ။ ဒီနေ နွားနို့ပို့တဲ့ သူနောက်ကျနေလို့ အချိန်ကြာသွားတာ''

''ရပါတယ်ဗျာ။ တောထဲသွားရင် အခါးရည်တောင် နပ်မှန်ပါ့မလား မသိဘူး။ အောင်ဘုနဲ့ ကျော်စိန်ဝင်းကိုတော့ နို့ဆီနဲ့သကြားမှာလိုက်သေးတယ်။ ရပ့်မလားတော့ မသိဘူး''

''ရနိုင်ပါတယ် ဆရာ။ မနက်စောစော ဈေးမီဖို့ပဲ အရေးကြီးပါတယ်။ မကြာမီ အောင်ဘုနှင့်ကျော်စိန်ဝင်းတို့ ပြန်ရောက်လာကြသည်။

''ဆရာရေ .. ငါးခြောက်ကတော့ ကျောက်ငါးကြင်းခြောက်တွေ အရိုးများတာနဲ့ မဝယ်ခဲ့ဘူး၊ ဆတ်သားခြောက်၊ ချေသားခြောက်နဲ့ မှန့်ညင်းခြောက်ရယ်၊ ဆီရယ်၊ ဆားရယ်၊ အာမီရမ်ရယ်ဝယ်ခဲ့တယ်။ အဲ .. ဆရာမှာတဲ့ လက်ဖက်ခြောက်နဲ့ နို့ဆီ၊ သကြားလည်းရခဲ့ပါတယ်''

''အေး ... အဲ့ဒါဆိုရင် ယူသွားရမဲ့ပစ္စည်းတွေကိုစနစ်တကျထုပ်ပိုးကြ၊ ငါတို့လည်း သေနတ်တွေကို စစ်ဆေးပြီး တိုက်ချွတ်လိုက်ဦးမယ်''





ကျွန်ုပ်တို့ အဖွဲ့တွင် အနွေးထည်များ ခေါင်းစွပ်များ လက်အိတ်နှင့်အမဲလိုက်တောစီးဘိနပ်များ၊ အပြည့်အစုံရှိကြပါသည်။တစ်နေ့ကုန်ပြင်ဆင်ပြီး ညနေစောင်းမှ ပြီးစီးတော့သည်။ အရေးကြီးသော ဂက်(စ်)မီးခြစ်နှင့်အမဲလိုက်ဓာတ်မီး၊ ဓာတ်ခဲအပိုများ၊ ဆေးဝါးများကိုလည်း မမေ့ကြပါ။

ညတွင်လည်း မုဆိုးကြီးဦးရမွှေးဖုန်ဆန်းလာသေးသည်။ လိုအပ်သည့် များကို မေးမြန်းပြီး စောစောပင်ပြန်သွားသည်။ ထိုညက ကျွန်ုပ်တို့လည်း ဝိုင်းမလုပ်တော့ ညစာစားပြီး ဘုရားဝတ်ပြု၍ ကိုယ်စီအိပ်ယာဝင်ကြသည်။ အိပ်ရာမဝင်မီ ကိုအင်နီအား ကျော်စိန်ဝင်းအခန်းသို့ ပြောင်းအိပ်နိုင်းပြီး မေတ္တာပို့ခြင်းကိုလည်း အတန်တန်မှာရသေးသည်။

ကျော်စိန်ဝင်းက ဘုရားတရားလုပ်သူဖြစ်၍ ယနေ့ညတော့ ကိုအင်နီတစ်ယောက်ကောင်းစွာ အိပ်ပျော်မည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း အစောင့်အရှောက်များအား မေတ္တာအကြိမ်ကြိမ်ပို့၍ အမျှအတမ်းဝေပြီးမှ အိပ်ရာဝင်ခဲ့ခြင်းဖြစ်သည်။ ဂန္ထိရဆန်သောတစ်ပွဲစားကိုအင်နီဘဝကို တွေးတောရင်း ကျွန်ုပ်လည်း နှစ်ခြိုက်စွာအိပ်ပျော်ခြင်းသို့ ရောက်သည်။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့ မနက်(၄)နာရီခန့်ထကြပြီး ဘုရားဝတ်ပြု၊ ပုတီးစိပ် အမျှအတမ်းဝေပြီး ထမင်းကြော်နှင့် အခါးရည်ကို သောက်ကြသည်။ မနက်(၅)နာရီတွင် မုဆိုးကြီးဦးရမွှေးဖုန်ဆန်းရောက်လာသည်။ ပုလိုင်းတစ်လုံးနှင့် ဒူးလေးကိုလွယ်လျက် သားကောင်သရေမွှေးရည်အင်္ကျီ၊ ဂျပ်ခုတ်လုံချည်ထူကြီးနှင့် ကိုယ်တိုင်ချုပ်ထားဟန်တူသော သားရေဖိနပ်ကြီးကို စီးထားသည်။ ခြေစွပ်မပါပါ။ လက်အိတ်



www.burmeseclassic.com

www.burmeseclassic.com



လည်းမပါ။ သိုးမွေးခေါင်းစွပ်ဦးထုပ်ကြီးကိုတော့ ဆောင်းထားသည်။ ဒေသခံဖြစ်၍ အအေးဒဏ်ခံနိုင်ရည် ရှိပုံရပါသည်။

မနက်စောသေး၍ နှင်းများက ကျနေသည်။ ပတ်ဝန်းကျင်တစ်ခွင် လုံးနှင်းထုကြီးက ထူထဲစွာ လွှမ်းခြုံထားသည်၊ သို့သော် တောင်ပေါ်ဒေသဖြစ်၍ အလင်းရောင်ကို စောစီးစွာရနေသည်။ ရှေ့ဆုံးမှ မှဆိုးကြီးနှင့်ကိုအင်နီက ဦးဆောင်၍ ထွက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့က ရေဘူးကိုယ်စီလွယ်၍ သေနတ်များကိုယ်စီ ထမ်းထားကြသည်။

ကျွန်ုပ်တွင် ဒသမ ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကြီးအပြင် အရေးပေါ် အနီးကပ်ပစ်နိုင်ရန် ပိုင့် • ၃၈ SMITH AND WATSON အမျိုးအစား ပြောင်းတိုခြောက်လုံးပြူးကလေးတစ်လက် ခါးချိတ်ထားသေးသည်။ နောက်က အောင်ဘုနှင့်ကျော်စိန်ဝင်းတို့က အထုပ်အပိုးကိုယ်စီထမ်း၍ ကျွန်ုပ်၏ ပိုင့် ၂၂ ငှက်ပစ်သေနတ်ကိုလည်း လွယ်လာကြသေးသည်။

လေယာဉ်ကွင်းကိုဖြတ်ကျော်ပြီး မြောက်စူးစူးသို့ ဦးတည်လာခဲ့ကြခြင်းဖြစ်သည်။ တဖြည်းဖြည်း နှင်းများပါးလာသည်။ မျက်စိရှေ့မှ တောင်တန်းကြီးများသည် မြင့်မားလွန်းလှသည်။ လူသွားလမ်းမှာလည်း ကွေ့ကွေ့ကောက်ကောက် ရှိလှသည်။ တစ်ကုန်းကျော်ပြီး နောက်တစ်ကုန်းတက်ရပြန်သည်။ တဖြည်းဖြည်းလူသွားလမ်းမှာ ကျဉ်းမြောင်းလာသည်။ မုဆိုးလမ်းသာသာသာ ရှိတော့သည်။

တောစပ်မှဝင်သည်နှင့် တောကြီးမှ အမြဲစိမ်းလန်းသော တောကြီးဖြစ်၍ အရိပ်ကောင်းပြီး မှောင်မဲလာသည်။ တောကြက်တောငှက်များ၏ အိပ်တန်းဆင်းသံက သာယာလှသည်။ ခေါင်းတွန်သံ၊ မျောက်အော်သံများလည်း တဖြည်းဖြည်း ဆူညံလာသည်။ အဝေးဆီမှ ဆတ်





တစ်သံ၊ ချေဟောက်သံများကိုလည်း ကြားလာရသည်။ ကျွန်ုပ်တို့သည် အတွေ့အကြုံရင့် မုဆိုးများဖြစ်သည်နှင့်အညီ တောတွင်းရောက်သည်နှင့် ချေသံလုံအောင်လျှောက်ပြီး တိတ်ဆိတ်စွာလျှောက်လှမ်းကြသည်။

ကျွန်ုပ်တို့ ပေပေါင်း(၆၀၀၀')ကျော်မြင့်သော တဆာခူးတောင်တန်းကြီးကို ကျော်ကြသည်။ မကြာမီ ဂေါ်လဲထုကျေးရွာသို့ရောက်၍ မုဆိုးကြီးမိတ်ဆွေအိမ်တွင် ခဏနား၍ အခါးရည်သောက်ကြသည်။ ပြီးနောက်ဆက်ထွက်လာရာ ရှင်ဆန်ခူးတောင်တန်းကြီးကို ဒုတိယအကြိမ်ကျော်ဖြတ်ရပြန်သည်။ တောင်ခြေရွာငယ်ကလေးတွင် ကျွန်ုပ်တို့ ခေတ္တနားကြပြန်သည်။

မုဆိုးကြီး ။ "ပတ်ဝန်းကျင်မှာ ရေခဲတောင်မြင့်ကြီးတွေရှိတယ်။ ၉၉% ရာခိုင်နှုန်းက တောကြီးပဲ။ အမဲလိုက်မုဆိုးတွေအတွက်တော့ တောလိုက်ဖို့ သိပ်ကောင်းတာပေါ့။ ဒီတောမှာ တာကင်၊ ရှူးပျံတောင်ပေါ်ငှက်ပေါင်းစုံနဲ့ ကျား၊ ကျားသစ်၊ တောဝက်၊ ချေ၊ ဒရယ်၊ ဆတ်၊ သစ်ခွေး၊ မြေခွေးနဲ့ ဧရာဏ်တွေလည်း ရှိတယ်။ ရှေ့မှာတွေ့ရမဲ့ မခွမ်ကန်နဲ့ အလီဘောင်ကျေးရွာတွေမှာ ဆားတွင်းတွေရှိတော့ တောကောင်တွေကို ရှာကထွက်ပြီး လိုချင်သလောက်ပစ်ရုံနဲ့ ရနိုင်တယ်။ ငါတို့ဒီည အဲဒီရွာတွေမှာ အိပ်ကြရမှာ။ ရေခဲတောင်ခြေ ရွာတွေဖြစ်လို့ အေးတာကတော့ အတော်အေးလိမ့်မယ်။ နောက်တစ်ည တောင်ခြေရွာတစ်ရွာမှာ ညအိပ်ပြီးတာနဲ့ ရေခဲတောင်ကို ရောက်ပါပြီ။ နှစ်ညအိပ်ခရီးပေါ့"

သွားနေကျလမ်းဖြစ်၍ မုဆိုးကြီးက မှန်မှန်သွားနေသော်လည်း ကျွန်ုပ်က မြန်မြန်လှမ်းနေကြရသည်။ တောကြီးအတွင်း အေးစိမ့်နေသော်လည်း ကျွန်ုပ်တို့အဖွဲ့ သေနတ်ကြီးများ လွယ်ထားရ၍ ချွေးပျံနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က တောတွင်း၌ မျောက်မွေးရှည်အုပ်နှင့် တောဝက်အုပ်ကို တွေ့သော်လည်း ကျွန်ုပ်တို့မပစ်ကြပါ။ နားခိုမည့်ရွာမှာ လှမ်းသေး၍ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဖြစ်သည်။ လမ်း၌ပင် နေ့လယ်စာ ထမင်းထုပ်များကိုစားကြပြီး တောင်တစ်လုံးကျော်တော့ ညနေစောင်းတွင် မခွမ်ကန်နှင့် အလီဘောင်ကျေးရွာသို့ ရောက်သည်။

မုဆိုးကြီးဦးရဖွီးဖုန်ဆန်း၏ မုဆိုးမိတ်ဆွေ ဦးဟာလိန်းနိန်အိမ်တွင် ညအိပ်တည်းခိုကြသည်။ ရွာခံမုဆိုးကြီးအိမ်မှာ ရွာစွန်တွင်ရှိပြီး ဆားတွင်းများဖြင့်နီးသဖြင့် တောကောင်များ လိုသလောက်ရရှိနိုင်ရာ ထိုညကလည်း ကျွန်ုပ်တို့အိမ်ရှင်ဧည့်ခံသော တောကောင်သားနှင့် ညစာကိုစားသောက်ကြပြီး အမဲမလည်တော့ဘဲ စောစောအိပ်ရာဝင်ခဲ့ကြပါသည်။ လမ်းလျှောက်ရသည်မှာ ပင်ပန်းလွန်း၍ ခေါင်းချသည်နှင့် အိပ်ပျော်သည်။ မုဆိုးကြီးဦးရဖွီးဖုန်ဆန်း၊ ကိုအင်နီနှင့် အိမ်ရှင်မုဆိုးကြီးဦးဟာလိန်းနိန်တို့ကတော့ ဝိုင်းဖွဲ့၍ စကားကောင်းနေကြသည်။

နောက်တစ်နေ့မနက်စောစောတွင် အိမ်ရှင်ဦးဟာလိန်းနိန်က ခေါ်ပုတ်ကင်၊ ကောက်ညှင်းပေါင်း၊ အသားခြောက်ကင်များဖြင့် မနက်စာကျွေးသည်။ ကော်ဖီအစား ဖန်ခါးရည်ကိုသောက်ကြပြီး ကျွန်ုပ်တို့ စောစီးစွာ ခရီးဆက်ခဲ့ကြပြန်သည်။ ရေခဲတောင်ခြေနီးလေ တောမှာ ထူထပ်လေဖြစ်သည်။

ဒုတိယနေ့က နေ့လယ်စာကို တောထဲ၌နားကြရင်း မုဆိုးကြီး ကိုအင်နီနှင့် အောင်ဘုတို့က အဆင်ပြေသလို ချက်ပြုတ် ပေး၍ စားကြရသည်။ ပင်ပန်း၍လားမသိပါ၊ သူတို့အဆင်ပြေသလို ချက်ပြုတ်ပေးသော ထမင်းနှင့်ဟင်းမှာ ပူပူနွေးနွေးဖြစ်၍ စား၍ အတော်ကြီးမြိန်ပါသည်။





တောတွင်း အပျော်ခရီးထွက်သလို သဘောထားလိုက်၍လည်း လူမှာ ပေါ့ပါးသွားသည်။ စားသောက်ပြီးသည်နှင့် ကျွန်ုပ်တို့ ခရီးဆက်ကြပြန်သည်။ တောင်တန်းကြီးနှစ်ခုကျော်တော့ အိမ်ခြေ(၅) အိမ်ခန့်သာရှိသော ရွာကလေးသို့ ရောက်ပြန်သည်။

မုဆိုးကြီး၏မိတ်ဆွေ ဦးမရန်ဘောက်အိမ်တွင် နားကြရပြန်သည်။ ဧည့်သည်များအတွက် ဟင်းစားရှာရန်ဟု အကြောင်းပြကာ မုဆိုးကြီးနှင့် အိမ်ရှင်မုဆိုးဦးမရန်ဘောက်တို့ ဒူးလေးကိုယ်စီဖြင့် ရွာပြင်သို့ထွက်သွားကြရာ နာရီဝက်ကျော်ခန့်မှာပင် တောဝက်ပေါက်တစ်ကောင် ထမ်း၍ ပြန်ရောက်လာကြသည်။ မြို့တွင် ဧည့်သည်ရောက်၍ ဈေးဝယ်ထွက်သည့်ပုံစံပါပင်။ တောကောင်က ပေါလွန်းလှသည်ထင်ပါသည်။

တောင်ခြေရွာတွင် ထိုညက စားသောက်အိပ်စက်ကြပြီး မိုးလင်းသည်နှင့် မနက်စာစားသောက်၍ ခရီးဆက်ခဲ့ပြန်ပါသည်။ ယခုခရီးတွင်တော့ တောင်ခြေရွာမှ မုဆိုးကြီးဦးမရန်ဘောက်လည်း ကျွန်ုပ်တို့နှင့်အတူ ပါလာပါသည်။ အိုးခွက်များလည်းယူခဲ့၍ အဆင်ပြေသည်။

တောင်တန်းကြီးတစ်ခုကို ကျော်လိုက်သည်နှင့် ရေခဲတောင်ခြေရင်းသို့ ရောက်သည်။ ပွင့်လင်းရာသီဖြစ်၍ တောင်ခြေတွင် တောပန်း၊ တောင်ပန်းများ ပွင့်လန်းနေကြသည်မှာ အရောင်အသွေးစုံလှသည်။ တောင်ခြေကို တောဖုံးနေသော်လည်း တောင်လယ်နှင့်တောင်ထိပ်မှာ ရေခဲတောင်ဖွေးဖွေးကြီးကို လှမ်းမြင်နေရသည်။

တောင်ခါးပန်းပေါ်တွင် ထင်းရှူးပင်နှင့် ဝက်သစ်ချပင်များကိုသာမြင်ရသည်။ ရေခဲတောင်ပေါ်သို့တက်ရန် ခက်ခဲမည်ဟုထင်ရသော်လည်း မုဆိုးကြီးဦးရဖွီးဖုန်ဆန်းနှင့် မုဆိုးကြီးဦးမရန်ဘောက်တို့က တောင်ပတ်မုဆိုးလမ်းအတိုင်း ဦးဆောင်ခေါ်သွားသဖြင့် အဆင်ပြေပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေခဲပျော်ချိန်ဖြစ်၍ ရေခဲမကျဲစေရန်တော့ မုဆိုးကြီးတို့က သတိပေးသည်။ သူတို့နင်းသည့်ခြေရာအတိုင်း လိုက်နင်းသွားတော့လည်း အဆင်ပြေပါသည်။ ကျွန်ုပ်တို့မုဆိုးအဖွဲ့ ရေခဲတောင်ကြီးအပေါ်သို့ ခြေချမိကြပြီဖြစ်သည်။ ရေခဲပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေမှာလည်း ရေခဲရေတစ်မျှ အေးစိမ့်နေသည်။

တောင်လယ်ကြောပေါ်သို့ရောက်တော့ ကျယ်ပြန့်သော ရေခဲပြင်ကြီးကို တစ်မျှော်တစ်ခေါ်ကြီး တွေ့ရသည်။ ရေခဲပြင်အဆုံးတွင်တော့ ရေခဲဖုံးနေသည်။ တောင်ထွတ်ကြီးနှံဘေး၌လည်း တောင်ထွတ်ကြီးတစ်လုံး။ ယင်းနောက်၌ အလွန်မြင့်မားသော ရေခဲတောင်ကြီးက မိုးထားသည်။ တောင်ထိပ်ဖျားမှာ တိမ်ကြားသို့ပင် ရောက်နေသည်။ မုဆိုးကြီး ။ "ဆရာ့ ငါတို့အခုရောက်နေတာက ဒီဖူလခါးရေခဲတောင်ခါးပန်း။ ဟိုဘက်ကတောင်က ပလောင်လခါးတောင်။ ဟိုးအမြင့်ကြီးက ခါကာဘိုရာဇီတောင်ကြီး။ မြန်မာပြည်မှာ အမြင့်ဆုံးတောင်ပေါ့။ ဒီကနေကြည့်ရင် နီးတယ်လို့ထင်ရတယ်။ တကယ်တော့ အဝေးကြီး၊ နှစ်ညလောက်သွားမှ တောင်ခြေကိုရောက်နိုင်တယ်။ ငါအဘိုးနဲ့ သွားတုန်းက ကျောက်သွေးရခဲ့တာ အဲဒီတောင်ကြီးခြေရင်းက ဂူထဲမှာပေါ့။ ကဲ ... ဆရာတို့နားကြမဲ့ဂူကို ရှာကြရအောင်။ ဒီတောင်ခါးပန်း၊ ဒီဖူလခါးတောင်ထိပ်ခြေရင်းမှာပဲ ဟောဟိုမှာ ထင်းရှူးပင် (၂)ပင်၊ ဘယ်ဘက်ကို ချိုးလိုက်၊ ကိုက်(၁၀၀)လောက်တော့ ဝေးတယ်။ ရှေ့မှာရေခဲချိုင့်ကြီးဟုတ်ပြီ။ ဘယ်ဘက်မှာပဲ။ ဟော့ ... တွေ့ပြီ"

မုဆိုးကြီး ဦးရဖွီးဖုန်ဆန်း၊ မည်သို့မှတ်ထားသည် မသိပါ။ ကျွန်ုပ်တို့အမြင်မှာတော့ နှင်းလွှာ၊ ရေခဲထပ်များသာ ဖြစ်ပါသည်။ မုဆိုးကြီးက တစ်နေရာသို့ တုတ်တစ်ချောင်းဖြင့် တူးဆွနေသည်။ ရေခဲချပ်





များ ပြိုကျသွားပြီးနောက် အပေါက်တစ်ခု ဖြစ်သွားသည်။ ဆက်လက်ဖြိုချမှ လိုဏ်ဂူတစ်ခုသဏ္ဍာန်ပေါ်လာသည်။ လူ(၁၀)ဦးခန့် နားနိုင်စက်နိုင်သော ကျောက်ဂူတစ်ခုဖြစ်သည်။ အထဲ၌ ထင်းခြောက်များနှင့် အိုးခွက်ပန်းကန်များ၊ ဝါးကျည်တောက်များကို တွေ့ရသည်။

"ဒါဟာ ငါတို့အဖိုးလက်ထက်ကတည်းက အသုံးပြုလာခဲ့ကြတဲ့ ကျောက်ဂူပဲ။ လာကြ၊ နားကြ၊ အပန်းဖြေကြပါ"

ဂူအတွင်းရောက်တော့ နွေးသွားသည်။ မုဆိုးကြီးက ထင်းခြောက်များကိုစုစည်းပြီး ကျောက်နှင့်ဝါးဂွမ်းပွတ်၍ မီးမွှေးသည်။ တစ်ကြိမ်၊ နှစ်ကြိမ်ဖြင့်မရ။ ကျွန်ုပ်က ပြည်မမှယူလာသော (GAS) မီးခြစ်ကိုပေးလိုက်ရာ မုဆိုးကြီးမှာ အလွန်အံ့သြနေသည်။

"ဆရာ ... ဒါဘာမီးခြစ်လဲ။ ရေခဲတောင်ပေါ်မှာ ဓာတ်ဆီမီးခြစ်၊ ယမ်းမီးခြစ်သုံးလို့ မရဘူး"

"ဒါ (GAS) မီးခြစ်လို့ခေါ်တယ် မီးဓာမပါဘူး။ ရော့မုဆိုးကြီးတို့အရေးပေါ်သုံးရအောင် တစ်လုံးစီယူထားပါ။ ကျွန်တော့်မှာ မီးခြစ်တွေ အများကြီးပါလာပါတယ်"

မုဆိုးကြီးမှာ မီးမွှေးပေးပြီး ရေနွေးအိုးကျိုသည်။ ရေကတော့ လွယ်သည်။ ရေခဲတုံးများအား ချိုးဖဲ့ပြီး ရေနွေးအိုးထဲထည့်လိုက်ရုံသာဖြစ်သည်။ အောင်ဘုက ဝင်နေရာယူပြီး ...

"မုဆိုးကြီး ကျွန်တော် ချက်ပြုတ်ပေးပါ့မယ်။ မုဆိုးကြီးတို့လုပ်စရာရှိတာသာ လုပ်ပါ"

"အေး ... အေး ... ပထမရေနွေးအိုးကျိုပြီး ဝါးကျည်တောက်ထဲထည့်ထား နောက်တစ်ခါ ထမင်းအိုးတည်ပြီးတာနဲ့ ဟင်းချက်ပါ။ နောက်ကိုမှတ်ထား၊ မီးရပေမဲ့ ထင်းခြောက်တွေကိုဆိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းမီးမွှေးလို့ မရဘူး။ ထင်းရှူးသားနည်းနည်းထည့်မှ မီးစွဲတာ"

"ဟုတ်ကဲ့ မုဆိုးကြီး"

ကျွန်ုပ်တို့ ဂူအပြင်ထွက်ခဲ့ကြရာ မုဆိုးကြီးက ကိုအင်နီကို ခေါ်ပြီး ဝက်သစ်ချပင်တစ်ပင်အောက်သို့ ခေါ်သွားသည်။ ထို့နောက် ရေခဲအက်ကြားတွင်ပေါက်နေသော အပင်စိမ်းစိမ်းကလေးများအား ပြသည်။

"ဒါ ရှီးပတီးဥပင်တွေပဲ၊ ကြက်သွန်ဖြူပင်နဲ့တူတယ်။ ဓားနဲ့ ကလော်ပြီး နုတ်ကြည့်လိုက်။ အောက်မှာ ဥကလေးရှိတယ်"

"ဟိုဘက်က စိမ်းစိမ်းနဲ့ သစ်ကိုင်းခြောက်လို အရွက်မရှိတဲ့ အပင်ကလေးတွေက ခန်းတောက်ပင်၊ သူကတော့ ဥမရှိဘူး။ အမြစ်ပဲ ရှိတယ်။ မချစ်ဥပင်တွေကတော့ ဒီနားမှာမရှိဘူး။ ဟိုတောင်နှစ်တောင် ကြားက လွင်ပြင်ဘက်မှာမှ တွေ့နိုင်လိမ့်မယ်"

ထိုစဉ် မုဆိုးကြီးဦးမရန်ဘောက်က တောင်နှစ်လုံးကြားတွင် လွင်ပြင်အထက်သို့ မျှော်ကြည့်ရင်း ...

"ရှဖိုးမုန်ရေ ... ဟိုမှာကြည့်စမ်း။ ရေခဲငှက်ကြီးတွေ ဝဲနေတယ်။ အောက်မှာ တစ်ခုခုရှိလိမ့်မယ်။ သွားကြည့်ကြရအောင်"

ကျွန်ုပ်တို့လည်း သေနတ်ကိုယ်စီဖြင့် လိုက်ခဲ့ကြသည်။ ကိုအင်နီကတော့ ဆေးဥနှင့်ဆေးမြစ်များနုတ်ရင်း တူးရင်းကျန်နေခဲ့သည်။ ကျွန်ုပ်တို့ကိုက်(၅၀၀) ခန့်လျှောက်တော့ ဒီလမူခါးတောင်နှင့် ပလော်လခါးတောင်နှစ်တောင်ကြား ရေခဲလွင်ပြင်ပေါ်တွင် နှင်းကျားဖြူတစ်ကောင်က တောကောင်ငယ်တစ်ကောင်ကို စားသောက်နေခြင်းဖြစ်သည်။

ကျွန်ုပ်တို့ရောက်ရှိနေသော တောင်ခါးပန်းပေါ်နှင့် ကိုက်(၄၀၀) ခန့်ဝေးသည်။ ကျွန်ုပ်အရျက်ပြလိုက်ပြီး ဒသသမ ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်





ကို မှောက်လျက်အနေအထားဖြင့် အသေအချာချိန်သည် RANGE ဝေးလွန်းလှ၍ တောကောင်၏ သေကွင်းသေကွက် အသေအချာ မချိန်နိုင်ပါ။ တောအုပ်ဖော်မင်း၏ နှစ်လုံးပြူးကလည်း ထိရောက်မှုမရှိနိုင်ပါ။ ကျွန်ုပ်က အသက်အောင့်ပြီး မောင်းခလုတ်ကို ညင်သာတည်ငြိမ်စွာ ဆွဲလိုက်သည်။

"ဒိုင်း"

ပစ်မှတ်ကို ထိမှန်ပါသည်။ နှင်းကျားကြီးနေရာမှ လွင့်စင်သွားပြီး တစ်ပတ်လည်ကျသွားသည်။ ထို့နောက် ထပြေးရန်အလုပ် ကျွန်ုပ် လျှင်မြန်စွာမောင်းတင်၍ ဒုတိယကျည်ကို ပစ်လွှတ်ရပြန်သည်။

"ဒိုင်း"

နှင်းကျားကြီး ပြိုလဲ၍ ငြိမ်သက်သွားသည်၊ သေနတ်သံမှာ ရေခဲတောင်ပတ်ဝန်းကျင်ကို ဟိန်းသွားပြီး ရေခဲတောင်ပေါ်မှ ရေခဲမှုန်များပြိုကျလာသံ တဝေါဝေါကို ကြားရသည်။ ရေခဲပျော်ချိန်ဖြစ်၍ ရေခဲများမှာ ပွနေဟန်တူသည်။ သေနတ်သံကြောင့် ရေခဲငှက်များသည် ဝဲနေရာမှ လန့်၍ ပျံပြေးကြသည်။

ကျွန်ုပ်တို့ တောင်ကြားသို့ဆင်းရန် အလုပ်တွင် တောင်အပေါ်ထပ်မှ လှုပ်ရှားမှုတစ်စုံတစ်ရာကို မြင်ရသဖြင့် ကျွန်ုပ်ထိုးချိန်ပြီး တတိယကျည်ဆန်တစ်တောင့်ကို အရေးပေါ်ပစ်ခတ်ရပြန်သည်။

"ဒိုင်း"

ဝက်ဝံဖြူကြီးတစ်ကောင်၊ တောင်အပေါ်ဆင့်မှ ပြုတ်ကျလာသည်။ အောက်ရောက်သော်လည်း ကုန်းထနေသေးသဖြင့် ကိုဖော်မင်းက အနီးကပ် ဇာတ်သိမ်းပေးလိုက်ပါသည်။

"ဒိန်း"



www.burmeseclassic.com

www.burmeseclassic.com



မှဆိုးကြီး ။ "တော်လိုက်တာ ဆရာတို့ရယ်။ မျက်စိကလည်း လျင်ပါ့ဗျား။ ငါတို့ဒူးလေးတွေက အဲဒီလောက်ဝေးဝေးမပစ်နိုင်တော့ တစ်ပန်းရှုံးတာပေါ့။ ကဲ ... ဝက်ဝံကြီးကိုထားခဲ့ပြီး နှင်းကျားနဲ့တောကောင်ကို ဆင်းကောက်ရအောင်"

ကျွန်ုပ်တို့အား မှဆိုးကြီးနှစ်ဦးကဦးဆောင်ပြီး တောင်ကြားသို့ ဆင်းခဲ့ကြသည်။ ရေခဲပျော်ချိန်ဖြစ်၍ ရေခဲပတ်ကြား အက်ထဲခြေကျွံမကျစေရန် မှဆိုးကြီးနှစ်ဦးချေရာအား လိုက်နင်းရသည်။ တောင်ကြားကိုက် (၄၀၀)ခန့်အကွာအဝေးကို သတိထား၍ အတော်သွားရသည်။ တောင်ကြားလွင်ပြင်ရောက်မှ မှဆိုးကြီးက ...

"ဟာ ... အတော်ပဲဆရာရေ့၊ နှင်းကျားစားနေတာက ကတိုးကောင်"

ကျွန်ုပ် ယခုမှပင် ကတိုးကောင်ကို မြင်ဖူးတော့သည်။ ဒရယ်မျိုးနွယ်ဝင်ဆိုသော်လည်း ချေလောက်သာရှိသည်။ နှင်းကျားစားထားသော တစ်ပိုင်းတန်းလန်းဖြစ်၍ အကောင်ပုံစံက မပီပြင်တော့ပါ။

"ဆရာရေ့၊ ကတိုးကောင်က အထီးပဲ။ ကတိုးမွှေးအိတ်လည်း ကြီးပုံရတယ်။ ကော်တာပဲ ဆရာရေ့"

ကျွန်ုပ်တို့နှင်းကျားကြီးကို ကြည့်ကြပြန်သည်။ ကျည်ထံရာမှာ ဗိုက်နှင့်လက်ပြင်အား မှန်ထားသည်။ ကျားထီးကြီးပဲ ဖြစ်ပါသည်။

"ဩော် ... ဟော့ဟိုမှာ မချစ်ဥပင်နဲ့ ရေခဲမှို့တွေပါလား။ ဟိုရေခဲပတ်ကြားအက်ကြားမှာလည်း ကျောက်ခက်တွေပဲ။ ကဲ ... နှုတ်ကြရအောင်။ ရေခဲမှို့နဲ့ ကျောက်ခက်တွေက ဟင်းဖြစ်တယ်လေ"

ကျွန်ုပ်တို့ ဆေးပင်များအားနုတ်ကြပြီး သားကောင်များထမ်း၍ တောင်ခါးပန်းပေါ်သို့ တက်ခဲ့ကြသည်။ တောင်ခါးပန်းပေါ်မှ ဝတ်ဝံမြူကြီးအား အောင်ဘုနှင့်စာရေးလေးကျော်စိန်ဝင်းတို့က သယ်ဆောင်ပြီး ကိုအင်နီက ဖျက်နေပြီဖြစ်သည်။ ယနေ့ ထမင်းနှင့်အသားခြောက်ဟင်းကိုသာ စားရမည်ဟုထင်ထားသော်လည်း အသားစိုများအလျှံပယ်ရ၍ ဟင်းကောင်းအသားဟင်းအား စားရပေတော့မည်။





ဒေသခံမှဆိုးကြီးနှစ်ဦးက ကတိုးနှင့်သာဆိခဲ့အိတ်အား ကျွမ်းကျင်စွာထုတ်ယူပြီး အရေခွာ၍ အသားများအား ချက်ပြုတ်နိုင်ရန် တုံးတစ်ပေးသည်။ ပြီးနောက် နှင်းကျားကြီးကိုလည်း အရေခွံခွာ၍ အသားများကို ထုတ်ပြီးကျပ်တင်သည်။ အရိုးများကိုလည်း အိတ်တစ်ခုတည်းထည့်၍ ရေခဲပြင်ထဲ တွင်းတူး၍ မြှုပ်ထားသည်။

ပထမနေ့၌ပင် ကံကောင်းထောက်မစွာ တောကောင်(၃)ကောင်နှင့် ဆေးပင်များရ၍ ကျွန်ုပ်တို့ပျော်နေမိသည်။ ထိုနေ့က နေ့လယ်စာကိုလည်း အောင်ဘုလက်ရာ အသားဟင်းများဖြင့် မြိန်ရှက်စွာ စားကြရသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

❑

ညပိုင်းတွင် ထမင်းပင် မချက်တော့ပဲ ကျွန်ုပ်တို့မှဆိုးအဖွဲ့ အသားဟင်းနှင့် အသားကင်များအား အရက်ဖြင့်မြည်း၍ ညစာစား လိုက်ကြသည်။ ညပိုင်းဂူထဲ၌ အိပ်ရာတွင် မီးဖိုရန်ပင်မလိုပါ။ လူငွေ့ ဖြင့် နွေးနေသည်။ ပွင့်လင်းရာသီမို့လည်း အအေးဓာတ်လျော့ခြင်း ဖြစ်သည်။ ထိုညက ကျွန်ုပ်တို့ကောင်းစွာ အိပ်ကြရသည်။

နောက်တစ်နေ့မနက်တွင် ခေါ်ပုတ်ကင်အသားကင်နှင့် လက်ဖက်ရည်ချိုကို သောက်ကြရသည်။ စားသောက်ပြီးနောက် အောင်ဘုကို ကျွန်ုပ်ခြောက်လုံးပြူးအား ဘေးဆီးရန်ကာပေးခဲ့ပြီး ကျွန်ုပ်တို့ ပလောင်လခါးတောင်ဘက်သို့ ထွက်ခဲ့ကြသည်။ ကျွန်ုပ်တို့ ဒီဖူလခါး တောင်ခါးပန်းပေါ်ကအဆင်း အထက်တောင်ခါးပန်းတွင် နားနေသော ရေခဲငှက်ကြီးအား ကျော်စိန်ဝင်းကမြင်၍ မှိုင့်တူးတူးသေနတ်ဖြင့် ပစ်ချ လိုက်သည်။

''ဖန်း''

ရေခဲငှက်ကြီး တောင်စွန်းမှ ပြုတ်ကျလာသည်။





ရေခဲငှက်များမှာ ဘဲငန်းနှင့်တူလှသည်။ သုံးပိဿာခန့် အလေးချိန်စီးသည်။ ပျံတက်ရာတွင် ရုတ်ချည်း၊ အခြားငှက်တွေလို မပျံနိုင်။ အရှိန်ယူ၍ပြေးပြီးမှ ပျံတက်နိုင်ကြသည်။ အုပ်လိုက်လည်း နေသည်။ သင်းကွဲ၍လည်း နေကြသည်။ သင်းကွဲငှက်များမှာ အကောင်ပို၍ကြီးသည်။

မုဆိုးကြီး ။ ''ဆရာရေ ...မုဆိုးလဒ်ဦးကောင်းတယ်။ ဆရာတို့ အဖွဲ့ကတော့ တပည့်ရောဆရာပါ တော်ကြတာပဲ''

ကျော်စိန်ဝင်း ။ ''ဆရာ နေ့လယ်စာငှက်သားဟင်းနဲ့ စားရအောင်။ ကျွန်တော်အောင်ဘုဆီ ပြန်ပို့လိုက်ဦးမယ်။ ခဏစောင့်ကြပါ''

ထိုစဉ် ကိုအင်နီက ...

''ဆရာတို့ရှေ့က စိမ်းစိမ်းတွေက ဆေးပင်တွေထင်တယ်။ ငါ သွားနှုတ်လိုက်ဦးမယ်''

ကျွန်ုပ် ။ ''ကိုအင်နီ ...ရေခဲပတ်ကြားအက်ကို သတိထားနော်''

''ဟုတ်ကဲ့ ဆရာ''

ကျော်စိန်ဝင်းပြန်ရောက်တော့ ကျွန်ုပ်တို့ ပလောင်လခါးတောင်ဘက် ဆက်ထွက်ခဲ့ကြသည်။ ဒီဖူလခါးတောင်နှင့် ပလောင်လခါးတောင်ကြား ရေခဲလွင်ပြင်မှာ အတော်ကျယ်ဝန်းသည်။ အမြင့်မှအောက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။

ရေခဲလွင်ပြင်နှင့် ပလောင်လခါးတောင်ခြေတွင် အလွန်နက်ရှိုင်းလှသော ရေခဲချောက်ကြီးရှိသည်။ ရေခဲများအရည်ပျော်၍ ရေခဲမြစ်သဖွယ် တဝုန်းဝုန်း စီးဆင်းနေသည်။ တစ်ဖက်တွင် ပလောင်လခါးတောင်ခြေတော၊ တောအစပ်တွင် အမွေးရှည်ရှည်၊ နီညိုရောင်အဆင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် တာကင်ခေါ်သားမင်းအုပ်စုကို ကျွန်ုပ်တို့ လှမ်းမြင်နေရသည်။ သို့သော် အကွာအဝေးက အတော်လှမ်းသည်။ ကိုက်(၁၀၀၀)လောက် ဝေးပါလိမ့်မည်။ ကျွန်ုပ်တို့ သေနတ်ဖြင့် RANGE မမီပါ။ ထို့ကြောင့် ကျွန်ုပ်တို့ တစ်ဖက်ကမ်းကူးရန် လမ်းရှာရသည်။

ရေခဲလွင်ပြင်ကို ဝေ့ဝိုက်တက်ရသည်။ ပြီးမှ ပလောင်လက်ခါးတောင်တောစပ်အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်ရသည်။ ဝိုက်၍သွားရသဖြင့် အချိန်ကုန်ပြီး ခရီးကလှမ်းသည်။ သို့သော် ကျွန်ုပ်တို့သေနတ်တစ်ကမ်းရောက်တော့ တောစပ်တွင် တာကင်ကောင်အုပ်စုအား အေးဆေးစွာနားနေသည်ကိုတွေ့ရသဖြင့် ကျွန်ုပ်တို့နေရာယူပြီး ပစ်ကြတော့သည်။

"ဒိုင်း ... ဒိန်း ... ဒေါင် ... ဒေါင်"

တာကင်ဖိုမ (၄)ကောင် လဲကျသွားသည်။ အထီးကြီးတစ်ကောင်သာ ပါသည်။ အနီးကပ်တိုက်ပွဲတွင် အစွမ်းထက်သော မုဆိုးကြီးနှစ်ဦး၏ ဒူးလေးအစွမ်းကိုလည်း မြင်ကြရသည်။ တာကင်ထီးကြီးအားခေါင်းဖြတ်၍ အသားများနှင့်သရေကို ဖျက်ယူသည်။ ကျန်အကောင်များကိုတော့ နေ့လယ်စာစားပြီးမှ ပြန်ဖျက်ယူရန်ဖြစ်သည်။

နွားလောက်ကြီးသော တာကင်ကောင်များကို ထမ်းပိုးသယ်ယူရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် အသားများဖျက်၍ တစ်ခေါက်ချင်းသယ်ယူကြရမည်ဖြစ်သည်။ ထိုနေ့က နေ့လယ်စာစောစောစား၍ အခေါက်ခေါက် သယ်ယူကြရသည်။ ခရီးမှာ အတော်လှမ်းသဖြင့် အသားသယ်ယူခြင်းကိစ္စမှာ ညနေစောင်းမှ ပြီးတော့သည်။

ညကျတော့လည်း တာကင်သားများအား ကြပ်တိုက်ရသဖြင့် ဂူတစ်ခုလုံး အသားကင်နံ့က လှိုင်နေသည်။ ထို့ကြောင့်လည်း တောခွေး





များ အန္တရာယ်ကင်းဝေးစေရန် တစ်လဲစီကင်းစောင့်ရသည်။ ကျွန်ုပ်တို့ညစာစားနေကြစဉ် နှင်းမုန်တိုင်းကျလာသည်။ ဂူတွင်းမှဖြစ်၍ တော်ပါသေးသည်။ ဆီးနှင်းနှင့်ရေခဲများ၊ တဝုန်းဝုန်းကျလာပြီး ကျွန်ုပ်တို့ဂူပေါက်ပင်ပိတ်သွား၍ ဝါးလုံးများ၊ ဓားများဖြင့် အသက်ရှူပေါက်ကို ပြန်ဖွင့်ရသေးသည်။ တော်ပါသေးသည်။ နှင်းမုန်တိုင်းကြောင့် တောခွေးများမလာပါ။ အော်သံပင် မကြားရပါ။ ကျွန်ုပ်တို့ ထိုညကလည်း ကောင်းစွာ အိပ်စက်ခဲ့ရသည်။ ဂူတွင်းတွင်တော့ အသားကျပ်တင်အနံ့က တထောင်းထောင်းထနေသည်။

နောက်တစ်နေ့မနက် ကျွန်ုပ်တို့မနက်စာစားနေကြစဉ် မုဆိုးကြီးနှစ်ဦးနှင့်အောင်ဘုက အသားကျပ်တင်များအား စနစ်တကျ စီးနှောင်၍ ထုပ်ပိုးနေကြသည်။ ကိုအင်နီကတော့ ဆေးပင်ဝါးပင်များအား သိမ်းဆည်းထုတ်ပိုးနေသည်။ ကျွန်ုပ်စားသောက်ပြီး၍ သေနတ်ဆွဲပြီး ဂူအပြင်သို့ထွက်ခဲ့သည်။ မမျှော်လင့်ပဲ ဂူရှေ့ထင်းရှူးပင်နှစ်ပင်အောက်တွင် တောင်ဆိတ်နှစ်ကောင်ကို တွေ့လိုက်ရသည်။ ကျွန်ုပ် လက်တန်းထိုး ပစ်ချလိုက်ရသည်။

"ဒိုင်း"

တောင်ဆိတ်တစ်ကောင်လဲကျသွားပြီး တစ်ကောင်ကအပြေးတွင် ကျွန်ုပ်၏နောက်မှ နှစ်လုံးပြူးပစ်သံကို ကြားလိုက်ရသည်။

"ဒိန်း"

တောအုပ်ကိုဇော်မင်း ဖြစ်ပါသည်။ ကျွန်ုပ် ဂူအပြင်အထွက်တွင် သူကလည်း သေနတ်ဆွဲ၍ ကပ်လိုက်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ရေခဲတောင်ပေါ်မှ သားကောင်စုံရပါပြီ။ အသုံးမဝင်သော တောခွေးများကိုတော့ ကျွန်ုပ်တို့အလိုမရှိပါ။ ထို့ကြောင့်လည်း နေ့လယ်စာကို



www.burmeseclassic.com

www.burmeseclassic.com



တောင်ဆိတ်သားဟင်းနှင့် ထမင်းစောစောစားကြပြီး နေ့လယ်ခင်းတွင် အသားထုပ်များကိုထမ်းကာ ဒီဖူလခါး ရေခဲတောင်ပေါ်မှ ဆင်းခဲ့ကြသည်။

ကိုအင်နီတစ်ယောက်ကတော့ ဦးချိုမျိုးစုံနှင့် ဆေးပင်ထုပ်ကို ထမ်းရင်း တလှုပ်လှုပ် နောက်ကလိုက်လာသည်။ မုဆိုးကြီးနှစ်ဦးကတော့ အသားကျပ်တင်ထုပ်များထမ်းကြရင်း ရှေ့ဆုံးမှလမ်းပြရင်း ဆင်းနေကြသည်။ ထိုနေ့ညက မုဆိုးကြီးဦးမရန်ဘောက်အိမ်တွင် ညအိပ်ရပ်နားကြရပြန်သည်။

မနက်တွင် ဦးမရန်ဘောက်အား ကျပ်တိုက်အသားများပေးသော်လည်း မယူပါ။ သူ့အနေဖြင့် လတ်ဆတ်သောအသားကို အချိန်မရွေးရနိုင်ကြောင်းပြောပြီး ကျွန်ုပ်တို့အားအသားထမ်း၍ လိုက်ပို့ပြန်သည်။ အလွန်ရိုးသားသော တိုင်းရင်းသားကြီး ဖြစ်ပါသည်။

ဒုတိယနေ့တွင် ကျွန်ုပ်တို့အဖွဲ့ မစွမ်ကန်နှင့် အလီအောင်ကျေးရွာသို့ရောက်ပြီး ညအိပ်ရပ်နားရန် မုဆိုးကြီးဦးဟာလိန်းနိန်အိမ်တွင် တည်းခိုကြရပြန်သည်။ တတိယနေ့ညနေမှ နောင်မွန်းမြို့သို့ ပြန်ရောက်သည်။ ညီ့သည့်မုဆိုးကြီး ဦးမရန်ဘောက်က မုဆိုးကြီးဦးရှိုးဖုန်ဆန်းအိမ်တွင် တည်းခိုသော်လည်း ကျွန်ုပ်က ညစာကို ကျွန်ုပ်တို့ ဗိုလ်တဲတွင်ဖိတ်ကျွေး၍ နိုင်ငံခြားဝီစကီဖြင့် ဧည့်ခံသည့်အပြင် မုဆိုးကြီးနှစ်ဦးအား တစ်ဦးလျှင် ကျပ်တစ်သောင်းစီနှင့် (GAS) မီးခြစ် (၅)လုံးစီအား လက်ဆောင်ပေး၍ ကန်တော့လိုက်ပါသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့အနားယူကြပြီး မုဆိုးကြီးနှစ်ဦးအား အရသာရှိသောဟင်းများ ချက်ကျွေးပြီး အကောင်းစားအရက်များကိုတိုက်ရင်း မုဆိုးလုပ်ငန်းအကြောင်းကို အတွေ့အကြုံချင်း





ဖလှယ်ကြသည်။ ထိုအချိန်တွင်မှ ကိုအင်နီအား တစ်ပွဲစားမုဆိုးဖြစ်မှန်းသိကြသည်။ ဤခရီးတွင် ကိုအင်နီက ပညာမပြခြင်းကိုတော့အပြစ်တင်ကြသည်။ ကိုအင်နီကတော့ ပြုံး၍သာနေတော့သည်။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့အဖွဲ့ တိရစ္ဆာန်ဦးချိုများ၊ ဆေးပင်များ၊ သားရေများနှင့် ကတိုးနံ့သာဆီခဲနှင့် အသားခြောက်အနည်းငယ်ကိုသာယူပြီး တောအုပ်ကြီး ဦးမောင်လွင်ငှားပေးသောလားပေါ်တွင်တင်၍ နောင်မွန်းမြို့မှပြန်ဆင်းခဲ့ရာ သံယောဇဉ်ကြီးရှာကြသော မုဆိုးကြီးဦးရှိုးဖုန်ဆန်းနှင့် မုဆိုးကြီးဦးမရန်ဘောက်တို့က ကျွန်ုပ်တို့အား မဖဒပ်တည်းခိုးစခန်းအထိ လိုက်ပို့ပြီးပြန်ကြတော့သည်။ ကျွန်ုပ်တို့ အချိန်စောသေးသဖြင့် မဖဒပ်တည်းခိုစခန်းတွင် ညမအိပ်တော့ပဲ နမ့်ထီးစခန်းကျမှ ညအိပ်ရပ်နားကြသည်။ အပြန်ခရီးမှာ တောင်ဆင်းဖြစ်၍ မြန်ပါသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့ နမ့်ခမ်းရွာကြီးသို့ ပြန်ရောက်ကြပြီး ညအိပ်ရပ်နားရပြန်သည်။ တောခေါင်းဦးလှဖေနှင့် ဦးတင်ငွေတို့က ရေခဲတောင်ပေါ် ခရီးစဉ်အတွက် အလွန်အံ့သြနေကြသည်။ ကျွန်ုပ်တို့ကပါလာသော အသားခြောက်များကို လက်ဆောင်ပေးလိုက်သည်။

နောက်မနက်တွင် လားငှား၍ (၇)မိုင်သာဝေးသော မချမ်းဘောမြို့သို့ပြန်ခဲ့ကြပြီး ဂူဘားရိပ်သာတွင် တည်းခိုကြပြန်သည်။ တောအုပ်ဦးစိန်ဝင်းအားလည်း အသားခြောက်များ လက်ဆောင်ပေးလိုက်သည်။ ဦးစိန်ဝင်းကလည်း လှူကြဲဖြင့် မူလာရှိဒီးရွာမှ ထွန်စက်ကြီးကို မှာပေးသည်။ ကျွန်ုပ်တို့အဖွဲ့ မချမ်းဘော ဂူဘားရိပ်သာတွင် ညအိပ်ကြရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ကျွန်ုပ်တို့မနက်စာ စားနေကြစဉ် ထွန်စက်ဆရာ ကိုဒီဖော်ရဲရောက်လာသည်။

"ဆရာတို့ ပြန်လာကြပြီကိုး။ ကျွန်တော်တော့ ဒီဘက်ရောက်တိုင်း ဆရာတို့ရောက်မရောက် လာလာမေးရတာ အမောပါပဲ။ ကဲ အသင့်ဖြစ်ရင် သွားကြမယ်။ ဆရာတို့အဖွဲ့ ကျွန်တော့်အိမ်မှာ နေ့လယ်စာကျွေးဖို့ စီစဉ်ထားခဲ့တယ်ဆရာ"

ကျွန်ုပ်တို့အဖွဲ့ ဦးစိန်ဝင်းအားနှုတ်ဆက်ပြီး မလိခမြစ်တစ်ဖက်ကမ်း နောင်ခိုင်ရွာသို့ ကူးခဲ့ကြသည်။ အသင့်စောင့်နေသော ထွန်စက်ကြီးဖြင့်ပြန်ခဲ့ကြရာ ကိုဒီဖော်ရဲတို့ မူလာရှိဒီးရွာသို့ရောက်ပြီး နေ့လယ်စာစားကြသည်။ စားသောက်ပြီးနောက် ကိုဒီဖော်ရဲအား ထွန်စက်ခအပြင် အသားခြောက်များနှင့် တာကင်ချိုတစ်ခုအား လက်ဆောင်ပေးရာ ကိုဒီဖော်ရဲက မူလာရှိဒီးကြိုးတံတား တစ်ဖက်ထိပ်အထိလိုက်ပို့ပြီး မြေထွက်အသီးအနှံများကို လက်ဆောင်ပေးပြန်သည်။

တစ်ဖက်ထိပ်တွင် ကားကြိုရသဖြင့် ကျွန်ုပ်တို့ ပူတာအိုသစ်တောရုံးသို့ ချောမောစွာ ပြန်လည်ရောက်ရှိကြပါသည်။ ညနေစာကို ပူတာအိုသစ်တောအုပ် ဦးမျိုးအောင်က အဆင်သင့်မရှိ၍ ပူတာအိုမြို့ထဲကဆိုင်တွင်လိုက်ကျွေးရင်း ကျွန်ုပ်တို့ ခရီးစဉ်အား ပြောပြရပြန်သည်။ ဦးမျိုးအောင်မှာ ပူတာအိုမြို့တွင် တာဝန်ကျသည်မှာ ကြာပြီဖြစ်သော်လည်း ကျွန်ုပ်တို့လောက် နယ်စွန်အနှံ့မရောက်ဖူးကြောင်း ဝန်ခံသည်။

ကျွန်ုပ် ။ "ဦးမျိုးအောင် . . . မနက်ဖြန်လေယာဉ် ဘယ်အချိန်ရှိသလဲ။ ကျွန်တော်တို့ပြန်ဖို့ စီစဉ်ပေးပါဦး"

"ဆရာရယ်၊ ဒီလောက်တောင် ခရီးပန်းလာတာ တစ်ရက်၊ နှစ်ရက်လောက်တော့ နားပါဦး။ လေယာဉ်နဲ့ အချိန်မရွေး ပြန်လို့ရတာ





ပဲ"

"အလုပ်တွေရှိသေးတယ် ဦးမျိုးအောင်။ ကျွန်တော့်စိတ်ထဲမှာ တစ်စုံတစ်ရာကို နောက်ဆံတင်းနေသလို ခံစားနေရတယ်။ ဒါကြောင့် မနားတော့ပဲ မြန်မြန်ပြန်ချင်နေတာ"

"ဆရာကလည်း လူပျိုတွေပဲဟာ၊ ဘာနောက်ဆံတင်းစရာရှိသလဲဗျာ။ ဒီမှာ အေးအေးဆေးဆေး နားပါဦး။ ကျွန်တော် အစားအသောက်ကောင်းကောင်း ချက်ကျွေးချင်လို့ပါ"

"ကျေးဇူးတင်တယ် ဦးမျိုးအောင်။ မနက်ဖြန် အစောဆုံးလေယာဉ်ကိုသာရအောင် လုပ်ပေးဗျာ"

"ဟုတ်ကဲ့ပါ ဆရာ။ မနက်ဖြန် အစောဆုံးလေယာဉ်က မနက် (၁၀)နာရီမှာပါ။ တားမရတော့လည်း ကျွန်တော့်စီစဉ်ပေးပါ့မယ်။ နောင်လည်း မကြာမကြာ လာခဲ့ကြပါဦး ဆရာရယ်"

"အင်းပေါ့ဗျာ၊ မြစ်ကြီးနားက မပြောင်းသေးသရွေ့တော့ လာဦးမှာပါပဲ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ မြစ်ကြီးနားမှာ ကြာကြာမနေရဘူးလို့ သိနေသလိုပဲ။ တစ်နေရာရာကို ပြန်ပြောင်းရဦးမယ်လို့ ထင်နေတယ်"

ထိုနေ့ညက နှုတ်ဆက်ပွဲအဖြစ် တောအုပ်ဦးမျိုးအောင်က အကောင်းစားအစားအစာ အကောင်းစားအရက်များဖြင့် ဧည့်ခံသည်။ ကျွန်ုပ်စားသောက်ပြီး အိပ်ယာဝင်ရာ ခရီးပမ်းလာသဖြင့် မနက်မိုးလင်းမှ တစ်ရေးနိုးတော့သည်။ ကျော်စိန်ဝင်းကိုလည်း မမြင်မိ၊ ကိုအင်နီကိုလည်းမတွေ့ရ၍ မေးမြန်းရာ . . .

အောင်ဘုက ။ "ဆရာ . . . ကိုအင်နီက အိပ်တုန်းဆရာ။ ကျော်စိန်ဝင်းကတော့ နိုးနေပြီ။ အောက်ဆင်းသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံးကို ခေါ်လိုက်တော့။ မနက်စာစားပြီး ပြင်ဆင်ရဦးမယ်။ လေယာဉ်ကွင်းဆင်းရတော့မှာ"

"ဟုတ်ကဲ့ ဆရာ"

"မကြာမီ ကိုအင်နီ အိပ်မှုံစုံဘွားနှင့် အခန်းထဲက ထွက်လာသည်။ ကျော်စိန်ဝင်းကလည်း ခါးမြှောင်တစ်ချောင်းနှင့် မြေအိုးကလေးတစ်လုံးကိုင်ကာ မိုလ်တဲပေါ်သို့ တက်လာသည်။

"ဟော့ ... ဘာတွေဖြစ်နေကြတာလဲ"

ကိုအင်နီ ။ "ဆရာ၊ ငါညက ကောင်းကောင်းမအိပ်ရဘူး။ ဟိုမေရီဆိုတဲ့တစ္ဆေမ နှောင့်ယှက်ပြန်ပြီ"

"ကျော်စိန်ဝင်းကရော ဘယ်သွားနေတာလဲ"

"ဆရာ ... ဒေါ်မေရီက လက်ဆောင်ပေးတာ။ ညက ကျွန်တော့်ကို အိပ်မက်ပေးတယ်။ မိုလ်တဲအလယ်ခေါင်တိုင်မှာ ရတနာအိုးမြှုပ်ထားတယ်၊ ဆင်းတူးဆိုတာနဲ့ သွားတူးနေတာဆရာ။ ဒီမှာကြည့်ပါဦး"

ကျွန်ုပ် ဖယောင်းမြှင့်မံထားသော အိုးကလေးအဖုံးအား ဖွင့်ကြည့်ရာ ရွှေလက်ကောက် (၄)ကွင်း၊ အမ်စီခွဲကြိုးကြီးတစ်ကုံးနှင့် ရွှေဂဏီ (၅၀)ပြား ထွက်ကျလာသည်။

"ဟ ... တယ်ဟုတ်ပါလား ကျော်စိန်ဝင်းရဲ့၊ ဒေါ်မေရီက မင်းကိုတော့ချစ်ပြီး ကိုအင်နီကိုတော့ ဒုက္ခပေးနေပါလား။ ထူးဆန်းပါပေကွာ"

"ဟုတ်တယ် ဆရာ၊ ကျွန်တော်လည်း အဲဒီကိစ္စကို အတော်အံ့သြနေတာ။ ကျွန်တော်နဲ့ဒေါ်မေရီက၊ ပဋ္ဌာန်းဆက်ထင်ပါရဲ့ ဆရာရယ်။ မြစ်ကြီးနားရောက်မှပဲ သူ့အတွက် အလှူအတန်းလုပ်ပြီး အမျှ





အတန်း ဝေပေးရတော့မှာပဲ"

"ကောင်းတာပေါ့ကွာ၊ သူလည်း ကျွတ်လွတ်သွားတာပေါ့။ ဒီပစ္စည်းတွေ သံယောဇဉ်ကြောင့် ဒေါ်မေရီလည်း မကျွတ်မလွတ်ဖြစ်နေရှာတာထင်ပါ့ရဲ့။ သူတို့က ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်လိမ့်မယ်။ မြန်မာလိုလည်း အလှူလုပ်၊ ခရစ်ယာန်ဘုရားကျောင်းသွားပြီးတော့လည်း သူတို့ထုံးစံနဲ့အညီ အလှူလုပ်ပေးလိုက်တော့ ပိုကောင်းတာပေါ့ကွာ"

ကျွန်ုပ်တို့ လေဆိပ်သို့ မနက်(၉)နာရီခန့်တွင် ဆင်းကြပြီး (၁၀)နာရီလေယာဉ်ဖြင့် မြစ်ကြီးနားမြို့သို့ ပြန်ခဲ့ကြသည်။ (၄၅)မိနစ်ကြာ ခရီးသာဖြစ်ပါသည်။ ဆွမ်ပရာဘွမ်မြို့ကိုကျော်တော့ ကျွန်ုပ် လေယာဉ်ပြတင်းမှ အောက်သို့ငုံ့ကြည့်မိသည်။ မလိခ မြစ်လက်တက်၊ ဒုရခချောင်းဆောင်းတွင် ကျွန်ုပ်၏မိတ်ဆွေကြီး ထောင်မှူးကြီး ဦးသိန်းဝင်း ၏စခန်းကို မြင်ရသည်။ မြစ်ကြီးနားတွင် ရုံးကိစ္စများရှင်းလင်းပြီးသည်နှင့် ကျွန်ုပ်တို့ သစ်တောစစ်ဆေးရင်း အလည်သွားကြရန် စီစဉ်ထားသည်။

မြစ်ကြီးနားသစ်တောစခန်းသို့ပြန်ရောက်ပြီး ညနေပိုင်းတွင် ကျွန်ုပ်တို့မြို့ထဲသို့ ထွက်ကြသည်။ ကျွန်ုပ်တို့တွင် နမ့်ခမ်း ရေတံခွန်မှ ရလာသည့်ကျောက်ခဲများအား စစ်ကြည့်ရာ ကျွန်ုပ်အိတ်ထဲ၌ရှိနေသော ကျောက်ခဲငါးလုံးမှာ အရည်ကောင်းသော ကျောက်စိမ်းတုံးများဖြစ်နေပြီး ဆိုင်ရှင်ကဈေးကောင်းပေး၍ ရောင်းဝယ်သည်။ မမျှော်လင့်ပဲ သိန်း(၅၀)ရသည်။

ကျော်စိန်ဝင်းနှင့် အောင်ဘုတို့၏ ကျောက်ခဲများကတော့ အရည်နုသော ကျောက်စိမ်းများဖြစ်၍ ဆိုင်ရှင်ကမဝယ်ပါ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိန်ဝင်းက ဒေါ်မေရီ၏လက်ဆောင်ရွှေအိုးကို ရထားသဖြင့် မမှုပါ။ ထိုညက ကျွန်ုပ်တို့အဖွဲ့မြစ်ကြီးနားရှိ စားသောက်ဆိုင်ကောင်းကောင်းတွင်စားသောက်ရင်း အပန်းဖြေကြသည်။

နောက်တစ်နေ့မနက် ကျွန်ုပ်နှင့် စာရေးကလေးကျော်စိန်ဝင်းတို့ အစီရင်ခံစာများအား ရိုက်နေကြစဉ် ကြေးနန်းဝင်လာသည်။ ကသာမြို့မှ သစ်တောအရေးပိုင်ဦးလှဘူး ရုတ်တရက်ဆုံးပါးသဖြင့် ကသာမြို့သို့ပြန်၍ အမြန်ဆုံးတာဝန်ထမ်းဆောင်ရန်နှင့် မြစ်ကြီးနားဒေသအား လွှဲပြောင်းလက်ခံမည့်သူမရောက်မီ တောအုပ်ဦးဖော်မင်းက ဆက်လက်တာဝန်ယူရန် ရုံးချုပ်မှရိုက်လိုက်သော ကြေးနန်းစာဖြစ်ပါသည်။

ကျွန်ုပ်တို့ လွန်စွာအံ့သြကြရပါသည်။ ဂမ္ဘီရဆန်သော ခရီးကြမ်းကြီးကိုသွားကြပြီး ဝက်ပါကို တစ်ပတ်လည်ကာနေရင်း ဒေသသို့ ပြန်ပို့ခံရသဖြင့် ကျွန်ုပ်တို့၏ကံမှာ ထူးဆန်းလွန်းလှပေစွ။

ထောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC .com

စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အထက်ပုဇွန်ရွာ ပုသိမ်လမ်း ဝင်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၅၁၃၉၂၆၄
နှင့် အမှတ်(၁၄၉)၊ ပထမထပ် (ယာ) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၁၃၂၂

| စဉ် | စာရေးသူ | စာအုပ်အမည် | ကျသင့်ငွေ |
|---|---|---|---|
| ၁။ | မောင်ညိုမှိုင်း | မြွေဝင်တာမသင်မြွေ | ၁၂၀၀/- |
| ၂။ | (သန်လျင်) | လူထူးဆန်းတာတိုက်ပုံဦးရာကျော် | ၁၂၀၀/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ဒွေးနက်ကြီး | ၁၂၀၀/- |
| ၄။ | ။ | သေရွာငါးကြိမ်ပြန်ခင်ဆောင်းစံ | ၁၂၀၀/- |
| ၅။ | ။ | မြွေပေါက်ပါးစွန့်မျောက်မင်းသားဆိုးစည်နှင့်ကျောက်ခဲ | ၁၂၀၀/- |
| ၆။ | ။ | ဗြိတ္တာရွာသူမကြေ | ၁၂၀၀/- |
| ၇။ | ။ | ကြောင်တစ်ရာသတ်မြင်းနှင့်အင်းတစ်ထောင်မင်းကောင် | ၁၂၀၀/- |
| ၈။ | ။ | ပရလောကနှင့်ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ | ၁၂၀၀/- |
| ၉။ | ။ | မိစ္ဆာဒိဋ္ဌိရထားလမ်းကြမ်း | ၁၅၀၀/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့် ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၁။ | ။ | ကျောက်ကြီးပြေ | ၁၅၀၀/- |
| ၁၂။ | ။ | နတ်မြင်းဘွားသံ ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၃။ | ။ | ငြိမ်းဆင်တဲ့လက် ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၄။ | ။ | ရွှေဘုံပြန်လူ့နန်းအိမ်သစ် | ၁၅၀၀/- |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မီးချောင်းဂမ္ဘီရဝတ္ထုတို | ၁၅၀၀/- |
| ၁၆။ | ။ | ပြည်ကြီးစည်တီးဝင်တဲ့နိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | ၃၀၀၀/- |
| ၁၇။ | ။ | မီးငြိမ်းမိုးအပါအဝင်လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၈။ | ။ | နာနာဘာဝဇိုင် ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၁၉။ | ။ | ဗြိတ္တာရာသီဘွားနှင့်အိမ်ကြို | ၃၀၀၀/- |
| ၂၀။ | ။ | မျက်ရည်မြစ်ပေါ်မှာသောင်မတင်တဲ့အပြာရောင်လှေ | ၁၅၀၀/- |
| ၂၁။ | ။ | လေးမည်ရတွန်းကြိုင် ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၂။ | ။ | ကျောကုန်းပေါ်ကလက်ဝါးရာ ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၃။ | ။ | တစ္ဆေသွားပေါ်မှာတတဲ့ယုန်မှင် | ၂၅၀၀/- |
| ၂၄။ | ။ | မိန်းမီကာကြိုးရေချမ်းအိုး | ၂၅၀၀/- |
| ၂၅။ | ။ | ရင်ကွဲမှုကျော်စည် ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၆။ | ။ | ဗြိတ္တာရေသန် | ၂၀၀၀/- |

www.burmeseclassic.com